မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

အနှစ်ရှိသော တရားကိုရနိုင်

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(၁မှပဒ-၁၂)

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက် ၂၀၁၉ ခုနှစ်၊ မေ ၄ ရက်၊ စနေနေ့ အတွဲ (၅၈)၊ အမှတ် (၂၁၆)

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထားဝယ်လေဆိပ်၌ ကြိုဆိုကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

သတင်းစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. David Hale အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တနင်္သာရီတိုင်းဒေသကြီးရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများအားတွေ့ဆုံ

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ထိုင်းနိုင်ငံနယ်စပ် ထီးခီးသို့ ၂ လမ်းသွားကားလမ်း ဖောက်လုပ်မည့် စီမံကိန်းလမ်းပိုင်းကြည့်ရှုစစ်ဆေး

ထားဝယ် မေ ၃

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဝိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဝိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာ မြင့်ထွေး၊ ဦးဟန်ဇော်၊ ဦးအုန်းမောင်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဝိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများ နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ တပ်မတော်အထူးလေယာဉ် ဖြင့်ထွက်ခွာရာ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သောင်းထိုက်ရှေ့၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးတင်အောင်၊ တိုင်းဒေသကြီး

စာမျက်နှာ ၃ ကော်လံ ၁ ✳

မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ရခိုင်ပြည်နယ်အရေးကိစ္စအပါအဝင် မြန်မာနိုင်ငံ၏ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများအား ကျော်လွှားနိုင်ရေးအတွက် ကူညီထောက်ပံ့ပေးရေးကိစ္စရပ်များဆွေးနွေး

နေပြည်တော် မေ ၃

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. David Hale အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနဌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်အတွင်း နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ရခိုင်ပြည်နယ်အရေးကိစ္စအပါအဝင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများအား ကျော်လွှားနိုင်ရေးအတွက် ကူညီထောက်ပံ့ပေးရေး ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

နိုင်ငံတော်အစိုးရ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာအဖြစ် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့၏ တတိယ(၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပိုရှစ်မျက်နှာဖြင့် ဖော်ပြထားပါသည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်က ဗြိမ်းချမ်းရေးကော်မရှင်သို့ မော်တော်ယာဉ်ငါးစီး ပေးအပ်လျှုဒါန်း

စာ-၅

မူဝါဒများ၊ အဆုံးအဖြတ်များနှင့် ပွင့်လင်းမြင်သာမှု

ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံး နိုင်ငံတစ်ခုအဖြစ်မှသည် တည်ငြိမ်သော၊ တိုးတက်မြင့်မားသော အနေအထားရှိသည့် နိုင်ငံတစ်ခုအဖြစ် ရောက်ရှိလာစေရန် တွန်းတိုက်အားထုတ်ရင်း ကြိုးပမ်းနေရချိန် ဖြစ်သည့်အတွက် မြန်မာနိုင်ငံသားတို့အဖို့ ယနေ့ကာလသည် ရုန်းကန်လှုပ်ရှားမှုများဖြင့် ရင်ဆိုင်တိုက်ပွဲဝင်နေရသည့်အချိန်ဟုဆိုရမည် ထင်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာကလည်း ဤသို့ဤနှယ် တပင်တပန်း ရင်ဆိုင်တိုက်ပွဲဝင်ခဲ့ရသည်ပဲဖြစ်သော်လည်း ယနေ့ကာလက များစွာသော မျှော်လင့်ချက်များ၊ အလင်းရောင်များ ပေါ်ထွန်းလာနေသည်က အတန်ငယ် သက်သာရနိုင်မည်ဟု တွေးမိပါသည်။ ထို့ပြင် ကိုယ်တိုင် တင်မြှောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်အများစုဖြင့် အုပ်ချုပ်နေခြင်း၊ ဒီမိုကရေစီ အတော်အတန် ပွင့်လင်းလာနေခြင်းတို့ကြောင့် မိမိတင်မြှောက်ထားသည့် အစိုးရအပေါ်၊ လွှတ်တော်များအပေါ် ပွင့်ပွင့်လင်းလင်း ထောက်ပြပြောဆိုခွင့်ရှိလာခြင်းကလည်း တိုးတက်လာမှုဟု ဆိုရမည် ထင်ပါသည်။

နှစ်ပေါင်းများစွာ ဆုတ်ယုတ်ခဲ့ရသည့် နယ်ပယ်စုံ၊ ကဏ္ဍစုံတို့ကို ပြန်လည်မြှင့်တင်ရန် အားထုတ်နေသည့်ကာလဖြစ်သည့်အတွက် များစွာသော မူဝါဒဆိုင်ရာပြင်ဆင်မှု၊ စီမံမှု၊ ကြံဆမှုတို့ကို ဆောင်ရွက်နေရင်း ထိရောက်သည့်ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်၊ မှန်ကန်သည့်ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်တို့ကို ဘက်စုံတွေးဆရသည်များလည်း ရှိနေသည်ဟု နားလည်နိုင်ကြမည်ဟု ယုံကြည်မိသည်။

တစ်နိုင်ငံလုံးနှင့် ခြံငုံစဉ်းစားရသည့်အခါ၊ တိုင်းရင်းသားလူမျိုးများ၊ အားလုံးသော နိုင်ငံသားများ၏အရေးကို သိုင်းဝိုင်းဆုံးဖြတ်ရသည့်အခါ ဘက်စုံနယ်ပယ်စုံ ဖြန့်ကြက်လေ့လာဆန်းစစ်ရပါမည်။ စီးပွားရေးရာ ရှုထောင့်၊ နိုင်ငံငြိမ်းချမ်းရေး ရှုထောင့်၊ အမျိုးသားသင့်မြတ်ရေး ရှုထောင့်၊ နည်းပညာပိုင်းဆိုင်ရာ ရှုထောင့်၊ နိုင်ငံတကာ ဆက်ဆံရေးရာ ရှုထောင့် စသည်ဖြင့် အဘက်ဘက်က ရှုထောင့်မျိုးစုံကို လေ့လာအကဲဖြတ်ရခြင်းများ ရှိပါမည်။

အချို့သော ရှုထောင့်များက လေ့လာဆန်းစစ်လျှင် ကောင်းမွန်မှန်ကန်မည်ဖြစ်ကောင်းဖြစ်သော်လည်း အခြားအခြားသော ရှုထောင့်များဘက်မှ ချိန်ညှိရသည့်အခါ ဆုံးဖြတ်ချက် အလွယ်တကူ မချနိုင်သည်များလည်း ရှိနေမည်ဟု မြင်ပါသည်။

တစ်ခါတစ်ရံ၌ အပေါ်ယံအမြင်တွင် ဤသို့ ဆုံးဖြတ်ချက် ချမှတ်သင့်သည်ဟု ယူဆရသော်လည်း ထိုသို့ ဆုံးဖြတ်ချက်မချနိုင်သည့် အနေအထားများ ရှိနေနိုင်ပါသည်။

နိုင်ငံ့အရေးဖြစ်သည့်အတွက်၊ ပြည်သူလူထုတို့၏ ငြိမ်းချမ်းရေးဖြစ်သည့်အတွက်၊ ပြည်သူတို့ စားဝတ်နေရေး ပြေလည်ရေးနှင့် လုံခြုံရေးဖြစ်သည့်အတွက်၊ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးဖြစ်သည့်အတွက် ပိုမိုချိန်ဆရသည်များလည်း ရှိပါမည်။

မည်သို့ဆိုစေ၊ ပြည်သူလူထု၏ အကျိုးစီးပွားကို အမှန်တကယ် ရှေးရှုပြီး ရေရှည်အမြော်အမြင်ကြီးသည့် အဆုံးအဖြတ်မျိုးဖြစ်ကာ ပြည်သူတို့ကိုလည်း နားလည်အောင် ရှင်းလင်းတင်ပြရင်း၊ ပွင့်လင်းမြင်သာမှုကို တည်ဆောက်ရင်း၊ နိုင်ငံရေးခေါင်းဆောင်များသည် ပြည်သူတို့နှင့်အတူ အေးအတူပူအမှျ အတူတကွ ကြိုးပမ်းအားထုတ်နေကြသည်ဆိုလျှင် မည်သို့သော အကျပ်အတည်းများ၊ အခက်အခဲများ၊ နာကျင်ပင်ပန်းမှုများ ရှိစေကာမူ ပြည်သူတို့က အဆိုပါ မူဝါဒများ၊ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်မှုများကို ထောက်ခံအားပေးသွားမည်ဟု ယုံကြည်လျက် ရှိပါကြောင်း။ ။

စာပေမြင့်မှ လူမျိုးတင့်မည်

ကြာအင်းဆိပ်ကြီး၌ ကွန်ကရစ်လမ်းခင်း

ကြာအင်းဆိပ်ကြီး မေ ၃

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၌ ဆင်းရဲမှုလျော့ချရေး၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရပ်ကွက်ကျေးရွာများ၌ လမ်း၊ တံတားနှင့် အခြားဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို အမှတ်(၆)ရပ်ကွက်ရှိ ကျွန်းတောလမ်းနှင့် လုပ်သားလမ်းဆောက်လုပ်ရေးလမ်းကြားတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၅၀ ဖြင့် အလျားပေ ၃၀၀ အကျယ် ၁၂ ပေ အမြင့် ခြောက်လက်မရှိပြီး လုပ်ငန်းကိုအချိန်မီ ပြီးစီးနိုင်စေရေး စနစ်တကျအရည်အသွေးပြည့်မီစေရေးအတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ ယင်းလမ်းသည် မိုးရာသီကာလတွင် သွားလာရခက်ခဲပြီး ယခုကွန်ကရစ်လမ်းပြီးစီးပါက အများပြည်သူများ အချိန်အခါမရွေး သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

မျိုးမင်းဦး(ပြန်/ဆက်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် Krungthai Bank ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် Krungthai Bank မှ President & CEO Mr. Payong Srivanich နှင့် ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံစဉ်။

နေပြည်တော် မေ ၃

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် Krungthai Bank မှ President & CEO Mr. Payong Srivanich နှင့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ကုံကော်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးစဉ် လက်ရှိ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ကြား စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ Krungthai Bank အနေဖြင့် မြန်မာနိုင်ငံ၌ စီးပွားရေးနှင့် ဘဏ်လုပ်ငန်းနယ်ပယ်များ၌ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး ဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

တပ်မတော်သတင်းစာရှင်းလင်းပွဲပြုလုပ်

နေပြည်တော် မေ ၃

တပ်မတော်သတင်းစာ ရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ပြုလုပ်သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ တပ်မတော် သတင်းမှန်ပြန်ကြားရေး အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ထွန်းထွန်းညီ၊ အတွင်းရေးမှူး ဗိုလ်မှူးချုပ် ဇော်မင်းထွန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့သည်။

သတင်းစာရှင်းလင်းပွဲတွင် တပ်မတော် သတင်းမှန် ပြန်ကြားရေးအဖွဲ့က တပ်မတော်မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲထားရှိမှု ထပ်မံတိုးမြှင့်ပေးခဲ့သည့် အခြေအနေများနှင့် ငြိမ်းချမ်းရေးဆောင်ရွက်ချက်များ၊ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တပ်မတော်အနေဖြင့် နယ်လှည့် အထူးကုဆေးအဖွဲ့များဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက တပ်မတော်အနေဖြင့် ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ဖြေကြားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။

ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၃

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်၊ ညောင်ဦးမြို့နှင့် တောင်ငူမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီ၊ မြင်းမူမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပြင်ဦးလွင်မြို့တွင် ၁ ဒသမ ၁၈ လက်မ၊ ဟသံ်တမြို့တွင် ၁ ဒသမ ၀၂ လက်မ၊ ဗျာပုံမြို့တွင် ၀ ဒသမ ၉၁ လက်မ၊ ရမ်ကလောင်းတွင် ၀ ဒသမ ၆၇ လက်မ၊ ကိုကိုးကျွန်းမြို့နှင့် ငါးသိုင်းချောင်းမြို့တို့တွင် ၀ ဒသမ ၅၉ လက်မစီ၊ ညောင်ရွှေမြို့တွင် ၀ ဒသမ ၅၁ လက်မ နှင့် တံတားဦးမြို့တွင် ၀ ဒသမ ၄၇ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

ပြုပြင်ပြောင်းလဲမှုသည် မိမိတို့အားလုံးအသိစိတ်ဓာတ်ရှိရှိဖြင့် လုပ်ကြရမည့်တာဝန်တစ်ခုဖြစ် ဒီမိုကရက်တစ် အုပ်ချုပ်မှုစနစ်ဖြစ်မှသာ တိုင်းပြည် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်မည်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထားဝယ်မြို့တော်ခန်းမ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် လမ်းညွှန်အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

✳ ရှေ့ဖုံးမှ

ဥပဒေချုပ် ဦးစိုးမြင့်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဦးသိန်းထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဒေသခံများနှင့် ယဉ်ကျေးမှုအဖွဲ့များက ထားဝယ်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ထားဝယ်မြို့တော်ခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ လမ်းညွှန်အမှာစကားပြောကြားသည်။

တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်သမ္မတက လမ်းညွှန်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရန် အားလုံးက သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပါကြောင်း၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်သည့်ခရီး အောင်မြင်ချောမွေ့စေရန် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သည့်အခါ ယင်းပြုပြင်ပြောင်းလဲမှုများကို တာဝန်ရှိပုဂ္ဂိုလ်များအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်နိုင်ရန် ယခုကဲ့သို့ တွေ့ဆုံပွဲပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်သည် နိုင်ငံသူ နိုင်ငံသားများအတွက် လွတ်လပ်မှု၊ လုံခြုံမှု၊ ပျော်ရွှင်မှုပေးသည့် စနစ်တစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံတော်ကို တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ဖွဲ့စည်းထားသည့် အတွက် တိုင်းရင်းသားလူမျိုးများမပါဘဲနှင့် ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်၍ မရပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ၎င်းတို့၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများ ဖွံ့ဖြိုးတိုးတက်စေရန် အားပေးကြရမည် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တရားစီရင်ရေးမဏ္ဍိုင်ကြီး ၃ ရပ်တွင်ပါဝင်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးရှိ တာဝန်ရှိပုဂ္ဂိုလ်များအားလုံး ပြုပြင်ပြောင်းလဲမှုတွင် လိုက်ပါဆောင်ရွက်နိုင်မှ အောင်မြင်မည်ဖြစ်ပါကြောင်း၊ CSO များ၊ NGO များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မီဒီယာများကလည်း ဝိုင်းဝန်းကူညီ ပံ့ပိုးပေးကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ အောင်မြင်မည်ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးရမှတိုးတက်မည်

ယနေ့ Globalization ခေတ်ကြီးတွင် ပြုပြင်ပြောင်းလဲမှုမလုပ်ဘဲ နိုင်ငံတော် တိုးတက်၊ တည်ငြိမ်အေးချမ်းသာယာဝပြောနိုင်မည် မဟုတ်ပါကြောင်း၊ ထို့ကြောင့် ပြုပြင်ပြောင်းလဲမှုသည် မိမိတို့အားလုံး မဖြစ်မနေ အသိစိတ်ဓာတ်ရှိရှိဖြင့် လုပ်ကြရမည့် တာဝန်တစ်ခုဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုသည် စိုးရိမ်စရာကိစ္စ မဟုတ်ပါကြောင်း၊ နိုင်ငံသူနိုင်ငံသားများအတွက်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခွင့်အခါကောင်း ဖြစ်ပါကြောင်း၊ ဒီမိုကရက်တစ်အုပ်ချုပ်မှုစနစ်ဖြစ်မှသာ တိုင်းပြည်တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်ကျင့်သုံးမှ တိုင်းပြည်သည် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဒီမိုကရေစီပန်းတိုင်ကို ချီတက်ခြင်းဖြစ်ပါကြောင်း၊ အလားတူ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်မှ မိမိတို့နိုင်ငံ ငြိမ်းချမ်းရေးရမည် ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးရမှသာ ဖွံ့ဖြိုးတိုးတက်နိုင်မည် ဖြစ်ပါကြောင်း၊ သို့မှသာ လူအခွင့်အရေး အသီးအပွင့်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ အားလုံးတန်းတူညီမျှ ခံစားခွင့်ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မြန်တိုးတက်ရန်၊ အောင်မြင်ရန်အတွက်ဆိုလျှင် အားလုံးက ဝိုင်းဝန်းကူညီပံ့ပိုးပြီး တက်ညီလက်ညီလုပ်နိုင်မှ မြန်မြန်ဆန်ဆန် တိုးတက်အောင်မြင်မည်ဖြစ်ပါကြောင်း။

မိမိတို့သွားချင်သည့် အုပ်ချုပ်ရေးစနစ်မှာ နိုင်ငံရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ လူမှုရေး တရားမျှတမှုရှိသည့် အုပ်ချုပ်ရေးစနစ် ဖြစ်ပါကြောင်း၊ တရားမျှတမှုသည် လူတိုင်းနှင့် သက်ဆိုင်ပါကြောင်း၊ တရားမျှတသည့် လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မှ ဒီမိုကရေစီစနစ် ခိုင်မြဲမည်ဖြစ်ပါကြောင်း၊ လူသားတိုင်းကို တရားမျှတမှုပေးနိုင်မှ လူမှုအဖွဲ့အစည်း ခိုင်မာတောင့်တင်းမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်တွင် အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ ဥပဒေအရ ညီမျှမှုရှိရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှ ဒီမိုကရေစီ ခိုင်မြဲမည်၊ လူ့အခွင့်အရေး တောင့်တင်းမည် ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးတို့သည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေပါကြောင်း၊ တရားဥပဒေစိုးမိုးမှုမရှိလျှင် ဒီမိုကရေစီ အခွင့်အရေး ဆုံးရှုံးသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးကို မဖြစ်မနေ လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ အုပ်ချုပ်မှုစနစ်သည် တရားဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်သည့် အုပ်ချုပ်ရေးယန္တရားဖြစ်ရန် လိုအပ်ပါကြောင်း၊ ထို့အတူ အုပ်ချုပ်ရေးယန္တရားသည် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့် ယန္တရားဖြစ်ရမည် ဖြစ်ပါကြောင်း၊ သို့မှသာ ဒီမိုကရေစီပန်းတိုင်သို့ ရောက်ရှိနိုင်မည် ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထားဝယ်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူနေကြသည့် လူနာများကို လိုက်လံအားပေးစကား ပြောကြားစဉ်။ သတင်းစဉ်

ပြည်သူကပေးသည့်တာဝန်ထမ်းဆောင်

ဒီမိုကရေစီစနစ်တွင် ပြည်သူသာလျှင်အမိ၊ ပြည်သူသာလျှင်အဖ ဖြစ်ပါကြောင်း၊ ပြည်သူက တာဝန်ပေးသည့်အတွက် မိမိတို့အားလုံး တာဝန်ထမ်းဆောင်နေရခြင်း ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်သည် ပြည်သူကို ဗဟိုပြုရမည်၊ အလုပ်အကျွေးပြုရမည် ဖြစ်ပါကြောင်း၊ မိမိတို့၏ဝန်ဆောင်မှုသည် ပြည်သူကို အလုပ်အကျွေးပြုသည့် ဝန်ဆောင်မှုသာ ဖြစ်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူကပေးသည့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရန် လိုအပ်ပါကြောင်း။

ဘဏ္ဍာငွေများ ဆုံးရှုံးမှုမရှိအောင်

နိုင်ငံတော်၏ ဘဏ္ဍာငွေများကို လေလွင့်ဆုံးရှုံးမှု မရှိအောင်လည်း ထိန်းသိမ်းကြရမည် ဖြစ်ပါကြောင်း၊ ဝေဖန်ထောက်ပြခြင်းသည် အစိုးရကို တိုက်ခိုက်ခြင်း၊ ပုတ်ခတ်ခြင်း မဟုတ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် အခြေခံ Mindset များကိုလည်း ပြောင်းလဲပစ်ရမည်ဖြစ်ပါကြောင်း၊ အားလုံးလိုက်ပါ မပြောင်းလဲပါက အောင်မြင်နိုင်မည် မဟုတ်ပါကြောင်း၊ အစိုးရအဖွဲ့တစ်ဖွဲ့ အပေါ်ပိုင်းပြောင်းရုံနှင့် ပြုပြင်ပြောင်းလဲပြီဟု ပြော၍မရပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် မူဝါဒချခြင်း၊ လုပ်ငန်းလမ်းညွှန်ခြင်းတို့ကိုသာ ဆောင်ရွက်ပါကြောင်း၊

စာမျက်နှာ ၄ သို့

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ထိုင်းနိုင်ငံနယ်စပ် ထီးခီးသို့ ဆက်သွယ်သည့် နှစ်လမ်းသွား ကားလမ်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြစဉ်။ သတင်းစဉ်

စာမျက်နှာ ၃ မှ

လက်တွေ့အကောင်အထည်ဖော်ကြရသည်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသည် ပြည်ထောင်စုအစိုးရ၏ မူဝါဒများကို အကောင်အထည်ဖော်ရန် တာဝန်ရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက အကောင်အထည်မဖော်နိုင်ပါက ပြုပြင်ပြောင်းလဲရေးမှာ ခရီးမရောက်နိုင်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက် မှန်ကန်မှု၊ မြန်ဆန်မှုတို့အပေါ်မူတည်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

အဆင့်ဆင့် ကြပ်မတ်စစ်ဆေး

မိမိတို့ တာဝန်ပေးလိုက်သည့် လုပ်ငန်းတစ်ခု မည်မျှပြီးပြီ၊ မည်သည့်နေရာသို့ ရောက်နေသည်၊ မည်မျှ အချိန်ကြာသည်၊ မပြီးသေးဘူးဆိုပါကလည်း မည်သည့်အတွက်ကြောင့် ကြန့်ကြာနေသည်၊ မည်သူ့တွင် တာဝန်ရှိသည်ဆိုသည်ကို Follow up လိုက်ရမည်ဖြစ်ပါကြောင်း၊ လိုအပ်ပါက အဆင့်ဆင့် ကြပ်မတ်စစ်ဆေးခြင်းများ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ သို့မှသာ လုပ်ငန်းများ လျင်မြန်စွာ ပြီးပြတ်မည်ဖြစ်ပါကြောင်း။

ပြုပြင်ပြောင်းလဲမှု အောင်မြင်အောင် တိုက်တွန်းနေရခြင်းမှာ မိမိတို့နိုင်ငံသူ နိုင်ငံသားများ ကမ္ဘာ့အလယ်တွင် တင့်တယ်စေလိုသည့်အတွက်ကြောင့်ဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ အနေဖြင့် မိမိတို့၏ လက်အောက်ငယ်သားများကို ၎င်းတို့၏ စိတ်ခံယူချက်များကို ပြောင်းလဲအောင် ညွှန်ပြပေးရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ခေါင်းဆောင်များအနေဖြင့် မိမိတို့၏ လက်အောက်ငယ်သားများနှင့် သဟဇာတဖြစ်စွာ ပြောဆိုဆက်ဆံရန်လည်း လိုအပ်ပါကြောင်း၊ သို့မှသာ မိမိတို့၏ ပြုပြင်ပြောင်းလဲမှုခရီးသည် အောင်မြင်ချောမွေ့ပြီး မြန်မြန်ခရီးရောက်မည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီ အခြေခံ အုတ်မြစ် တောင့်တင်းခိုင်မာပြီး အချုပ်အခြာအာဏာသည် ပြည်သူ့၏လက်ဝယ်တွင်သာ ရှိစေလိုပါကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးက လွှတ်တော်ရေးရာ လုပ်ငန်းများ ဆောင်ရွက်မှုကို လည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးတင်အောင်က တရားလွှတ်တော်ရေးရာ လုပ်ငန်းများ ဆောင်ရွက်မှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

လယ်ယာမြေကိစ္စများစိစစ်ဆောင်ရွက်

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက သိမ်းဆည်းခံလယ်ယာမြေများနှင့်ပတ်သက်ပြီး နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများရှိပါကြောင်း၊ ယင်းမူဝါဒများနှင့်အညီ သိမ်းဆည်းလယ်ယာမြေကိစ္စများကို မှန်မှန်ကန်ကန် စိစစ်ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ စွန့်လွှတ်သည့်မြေများကို မူလပိုင်ရှင်များ လက်ဝယ်သို့ မြန်မြန်ဆန်ဆန်ရောက်ရှိအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်မပျက်စီးအောင်၊ သန္တာကျောက်တန်းများမပျက်စီးအောင် သတိပြု၍ ဂရုတစိုက် ဆောင်ရွက်သင့်ကြောင်း၊ ထို့ပြင် ကျွန်းများတွင် အမှိုက်များ၊ ပလတ်စတစ်စွန့်ပစ်ခြင်းများမရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျွန်းစုများသည် နိုင်ငံတော်ပိုင်ဖြစ်ပါကြောင်း၊ ယင်းအပေါ်တွင် လုပ်ငန်းလုပ်ပိုင်ခွင့် ပေးထားခြင်းသာ ဖြစ်ပါကြောင်း၊ လုပ်ပိုင်ခွင့်ကို အလွဲသုံးစား မဖြစ်စေလိုပါကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ သယံဇာတများသည် တိုင်းဒေသကြီးနှင့် နိုင်ငံတော်အတွက်သာ ဖြစ်စေရမည်ဖြစ်ပါကြောင်း၊ ငါးသယံဇာတများ နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက်လည်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သယံဇာတများကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်နှိမ်နင်းရေး၊ နယ်စပ်ဂိတ်များ လူဝင်/လူထွက် စနစ်တကျ စိစစ်ရေး၊ နယ်ဘက်အုပ်ချုပ်ရေးကိစ္စရပ်များ စနစ်တကျရှိစေရေးတို့ကိုလည်း ကြပ်မတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း။

ဘက်လိုက်မှုကင်းသည့် တရားစီရင်ရေး

ဥပဒေပြုသူများ အနေဖြင့်လည်း တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဥပဒေပြုရေး၊ အပြန်အလှန်ထိန်းကျောင်းရေး လုပ်ငန်းများကို ဘောင်မကျော်ဘဲ ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ တရားရေးကဏ္ဍတွင်လည်း လူ့အခွင့်အရေးကို မြှင့်တင်ကာကွယ်ပေးရမည် ဖြစ်ပါကြောင်း၊ တရားသူကြီးများအနေဖြင့် ရဲစခန်းအချုပ်၊ ရဲအချုပ်၊ ရဲဘက်စခန်းတို့တွင် လူ့အခွင့်အရေးဆုံးရှုံးမှုမရှိစေရေး

◆ **သိမ်းဆည်းခံ လယ်ယာမြေများနှင့် ပတ်သက်ပြီး နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများရှိ**

◆ **ယင်းမူဝါဒများနှင့်အညီ သိမ်းဆည်းလယ်ယာမြေကိစ္စများကို မှန်မှန်ကန်ကန် စိစစ်ဆောင်ရွက်ပေးရမည်**

◆ **စွန့်လွှတ်သည့်မြေများကို မူလပိုင်ရှင်များ လက်ဝယ်သို့ မြန်မြန်ဆန်ဆန်ရောက်ရှိအောင် ဆောင်ရွက်ပေးကြရမည်**

ဆက်လက်ပြီး ဦးဝင်းမြင့်အား ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ထိုင်းနိုင်ငံနယ်စပ် ထီးခီးသို့ ဆက်သွယ်သည့် နှစ်လမ်းသွား ကားလမ်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြစဉ်။ သတင်းစဉ်

ဘက်လိုက်မှုကင်းသည့် တရားစီရင်ရေးဖြစ်ရန်လိုကြောင်း၊ သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဘဏ္ဍာငွေဆုံးရှုံးမှုမရှိစေရေး အချိန်နှင့်တစ်ပြေးညီ စီမံခန့်ခွဲဆောင်ရွက်စေလိုပါကြောင်း။

မိမိတို့ ပခုံးပေါ်ကျရောက်လာသည့် သမိုင်းပေးတာဝန်တစ်ခုကို ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် တာဝန်ရှိပုဂ္ဂိုလ်များအားလုံး အားကြိုးမာန်တက် တက်ညီလက်ညီ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးစားဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

လုပ်ငန်းဆောင်ရွက်ပြီးစီးမှုတင်ပြ

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတသည် ထားဝယ်မြို့ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိရာ ပြည်သူ့ဆေးရုံကြီး တိုးချဲ့ဆောင်အသစ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဇော်က ထားဝယ်မြို့ပြည်သူ့ဆေးရုံကြီး ငါးထပ်ဆောင် အဆောက်အဦ ဆောက်လုပ်နေမှု၊ ဘဏ္ဍာနှစ်အလိုက် ဘတ်ဂျက်ရရှိမှု၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီး ငါးထပ်ဆောင် အဆောက်အဦအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူနေကြသည့် လူနာများကို လိုက်လံအားပေး စကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ထားဝယ် အထူးစီးပွားရေးဇုန်နှင့် ထိုင်းနိုင်ငံနယ်စပ် ထီးခီးသို့ ၂ လမ်းသွား ကားလမ်းဖောက်လုပ်မည့် စီမံကိန်းလမ်းပိုင်းအား မော်တော်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်သမ္မတအား မေတ္တာ-ထီးခီးလမ်း ခမောင်းသွယ်တံတားထိပ် ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးမြင့်ဟန်က ထားဝယ် အထူးစီးပွားရေးဇုန်နှင့် ထိုင်းနိုင်ငံနယ်စပ် ထီးခီးသို့ ဆက်သွယ်သည့် နှစ်လမ်းသွား ကားလမ်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

နယ်မြေဒေသဖွံ့ဖြိုးရေးအလေးထား

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက တိုင်းဒေသကြီးနှင့် ပြည်နယ်များ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းများအချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီစေရေးနှင့် နိုင်ငံတော်ဘတ်ဂျက်ငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ နယ်မြေဒေသများဖွံ့ဖြိုးမှု တည်ငြိမ်အေးချမ်းမှုရရှိမည်ဖြစ်ပြီး တည်ငြိမ်အေးချမ်းမှုရှိမှသာ ငြိမ်းချမ်းသာယာမည် ဖြစ်သည့်အတွက် နယ်မြေဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

သတင်းစဉ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်(ICOE) ဥက္ကဋ္ဌ ဖိလစ်ပိုင်သံအမတ်ကြီးဟောင်း Ms. Rosario Manalo အား လက်ခံတွေ့ဆုံစဉ်။ ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

နေပြည်တော် မေ ၃

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်(ICOE) ဥက္ကဋ္ဌ ဖိလစ်ပိုင်သံအမတ်ကြီးဟောင်း Ms. Rosario Manalo နှင့်အဖွဲ့အား ယနေ့ညနေပိုင်း တွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ၂၀၁၇ ခုနှစ် သြဂုတ်လ၊ စက်တင်ဘာလများတွင် ဖြစ်ပွားခဲ့သည့် ARSA အကြမ်းဖက်အဖွဲ့၏ တိုက်ခိုက်မှုများသည် ရုတ်ခြည်းဖြစ်ပေါ်ခြင်းမဟုတ်ဘဲ လတ်တလောအားဖြင့် ၂၀၁၂ ခုနှစ်၊ ၂၀၁၆ ခုနှစ်တို့တွင် ဖြစ်ပေါ်ခဲ့သည့် နောက်ခံအကြောင်းအရာများနှင့်ဆက်စပ်နေသည့် အခြေအနေ၊ နိုင်ငံတကာမှစွပ်စွဲချက်များ၊ တစ်ဖက်သတ်ဖော်ပြချက်များကိုသာ မကြည့်ဘဲ သက်သေအထောက်အထား ခိုင်ခိုင်လုံလုံဖြင့် အဖြစ်မှန်ပေါ်ပေါက်သည်ထိ စုံစမ်းစစ်ဆေးရန်လိုအပ်သည့် အခြေအနေ။

ယင်းဖြစ်စဉ်များနှင့်ပတ်သက်၍ တပ်မတော်က ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးခဲ့ပြီး အပြစ်ရှိသူများကို အရေးယူခဲ့သည့် အခြေအနေ၊ ယင်းစုံစမ်းစစ်ဆေးမှုအပြင် နောက်ထပ် ပြစ်မှုကျူးလွန်သူများ ရှိ၊ မရှိ ထပ်မံ၍စစ်ဆေးဖော်ထုတ်အရေးယူနိုင်ရန်အတွက် တပ်မတော်အက်ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးရေးခုံရုံးနှင့် ယင်းစုံစမ်းစစ်ဆေးရေးခုံရုံးကို အထောက်အကူပြုရန် ဥပဒေအကြံပေးအဖွဲ့ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ။

စုံစမ်းစစ်ဆေးရေးခုံရုံးက စစ်ဆေးတွေ့ရှိချက်များအရ ပြစ်မှုကျူးလွန်သူများ ရှိပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်မည့်အခြေအနေ၊ မြန်မာနိုင်ငံအနှံ့တွင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ ကိုးကွယ်သူများအားလုံး ယခုအချိန်ထိ အေးချမ်းစွာ နေထိုင်နေကြသည်ဖြစ်ရာ ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဖြစ်ပွားခဲ့သော ပြဿနာသည် ဘာသာရေးပြဿနာမဟုတ်ဘဲ ဒေသတွင်းနေထိုင်ကြသူအချင်းချင်း၏ ပဋိပက္ခနှင့် တရားမဝင် လူဝင်၊ ထွက်မှုကြောင့် ဖြစ်ပေါ်ခဲ့သော ပြဿနာသာဖြစ်ကြောင်း သိရှိနိုင်သည့် အခြေအနေ၊ ICOE မှ သိရှိလိုသောအချက်များ ရရှိနိုင်ရေး တပ်မတော်က ပူးပေါင်းကူညီဆောင်ရွက် ပေးသွားမည့် အခြေအနေတို့ကို ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

ရခိုင်ပြည်နယ်အရေးကိစ္စ ဖြေရှင်းရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုအခြေအနေများ ဆွေးနွေး

နေပြည်တော် မေ ၃

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် အမေရိကန် ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. David Hale အား ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်အတွင်း နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စ ဖြေရှင်းရေးအတွက် မြန်မာနိုင်ငံ၏ လတ်တလော ကြိုးပမ်းဆောင်ရွက်မှုအခြေအနေများနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် အမေရိကန်မှ အကူအညီပေးအပ်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. David Hale အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်က ငြိမ်းချမ်းရေးကော်မရှင်သို့ မော်တော်ယာဉ်ငါးစီး ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၃

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးကော်မရှင်၏ စွမ်းဆောင်ရည် မြှင့်တင်လာနိုင်စေရန်၊ ငြိမ်းချမ်းရေးကို အထောက်အကူပြုစေပြီး ပြီးမြောက်သည့် ငြိမ်းချမ်းရေးတာဝန်များကို ပိုမိုကောင်းမွန်စွာထမ်းဆောင်နိုင်စေရန်အတွက် ရည်ရွယ်၍ Volvo မော်တော်ယာဉ်ငါးစီးကို ငြိမ်းချမ်းရေးကော်မရှင်သို့ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှပါဝင်နေပြီး ဆက်လက်ကူညီထောက်ခံအားပေးရန် ဆန္ဒရှိသည်ဟု မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်က ပြောကြားသည်။

ယနေ့မွန်းလွဲ ၃ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် ပြုလုပ်သည့် ငြိမ်းချမ်းရေးကော်မရှင်သို့ အမေရိကန်ဒေါ်လာသုံးသိန်းတန်ဖိုးရှိ မော်တော်ယာဉ်ငါးစီး ပေးအပ်လှူဒါန်းသည့် အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်က မော်တော်ယာဉ် ပေးအပ်လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားရာတွင် "ငြိမ်းချမ်းရေးကော်မရှင်ဟာ မြန်မာနိုင်ငံအစိုးရရဲ့ ပြည်တွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရေးအတွက် အရေးပါတဲ့အဖွဲ့အစည်း ဖြစ်ပါတယ်။ ကျွန်တော်နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ တရုတ်နိုင်ငံကို သွားရောက်ပြီး ဒုတိယအကြိမ် မြောက် ရပ်ဝန်းနှင့် ပိုးလမ်းမ ("Belt and Road") အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို တက်ရောက်ခဲ့ပါတယ်။ ဒီခရီးစဉ်မှာ နှစ်နိုင်ငံ ခေါင်းဆောင်များက တရုတ်-မြန်မာနိုင်ငံ ရပ်ဝန်းနှင့် ပိုးလမ်းမ ("Belt and Road") အတူတကွ တည်ဆောက်ရေးဆိုင်ရာ အရေးပါတဲ့သဘောတူညီချက်ကို ရရှိခဲ့ပါတယ်။ Belt and Road"ဟာ ငြိမ်းချမ်းရေးလမ်းကြောင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ငြိမ်းချမ်းရေးကော်မရှင်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံက မော်တော်ယာဉ်ငါးစီး ပေးအပ်လှူဒါန်းခြင်း အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

အထူးသဖြင့် မြန်မာနိုင်ငံမြောက်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က မြန်မာနိုင်ငံ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုစည်းလုံးညီညွတ်တည်ငြိမ်ရေးကို အရေးကြီးသည်သာမက တရုတ်-မြန်မာနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရုတ်-မြန်မာစီးပွားရေးစကြံ့ တည်ဆောက်မြှင့်တင်ရေးအတွက်လည်း အရေးကြီးပါတယ်။

"မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် အပြုသဘောဆောင်တဲ့ အခန်းကဏ္ဍမှပါဝင်နေပြီး ဆက်လက်ကူညီထောက်ခံအားပေးဖို့လည်း ဆန္ဒရှိပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ခြင်းက မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် သမိုင်းဝင်တဲ့စွမ်းဆောင်မှု သေချာပေါက် ဖြစ်လာမှာဖြစ်ပြီး မြန်မာနိုင်ငံ တိုင်းရင်းသားအသီးသီးအတွက်လည်း အကျိုးစီးပွားတွေ ဆောင်ကြဉ်းလာကာ ဒေသတည်ငြိမ်အေးချမ်းရေးနဲ့ စည်ပင်သာယာဝပြောတိုးတက်ရေးကိုလည်း ဆောင်ကြဉ်းပေးလာမှာ ဖြစ်ပါတယ်။ မိမိတို့စိတ်တူကိုယ်တူနဲ့ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် မလျော့သောဇွဲနဲ့ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရအောင်"ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ငြိမ်းချမ်းရေးကော်မရှင်သို့ Volvo မော်တော်ယာဉ်ငါးစီး လွှဲပြောင်းပေးအပ်လှူဒါန်းရာ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ငြိမ်းချမ်းရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးက လှူဒါန်းထားသည့် Volvo မော်တော်ယာဉ်ငါးစီးကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့ အမေရိကန်ဒေါ်လာသုံးသိန်းတန်ဖိုးရှိ မော်တော်ယာဉ်ငါးစီး ပေးအပ်လှူဒါန်းသည့်အခမ်းအနားသို့ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဦးခင်ဇော်ဦးနှင့် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးကော်မရှင်အကြံပေး ဦးလှမောင်ရွှေ၊ အကျိုးတော်ဆောင် ဦးသက်နိုင်၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

သတင်း-ရဲခေါင်ညွှန်၊ဓာတ်ပုံ-ဗိုးထောင်

ပညာရေးဝန်ကြီးဌာနအနေဖြင့် လုပ်သက်ရမှတ် တန်းစီဇယားဖြင့် လစ်လပ်လျက်ရှိသော နေရာများသို့ ပြောင်းရွှေ့ခန့်ထား

နေပြည်တော် မေ ၃

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး၏ **ဖွံ့ဖြိုးရေးနောက်ကျပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသနှင့် မငြိမ်းချမ်းသောဒေသများသို့ ဝန်ထမ်းများ စေလွှတ်သည့်အခါ ဆေးပင်စင်ယူခါနီးဝန်ထမ်းများနှင့် လုပ်သက်ပြည့်ပင်စင်ယူခါနီး ဝန်ထမ်းများအား စေလွှတ်ခြင်း၊ အကြောင်းတစ်စုံတစ်ရာကြောင့် ဌာနပြစ်ချက်ဖြင့် ဝန်ထမ်းများစေလွှတ်ခြင်းတို့မှာ အစဉ်အလာတစ်ခုကဲ့သို့ ဖြစ်ပေါ်နေခြင်းအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်သွားမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဝယ်လင်တိုင်းက နိုင်ငံတော်သမ္မတရုံးနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှ သီးခြားဖြေကြားရန်မရှိပါကြောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့သည် နေပြည်တော်တွင်သာ ရုံးတည်ရှိ၍ ဖွံ့ဖြိုးရေး နောက်ကျပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသနှင့် မငြိမ်းချမ်းသောဒေသများတွင် ရုံးခွဲများ ဖွင့်လှစ်ထားခြင်းမရှိပါသဖြင့် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ မရှိပါကြောင်း။

လမ်းပန်းဆက်သွယ်မှု ခက်ခဲသောဒေသများနှင့် နယ်စပ်ဒေသများသို့ ဝန်ထမ်း၏ တာဝန်ထမ်းဆောင်နိုင်မှုနှင့် ဝန်ထမ်းလိုအပ်ချက်တို့ကို အခြေခံ၍ ဒေသခံများကိုသာ ဦးစားပေးတာဝန်ချထား

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် သက်ပြည့်အငြိမ်းစားယူရန်နီးစပ်သော အသက် ၅၇ နှစ် အထက်ရှိသူများနှင့် နာမကျန်းပင်စင်ယူခါနီးသူများကို အခြေချနေထိုင်လိုသော ဒေသများသို့ ပြောင်းရွှေ့ပေးခြင်း၊ အနေကြာကာလ နှစ်နှစ်နှင့်အထက် သတ်မှတ်၍ အလှည့်ကျပြောင်းရွှေ့ခြင်းမှကို အခြေခံခြင်း၊ လမ်းပန်းဆက်သွယ်မှု ခက်ခဲသောဒေသများနှင့် နယ်စပ်ဒေသများသို့ ဝန်ထမ်း၏ တာဝန်ထမ်းဆောင်နိုင်မှုနှင့် ဝန်ထမ်းလိုအပ်ချက်တို့ကို အခြေခံ၍ ဒေသခံများကိုသာ ဦးစားပေးတာဝန်ချထားပေးခြင်းတို့ကို ဝန်ထမ်းရေးရာ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ **နယ်စပ်ရေးရာဝန်ကြီးဌာန**အနေဖြင့် နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဖွံ့ဖြိုးမှုနောက်ကျပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသနှင့် မငြိမ်းချမ်းသောဒေသသို့ ဝန်ထမ်းများအား စေလွှတ်ရာတွင် အလှည့်ကျစနစ်ဖြင့်လည်းကောင်း၊ ဒေသခံဝန်ထမ်းများ၊ မိသားစုအခက်အခဲရှိသော ဝန်ထမ်းများအား ဦးစားပေး ပြောင်းရွှေ့တာဝန်ပေးခြင်းဖြင့်လည်းကောင်း၊ အနေကြာ ဝန်ထမ်းများအား ပြောင်းရွှေ့တာဝန်ပေးခြင်းနှင့် ဖွဲ့စည်းပုံလစ်လပ်မှု အခြေအနေအပေါ်မူတည်၍ ရာထူးတိုးဝန်ထမ်းများအား ပြောင်းရွှေ့တာဝန်ချထားပေးခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် လုပ်သက်ပြည့်ပင်စင်ယူခါနီး ဝန်ထမ်းများ၊ ဌာနပြစ်ချက်ရှိသည့် ဝန်ထမ်းများကို ရှေ့ချယ်စေလွှတ်ခြင်းများ မရှိပါကြောင်း။

မန်တုံ မဲဆန္ဒနယ်မှ ဒေါ်နန်းမိုး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဝယ်လင်တိုင်း

ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်လာသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ်ရေးထိုးကြစဉ်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအနေဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အဆင့်ဆင့်ရှိ စီမံခန့်ခွဲရေးအဆင့် ဝန်ထမ်းများအား ပြောင်းရွှေ့တာဝန်ချထားခြင်းနှင့်ပတ်သက်၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောဒေသ၊ အသင့်အတင့်ကောင်းမွန်သောဒေသ၊ ခက်ခဲသော ဒေသဟူ၍ အုပ်စု သုံးစု သတ်မှတ်ပြီး ဒေသတစ်ခု၌ သုံးနှစ်ခန့်ကာလကြာမြင့်ချိန်တွင် အုပ်စု တစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့တာဝန်ချထားရေးမူကို ယေဘုယျအားဖြင့် သတ်မှတ်ဆောင်ရွက်ထားသော်လည်း အငြိမ်းစားယူခါနီး အသက် ၅၇ နှစ်ပြည့်ပြီးလျှောက်ထားသူများကို နေရာလစ်လပ်မှုရှိပါက ဝန်ထမ်းရေးရာ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဦးစားပေးပြောင်းရွှေ့ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** အနေဖြင့် ပြောင်းရွှေ့ရေး မူဝါဒများ ချမှတ်၍ သတ်မှတ်ကာလ တာဝန်ထမ်းဆောင်ပြီးပါက ကာယကံရှင်ဝန်ထမ်း ဆန္ဒပြုသည့် လစ်လပ်နေရာများသို့ ပြောင်းရွှေ့ပေးခြင်း၊ လစ်လပ်နေရာမရှိပါက ယင်းဝန်ထမ်း ဆန္ဒပြုသည့် ဦးစားပေးနေရာများအလိုက် သင့်လျော်သည့်အနီးဆုံးလစ်လပ်နေရာသို့ ပြောင်းရွှေ့ပေးခြင်းများကို ဝန်ကြီးဌာန၊ ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုကော်မတီဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား၊ဝန်ကြီးဌာန အလုပ်သမားရေးရာဆိုင်ရာဦးစီးဌာနများအနေဖြင့် မြို့ကြီးပြကြီးဒေသ သုံးနှစ်၊ အလယ် အလတ်ပင်စင်ယူခါနီးဝန်ထမ်းများနှင့် ပြစ်ချက်ရှိသည့်ဝန်ထမ်းများကို ရွှေ့ချယ်စေလွှတ်ခြင်းများ မရှိပါကြောင်း၊ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** အနေဖြင့် ဝန်ထမ်းများကို တာဝန်ချထားရာတွင် ဒေသခံများကိုသာ ဦးစားပေးရွှေ့ချယ်ခန့်ထားခြင်း၊ ရာထူးတိုးတန်းစီဇယားအရ အလှည့်ကျသူများကို လစ်လပ်ရာထူးနေရာများသို့ တာဝန်ချထားပေးခြင်း၊ အကြောင်းတစ်စုံတစ်ရာကြောင့် ဌာနပြစ်ချက်ရှိပါက ဝန်ထမ်းစည်းမျဉ်း စည်းကမ်းနည်းဥပဒေများအရ ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနတို့က ဖွံ့ဖြိုးရေးနောက်ကျပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသနှင့် မငြိမ်းချမ်းသောဒေသများသို့ ဆေးပင်စင်ယူခါနီး ဝန်ထမ်းများ၊ လုပ်သက်ပြည့်ပင်စင်ယူခါနီး ဝန်ထမ်းများ၊ ဌာန၏ ပြစ်ချက်ရှိသည့်ဝန်ထမ်းများကို ပြောင်းရွှေ့မှုမရှိပါကြောင်း၊ ဌာနဆိုင်ရာအရေးယူရသည့် ဝန်ထမ်းများရှိပါက နိုင်ငံ့ဝန်ထမ်းဥပဒေအရသာ အရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း ပေါင်းစပ်ညှိနှိုင်း ရှင်းလင်းဖေကြားသည်။

ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး၏ **ဒလမြို့နယ်တွင် စက်မှုလက်မှုအထက်တန်းကျောင်းဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေး၊ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရန်ကုန်တိုင်းဒေသကြီး ခရိုင် လေးခရိုင်တွင် နည်းပညာ သက်မွေးပညာရေး အခွင့်အလမ်းရရှိစေရန် ပညာရေးဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စက်မှုလက်မှုအထက်တန်းကျောင်းသာမက သိပ္ပံအဆင့်သင်ကြားနိုင်ရန်အတွက် ဘတ်ဂျက်လျာထားပြီးဖြစ်ပါကြောင်းနှင့် ယမန်နေ့ အစည်းအဝေးတွင် မြေနေရာရရှိပြီး ဖြစ်သည့်အတွက် လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖေကြားသည်။

ဆက်လက်၍ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းနိုင်၊ တံတားဦး မဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး၊ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာဦးမင်းသိန်း၊ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီနှင့် အောင်မြေသာစံ မဲဆန္ဒနယ်မှ ဒေါက်တာဦးလှမိုးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့အဖွဲ့ဝင် ဦးစောဝယ်လင်တိုင်းနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ရှင်းလင်းဖေကြားကြသည်။

တိုင်းပြည်တည်ဆောက်ရန် လိုအပ်သည့် အရည်အသွေး ပြည့်ဝသည့် ဘွဲ့ရလူစွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးမည် ဆိုပါက အလွန်ကောင်းမွန်သည့် အချက်ဖြစ်

ထို့နောက် ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်က ပေးအပ်သောဘွဲ့နှင့် လျော်ညီသော ပညာအရည်အသွေး သင်ပေးနိုင်စေရန်အတွက် အဆင့်မြင့်ပညာသင်တက္ကသိုလ်၊ ကောလိပ်များတွင် စာတွေ့မျှားကာ၊ လက်တွေ့မျှတစေရန် သင်ထောက်ကူပစ္စည်းများဖြည့်ခြင်း၊ လက်တွေ့ဆောင်ရွက်ခိုင်းမှုများ၊ ကွင်းဆင်းလေ့လာမှုများ၊ စာတမ်းတင်ခိုင်းမှုများ ပြုလုပ်၍အဆင့်မြင့်ပညာမြှင့်တင်မှုကို ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းရာတွင် လက်ရှိအစိုးရအနေဖြင့် အဆင့်မြင့်ပညာရေးကဏ္ဍကို အလုပ်မလုပ်၍ တင်သွင်းရခြင်းမဟုတ်ပါကြောင်း၊ အဆင့်မြင့်ပညာရေးကဏ္ဍကို အားစိုက်နေသည်ကိုလည်း အားလုံးအသိပင်ဖြစ်ပါကြောင်း၊ သို့သော် လက်ရှိအခြေအနေတွင် မြေပြင်အနေအထားအရ ကျောင်းသူ၊ ကျောင်းသားများ၏ ပြောပြချက်အရနှင့် မိမိ၏ လေ့လာမှုအရ အရေးကြီးသည့် အကြံပြုချက်တစ်ခုကို အကြံပြုလို၍ တင်သွင်းရခြင်းဖြစ်ပါကြောင်း၊ မိမိတို့သည် ကောင်းမွန်သည့် ပညာရေးကိုပေးပြီး လူငယ်များ၏ အလားအလာကို မြှင့်တင်ပေးရမည် ဖြစ်ပါကြောင်း၊ လူငယ်များ၏ သင်ယူစိတ်ကို မြှင့်တင်ပေးရမည်ဖြစ်ပါကြောင်း၊ လူငယ်များ၏ ပညာချစ်စိတ်ကို နှိုးဆော်ပေးရမည်ဖြစ်ပါကြောင်း၊ ပညာတတ်ခြင်းအပေါ်တွင် ဂုဏ်ယူသည့်စိတ်ကို နှိုးဆွပေးရမည်ဖြစ်ပါကြောင်း၊ အနာဂတ်များတောက်ပရန် အတွက် ပညာအမွေပေးရမည်ဖြစ်ပါကြောင်း၊ တိုင်းပြည်တည်ဆောက်ရန် လိုအပ်သည့် အရည်အသွေးပြည့်ဝသည့် ဘွဲ့ရလူစွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးမည် ဆိုပါက အလွန်ကောင်းမွန်သည့် အချက်ဖြစ်ပါကြောင်း။

မိမိအနေဖြင့် နိုင်ငံတကာချေးငွေ တစ်ခုခုဖြင့် အဆင့်မြင့်ပညာတက္ကသိုလ်ကောလိပ်များတွင် သက်ဆိုင်ရာဘာသာရပ်အလိုက် လိုအပ်သော သင်ထောက်ကူပစ္စည်းများကို ဖြည့်ဆည်းရန်၊ သင်ထောက်ကူများသုံး၍ လက်တွေ့သင်ကြားပြသမှု အချိန်လုံလောက်စွာပေးရန်၊ ပညာသင်ယူရန်အတွက် ကောင်းမွန်သော ပတ်ဝန်းကျင်ဖန်တီးပေးရန်တို့ကို အကြံပြုလိုပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အလုံ မဲဆန္ဒနယ်မှ ဦးရဲလွင်က အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ဆိပ်ဖြူမြို့နယ်မှ ဦးအောင်သိုက်က **မြန်မာနိုင်ငံမှာ သမိုင်းဘာသာနှင့် ပထဝီဝင်ဘာသာအကြောင်း တတ်သိကျွမ်းကျင်သော ပညာရှင်များကမ္ဘာ့အလယ်မှာ ပေါ်ထွန်းလာစေရန် သမိုင်းဘာသာနှင့်ပထဝီဝင်ဘာသာကို အခြေခံပညာအလယ်တန်းအဆင့်တွင် ယခုထက်ပိုမိုသင်ကြားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုတင်သွင်းသည်။

ဆက်လက်၍ ဒိုက်ဦး မဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်က အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်း** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးပြီး ဥပဒေကြမ်းကော်မတီဝင် ဦးပါထန်းက အစီရင်ခံစာအား ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မေ ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အေးအေးသန့်(သတင်းစဉ်)

ကျေးလက်နေအမျိုးသမီးများ၏ လူနေမှုဘဝမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်း

နေပြည်တော် မေ ၃

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ် ငါးဦးမေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းများအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ရှင်းလင်းဖြေကြားခြင်းနှင့် အဆို တစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော်ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီတွင် **တပ်မတော်သား ကိုယ်စားလှယ် ဝိုလ်မှူးချုပ် သက်နိုင်** အစား **ဝိုလ်မှူးချုပ်ညွှန့်ဆွေ**အား အဖွဲ့ဝင်အဖြစ် အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူသည်။

လမ်းအဆင့်မြှင့်တင်ပြီးပါက ကျေးရွာ သုံးရွာ၊ အိမ်ခြေ ၂၃၂၃ အိမ်၊ လူဦးရေ ၄၆၀၀ ကျော်တို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းဖြစ်သည့် ပိန္နဲချောင်း-ကြောင်စွယ်ဖြူလမ်း ၁၉ မိုင်ထဲမှ ကွန်ကရစ်လမ်း နှစ်မိုင်၊ ကျောက်ချောလမ်း နှစ်မိုင်နှင့် မြေသားလမ်း နှစ်မိုင်တို့ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ပိန္နဲချောင်း-ကြောင်စွယ်ဖြူလမ်း အရှည် ၁၉ မိုင်သည် ကွန်ကရစ်လမ်း နှစ်မိုင်နှင့် မိုင်တိုင်အမှတ် (၂/၀)မှ (၄/၀)အထိ ကျောက်လမ်း နှစ်မိုင် ပါဝင်ပြီး ကျန်လမ်းပိုင်းသည် ကျေးရွာချင်းဆက် မြေသားလမ်းဖြစ်ပါကြောင်း၊ လမ်းအဆင့်မြှင့်တင်ပြီးပါက ကျေးရွာသုံးရွာ၊ အိမ်ခြေ ၂၃၂၃ အိမ်၊ လူဦးရေ ၄၆၀၀ ကျော်တို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း။

ပိန္နဲချောင်း - ကြောင်စွယ်ဖြူလမ်းအား ကျောက်တန်းကျေးရွာမှ စစ်အောင်ကျေးရွာအထိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ၁ မိုင် ၅ ဖာလုံနှင့် သာဒါဆိပ်ကျေးရွာမှ ကသစ်တောကျေးရွာအထိ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း နှစ်မိုင်တို့ကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် တင်ပြထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ **စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် မြို့မ ၁၃ ရပ်ကွက် နန်းဖာလုံနှင့် သာယာကုန်း ကျေးရွာသို့ ဆက်သွယ်ထားသော လမ်းမပေါ်ရှိ ချောင်းကူးတံတားအား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့် ပြည်တော်သာသစ်သားချောင်းကူးတံတားသည် တမူးခရိုင် တမူးမြို့နယ် မြို့မ ၁၃ ရပ်ကွက်မှ ချောင်းနက်ကြီး - အူရူး - သာယာကုန်း ဂဝံလမ်းအရှည် ၆ မိုင် ၄ ဖာလုံကျေးလက်လမ်းပေါ်တွင် တည်ရှိသည့် တံတားဖြစ်ပြီး တမူး - စေတီလမ်းမကြီးတို့နှင့် ဆက်သွယ်လျက်ရှိပါကြောင်း။

အဆိုပါ တံတားသည် လမ်းအဆင့် သတ်မှတ်ချက်အရ Class (A) ဦးစားပေးအဆင့်(၁)လမ်းပေါ်တွင် တည်ရှိသဖြင့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် တင်ပြပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည်တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဌေး၏ **မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ်အတွင်းရှိ ကမာကေး-ကွင်းကလိန်-ဆယ်ပလာလမ်းပိုင်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ကမာကေး - ကွင်းကလိန် - ဆယ်ပလာလမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class (A) ဦးစားပေးအဆင့် (၁)တွင် ပါဝင်သဖြင့် ၂၀၂၀- ၂၀၂၁ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် ဆက်လက်ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ကတ္တရာလမ်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဆွေနိုင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်းက **ကျေးလက်နေ အမျိုးသမီးများ၏ လူနေမှုဘဝမြှင့်တင်ရန်၊ စီးပွားရေးတွင် တစ်နိုင်တစ်ပိုင် ပါဝင်ရန်၊ နေရပ်စွန့်ခွာ၍ ရေမြေခြား အလုပ်သွားလုပ်ခြင်းကို လျှော့ချနိုင်ရန်နှင့် အမျိုးသမီးများအတွက် ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးရန်၊ အိမ်တွင်းစီးပွားရေး လုပ်ငန်းများဖော်ဆောင်ဖို့ အသိပေးခြင်း၊ နည်းပညာပေးခြင်း၊ ရင်းနှီးရန်ပုံငွေကြေးရှာဖွေခြင်း၊ ကုန်ကြမ်းကို ဒေသထွက်အဖြစ် ဖော်ထုတ်ပေးခြင်း၊ စျေးကွက်ဖော်ဆောင်ပေးခြင်း၊ စျေးကွက်တည်တံ့အောင် ဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာဌာနများ စုပေါင်း၍ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို** တင်သွင်းရာတွင် မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင် နေထိုင်ပါကြောင်း၊ ကျေးလက်နေ အမျိုးသမီးဦးရေသည် မြို့ပြထက်ပိုပါကြောင်း၊ အဆို တင်သွင်းရသည့် ရည်ရွယ်ချက်အနေဖြင့် ကျေးလက်နေ အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရန်၊ မိမိကိုယ်ကို ယုံကြည်မှုရှိရန်၊ တစ်ဖက်နိုင်ငံနှင့် မြို့ပေါ်သို့ အလုပ်သွားရောက်မလုပ်ကိုင်ဘဲ အိုးမကွာအိမ်မကွာ သင့်တင့်မျှတသော ဝင်ငွေရရှိနိုင်ရန်နှင့် နိုင်ငံစီးပွားရေးတွင် ပို့ကုန်မြှင့်တင်ရာတွင် ပါဝင်ရန်ဖြစ်ပါကြောင်း။

ဒုတိယဝန်ကြီး ဦးကျော်လင်း

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်

လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်မှာ မဲဆန္ဒရှင်ပြည်သူများ၏ ဘဝများကို ထူးခြားပြောင်းလဲသွားစေမည့် လုပ်ငန်းများ လုပ်ဆောင်ရန် ပါဝင်

ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်မှာ မဲဆန္ဒရှင်ပြည်သူများ၏ ဘဝများကို ထူးခြားပြောင်းလဲသွားစေမည့် လုပ်ငန်းများ လုပ်ဆောင်ရန် ပါဝင်ပါကြောင်း၊ ယခုအဆိုမှာ မဲဆန္ဒရှင် ကျေးလက်အမျိုးသမီးများ၏ ဘဝကို ပြောင်းလဲသွားစေလိုသော ဆန္ဒဖြင့် တင်သွင်းခြင်းဖြစ်ပါကြောင်း၊ အဆိုသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ရေးဆွဲသော မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်ရန် စီမံချက် (၂၀၁၈ - ၂၀၃၀)တွင် ငြိမ်းချမ်းရေး၊ စီးပွားဖွံ့ဖြိုးရေး၊ လူထုဗဟိုပြု ဒီမိုကရေစီနိုင်ငံဖြစ်ရေးဟူသော ဦးတည်ချက်ကို အထောက်အပံ့ပြုနိုင်မည် ဖြစ်ပါကြောင်း။

ယခုအချိန်သည် ကျေးလက်ကိုစွန့်ခွာ၍ တစ်ရပ်တစ်ကျေးသို့ သွားရောက် အလုပ်လုပ်နေသောကြောင့် ကျေးလက်တွင် လယ်ယာလုပ်သားများ ရှားပါးခဲ့ရှိန်လည်း ဖြစ်ပါကြောင်း၊ အမျိုးသမီးများအတွက်လည်း ကျေးလက်တွင် အဆင်မပြေသောကြောင့် မြို့ပြသို့ သွားရောက်၍ တစ်ဖက်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ရာတွင် လူကုန်ကူးခံရခြင်း၊ မြို့ပြတွင် ကျူးကျော်များ များပြားလာခြင်း၊ လိင်အကြမ်းဖက်မှုများ ကြုံနေရခြင်းကြောင့် အမျိုးသမီးများဘဝ လုံခြုံမှုမရှိတော့ပါကြောင်း၊ ယခုအတိုင်း ဆက်လက်၍ ကျေးလက်ကို ပစ်ထားမည်ဆိုပါက ကျေးလက်များ ဆိတ်သုဉ်းသွားနိုင်ပါကြောင်း။

ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ကျွမ်းကျင်ပညာရှင်များ၊ SME ချေးငွေပေးနိုင်သော ဌာနများမှ ဟန်ချက်ညီညီ စုပေါင်းလုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ ပြည်တွင်း၊ ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ လူထုအခြေပြုအဖွဲ့အစည်းနှင့် ပုဂ္ဂလိကများထံမှ ဘဏ္ဍာရေးနည်းပညာအကူအညီများကို အစိုးရအဖွဲ့၏ လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲဝယ် (၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်၏ ဆန္ဒရယူမည်ဖြစ်ကြောင်းနှင့် ဆန္ဒရယူရာတွင်လည်း အဆိုကို လက်ခံဆွေးနွေးရန် သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်သည်း မိမိတို့နေရာများတွင် မတ်တတ်ရပ်ပြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက မတ်တတ်ရပ်ပြသည့် လွှတ်တော်ကိုယ်စားလှယ်သည် ၄၀ နှင့်အထက် ဖြစ်ပါက လက်ခံဆွေးနွေးရန် သဘောတူသည်ဟု လည်းကောင်း၊ ၄၀ မပြည့်လျှင် လက်ခံဆွေးနွေးရန် သဘောမတူဟုလည်းကောင်း လွှတ်တော်သို့ ကြေညာမည်ဖြစ်ကြောင်း ပြောကြားပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ မတ်တတ်ရပ်ပြသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေသည် ၁၁၀ ရှိပြီး ၄၀ ထက်ကျော်လွန်သည့်အတွက် အဆိုကို လက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မေ ၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်

ကျေးလက်နေ အမျိုးသမီးများ၏ လူနေမှုဘဝ မြှင့်တင်ရန် အတွက် ပစ္စည်းကိရိယာများ၊ နည်းပညာများ၊ ငွေကြေး အရင်းအနှီးပံ့ပိုးမှုများကို နိုင်ငံတော်မှ မူဝါဒများချမှတ်ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် လိုအပ်

ထို့နောက် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်က ကျေးလက်နေ အမျိုးသမီးများ၏ လူနေမှုဘဝ မြှင့်တင်ရန်အတွက် ပစ္စည်းကိရိယာများ၊ နည်းပညာများ၊ ငွေကြေးအရင်းအနှီးပံ့ပိုးမှုများကို နိုင်ငံတော်မှ မူဝါဒများ ချမှတ်ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် လိုအပ်နေပြီဖြစ်သည့်အတွက် အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးသင့်ပါကြောင်း ထောက်ခံပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုကို လက်ခံဆွေးနွေးရန်သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၄)မှ ဦးအောင်ကြည်ညွှန့်က အဆိုသည် ဆွေးနွေး၍ အောင်မြင်သွားပါကလည်း အစိုးရအနေဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် အင်မတန်ခက်ခဲမည်ဖြစ်သည့်အတွက် အဆိုကို လွှတ်တော်က အလေးအနက်ထား၍ စဉ်းစားသုံးသပ်သင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် လွှတ်တော်ကိုယ်စားလှယ်ရှိသည့်အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသား

အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ်ရေးထိုးကြစဉ်။

စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်နှင့် ချင်းပြည်နယ်တို့တွင် မိုးပိုလာနိုင်

နေပြည်တော် မေ ၃

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချန်းရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

ကမ္ဘာ့သတင်း လွတ်လပ်ခွင့်နေ့ အခမ်းအနား ကျင်းပ

ဒီမိုကရေစီနှင့် သတင်းမီဒီယာများ၊ ဒီမိုကရေစီနိုင်ငံနှင့် လွတ်လပ်သောစာနယ်ဇင်းသမားများ အမြဲဒွန်တွဲတည်ရှိလျက်ရှိ

မီဒီယာသည် သတင်းလွတ်လပ်ခွင့်ကို ဦးတည်ဆောင်ရွက်သော်လည်း တန်းတူညီမှုနှင့် တရားမျှတမှုများကို အလေးထား

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ရန်ကုန် မေ ၃

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ဦးစီးကျင်းပသည့် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သောသဝဏ်လွှာကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဖတ်ကြားသည်။

ယင်းနောက် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သောသဝဏ်လွှာကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ-ဦးအုန်းကြိုင်)က ဖတ်ကြားသည်။

သဝဏ်လွှာများဖတ်ကြား

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်ထံမှ ပေးပို့သောသဝဏ်လွှာကို တွံတေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်က လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သောသဝဏ်လွှာကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံက လည်းကောင်း ဖတ်ကြားကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့ အထိမ်းအမှတ်အခမ်းအနားကို ကျင်းပရသည့် ရည်ရွယ်ချက်မှာ သတင်းလွတ်လပ်ခွင့်၊ စာနယ်ဇင်းလွတ်လပ်ခွင့်ကို အလေးအနက်ပြုရန်၊ ကာကွယ်စောင့်ရှောက်ရန်၊ ထိန်းသိမ်းမြှင့်တင်ရန် ဖြစ်ပါကြောင်း၊ ထို့အတွက် ကမ္ဘာတစ်လွှားမှာ နှစ်စဉ်အထိမ်းအမှတ်အခမ်းအနားကို ကျင်းပပါကြောင်း၊ လှုပ်ရှားမှုများလည်း ဆောင်ရွက်သည်ကို တွေ့ရှိရပါကြောင်း။

လွတ်လပ်ခွင့်ဆိုင်ရာပြဿနာ

စာနယ်ဇင်းလွတ်လပ်ခွင့်နှင့် ပတ်သက်ပြီး စဉ်းစားလျှင် ဆက်စပ်စဉ်းစားစရာ အကြောင်းကိစ္စများစွာ ရှိပါကြောင်း၊ ဒီလိုအကြောင်းအရာ၊ အချက်အလက်များစွာရှိသည်ကို အကြောင်းပြုပြီး တစ်နှစ်တစ်ကြိမ် ကျင်းပသည့်အခါမျိုးတွင် ဤအကြောင်းအရာ၊ အချက်အလက်များထဲမှ ပိုပြီးတော့ ထူးခြားသည့် အကြောင်းအရာ၊ ဒီအချိန်ကာလတွင် ပိုပြီးရှေ့တန်းရောက်လာနေသည့် သတင်းလွတ်လပ်ခွင့်ဆိုင်ရာ ပြဿနာမျိုးကို ခေါင်းစဉ်အနေဖြင့်၊ အဓိကအကြောင်းအရာအနေဖြင့် ရွေးချယ်ဆွေးနွေးလေ့ရှိပါကြောင်း၊ ယခု ၂၀၁၉ ခုနှစ်အတွက် ရွေးချယ်ခဲ့သည့်ခေါင်းစဉ် သို့မဟုတ် ဆောင်ပုဒ်မှာ Media for Democracy: Journalism and Elections in Times of Disinformation ဟူ၍ ဖြစ်ပါကြောင်း။ ဒီမိုကရေစီအတွက် သတင်းမီဒီယာများ (သို့မဟုတ်) ဒီမိုကရေစီအရေးကို အထောက်အကူပေးမည့် သတင်းမီဒီယာများဆိုပြီး အဓိပ္ပာယ်ကောက်၍ရပါကြောင်း။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ သဝဏ်လွှာကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ-ဦးအုန်းကြိုင်) ဖတ်ကြားစဉ်။

ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်၏ သဝဏ်လွှာကို တွံတေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် ဖတ်ကြားစဉ်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ သဝဏ်လွှာကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ ဖတ်ကြားစဉ်။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း အမှာစကား ပြောကြားစဉ်။

သတင်းမီဒီယာများ

ဒီမိုကရေစီနှင့် လွတ်လပ်သော စာနယ်ဇင်းသမားများသည် အမြဲဒွန်တွဲ တည်ရှိလျက်ရှိပါကြောင်း၊ အားလုံးသိကြသည့်အတိုင်း ဒီမိုကရေစီသည် လွတ်လပ်မှု၊ တန်းတူညီမှုနှင့် တရားမျှတမှုကို ဦးထိပ်ပန်ဆင်ပါကြောင်း၊ ထိုနည်းတူစွာ မီဒီယာသည်လည်း သတင်းလွတ်လပ်ခွင့်ဆိုသည်ကို အစဉ်တစိုက်ဦးတည်ပြီး လှုပ်ရှားဆောင်ရွက်နေရခြင်းဖြစ်သော်လည်း တကယ်တော့ လွတ်လပ်မှုတစ်ခုတည်းကို တန်ဖိုးထားခြင်းမဟုတ်ဘဲ တန်းတူညီမှုနှင့် တရားမျှတမှုများကို မီဒီယာသည် အလေးထားပါကြောင်း၊ ဆိုလိုသည်မှာ ဒီမိုကရေစီသမားနှင့် မီဒီယာသမားသည် လိုလားချက်နှင့် တန်ဖိုးထားချက်တို့မှာ တူညီပါကြောင်း၊ စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ ဆောင်ပုဒ်နှင့်ပတ်သက်ပြီး Media for Democracy ဆိုတာသည် ယခုနှစ်ဆောင်ပုဒ်၏ ပထမပိုင်းဖြစ်ပြီး ဒုတိယပိုင်းမှာ Journalism and Elections in Times of Disinformation ဖြစ်ပါကြောင်း။ Disinformation ဆိုသည်မှာ မမှန်သတင်းဖြစ်ပါကြောင်း။ ပိုပြီးတိကျအောင်ပြောရလျှင် မမှန်သတင်းပေးခြင်း၊ မမှန်သတင်းဖြန့်ချိခြင်း ဖြစ်ပါကြောင်း။

သတင်းမှားများ ဖြန့်ချိ

ဘာကြောင့်လဲဆိုတော့ ဒီဖြန့်ချိသည့်သတင်းက မတော်တဆ မှားယွင်း၍ တိမ်းစောင်းခြင်း မဟုတ်ပါကြောင်း၊ တမင်တကာ သတင်းလက်ခံရရှိမည့်သူကို လိမ်ညာလှည့်ဖြားချင်သည့် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်သည်ကို ဟုတ်မှန်သယောင် လုပ်ကြံဖန်တီးပြီးရေးခြင်း၊ သတင်းအဖြစ် ပေးပို့ခြင်းဖြစ်ပါကြောင်း။ ထို့ကြောင့် သတင်းလိမ်၊ သတင်းတု၊ သတင်းမှားများကို ဖြန့်ချိခြင်း ဖြစ်ပါကြောင်း၊ ဒီကနေ့မှာ မမှန်သည့်သတင်းများ သတင်းတု၊ သတင်းလိမ်များသည် Fake News ဆိုသည့် အမည်ဖြင့် အများက သိနေကြပြီဖြစ်ပါကြောင်း။

Fake News က ပြီးခဲ့သည့် ၃-၄-၅ နှစ်အတွင်း စပြီးပေါ်လာပါကြောင်း၊ ကမ္ဘာမှာ Fake News ဆိုပြီး ပြောသည့်အခါ မိမိတို့က လိုက်ပြီးပြောလာကြပါကြောင်း၊ ရုတ်တရက်ကြည့်လျှင် Fake News ဆိုတာသည် ယနေ့ခေတ်ကာလတွင် ပေါ်ပေါက်သည့် အသစ်အဆန်းဆိုပြီး ထင်မြင်စရာရှိပါကြောင်း၊ သို့သော် တကယ်တော့ ကမ္ဘာအတွက်လည်း ယင်းမှာ အသစ်အဆန်းမဟုတ်သလို မိမိတို့အဖို့လည်း အသစ်အဆန်းမဟုတ်ပါကြောင်း၊ မိမိတို့တိုင်းပြည်တွင်လည်း ဒီလိုသတင်းမျိုးကို အရင်တုန်းကတည်းက ပြောဆိုဝေဖန်ထောက်ပြတာ ရှိခဲ့ပါကြောင်း၊ မိမိတို့မြန်မာတွင် ယခင်တုန်းက ပြောဆိုသည့် စကားလုံးသည် ကြာတော့ ရိုးသွားပြီး မသုံးကြတော့ခြင်းဖြစ်ပါကြောင်း၊ တစ်ချိန်တုန်းက ယင်းကို လန်ကြုတ်သတင်း၊ လုပ်ကြံဖန်တီးသည့် သတင်းဟု ပြောကြပါကြောင်း၊ ယနေ့တွင် လန်ကြုတ်သတင်းသည် Fake News ဆိုပြီး ပြန်လည်ပေါ်ပေါက်လာခြင်းဖြစ်ပါကြောင်း၊ တစ်ချိန်တုန်းက ကမ္ဘာမှာရော မြန်မာမှာပါရှိသည့် လန်ကြုတ်သတင်းသည် Fake News အဖြစ် ပေါ်လာသည့်အခါ ယခင်နှင့် ဘာကွဲပြားခြားနားသွားသလဲဆိုလျှင် ယခင်ကထက် အရေအတွက် များပြားလာပါကြောင်း၊ မသမာသူများက မမှန်သတင်းကို စနစ်တကျ ထုတ်လုပ်ဖြန့်ချိလာခြင်းဖြစ်သည့် အတွက် ပိုပြီးအန္တရာယ်ကြီးမားလာခြင်း ဖြစ်ပါကြောင်း။

မုသာဝါဒများလွှမ်းမိုးလာ

သတင်းအမှားများ ပေါ်ပေါက်လာသည့်ကိစ္စသည် မိမိတို့ မျက်စိရှေ့တွင် တဖြည်းဖြည်း တိုးပွားလာပြီး ခေတ်တစ်ခေတ်လို ဖြစ်လာနေပါကြောင်း၊ လွန်ခဲ့သည့် ၄-၅ နှစ်ကို ပြန်ပြီးစဉ်းစားကြည့်လျှင် Post Truth ဆိုသည့်စကားလုံးတစ်လုံး ပေါ်ပေါက်လာပါကြောင်း၊ Post Truth သည် ၂၀၁၆ ခုနှစ်၏ အထူးခြားဆုံးစကားလုံးတစ်ခု ဖြစ်ခဲ့ပါကြောင်း၊ Post Truth သည် အမှန်ကိုလွန်သွားသည့်ကိစ္စဟု ဆိုပါကြောင်း၊ Post Truth က ဘာကိုဆိုလိုချင်သလဲဆိုလျှင် လူတစ်ယောက်က တစ်စုံတစ်ရာကို ပြောဆိုရေးသားသည့်အခါ အကြောင်းအရာ အချက်အလက်က မှန်ချင်မှမှန်မည်၊ သို့သော် နားထောင်ရသူ၊ ဖတ်ရသူက ယုံသွား၊ လက်ခံသွားပါကြောင်း၊ မမှန်တာကိုပြောသော်လည်း လူယုံသည်ဆိုသည့် ကိစ္စသည် အင်မတန်မှ တန်ဖိုးရှိသည့်ကိစ္စတစ်ခု၊ အတုယူစရာတစ်ခုဟု ဖြစ်လာလျှင် လူ့အဖွဲ့အစည်းတွင် မုသာဝါဒများ လွှမ်းမိုးလာလိမ့်မည် ဖြစ်ပါကြောင်း၊ တကယ်တမ်းလည်း မမှန်သတင်းများ ထွန်းကားသည့်ကာလ (Post Truth Era) ဟု သုံးနှုန်းလာတာ ရှိပါကြောင်း။

အမှန်ကို လွန်တယ်ဆိုပြီး Post Truth ဆိုတာ စဉ်းစားကြည့်လျှင် နာမည်လှလှလေး ပေးလိုက်ခြင်းဖြစ်ပြီး တကယ်ကတော့ အမှန်ကို လွန်သွားပြီး သည့်နောက်တွင် မှန်တာမရှိတော့ပါကြောင်း၊ အမှန်တရားက သေဆုံးသွားသည့် သဘောဖြစ်ပါကြောင်း၊ Post Truth နောက်တွင် ပေါ်လာသည်က Fake News ဟူ၍ ဖြစ်ပါကြောင်း၊ Fake News က လွန်ခဲ့သည့် ၃-၄ နှစ်အတွင်း ပိုပြီးတွင်ကျယ်လာပါကြောင်း၊ သူ့ရှိုက်ခတ်မှုများကို ခံနေရပါကြောင်း။

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ

ဒီမမှန်သတင်းများ ပရမ်းပတာ ထွက်ပေါ်လာသည့်ကာလအတွင်း ကျင်းပရမည့် ရွေးကောက်ပွဲများ၊ အဲဒီရွေးကောက်ပွဲနှင့်ပတ်သက်ပြီး သတင်းယူကြ၊ သတင်းဖြန့်ချိကြမည့်၊ သတင်းသမားများ၊ သူတို့အတွက် ဘယ်လိုအခက်အခဲများ၊ စိန်ခေါ်မှုများ ရှိမလဲဆိုသည်ကို ခေါင်းစဉ်တင်ပေးထားခြင်းဖြစ်ပါကြောင်း။

ရွေးကောက်ပွဲသည် အရေးကြီး

ရွေးကောက်ပွဲဆိုသည်မှာ ဒီမိုကရေစီနှင့် ပတ်သက်လျှင် ဒီမိုကရေစီ၏ အသက်ဟု ပြောချေရပါကြောင်း၊ ဒီမိုကရေစီစနစ်ပေါ်ထွန်းရန်၊ ဖြစ်ပေါ်ရန်၊ တည်တံ့ရန် လိုအပ်ချက်များတွင် ရွေးကောက်ပွဲသည် အင်မတန်မှ အရေးကြီးသည့်၊ အဓိကကျသည့် အခြင်းအရာတစ်ခုဖြစ်ပါကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်မှုသည် ဒီမိုကရေစီခေတ်တွင် အင်မတန်မှ အရေးကြီးပါကြောင်း၊ ဒီတင်ပြသည့် အချက်အလက်များကို ရမည်၊ အဲဒီမှာ သတင်းမီဒီယာသမားများက သူတို့ကိုယ်တိုင်ယုံကြည်သည့် ရပ်တည်ချက်အရ သူတို့ထောက်ခံသည့်၊ ကန့်ကွက်သည့် မူဝါဒများ၊ ပါတီများအဖွဲ့အစည်းများကို ဖော်ပြမည်ဖြစ်ပါကြောင်း၊ သို့သော် ဘယ်လိုပဲ မတူသည့် အယူအဆများကို ဖော်ပြသည်ဖြစ်စေ၊ သူတို့သည် အများပြည်သူကို မှန်ကန်သည့်သတင်းအချက်အလက်များ၊ ယုံကြည်ချက်များ အတိုင်း လက်ခံသွားစေရန် ရည်ရွယ်ချက်ရှိမည်၊ အဲဒီသဘောရိုးအတိုင်း ဆောင်ရွက်နေသမျှ ကာလပတ်လုံး ဒါတွေသည် အင်မတန်မှကောင်းပါကြောင်း။

မှန်ကန်သော သတင်းအချက်အလက်ပေး

အများပြည်သူသည် သတင်းအချက်အလက်ပေါင်းစုံကိုသိရမည်၊ နိုင်ငံအရေး အရာများနှင့်ပတ်သက်ပြီး အတွေးအမြင် အယူအဆမျိုးစုံကို သတင်းမီဒီယာများမှ သိရှိခွင့်ရမည်၊ ယင်းအထဲမှ ကိုယ်နှစ်သက်ကြိုက်နိုင်သည်ဆိုသည်ကို အားလုံးသိနိုင်ပါကြောင်း၊ သတင်းအမှားများသည် မည်သူကို နှောင့်ယှက်ဖျက်ဆီးမလဲဆိုလျှင် ရွေးကောက်ပွဲဝင်လာမည့် နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဝင်လာမည့် ကိုယ်စားလှယ်လောင်းများကို နှောင့်ယှက်ဖျက်ဆီးလိမ့်မည်၊ ၎င်းတို့ကို မမှန်ကန်သော သတင်းများဖြင့် တိုက်ခိုက်လိမ့်မည်၊ အများပြည်သူအထင်အမြင် ပျက်ပြားအောင် ဆောင်ရွက်လိမ့်မည်၊ ထိုနည်းလမ်းများဖြင့် ဆောင်ရွက်သည့် အတွက်ကြောင့် ရွေးကောက်ပွဲသည် ပုံသဏ္ဌာန်မမှန်ဘဲ တိမ်းစောင်းချွတ်ချော်မှုများဖြစ်လာပြီး အများပြည်သူ မျှော်မှန်းထားသည့်ရလဒ်၊ အများပြည်သူ မျှော်မှန်းထားသည့်၊ ထင်မြင်ထားသည့် အနေအထား တလွဲတချော်ဖြစ်လာပါက ရွေးကောက်ပွဲစနစ်ကို အများပြည်သူက ယုံကြည်မှု လျော့နည်းလာနိုင်ပါကြောင်း၊ သတင်းအမှားများဖြင့် ပုံဖျက်တိုက်ခိုက်မှုကြောင့် နိုင်ငံရေးပါတီများ၊ နိုင်ငံရေး

 မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ အမှာစကား ပြောကြားစဉ်။

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက် ရေးကော်မရှင်ဥက္ကဋ္ဌထံမှ သဝဏ်လွှာကို အဖွဲ့ဝင် ဦးဟန်ညွှန့်(ဦးဟန်ညွှန့်-ဥပဒေ) ဖတ်ကြားစဉ်။

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(UNESCO)ညွှန်ကြားရေးမှူး ချုပ်၏ သဝဏ်လွှာကို ယူနက်စကို မြန်မာရုံးဌာနေကိုယ်စားလှယ် မစ္စမင်ဂျောင်ကင် ဖတ်ကြားစဉ်။

မြန်မာနိုင်ငံသတင်းစာဆရာအသင်း၏ သဝဏ်လွှာကို မြန်မာနိုင်ငံသတင်းစာ ဆရာအသင်း ဗဟိုအလုပ်အမှုဆောင် ဦးထွန်းနေစိုး ဖတ်ကြားစဉ်။

မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ သဝဏ်လွှာကို မြန်မာနိုင်ငံ စာရေးဆရာ အသင်းဒုတိယဥက္ကဋ္ဌ ဦးချစ်နိုင် ဖတ်ကြားစဉ်။

မြန်မာဂျာနယ်လစ်ကွန်ရက်၏ သဝဏ်လွှာကို မြန်မာဂျာနယ်လစ်ကွန်ရက် တွဲဖက်အတွင်းရေးမှူး ဦးဇော်ထိုက် ဖတ်ကြားစဉ်။

ရွေးကောက်ပွဲမှ ပြည်သူလူထုက သူတို့၏ ကိုယ်စားလှယ်များ ရွေးချယ်မည်၊ သူတို့၏ ကိုယ်စားလှယ်များက သူတို့ကိုယ်စားတိုင်းပြည်အတွက် တာဝန်များ ထမ်းဆောင်မည်၊ အချိန်ကာလအလျောက် ပြည်သူလူထုက ရွေးချယ်သည့် ပုဂ္ဂိုလ်များကို ပြန်လည်စိစစ်သုံးသပ်မည်၊ ပြန်လည်အသစ် ရွေးချယ်သည့်အလုပ်ကို လုပ်မည်၊ အဲဒီလုပ်ငန်းစဉ် ပုံမှန်လည်ပတ်နေမှသာလျှင် ဒီမိုကရေစီစနစ် အခွန့်ရှည်တည်တံ့နေမှာ၊ ခိုင်မာနေမှာဖြစ်ပါကြောင်း။

ဒီလို အခွန့်ရှည်တည်တံ့ခိုင်မာနေရန်အတွက် ပြည်သူလူထုသည် ပြည်သူ့ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်သည့်အလုပ်ကို မှန်မှန်ကန်ကန်၊ ပြည့်ပြည့်ဝဝ၊ ပီပီပြင်ပြင် လုပ်ကိုင်ဆောင်ရွက်နိုင်ရန်လိုပါကြောင်း၊ ဒီ့အတွက် အများပြည်သူကို သတင်းအချက်အလက်များ ပေးရန်လိုအပ်ပါကြောင်း၊ အများပြည်သူကို ရွေးကောက်ပွဲနှင့်ပတ်သက်သည့် သတင်းများ၊ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ၏ အချက်အလက်များ၊ သူတို့၏နိုင်ငံရေးအယူအဆများ၊ ရပ်တည်ချက်များ၊ မူဝါဒလမ်းစဉ်များ၊ ၎င်းတို့အနေဖြင့် မူဝါဒလမ်းစဉ်များကို ပိုမိုအကောင်အထည်ဖော်နိုင်မည်လား၊ မဖော်နိုင်ဘူးလားဆိုသည့်အချက်များ၊ ၎င်းတို့ဆောင်ရွက်ခဲ့သည့် လုပ်ငန်းရာဇဝင်၊ ၎င်းတို့၏ အရည်အချင်းများကို အများသိအောင် သတင်းမီဒီယာများက တင်ပြပေးနိုင်ရန် လိုပါကြောင်း။

အများပြည်သူက သတင်းမီဒီယာသမားများ၊ သတင်းမီဒီယာပေါင်းစုံက မှုကို ရွေးချယ်နိုင်မည်ဆိုပါက ယင်းသည် အင်မတန်မှ တရားမျှတမှုဖြစ်ပါကြောင်း၊ ယင်းသည် ဒီမိုကရေစီစနစ်အတွက် အင်မတန်မှလိုလားအပ်သည့် အနေအထား ဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်တည်တံ့နေရေးအတွက် သတင်းမီဒီယာသမားများက အများပြည်သူကို မှန်ကန်သော သတင်းအချက်အလက်များပေးနိုင်ရန် လိုပါကြောင်း။

ဒီနေ့မှာ ကမ္ဘာ့နိုင်ငံများသာမက မိမိတို့နိုင်ငံတွင်လည်း မမှန်ကန်သော သတင်းဖြန့်ချိနေမှုများ အင်မတန်မှ ပြန့်ပွားလာနေပါကြောင်း၊ ထို့ကြောင့် နိုင်ငံတကာတိုင်းပြည်များတွင် ရွေးကောက်ပွဲများကျင်းပသည့်အခါ အများပြည်သူသည် Disinformation များကြောင့် အယူအဆလွဲမှားပြီး သူတို့ ရွေးကောက်ပွဲမှာ မဲပေးရွေးချယ်သည့် အခါ နားယောင်လှည့်ဖြားခံရပြီး လွဲချော်မှုများရှိခဲ့ပါကြောင်း၊ တစ်နည်းအားဖြင့် ရွေးကောက်ပွဲတွင် သူတို့၏ ဆန္ဒမဲများကို လိမ်ညာလှည့်ဖြားပြီး ယူသွားမှုများ ခံရတာ ရှိပါကြောင်း၊ ထို့အပြင် ရွေးကောက်ပွဲကာလအတွင်း မတည်မငြိမ်ဖြစ်အောင် သွေးထိုးလှုံ့ဆော်သည့် သတင်းအမှားများဖြန့်ချိပြီး မငြိမ်မသက်ဖြစ်အောင် ဆောင်ရွက်မှုများလည်း ရှိပါကြောင်း။

မိမိတို့နိုင်ငံ၌ ၂၀၂၀ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပရန် စီစဉ်နေသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ ယင်းကာလတွင် အလားတူ နိုင်ငံတကာမှာကြုံရသည့် ရွေးကောက်ပွဲကာလအတွင်း သတင်းအမှားများဖြင့် နှောင့်ယှက်ဖျက်ဆီးမည့် အန္တရာယ်ကို ကြုံရနိုင်သည်ဆိုသည်ကို အားလုံးသိနိုင်ပါကြောင်း၊ သတင်းအမှားများသည် မည်သူကို နှောင့်ယှက်ဖျက်ဆီးမလဲဆိုလျှင် ရွေးကောက်ပွဲဝင်လာမည့် နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဝင်လာမည့် ကိုယ်စားလှယ်လောင်းများကို နှောင့်ယှက်ဖျက်ဆီးလိမ့်မည်၊ ၎င်းတို့ကို မမှန်ကန်သော သတင်းများဖြင့် တိုက်ခိုက်လိမ့်မည်၊ အများပြည်သူအထင်အမြင် ပျက်ပြားအောင် ဆောင်ရွက်လိမ့်မည်၊ ထိုနည်းလမ်းများဖြင့် ဆောင်ရွက်သည့် အတွက်ကြောင့် ရွေးကောက်ပွဲသည် ပုံသဏ္ဌာန်မမှန်ဘဲ တိမ်းစောင်းချွတ်ချော်မှုများဖြစ်လာပြီး အများပြည်သူ မျှော်မှန်းထားသည့်ရလဒ်၊ အများပြည်သူ မျှော်မှန်းထားသည့်၊ ထင်မြင်ထားသည့် အနေအထား တလွဲတချော်ဖြစ်လာပါက ရွေးကောက်ပွဲစနစ်ကို အများပြည်သူက ယုံကြည်မှု လျော့နည်းလာနိုင်ပါကြောင်း၊ သတင်းအမှားများဖြင့် ပုံဖျက်တိုက်ခိုက်မှုကြောင့် နိုင်ငံရေးပါတီများ၊ နိုင်ငံရေး

သမားများအပါအဝင် နိုင်ငံရေးစနစ်၊ ရွေးကောက်ပွဲစနစ်အပါအဝင် ကျင့်သုံးနေသည့် နိုင်ငံရေးစနစ်များပါ ထိခိုက်လျော့နည်းလာမည်ဆိုလျှင် ထိုအရာများ အပေါ်တွင်အခြေခံပြီး တည်ဆောက်ထားသည့် ဒီမိုကရေစီစနစ်သည်လည်း ယိုင်နဲ့လာနိုင်ပါကြောင်း၊ တည်တံ့ရန်အတွက်လည်း အန္တရာယ်ဖြစ်လာနိုင်ပါကြောင်း။

အများပြည်သူ ယုံကြည်မှုလျော့နည်းနိုင်

တစ်ချိန်တည်းမှာ သတင်းအမှားများသည် ဒီမိုကရေစီစနစ်ကို၊ နိုင်ငံ၏ တည်ငြိမ်မှုကို ထိပါးစေရုံသာမက သတင်းမီဒီယာသမားကိုယ်တိုင်ကိုလည်း ထိပါးနိုင်ပါကြောင်း၊ သတင်းလောကထဲမှာ မမှန်ကန်သောသတင်းများ ပျံ့နှံ့နေမည်ဆိုလျှင် အများပြည်သူကြားလိုက်ရသည့် သတင်းမှန်သမျှမှာ အများစုက မဟုတ်မမှန်လုပ်ကြံသည့် သတင်းများဖြစ်သည်ဆိုလျှင် သတင်းမီဒီယာကို အများပြည်သူ ဘက်က အားကိုးယုံကြည်မှု လျော့နည်းလာနိုင်ပါကြောင်း၊ Times of Disinformation ခေတ်မှာ ရွေးကောက်ပွဲများရော၊ ဒီမိုကရေစီစနစ်ပါ ထိခိုက်လာနိုင်သကဲ့သို့ Journalism နှင့် Journalist များသည်လည်း ထိခိုက်လာနိုင်သည်ကို ပြောချင်ပါကြောင်း။

ယင်းအတွက် ဘယ်လိုကာကွယ်တားဆီးကြမလဲဆိုသည့် အချက်နှင့် ပတ်သက်ပြီး မီဒီယာသမားများလောကတွင် သုံးသပ်ဆွေးနွေးမှုများရှိသည့်အတွက် ဘယ်လိုတားဆီးကာကွယ်မလဲဆိုသည့်နည်းလမ်းများ ရှိပါကြောင်း၊ တချို့လည်း စတင်ဆောင်ရွက်နေသည်ကို မြင်ရပါကြောင်း၊ ဆောင်ရွက်နိုင်သည့် နည်းလမ်းများမှာ စောစောကပြောသည့် Post Truth အမှန်ကို လွန်သွားပြီဆိုပြီး အမှန်ကို မျက်ကွယ်ပြုသည့်အနေအထား မှတစ်ဆင့် သတင်းသမားများက သတင်းအမှားများကို ထုတ်ဝေဖြန့်ချိသည့် အနေအထားကို ရောက်သွားပါကြောင်း၊ ယင်းကိုကာကွယ်ရန် သတင်းသမားများ သည်သတင်းအမှန်ဖြင့် ပြန်လည်ချေဖျက်ပြီး တားဆီးကာကွယ်ရမည် ဖြစ်ပါကြောင်း၊ သတင်းအမှန်များ၊ မိမိတို့ရေးသားဖြန့်ဝေသည့်သတင်းများ အချက်အလက် မှန်ကန်ရန် ဂရုစိုက်ဆောင်ရွက်သင့်ပါကြောင်း၊ ဒါသည် အမှန်စင်စစ်တွင် သတင်းမီဒီယာသမား၏ မူလဘူတအလုပ်ထဲမှာပါသော အဓိကအချက်ပင် ဖြစ်ပါကြောင်း၊ သတင်းသမားသည် အချက်အလက်အမှန်ကို ပေးမည်ဆိုသည်မှာ သတင်းသမား၏ ပထမဆုံးကိုင်စွဲရသည့် ကျင့်ဝတ်ဖြစ်ပါကြောင်း၊ ဒီကျင့်ဝတ်ကို မြဲမြဲမြံမြံ ထိန်းသိမ်းခြင်းအားဖြင့် မိမိဖြန့်ချိမည့် သတင်းအမှန်များကို

အများပြည်သူကသိရှိပြီး မည်သည့် သတင်းမီဒီယာများကို အားကိုးယုံကြည်ရသည်ဟု ဖြစ်လာအောင် ပြန်လည်တည်ဆောက်သည့်အလုပ်ကို လုပ်သင့်သည်ဟုမြင်ပါကြောင်း။

နောက်တစ်ခုမှာ လုပ်ကြံဖန်တီးသည့် သတင်းအမှားများအား မည်သို့မှားသည်ကိုဖော်ထုတ်ပြီး အများသိအောင် ကြေညာပေးသည့်အလုပ်ဖြစ်ပါကြောင်း၊ သတင်းအမှားများ ပေါ်လာချိန်တွင် သတင်းအချက်အလက် မှန်ကန်မှုရှိအောင် စိစစ်သည့် Fact-checking အလုပ်ကိုလုပ်သည့် စာနယ်ဇင်းအဖွဲ့အစည်းများ ပေါ်ပေါက်လာပါကြောင်း၊ သည်ကနေ့မှာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ယင်းအစီအစဉ်ကို စတင်ဆောင်ရွက်နေပြီဟု သိရှိရပါကြောင်း၊ မြန်မာနိုင်ငံတွင် သတင်းအမှားများကို ဖော်ထုတ်ပြီး သတင်းအမှန်ဖြင့် ပြန်လည်ချေဖျက်မှုကို လုပ်ဆောင်မည့် အစုအဖွဲ့များရှိနေသည်ကိုလည်း ကြားသိရပါကြောင်း၊ ယင်းအသင်းအဖွဲ့များသည် သတင်းအမှားတိုက်ဖျက်ရေးနှင့် သတင်းအမှန်များကို အများပြည်သူထံ ပြန့်ပွားအောင် ဆောင်ရွက်နိုင်မည်ဟု မြင်ပါကြောင်း။

စိစစ်သုံးသပ်အကဲဖြတ်နိုင်

နောက်တစ်ခုမှာ ယနေ့ကာလတွင် တချို့အဖွဲ့အစည်းများက စတင်ဆောင်ရွက်နေပြီဖြစ်သည့် Media and Information Literacy အများပြည်သူက သတင်းအမှား၊ သတင်းအတုအယောင်၊ သတင်းလိမ်ကိုတွေ့လျှင် ဒါသည် သတင်းအမှား၊ သတင်းအလိမ်အညာများဖြစ်သည်ကို သိသာအောင် စိစစ်သုံးသပ်အကဲဖြတ်နိုင်သည့် အသိပညာ၊ အတွေ့အကြုံရရှိစေမည့် အသိပညာပေးသော အစီအစဉ်ဖြစ်ပါကြောင်း၊ Media Literacy၊ Information Literacy ရအောင် ဆောင်ရွက်သည့် ကိစ္စဖြစ်ပါကြောင်း၊ ယင်းကိစ္စများကို သတင်းမီဒီယာသမားများက အဓိက ဦးဆောင်ပြီး ဆောင်ရွက်မည်ဆိုပါက မမှန်ကန်သောသတင်းများ ဖြန့်ချိသည့် ကာလကို မှန်မှန်ကန်ကန်အန္တရာယ်ကင်းစွာ ဖြတ်ကျော်နိုင်မည်ဟု မြင်ပါကြောင်း၊ ဒါ့အပြင် ပူးပေါင်းဆောင်ရွက်နိုင်သည်မှာ ရွေးကောက်ပွဲများနှင့် ပတ်သက်သူများ ဖြစ်ပါကြောင်း။

သတင်းမီဒီယာများ ပူးတွဲဆောင်ရွက်

ရွေးကောက်ပွဲများနှင့်ပတ်သက်ပြီး သတင်းအချက်အလက် အမှန်များကို အများပြည်သူထံ ပြန့်ပွားအောင်ဆိုလျှင် ရွေးကောက်ပွဲကိစ္စများတွင် တာဝန်ယူ ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၊ ရွေးကောက်ပွဲတွင် ပါဝင်ဆင်နွှဲကြမည့် ပါတီများ၊ အဖွဲ့အစည်းများ၊ ရွေးကောက်ပွဲကို စောင့်ကြည့်ကြမည့် လူမှုအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲများအတွက် သမသမတ်ကျအောင် လိုက်လံကြပ်မတ် ဆောင်ရွက်ကြမည့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများကလည်း သတင်းအချက်အလက်အမှန်များ အများပြည်သူ ကြားမှာ ပြန့်ပွားနိုင်အောင် ဆောင်ရွက်နိုင်မည်ဟု မြင်ပါကြောင်း၊ ယင်းအဖွဲ့အစည်းများနှင့် သတင်းမီဒီယာများက ပူးတွဲပြီး စနစ်တကျ ဆောင်ရွက်နိုင်ကြမည်ဆိုလျှင် အရေးကြီးသည့် ၂၀၁၉-၂၀၂၀ ခုနှစ် ကာလကို အောင်မြင်စွာ၊ မှန်ကန်စွာ၊ တရားမျှတစွာ ဖြတ်သန်းနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ-ဦးအုန်းကြိုင်)၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြတို့က အမှာစကား ပြောကြားကြသည်။ ယင်းနောက် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်ထံမှ ပေးပို့သောသဝဏ်လွှာကို အဖွဲ့ဝင် ဦးဟန်ညွှန့် (ဦးဟန်ညွှန့်-ဥပဒေ) က ဖတ်ကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ အန်တိုနီယိုဂူတာရက်ထံမှ ပေးပို့သည့် ကမ္ဘာ့သတင်းလွတ်လပ်ပညာသိပ္ပံ၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာမီဒီယာဖွံ့ဖြိုးရေးစင်တာတို့မှ ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့အတွက် ပေးပို့လာသော သဝဏ်လွှာများကို သက်ဆိုင်ရာ ကိုယ်စားလှယ်များက ဖတ်ကြားကြသည်။

ယနေ့ပြုလုပ်သည့် အခမ်းအနားတွင် ကမ္ဘာ့သတင်း လွတ်လပ်ခွင့်နေ့နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီက ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့သည် ကမ္ဘာ့သတင်း လွတ်လပ်ခွင့်နေ့ကို ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံပေါင်း ၁၀၀ နီးပါး၌ ကျင်းပလျက်ရှိပြီး အခမ်းအနားများတွင် ရွေးကောက်ပွဲများ၌ မီဒီယာသမားများ ကြုံတွေ့ရသည့် စိန်ခေါ်မှုများအပြင် ငြိမ်းချမ်းရေးနှင့် ပေါင်းစည်းရေးအတွက် သတင်းမီဒီယာများက ပူးပေါင်းပါဝင် ကူညီထောက်ပံ့မှုပြုနိုင်သည့် အလားအလာများကို အဓိကခေါင်းစဉ်အနေဖြင့် သတ်မှတ်ကျင်းပကြောင်း သိရသည်။

ကမ္ဘာ့သတင်း လွတ်လပ်ခွင့်နေ့ နိုင်ငံတကာညီလာခံကို အီသီယိုးပီးယားနိုင်ငံ အဒစ်အဘာဘာမြို့တွင် ကျင်းပကြောင်း သိရသည်။

ယခုနှစ် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ ၂၀၁၉ အခမ်းအနားဆောင်ပုဒ်မှာ လုပ်ကြံသတင်းခေတ်အတွင်းမှ သတင်းအတတ်ပညာနှင့် ရွေးကောက်ပွဲများ ခေါင်းစဉ်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဘုရားဝင်းအတွင်း ထာဝရငြိမ်းချမ်းရေးဓမ္မသဘင်ကျင်းပ

မန္တလေး မေ ၃

ထာဝရငြိမ်ချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ရွှေငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်များ ပင့်ဆောင် ပူဇော်ခြင်းအထိမ်းအမှတ် ထာဝရငြိမ်းချမ်းရေးဓမ္မသဘင်ကို ယနေ့ည ၇ နာရီခွဲက မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဘုရားဝင်းအတွင်း၌ ကျင်းပသည်။ **(ယာပုံ)**

ငြိမ်းချမ်းရေးဓမ္မသဘင်တွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက က "မေတ္တာလွှမ်းမှ ငြိမ်းချမ်းမယ်" တရားတော်ကို ဟောကြားချီးမြှင့်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဇနီး၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာများ၊ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ မန္တလေးမြို့မှ တရားချစ်ခင်သူတော်စင်များက တရားတော်ကို နာယူကြည်ညိုကြသည်။

ငြိမ်းချမ်းရေးဓမ္မသဘင်မစတင်မီ ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေး အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန်တို့က အလှူငွေများအား လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ၊ ရတနာစိန်ဖူးတော်၊ ရွှေငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့အား မန္တလေးမြို့ မဟာမုနိဘုရားကြီး အရှေ့ဘက်မုခ် ဦးဘသာတန်ဆောင်းတွင် မေ ၂ ရက်မှ ၇ ရက် နံနက်ပိုင်းထိ ဒေသခံပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် အပူဇော်ခံထားရှိမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒကွိုဏာသီရိမြို့နယ် ရာဇသင်္ဘာလမ်း ကုံ့ကော်ပန်းအဝိုင်းအနီးတွင် ဥက္ကဏ်တော်အမြင့် ၁၀၈ ပေရှိသည့် ထာဝရငြိမ်းချမ်းရေးစေတီတော်မြတ်ကြီးအား ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်မှုဖြင့် နိုင်ငံတော်အကြီးအကဲများ၊ နိုင်ငံသူ၊ နိုင်ငံသားများ စုပေါင်းအင်အားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အစဉ် ထာဝရငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်စေရန် ရည်သန်တောင့်တလျက် တည်ထားကိုးကွယ်လျက်ရှိသည်။

သတင်း-ဟန်လင်းနိုင်
ဓာတ်ပုံ-မင်းသီဟထွန်း

နေရပ်စွန့်ခွာသွားသူများအား ပြန်လည်စိစစ်လက်ခံရေး မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့၏ စတုတ္ထအကြိမ်အစည်းအဝေးကို မြန်မာနိုင်ငံတွင် လက်ခံကျင်းပ

နေပြည်တော် မေ ၃

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နေရပ်စွန့်ခွာသွားသူများ ပြန်လည်စိစစ်လက်ခံရေး ပူးတွဲလုပ်ငန်းအဖွဲ့၏ စတုတ္ထအကြိမ် အစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနခွဲ ယနေ့ နံနက်ပိုင်းက လက်ခံကျင်းပသည်။ **(အေပါ်ပုံ)**

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် (အာရှနှင့်ပစိဖိတ်) မစ္စတာ မာဘု အုဇမန် (Mr. Mahbub Uz Zaman, Secretary – Bilateral, Asia and the Pacific) တို့က ပူးတွဲသဘာပတိ အဖြစ် ဆောင်ရွက်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးအတွက် အစီအမံများ စီစဉ်ဆောင်ရွက်မှု၊ ရခိုင်ပြည်နယ်တွင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှု၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာသင်ကြားရေးတို့အတွက် လိုအပ်သည့် အစီအမံများ ဆောင်ရွက်ထားရှိမှု၊ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးအတွက် လူပင်မှုကြီးကြပ်ရေးဆိုင်ရာ စီစစ်ဆောင်ရွက်ပြီးစီးမှုတို့ကို ဆွေးနွေးခဲ့သည်။ ထို့အပြင် ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် လူမှုဝန်းကျင်တွင် ပြန်လည်ပေါင်းစည်းရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ကုလသမဂ္ဂ၊ အာဆီယံနှင့် အခြား မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ နေရပ်စွန့်ခွာသွားသူများအနေဖြင့် ၎င်းတို့ ဆန္ဒအလျောက် နေရပ်ပြန်လာရာတွင် စနစ်တကျ စိစစ်လက်ခံရေးနှင့် အကြမ်းဖက်မှုနှင့် အစွန်းရောက်မှုများအား ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များကို နှစ်ဖက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှုနှင့် နိုင်ငံဖြတ်ကျော် မှုခင်းများအပါအဝင် နယ်စပ်ဖြတ်ကျော်မှုခင်းများကို နှစ်နိုင်ငံအကြား လက်ရှိထူထောင်ထားသော ယန္တရားများမှတစ်ဆင့် အရှိန်အဟုန်မြင့် ပူးပေါင်းဆောင်ရွက်ရေး၊ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်စိစစ်လက်ခံရာတွင် ဖြစ်ပေါ်လာနိုင်သည့်ကိစ္စရပ်များကို နှစ်ဖက်အဖွဲ့ဝင်ယ်များ ဖွဲ့စည်းလျက် အဖြေရှာ ဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့က နေရပ်စွန့်ခွာသွားသူများကို ပြန်လည်စိစစ်လက်ခံရာတွင် နှစ်နိုင်ငံအကြား သဘောတူလက်မှတ်ရေးထိုးထားသည့် "Arrangement on Return of the Displaced Persons from Rakhine State" နှင့် "Physical Arrangement for Repatriation of Displaced Myanmar Residents from Bangladesh under the Arrangement on Return of the Displaced Persons from Rakhine State" တို့ကို အခြေခံ၍ စနစ်တကျ ပြန်လည်စိစစ်လက်ခံသွားမည်ဖြစ်ကြောင်း ထပ်လောင်းအသိပေး ပြောကြားခဲ့သည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့က နှစ်နိုင်ငံအကြား ဖြစ်ပွားလေ့ရှိသည့် ကိစ္စရပ်များကို နှစ်နိုင်ငံဆွေးနွေးညှိနှိုင်းအဖြေရှာ ဆောင်ရွက်ခြင်းဖြင့်သာ အဖြေရှာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းနှင့် နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေး ဆောင်ရွက်ရာတွင်လည်း နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် အစီအမံများအတိုင်း ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း အတည်ပြုပြောကြားသည်။

ထို့အပြင် မြန်မာကိုယ်စားလှယ်အဖွဲ့က ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော အစီအစဉ်များ၊ မြန်မာနိုင်ငံမှ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံလူသားချင်းစာနာမှုနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဗဟိုဌာနတို့နှင့် ပူးပေါင်းလျက် ရခိုင်ပြည်နယ်အတွင်း အာဆီယံမှ ပံ့ပိုးဆောင်ရွက်သွားနိုင်မည့် ကဏ္ဍများနှင့် ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်အား အထောက်အကူဖြစ်စေမည့် အစီအစဉ်များကိုလည်း အသိပေးပြောကြားခဲ့သည်။

နေရပ် စွန့်ခွာသွားသူများအား ပြန်လည်စိစစ်လက်ခံရေး၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့၏ ငါးကြိမ်မြောက်အစည်းအဝေး ကျင်းပမည့်နေ့ရက်နှင့် နေရာတို့ကို သံတမန်လမ်းကြောင်းမှတစ်ဆင့် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အမေရိကန်နိုင်ငံခြားရေး ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော် မေ ၃

မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. David Hale ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ည ၇ နာရီ ၃၅ မိနစ်တွင် Bangkok Airways ဖြင့် နေပြည်တော်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသည်။

ပို့ဆောင်နှုတ်ဆက်

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး H. E. Mr.Scot Marciel၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းထွေးနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

သတင်းစဉ်

စစ်တွေမြို့ ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသော ကျောက်တန်းကျေးရွာမှ ဒဏ်ရာရလူနာများအား ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေများပေးအပ်

စစ်တွေ မေ ၃

စစ်တွေမြို့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသော ကျောက်တန်းကျေးရွာမှ ဒဏ်ရာရလူနာများအား ယနေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ထောက်ပံ့ငွေများ သွားရောက်ပေးအပ်ခဲ့သည်။

ဒဏ်ရာရလူနာများအား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်တို့က သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်ကာ လိုအပ်သည့် ကူညီမှုများပေးအပ်နိုင်ရန် ဆေးရုံကြီးမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေးခဲ့သည်။

စစ်တွေဆေးရုံကြီး၌ ကျောက်တန်းကျေးရွာမှ ဒဏ်ရာရ လူနာ ရှစ်ဦး တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိပြီး ၎င်းလူနာများကို ပြည်နယ်အစိုးရအဖွဲ့က တစ်ဦးလျှင်ထောက်ပံ့ငွေကျပ် ၅၀၀၀၀ စီ ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်ထွန်း(မြန်/ဆက်)

ကျောဖုံးမှ

ပြိုင်ပွဲတွင် ပထမမှ စတုတ္ထနေရာအထိ ရရှိသည့် ကစားသမားများကို ဆုကြေးငွေများ ချီးမြှင့်မည်ဖြစ်ပြီး ပထမဆုငွေကျပ်သိန်း ၅၀၊ ဒုတိယဆု ငွေကျပ်သိန်း ၃၀၊ တတိယဆုငွေကျပ်သိန်း ၂၀၊ စတုတ္ထဆု ငွေကျပ် ၁၀ သိန်း၊ အသန့်ရှင်းဆုံးအသင်းဆု ငွေကျပ် ငါးသိန်း၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုနှင့် အကောင်းဆုံးဂိုးသမားဆုရရှိသူတို့ကို ငွေကျပ် သုံးသိန်းစီ ချီးမြှင့်မည်ဖြစ်သည်။ ယခုပြိုင်ပွဲတွင် နိုင်ငံခြားသားကစားသမားများ ထည့်သွင်းအသုံးပြုခွင့်ပေးမည်မဟုတ်တဲ့ ၂၀၁၇ နောက်ပိုင်း မြန်မာနေရှင်နယ်လီဂ်နှင့် MNL-2 ကလပ်အသင်းများတွင် မှတ်ပုံတင်ထားသည့် နည်းပြများနှင့် ကစားသမားများကို ကစားသမားအဖြစ် မှတ်ပုံတင်ခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် တစ်နှစ်အတွင်း လိဂ်ပြိုင်ပွဲအပြင် ဇလားပြိုင်ပွဲ ကိုပါ ကျင်းပလေ့ရှိသည့် ၂၀၁၈ ခုနှစ်က ကျင်းပသည့် MFF Open Cup ဖူဆယ် ပြိုင်ပွဲတွင် MIC အသင်းက ချန်ပီယံဆုရရှိခဲ့သည်။

ရဲရင့်ရှိုင်း

စလေရုပ်စုံကျောင်းနှင့် ရှင်ပင်စာကြိုလှဘုရားသို့ အဌမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာ

ချောက် မေ ၃

ပုဂံလူရည်ချွန်စခန်း၌ ရောက်ရှိနေသည့် အဌမတန်းလူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းက စလေရုပ်စုံကျောင်းကို လေ့လာပြီး ရှင်ပင်စာကြိုလှဘုရားအား ဖူးမြော်ကြည်ညိုကြသည်။

စလေရုပ်စုံကျောင်းသို့ သွားရောက်လေ့လာ

ပုဂံလူရည်ချွန်စခန်းမှူး မန္တလေးတိုင်းပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းမြင့်နှင့် အဖွဲ့ဝင်များ ဦးဆောင်၍ ကြီးကြပ် ဆရာ ဆရာမ ၁၈ ဦးနှင့်အတူ အဌမတန်း ကျောင်းသား ကျောင်းသူ ၁၇၈ ဦးသည် ယနေ့ နံနက်ပိုင်းက ပုဂံလူရည်ချွန် စခန်းမှ ထွက်ခွာ၍ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စလေမြို့ရှိ စလေရုပ်စုံကျောင်းသို့ သွားရောက်လေ့လာကြသည်။

စလေရုပ်စုံကျောင်း၌ အဌမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများအား စလေရုပ်စုံကျောင်းတာဝန်ခံ ဒေါ်ချိုချိုလွင်က အဆိုပါရုပ်စုံကျောင်းကို မြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၁၂၅၄ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့၍ ကုန်သည်ကြီး ဦးဘိုးကြည်နှင့်ဇနီး ဒေါ်ရွှေသက်တို့က သုဓမ္မာ ဂိုဏ်းထောက်ဆရာတော်ကြီး ဦးဂုဏာအား ရေစက်ချလျှဒါန်းခဲ့ကြောင်း၊ ကျောင်းတော်ကြီးတွင် လုံးပတ် ငါးပေခန့် ရှိသော တိုင်လုံးရေ ၁၅၄ လုံးရှိပြီး ရုပ်တုပေါင်း ၅၄ ရုပ်ရှိကာ ၅၅၀ ဇာတ်တော်ထဲမှ ကောင်းနိုးရာရာ ဇာတ်တော်များကို ရွေးချယ်ထွင်းထုထားကြောင်း ရှင်းပြသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် အဌမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ချောက်မြို့နယ်ရှိ ရှင်ပင်စာကြိုလှဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ရှင်ပင်စာကြိုလှ ဘုရားအား နရပတိစည်သူမင်းကြီးက ဘေးလောင်းတော် အနော်ရထာမင်းကြီး ကျောက်တိုင် စိုက်ထူခဲ့သော သီရိဇေယျ ကုန်းတော် စာကြိုအရပ်၌ ကောဇာ သက္ကရာဇ် ၅၅၃ ခုနှစ်(ခရစ်နှစ် ၁၁၉၁) တွင် တည်ထားတော်မူခဲ့ကြောင်း သိရသည်။

လူရည်ချွန်စခန်းသိမ်းပွဲ ကျင်းပ

ပုဂံလူရည်ချွန်စခန်းရှိ အဌမတန်း ကျောင်းသား ကျောင်းသူများသည် မေ ၄ ရက်တွင် ပခုက္ကူ၊မြိုရှိ ပခုက္ကူ သီဟိုဠ်ရှင်ဘုရားနှင့် ရှေမုဒ္ဓောဘုရား၊ ရေစကြိုမြို့ရှိ ပုခန်းကြီး စည်သူရှင် သရက္ခန်ဘုရားနှင့် ပုခန်းကြီးရှေးဟောင်း ကျောင်းတို့ကို သွားရောက်လေ့လာ ဖူးမြော်ကြမည်ဖြစ်ပြီး ညပိုင်းတွင် ပုဂံလူရည်ချွန်စခန်းသိမ်းပွဲနှင့် ဖျော်ဖြေပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုမင်း

အဌမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများ စလေရုပ်စုံကျောင်းကို လေ့လာကြစဉ်။ ဓာတ်ပုံ-မင်းမင်း

နဝမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများ ရွှေဥမင်လိုဏ်ဂူတော်ကို ဖူးမြော်လေ့လာကြစဉ်။ ဓာတ်ပုံ - သီဟစည်သူ

အင်းလေးခေါင်တိုင်စခန်းမှ နဝမတန်းလူရည်ချွန်များ ပင်းတယနှင့် တောင်ကြီးမြို့နယ်တို့ရှိ အထင်ကရ နေရာများအား လေ့လာ

တောင်ကြီး မေ ၃

၂၀၁၉ ခုနှစ် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းမှ လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းက ဓနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ရိုးရာယဉ်ကျေးမှု၊ လက်မှုလုပ်ငန်းများ၊ အထင်ကရနေရာများနှင့် တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်အတွင်းလေ့လာကြသည်။

လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်က ရှမ်းပြည်နယ်တောင်ပိုင်း ဓနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် အတွင်းရှိ အဘိဓမ္ဓာဂုမဟာသဒ္ဓမ္မ ဇောတိကဘဒ္ဒန္တတေဇနိယ (ကုံလုံဆရာတော်ဘုရားကြီး) လွမ်းစေတီ စဉ်စံကျောင်းတော်ကို သွားရောက်ဖူးမြော်လေ့လာကြသည်။ အဆိုပါ စဉ်စံကျောင်းတော်ကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၃၀ ရက်က ပန္နက်တော်တင်၍ စတင်ဆောက်လုပ်ခဲ့ကာ ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၇ ရက်တွင် ပြီးစီးခဲ့သည်။ ကုံလုံဆရာတော်ဘုရား ကြီးသည် သက်တော်(၉၆နှစ်)၊ ဝါတော် ၇၆ ဝါ အရ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ပျံ့လွန်တော်မူခဲ့ပြီး အဆိုပါ လွမ်းစေတီ စဉ်စံကျောင်းတော်ကြီးတွင် ကုံလုံဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ပူဇော်ထားရှိသည်။

ဖူးမြော်လေ့လာ

ထို့နောက် လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ပင်းတယမြို့နယ်၏ အထင်ကရနေရာ တစ်ခုဖြစ်သည့် ရွှေဥမင်လိုဏ်ဂူတော်သို့ သွားရောက်ဖူးမြော်လေ့လာကြသည်။

ထို့နောက် ပင်းတယမြို့နယ် အတွင်းရှိ ရိုးရာထီးလုပ်ငန်းနှင့် လက်မှုလုပ်ငန်းများကို သွားရောက်လေ့လာကြပြီး မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့နယ် အေးသာယာ စက်မှုဇုန်ရှိ စိန်ငွေမြပြောင်းအခြောက်ခံ စက်ရုံသို့ သွားရောက် လေ့လာကြသည်။ တောင်ကြီး(အေးသာယာ)စက်မှုဇုန်သည် တောင်ကြီးမြို့၏ အနောက်တောင်ဘက် အေးသာယာမြို့နှင့် ညောင်ရွှေမြို့နယ်သွား ကားလမ်းမကြီး ဘေးတွင် တည်ရှိသည်။ ၁၉၉၉ ခုနှစ် ဇွန်လတွင် မြေဧရိယာ အကျယ်အဝန်း ၉၀၂ ဧကပေါ်တွင် စတင်တည်ထောင်ခဲ့ပြီး မူလစက်မှုဇုန် ၄၀၅ ဧက နှင့် တိုးချဲ့စက်မှုဇုန် ၄၉၇ ဧကပေါ်တွင် တည်ထောင်ထားခြင်းဖြစ်သည်။ ၂၀၁၉ ခုနှစ်ဧပြီ လကုန်အထိ မှတ်ပုံတင်ထားပြီးဖြစ်သော ကြီး၊ ငယ်၊ လတ် စက်မှုလုပ်ငန်းအမျိုးအစား ပေါင်း ၅၀၀ ရှိကြောင်း သိရသည်။

ရှေးဟောင်း အမွေအနှစ်များ လေ့လာကြမည်

အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းမှ လူရည်ချွန်များသည် ယနေ့ ညနေပိုင်းတွင် တောင်ကြီးမြို့ အထက(၁)တွင် ညအိပ်ရပ်နားကြပြီး နောက်တစ်နေ့နံနက်တွင် ပအိုဝ်းရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများ၊ ရှေးဟောင်း အမွေအနှစ်များကို သွားရောက်လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။ **ဇင်ဦး(မြန်မာ့အလင်း)**

ငွေဆောင်ရှိ ပတ်ဝန်းကျင်ဒေသများသို့ ဒသမတန်း လူရည်ချွန်မောင်မယ်များ လေ့လာရေးခရီးသွားရောက်

ငွေဆောင် မေ ၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေ လူရည်ချွန် စခန်း(ငွေဆောင်)သို့ အပန်းဖြေရန်နှင့် လေ့လာရေးခရီးသွားရောက်ရန် ရောက်ရှိနေသည့် ၂၀၁၈-၂၀၁၉ ဒသမတန်း လူရည်ချွန် မောင်မယ်များသည် အုပ်ချုပ်သူ ဆရာ ဆရာမများ လိုက်ပါ၍ ယနေ့ နံနက်ပိုင်းကငွေဆောင်ဒေသရှိ ပတ်ဝန်းကျင်ဒေသများသို့ သွားရောက်လေ့လာကြသည်။

ကြိုဆို

လူရည်ချွန် မောင်မယ်များသည် ငွေဆောင် သဇင်ကျေးရွာရှိ အထက်တန်းကျောင်း(ခွဲ)သို့ သွားရောက်ကာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိမိက သဇင်ကျေးရွာရှိ အထက်တန်းကျောင်း (ခွဲ) တွင် ဂျာမနီနိုင်ငံက လှုဒါန်းထားသည့် ရေငန်မှ ရေချိုထုတ်လုပ်သည့် ရေသန့်စက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လူရည်ချွန် မောင်မယ်များသည် ရေသန့်စက်အား လေ့လာကြသည်။

ငါးပုစွန်များ လေ့လာကြည့်ရှု

ဆက်လက်၍ လူရည်ချွန်မောင်မယ်များသည် သဇင်ကျေးရွာရှိ ငါးဖမ်း၊ ငါးလှန်းလုပ်ငန်းကို သွားရောက်လေ့လာကြရာ ပုသိမ်မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသိန်းက ငါးသယံဇာတထိန်းသိမ်းစောက်ရှောက်ထားမှု၊ ပင်လယ်ပြင်တွင် ငါးဖမ်းခွင့်၊ ငါးဖမ်းခွင့်ရာသီ၊ ငါးဖမ်းခွင့် လိုင်စင်ချထားပေးမှုနှင့် ငါးလုပ်ငန်းဦးစီးဌာန အကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး လူရည်ချွန်မောင်မယ်များက သိရှိလိုသည်များကို မေးမြန်းကြပြီး ပြသထားသည့် ငါးပုစွန်များကို လေ့လာကြည့်ရှုကြသည်။

ယင်းနောက်လူရည်ချွန်မောင်မယ်များသည် ငွေဆောင်ဒေသရှိ ယုဇန ပုစွန်မွေးမြူရေးလုပ်ငန်းသို့ သွားရောက်လေ့လာကြရာ ပုစွန်မွေးမြူရေးစခန်း တာဝန်ရှိသူများက ပုစွန်မွေးမြူပုံ အဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး လူရည်ချွန်မောင်မယ်များက သိရှိလိုသည်များကို မေးမြန်းကြသည်။

အမှတ်တရ လက်ဆောင် ပစ္စည်းများ ဝယ်ယူ

မွန်းလွဲပိုင်း လူရည်ချွန်မောင်မယ်များသည် ငွေဆောင်ဟိုတယ်ဇုန် အတွင်းရှိ နိုင်ငံတကာအဆင့်မီဟိုတယ်ကြီးများသို့ သွားရောက်လေ့လာကြပြီး ငွေဆောင်ရွာ ဈေးတန်းသို့ သွားရောက်ကာ ဒေသထွက်အမှတ်တရ လက်ဆောင်ပစ္စည်းများ ဝယ်ယူကြသည်။

ညနေပိုင်းတွင် လူရည်ချွန်မောင်မယ်များသည် ငွေဆောင်ကမ်းခြေ၌ ပျော်ရွှင်စွာ ရေကစားကြပြီးညပိုင်းတွင် ပုလဲငွေဆောင်ဟိုတယ် ကမ်းခြေအနီးတွင် ပုသိမ်နှင့် ငွေဆောင်ရှိ ကျောင်းသား၊ ကျောင်းသူလေးများ၏ ကပြသီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

မင်းသစ် (MNA)

ဒသမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများ ယုဇနပုစွန် မွေးမြူရေးလုပ်ငန်းကို လေ့လာကြစဉ်။

ဓာတ်ပုံ-တိုင်း (ပြန်/ဆက်)

၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်တုရင်ပြိုင်ပွဲဆက်လက်ကျင်းပ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် လာရောက်ကြည့်ရှုအားပေး

နေပြည်တော် မေ ၃

၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်တုရင်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ စတုတ္ထနေ့ ပွဲစဉ်များအဖြစ် ယနေ့နံနက် ၉ နာရီက ဝဏ္ဏသိဒ္ဓိအားကစား(B)ရုံတွင် ကျင်းပသည်။

ပြိုင်ပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးထွန်းမြင့်ဦး၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့သည်။ **(ယာပုံ)**

အဆိုပါပြိုင်ပွဲကို အပြည်ပြည်ဆိုင်ရာအသက် ၂၀ အောက် စစ်တုရင်ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင် စုစုပေါင်း ၅၅ ဦး၊ အပြည်ပြည်ဆိုင်ရာ အလွတ်တန်း စစ်တုရင်ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင် စုစုပေါင်း ၅၅ ဦး၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီး စစ်တုရင်ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင် စုစုပေါင်း ၄၃ ဦး၊ မြန်မာ့ရိုးရာ စစ်တုရင်ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင် စုစုပေါင်း ၄၇ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်တုရင်ပြိုင်ပွဲကို ဧပြီ ၃၀ ရက်မှ မေ ၇ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစား(B)ရုံ၌ နေ့စဉ်နံနက် ၉ နာရီမှစတင်၍ ဆက်လက်ယှဉ်ပြိုင် ပြုလုပ်သွားမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့လာရောက်အားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၀) ယခုတစ်ပတ် ဆက်လက်ကျင်းပမည်

ရန်ကုန် မေ ၃

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၀)ကို ယခုတစ်ပတ် စနေ၊ တနင်္ဂနေနေ့တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အသင်းကြီးအချင်းချင်း ထိပ်တိုက်တွေ့ဆုံမှု မရှိသော်လည်း ထိပ်ဆုံးမှ ရတနာပုံအသင်းအပါအဝင် ရှမ်းယူနိုက်တက်၊ ဧရာဝတီအသင်းတို့မှာ အဝေးကွင်းပွဲများ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပွဲစဉ် (၁၀) အဖြစ် မေ ၄ ရက်တွင် YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် စစ်ကိုင်းအသင်း၊ ပဲခူး Grand Royal ကွင်း၌ ဟံသာဝတီအသင်းနှင့် ဒဂုံအသင်း၊ သုဝဏ္ဏကွင်း၌ Chinland အသင်းနှင့် မကွေးအသင်း၊ မေ ၅ ရက်တွင် ဝေသာလီကွင်း၌ ရခိုင်အသင်းနှင့် ရတနာပုံအသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပွဲစဉ်(၉)အပြီးတွင် ရတနာပုံအသင်းက အမှတ် ၂၀ ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရန်ကုန်အသင်းက ၁၉ မှတ်၊ ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီအသင်းက ၁၇ မှတ်စီ၊ ဧရာဝတီအသင်းက ၁၆ မှတ်၊ စစ်ကိုင်းအသင်းက ၁၅ မှတ်၊ ရခိုင်အသင်းက ၁၂ မှတ်၊ ဇွဲကပင်အသင်း က ကိုးမှတ်၊ မကွေးနှင့် Southern အသင်းက ခုနစ်မှတ်စီ၊ ဒဂုံအသင်းက ခြောက်မှတ်၊ Chinland အသင်းက နှစ်မှတ်ရထားသည်။ ယခုတစ်ပတ်တွင် အသင်းကြီးများ တွေ့ဆုံမှုမရှိသော်လည်း ဇယားထိပ်ပိုင်းမှ အသင်းကြီးများက အမှတ်များ စုဆောင်းရမည်ဖြစ်ပြီး အဝေးကွင်းကစားရမည့် ရတနာပုံနှင့် ရှမ်းယူနိုက်တက်အသင်းတို့ နိုင်ပွဲရယူနိုင်ရန် ရုန်းကန်ရဖွယ်ရှိနေသည်။ နိုင်ပွဲဆက်ပြီး ဇယားထိပ်ပိုင်းမှ ဦးဆောင်နေသည့် ရတနာပုံအသင်းသည် အဝေးကွင်းပွဲ ထပ်မံကစားရမည်ဖြစ်ပြီး နိုင်ပွဲရယူနိုင်ပါက ရာသီဝက် ချန်ပီယံဖြစ်ရန် နီးစပ်သွားမည်ဖြစ်သည်။ နိုင်ပွဲပျောက်ဆုံးနေသည့် ရှမ်းယူနိုက်တက်အသင်းသည် ယခုတစ်ပတ်တွင် နိုင်ပွဲပြန်ရရန် ကြိုးပမ်းမည်ဖြစ်ပြီး၊ နိုင်ပွဲထပ်ပျောက်ပါက ဇယားထိပ်ပိုင်းမှ အသင်းများနှင့် အမှတ်ပိုပြတ်သွားဖွယ် ရှိနေသည်။

လက်ရှိချန်ပီယံ ရန်ကုန်အသင်းသည် ထိပ်ဆုံးမှ ရတနာပုံအသင်းကို ဆက်လက်ဖိအားပေးနိုင်ရန် ကြိုးပမ်းရမည်ဖြစ်ပြီး စစ်ကိုင်းအသင်းကလည်း နိုင်ပွဲထပ်မပျောက်ဆုံးရန် ကြိုးပမ်းရမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များမှာ ပြီးဆုံးတော့မည်ဖြစ်ပြီး ရာသီဝက် ချန်ပီယံဆုအတွက် အသင်းအများစု မျှော်လင့်ချက်ရှိနေသည်။

ညီမြတ်သော်တာ

ASEAN Work Plan on Sports 2016-2020 Mid-Term Validation Workshop ကျင်းပမည်

နေပြည်တော် မေ ၃

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနသည် ASEAN Work Plan on Sports 2016-2020 Mid-Term Validation Workshop ဖွင့်ပွဲအခမ်းအနားကို မေ ၇ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Kempinski ဟိုတယ် ဧရာဝတီခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မေ ၇ မှ ၉ ရက်အထိ ၃ ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ INNO City (Group) မှ လူနာတင်ယာဉ် လှဲပြောင်းပေးအပ်မည်

နေပြည်တော် မေ ၃

မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ INNO City (Group) မှ လူနာတင်ယာဉ် လှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မေ ၇ ရက်တွင် နေပြည်တော် ဒဂ္ဂိဏာသီရိမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း ၂၀၂ မိုင်ရှိ ရှေးဦးပြုစုခြင်းစခန်း၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

လူနာတင်ယာဉ်လှဲပြောင်းပေးအပ်ရခြင်းမှာ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အရေးပေါ်ရှေးဦးပြုစုခြင်းလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေအား စတင်အကောင်အထည်ဖော်ဆောင်ရွက်ရေး ဆွေးနွေးပွဲကျင်းပမည်

နေပြည်တော် မေ ၃

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေအား စတင်အကောင်အထည်ဖော် ဆောင်ရွက်ရေးဆွေးနွေးပွဲ (Stakeholders Forum on the Implementation of the OSH Law)ကို မေ ၆ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO) တို့ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(UNCAC) အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေး လုပ်ငန်းစဉ် Country Visit အစည်းအဝေး ကျင်းပမည်

နေပြည်တော် မေ ၃

ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCAC) အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ် ဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအပေါ် ပြန်လည်သုံးသပ်မည့် အီရတ်နိုင်ငံနှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့၏ Country Visit အစည်းအဝေးကို မေ ၆ ရက်တွင် နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါအစည်းအဝေးကို မေ ၆ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးမှ သိရသည်။

မောင်လူမော်စုစည်းသည်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်၊ အာခါစျေးလမ်း၊ အမှတ်(၂၈၁)တွင် ပါတီရုံးချုပ်တည်ရှိသော **အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**သည် ယင်းပါတီ၏ တံဆိပ်ကိုဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီ၏တံဆိပ်ကို ကန့်ကွက်လိုက ယခုကြေညာ သည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ယ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ယူအီးအက်ဖ်အေ ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ အာဆင်နယ်တို့ ဂုံးပြတ်အနိုင်ရပြီး ချယ်ဆီးတို့ သရေကျ

ယူအီးအက်ဖ်အေ ယူရိုပါလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းက ယှဉ်ပြိုင်ခဲ့ကြပြီး အမ်းမရိတ်ကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် အာဆင်နယ်နှင့် ဗလင်စီယာပွဲတွင် အိမ်ရှင် အာဆင်နယ်အသင်း သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အင်္ဂလန်ကလပ် အာဆင်နယ်နှင့် စပိန်ကလပ် ဗလင်စီယာတို့ အင်္ဂလန်မြေ၌ ပထမအကျော့ တွေ့ဆုံပွဲတွင် အိမ်ရှင် အာဆင်နယ်သည် ၃-၄-၁-၂ ပုံစံဖြင့် ပွဲထွက်ခဲ့ပြီး ဧည့်သည် ဗလင်စီယာသည် ၅-၃-၁-၂ ခံစစ်ကစားကွက်ဖြင့် ပွဲထွက်လာသည်။ ပွဲချိန် ၁၁မိနစ်တွင် ဗလင်စီယာ ကွင်းလယ်ကစားသမား ဒီယာခါဘီက ဦးဆောင်ဂိုး သွင်းယူခဲ့ပြီး ပွဲချိန် ၁၈မိနစ်တွင် လာကာဇတ်တီက အာဆင်နယ်အတွက် ချေပဂိုး သွင်းယူပေးခဲ့သည်။ ပွဲချိန် ၂၆မိနစ်တွင် လာကာဇတ်တီက အာဆင်နယ်အတွက် ဒုတိယမြောက်ဂိုးကို ခေါင်းတိုက် သွင်းယူပေးကာ ပြိုင်ပွဲကို ပြန်လည်ဦးဆောင်ခဲ့သည်။ အာဆင်နယ်အတွက် တတိယဂိုးကို မိနစ်ကိုးဆယ်ပြည့်ပြီး နာကျင်အချိန်ပိုတွင် အူဘာမီယန်းက သွင်းယူခဲ့သည်။ ယင်းပွဲတွင် အာဆင်နယ်အသင်း ဘောလုံးပိုင်ဆိုင်မှု အနည်းငယ်အသာစီးရရှိခဲ့ပြီး ပထမအကျော့ ဂုံးပြတ်အနိုင်ရထားသည့်အတွက် ဗိုလ်လုပွဲတက်ရောက်ရန် အခွင့်အရေးများခဲ့သည်။

ယူရိုပါလိဂ် အကြိုဗိုလ်လုပွဲကို ဂျာမန်မြေတွင် တစ်ချိန်တည်း ယှဉ်ပြိုင်နေသည့် ဖရန့်ဖတ်နှင့် ချယ်လ်ဆီးပွဲတွင် တစ်ဖက် တစ်ဝိုးစီ သရေကျခဲ့သည်။ ယင်းပွဲတွင် ပွဲချိန် ၂၃မိနစ်၌ အိမ်ရှင်ဖရန့်ဖတ် အသင်းအတွက် ဦးဆောင်ဂိုးကို တိုက်စစ်မှူး လူကာဂျိုစက် သွင်းယူခဲ့ပြီး ပထမပိုင်းပြီးခါနီး ၄၅မိနစ်တွင် ပက်ထရိုက ချယ်လ်ဆီးအတွက် ချေပဂိုး သွင်းယူခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် အဝေးကွင်း၌ ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ယှဉ်ပြိုင်နိုင်ခဲ့ပြီး ဂုံးကန်သွင်းခွင့် ၁၆ကြိမ်ထိရရှိကာ ငါးကြိမ် ဂုံးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။ အိမ်ရှင် ဖရန့်ဖတ်အသင်းသည် ဂုံးကန်သွင်းခွင့် ခြောက်ကြိမ်သာရရှိခဲ့ပြီး တစ်ကြိမ်သာ ဂုံးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ယူအီးအက်ဖ်အေ ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ ပွဲစဉ်များကို မေ ၁၀ရက် နံနက်ပိုင်းတွင် ပြန်လည်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

သီဟ

ပွင့်ဖြူ၌ ဧရာဝတီမြစ်ကမ်းပါးပြိုမှုကြောင့် လူနေအိမ် ၁၈ လုံး ကြိုတင်ပြောင်းရွှေ့

ပွင့်ဖြူ မေ ၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သံကိုင်းကျေးရွာအုပ်စု သိမ်ကုန်းကျေးရွာတွင် ယနေ့နံနက်ပိုင်းက ဧရာဝတီမြစ်ကမ်းပါးပြိုကျနေမှုကြောင့် လူနေအိမ် ၁၈ လုံး ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့နေရကြောင်း ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ် သံကိုင်းကျေးရွာအုပ်စု သိမ်ကုန်းကျေးရွာသည် ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ပြီး ဒေသခံပြည်သူများအနေဖြင့် ဧရာဝတီမြစ်ရေ ကမ်းပါးပြိုကျမှု ဒဏ်ကို နှစ်စဉ်ကြုံတွေ့နေရကြောင်း အဆိုပါကျေးရွာရှိ ဒေသခံပြည်သူများထံမှ သိရသည်။ ယနေ့ နံနက်ပိုင်းက ဧရာဝတီမြစ်ကမ်းပါးများ ထပ်မံပြိုကျနေသဖြင့် လူနေအိမ် ၁၈ လုံးအား ကျေးရွာရှိ လူမှုကူညီရေး အသင်းသားများနှင့် ဒေသခံရပ်မိရပ်ဖများက ဝိုင်းဝန်းပူးပေါင်းကာ ကြိုတင်၍ ဘေးလွတ်ရာသို့ပြောင်းရွှေ့ခြင်းများ ဆောင်ရွက်ပေးရာသို့ ပွင့်ဖြူမြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးတင့်ဆန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းသွားရောက်ပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးကာ ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းဆောင်အား ဧရာဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ဆောက်လုပ်နေမှုအား ယခုနှစ် ကျောင်းဖွင့်ရာသီအချိန်မီ ဆောက်လုပ် ပြီးစီးနိုင်ရေးအတွက် ကျေးရွာကျောင်းအကျိုးတော်ဆောင် ကော်မတီဝင်များနှင့် တွေ့ဆုံ၍ ကြိုးပမ်းဆောက်လုပ်သွားနိုင်ရေး ရှင်းလင်းဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ဧရာဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်သည့် အိမ်ထောင်စု ၁၈ စုမှ ဒေသခံပြည်သူများကို နီးစပ်ရာ ဆွေမျိုးများနေအိမ်တွင် ယာယီတည်းခိုနေထိုင်နိုင်ရေးအတွက် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကျေးရွာရပ်မိရပ်ဖများမှ စီစဉ်ဆောင်ရွက်ပေးထားကြောင်းနှင့် ဧရာဝတီမြစ်ကမ်းပါး ပြိုကျမှုကြောင့် အခြား လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

AA အဖွဲ့က တပ်မတော်မှတပ်ကြပ်ကြီးအဆင့်ဖြင့် အငြိမ်းစားယူထားသူအား သတ်ဖြတ်

နေပြည်တော် မေ ၃

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ပီကောက်ဝ(ရခိုင်)ကျေးရွာ၌ နေထိုင်သည့် တပ်မတော်မှ တပ်ကြပ်ကြီးအဆင့်ဖြင့် အငြိမ်းစားယူထားသူ ဦးစိန်ကုလားအား AA အဖွဲ့က မေ ၁ ရက်တွင် ဓားဖြင့်ခုတ်၍ သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပီကောက်ဝ(ရခိုင်)ကျေးရွာနေ တပ်ကြပ်ကြီး(အငြိမ်းစား) ဦးစိန်ကုလား(ဘ)ဦးထွန်းစိန်သည် ဇနီးဖြစ်သူနှင့်အတူ ၎င်း၏နေအိမ်၌ အိပ်ပျော်နေစဉ် ယင်းနေ့ ညသန်းခေါင်ကျော်၁၂ နာရီခွဲခန့်တွင် AA အဖွဲ့မှ တုတ်၊ ဓား ကိုယ်စီကိုင်ဆောင်ထားသူ ၁၀ ဦးခန့်က လာရောက်တိုက်ခိုက်ခဲ့သောကြောင့် တပ်ကြပ်ကြီး(အငြိမ်းစား) ဦးစိန်ကုလားတွင် ဓားဒဏ်ရာအများအပြားဖြင့် အခင်းဖြစ်နေရာ၌ပင် သေဆုံးသွားခဲ့ကြောင်း၊ ၎င်း၏ဇနီးဖြစ်သူမှာ နဖူးဒဏ်ရာတစ်ချက်ဖြင့် သတိလစ်မေ့မြောလျက်ရှိသဖြင့် အပေါက်ဝတိုက်နယ်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ပီကောက်ဝ(ရခိုင်)ကျေးရွာနေသူများအား စုံစမ်းချက်များအရ သေဆုံးသူ ဦးစိန်ကုလားသည် မည်သည့်အဖွဲ့အစည်းနှင့်မျှ ပတ်သက်ဆက်နွယ်သူမဟုတ်ကြောင်းနှင့် မိသားစုနှင့်သာ အေးအေးချမ်းချမ်း နေထိုင်သူ ဖြစ်ကြောင်း သိရသည်။

AA အဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်အတွင်း ဒေသတည်ငြိမ်အေးချမ်းမှုမရှိစေရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိပြီး အပြစ်မဲ့ဒေသခံပြည်သူများအား သတ်ဖြတ်ခြင်းနှင့် ခြိမ်းခြောက်စာပေးပို့ခြင်းများ စဉ်ဆက်မပြတ်ပြုလုပ်လျက်ရှိရာ ယနေ့အချိန်အထိ အကြောင်းမဲ့သတ်ဖြတ်ခံရသည့် အပြစ်မဲ့ဒေသခံပြည်သူ ၁၁ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ရှစ်ဦးနှင့် ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသူ ကိုးဦးရှိပြီဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

AA အဖွဲ့နှင့် ပတ်သက်ဆက်နွယ်နေသူများအား စစ်ဆေးဆောင်ရွက်၊ ပတ်သက်ဆက်နွယ်မှု မရှိသူများအား ပြန်လည်စေလွှတ်

နေပြည်တော် မေ ၃

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကျောက်တန်းကျေးရွာမှ AA အဖွဲ့နှင့် ပတ်သက်ဆက်နွယ်နေသည့် မသက်ဘွယ်ရာ အမျိုးသား ၂၇၅ ဦးအား ကျေးရွာစာသင်ကျောင်းတွင် တပ်မတော်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ခေတ္တထိန်းသိမ်းထားရှိပြီး တရားဥပဒေအရ အရေးယူနိုင်ရေးအတွက် မေ ၁ ရက်မှစ၍ လိုအပ်သည့် စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်ခဲ့ရာ မသက်ဘွယ်ရာ အမျိုးသား ၂၇၅ ဦးအနက် ၁၂၆ ဦးမှာ AA အဖွဲ့နှင့် ပတ်သက်ဆက်နွယ်မှုမရှိကြောင်း စိစစ်သိရှိရသဖြင့် မေ ၂ ရက်တွင် မသက်ဘွယ်စာရင်းမှ ပယ်ဖျက်၍ ရပ်မိရပ်ဖများ ရှေ့မှောက်၌ ပြန်လည်စေလွှတ်ပေးခဲ့သည်။

လက်ရှိအချိန်၌ ခေတ္တထိန်းသိမ်းထားရှိပြီး စစ်ဆေးမေးမြန်းလျက်ရှိသည့် ၂၇၅ ဦးမှ ပြန်လည်စေလွှတ်ပြီးသူ ၁၂၆ ဦး၊ သေဆုံးသူ ခြောက်ဦး၊ ဆေးရုံတက်ရောက်လျက်ရှိသူ ရှစ်ဦး၊ ပျောက်ဆုံးသူ လေးဦးရှိပြီး ကျန်ရှိသူ ၁၃၁ ဦးအား ဥပဒေနှင့်အညီ အသေးစိတ်စစ်ဆေးမေးမြန်းမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

မြန်မာ့ရုပ်မြင်သံကြား

၄-၅-၂၀၁၉(စနေနေ့)

နံနက်ပိုင်း

၆:၀၀ -	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ -	Breakfast News
၇:၃၅ -	အပူဒဏ်ကြောင့် ကျန်းမာရေးပြဿနာ
၈:၃၅ -	နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ "ပြန်ကြားရေးဝန်ကြီးဌာန" "ကချင်ပြည်နယ်" (မြစ်ကြီးနား)
၉:၄၅ -	Don't Use Cell Phone While...(ယာဉ်စည်းကမ်း)
၁၁:၀၀ -	လုံမှုတံစု(၈၅)
၁၂:၃၀ -	အပူဒဏ်ကာကွယ်ရေး
၁၃:၅၅ -	ဟိုတုန်းက...ကတ်ဆက်ဇာတ်လမ်းများ " သုံးမည်ရ သုံးတွဲ.ခဲ " (ပထမပိုင်း)

ညပိုင်း

၁၅:၄၅ -	MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၁၇:၅၅ -	မုန်တိုင်းကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်
၁၉:၁၅ -	အိန္ဒိယဇာတ်လမ်းတွဲ " ချစ်ကြွေးမပြေ " (အပိုင်း-၈၂) (ဇာတ်သိမ်း)
၂၀:၀၀ -	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀:၃၅ -	နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ "ရှမ်းပြည်နယ်"(တောင်ကြီး)၊ " မွန်ပြည်နယ် " (မော်လမြိုင်)
-	၇၃ နှစ်မြောက် မီးသတ်ဂုဏ်ပြုအစီအစဉ် " ကြည်နူးရွှင်ပြုံး ၇၃ " (အပိုင်း-၂)

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

နေပြည်တော် မေ ၃

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက် အမှတ် (၂/ ၂၀၁၉) အား ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကျောက်တန်းကျေးရွာတွင် မသက်ဘွယ်ရာ အမျိုးသား ၂၇၅ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ခေတ္တထိန်းသိမ်းစစ်ဆေးနေစဉ် မေ ၂ ရက် နံနက် ၂ နာရီခန့်တွင် အဆိုပါထိန်းသိမ်းထားသူများအနက် အချို့က ညာသံပေးအော်ဟစ်၍ ဝိုင်းဝန်းတိုက်ခိုက်ရန် ကြိုးပမ်းလာကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခုခံကာကွယ်ရန်အတွက် ပစ်ခတ်ထိန်းသိမ်းလူစုခွဲခဲ့ရာ အမျိုးသား ခြောက်ဦး သေဆုံးခဲ့ပြီး ရှစ်ဦး ဒဏ်ရာရရှိကာ လေးဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ ထိတွေ့တိုက်ပွဲဖြစ်ပွားနေသည့် ဒေသများတွင် အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးမှုမဖြစ်စေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်းကောင်း၊ AA အဖွဲ့အနေဖြင့်လည်းကောင်း နှစ်ဖက်စလုံးက ဂရုပြုကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါကြောင်း ဖော်ပြထားသည်။ **သတင်းစဉ်**

သီပေါမြို့နယ်၌ ဝိုင်ယာကြိုးအပူလွန်ကဲရာမှ မီးလောင်၍ အိမ် ၁၄ လုံး ဆုံးရှုံး

သီပေါ မေ ၃

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မန်ဆန်းကျေးရွာနယ်မြေ(၁)ဒေါ်ရန်ခိုက်ဝေ၏ အိမ်တွင် မေ ၃ ရက် နံနက် ၄ နာရီခန့်က လျှပ်စစ်ဝိုင်ယာကြိုး အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားသဖြင့် လူနေအိမ် ၁၄ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ သီပေါမြို့နယ် မီးသတ်ဦးစီးဌာနမှျား ဦးအောင်ကြည်ထွန်းနှင့် မီးသတ်တပ်ဖွဲ့များ၊ ပြည်နယ်မီးသတ်ဦးစီးမှျားရုံးမှ မီးသတ်ဦးစီးမှျားဦးဝင်းသောင်းနှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီတွင် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။ **စိုင်း(သီပေါ)**

ကြွေးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့အတွင်း တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် မေ ၃

သစ်တောဦးစီးဌာနအနေဖြင့် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂ ရက်က မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် မင်းတုန်းရိုးမကြိုးဝိုင်း အကွက်အမှတ်(၈) ကျောက်ကြီးချောင်းဖျားနေရာမှ ကျွန်းခွဲသား ၁၉ ချောင်း (၃ ဒသမ ဝဝ၁၈) တန် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အင်းတိုင်သစ်နှင့် သစ်တောထွက်ပစ္စည်း စစ်ဆေးရေးစခန်း အနီးနေရာ၌ Fuso ၁၂ ဘီးယာဉ်ပေါ်မှ ကျွန်းပါကေး အတုံး ၂၇၅၀ (၀ ဒသမ ၈၅၉၂) တန်အား ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများနှင့် ဆက်စပ်သောသူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **မောင်လူမော်**

ရွှေ့ပြောင်းတိုက်ခတ်မှုကြောင့် နေအိမ်အချို့ပျက်စီး

မိုးညို မေ ၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်တွင် မေ ၂ ရက် ညနေ ၄ နာရီခွဲ က လေပြင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့သည်။ လေပြင်းတိုက်ခတ်မှုကြောင့် သရက်ကုန်းကျေးရွာ၊ ရွှေခဲကျေးရွာ၊ ခွက်မကျေးရွာ၊ ဗောဓိကုန်းရွာနှင့် ဖုတ်လူးကျေးရွာတို့မှ နေအိမ်အချို့ ပြိုလဲပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် ပြိုလဲနေအိမ်သုံးလုံးနှင့် အမိုးအကာပျက်စီးနေအိမ်သုံးလုံးဖြစ်ကာ လေဘေးသင့် အိမ်ထောင်စုခြောက်စု လေဘေးသင့်ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်းနှင့် ပျက်စီးနေအိမ်များကို ပြန်လည်ပြုပြင်ခြင်းနှင့် လိုအပ်သည်များကို ကျေးရွာအုပ်ချုပ်ရေးမှျားနှင့် အဖွဲ့မှျားက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြိုနယ်(ပြန်/ဆက်)**

အထောက်အထားမဲ့ သကြားအိတ်များ စစ်ဆေးတွေ့ရှိ

နေပြည်တော် မေ ၃

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၉၆၇ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈ ဒသမ ၆၂၁ သန်း စုစုပေါင်း တားဆီးမှုငါးမှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃ ဒသမ ၅၈၈ သန်းကို ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ မုပွလင်ကျေးရွာအနီး ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် Canter ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Sugar (HACCP) (1 × 50 Kgs) (150 Bags) နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆ ဒသမ ၈ သန်းကို ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ကြိုးပြင်ကော်နှင့် တောင်ကြီးမြို့နယ်တို့တွင် စိတ်ကြွရှူးသွပ်ဆေးပြားများနှင့် ခဲယမ်းများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၃

မူးယစ်တပ်ဖွဲ့(၂၀)လွိုင်ကော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂ ရက် ညနေပိုင်းက လွိုင်ကော်မြို့နယ် နွားလပိုးကျေးရွာအုပ်စု ဒေါ်ဆာဆီးကျေးရွာ မြေနီလမ်းတွင် စိန်လှ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရှူးသွပ်ဆေးပြား ၁၃၂၀၀ ၊ ငွေကျပ် ၁၅၀၀၀၀ ၊ အမ်-၂၂ ကျည်၂၅ တောင့်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ညနေပိုင်းက မူးယစ်တပ်ဖွဲ့ဈ(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် ဇလဲကျေးရွာအနီး တောင်ကြီး-မိုင်းပျဉ်းကားလမ်းတွင် အာကာမြင့် မောင်းနှင်ပြီး တင်အောင်မျိုး(ခ)ကိုမျိုး လိုက်ပါလာသည့် Honda Insight အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရှူးသွပ်ဆေး ၁၉၃၅ ပြားနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

စိန်လှအား သိမ်းဆည်းရမိသည့် စိတ်ကြွရှူးသွပ်ဆေးပြားများ၊ ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

ကောလင်းမြို့နယ်၌ လင်မယားချင်း စကားများရန်ဖြစ်ရာမှ ဇနီးသည်နှင့် ခုနစ်လသားအရွယ်သမီးငယ် သေဆုံး

ကောလင်း မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် မြင့်ဒူးကျေးရွာတွင် ယနေ့ မွန်းလွဲပိုင်းက လင်မယားချင်း စကားများရန်ဖြစ်ရာမှ ဇနီးသည်နှင့် ခုနစ်လသားအရွယ်သမီးငယ် ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကောလင်းမြို့နယ် မြင့်ဒူးကျေးရွာနေ မင်းမင်းအောင်သည် ဇနီးဖြစ်သူ ခင်ထက်ထက်လှိုင်နှင့် စကားများရန်ဖြစ်ရာမှ အရှည် အရိုးအသွား ၂၅ လက်မခန့်ရှိသော ဓားဖြင့် ခုတ်ခဲ့ရာ မထက်ထက်လှိုင်နှင့် ၎င်း၏သမီးဖြစ်သူ ခုနစ်လသားအရွယ်သမီးငယ်မှာ ဓားဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ခြင်းဖြစ်သည်။

ပြစ်မှုကျူးလွန်သူ မင်းမင်းအောင်အား ကောလင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

(ဝဂ)

မည်သည့်အာဏာသိမ်းမှုမဆို ဆန့်ကျင်ရန် လက်ရှိသမ္မတမာဒူရို တပ်မတော်ကို တောင်းဆို

လက်ရှိဗင်နီဇွဲလား သမ္မတ နီကိုလပ်စ်မာဒူရို မြို့တော်ကရာကတ်တွင် တပ်ဖွဲ့ဝင်များနှင့်အတူ ချီတက်နေစဉ်။

ကရာကတ် မေ ၃

ဗင်နီဇွဲလားစစ်ခေါင်းဆောင်များကို အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုက ၎င်းဘက်ပါအောင် အောင်မြင်စွာ မစည်းရုံးနိုင်ခဲ့သည့်အတွက် မည်သည့်အာဏာသိမ်းမှုမဆို ဆန့်ကျင်ကြရန် ဗင်နီဇွဲလား လက်ရှိသမ္မတ နီကိုလပ်စ်မာဒူရိုက ဗင်နီဇွဲလားစစ်ခေါင်းဆောင်များကို ယမန်နေ့တွင် တောင်းဆိုလိုက်သည်။

ဗင်နီဇွဲလားလမ်းများပေါ်တွင် အစိုးရဆန့်ကျင်လူထုဆန္ဒပြမှုများ နှစ်ရက်ကြာဖြစ်ပွားခဲ့ပြီးနောက် လက်ရှိသမ္မတမာဒူရိုက တပ်မတော်အကြီးအကဲနှင့်အတူ ရုပ်သံတွင် ယခုလို တောင်းဆိုလိုက်ခြင်းဖြစ်သည်။ ဗင်နီဇွဲလားတွင် တိုက်ပွဲများဖြစ်နေပြီး သစ္စာဖောက်သူ၊ အာဏာသိမ်းရန် ကြံစည်သူ မည်သူ့ကိုမဆို လက်နက်ချလာအောင် ကိုင်တွယ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မာဒူရိုက ပြောကြားခဲ့သည်။

လက်ရှိသမ္မတမာဒူရိုကို ဆန့်ကျင်ပြီး ရာထူးမှဖြုတ်ချရန် ဂျူအန်ဂွိုက်ဒိုက ယခုသီတင်းပတ်အစောပိုင်းတွင် တပ်ဖွဲ့ဝင်များကို ပန်ကြားခဲ့သော်လည်း ဘက်ပြောင်းလာသည့် တပ်ဖွဲ့ဝင်အရေအတွက် အနည်းငယ်သာရရှိခဲ့ကြောင်း သိရသည်။ လွန်ခဲ့သော ရက်များက မြို့တော်ကရာကတ်၏ လမ်းများပေါ်တွင် ထောင်နှင့်ချီသည့် လူများဆန္ဒပြခဲ့ကြပြီးနောက် တချို့က လုံခြုံရေးတပ်ဖွဲ့ဝင်များကို ခဲများနှင့် ပစ်ပေါက်ခဲ့ကြသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း ရဲဖန်ရံခါ ကျည်ဆန်အစစ်များ၊ ရော်ဘာကျည်ဆန်များ၊ မျက်ရည်ယိုပုံးများဖြင့် ပြန်လည်ပစ်ခတ်ခဲ့ကြသည်။ အဆိုပါဆန္ဒပြပွဲတွင် သေဆုံးသူလေးဦးရှိခဲ့ပြီး လူအများအပြား ဒဏ်ရာရရှိခဲ့သည်။

လတ်တလောတွင် အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုဘက်သို့ ဘက်ပြောင်းလာသော တပ်ဖွဲ့ဝင်အနည်းငယ်သာ ရှိကြောင်းသိရသည်။ ဇန်နဝါရီလက လွှတ်တော်ဥက္ကဋ္ဌဖြစ်သည့် ဂျူအန်ဂွိုက်ဒိုသည် မိမိကိုယ်မိမိ ဗင်နီဇွဲလားနိုင်ငံ၏ ယာယီသမ္မတအဖြစ် ကြေညာခဲ့ပြီး ၎င်းကို အမေရိကန်ပြည်ထောင်စုအပါအဝင် နိုင်ငံပေါင်း ၅၀ ကျော်က ဗင်နီဇွဲလားခေါင်းဆောင်အဖြစ် အသိအမှတ်ပြုထားကြောင်း သိရသည်။

အေအက်ဖ်ပီ

အမေရိကန်နိုင်ငံ၏ ဖိအားပေးမှုများအပေါ် လက်မြှောက်အရှုံးပေးသွားမည် မဟုတ်ကြောင်း အီရန်ဆို

တီဟီရန် မေ ၃

အီရန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မိုဟာမက်ဂျာဗတ်ဇာရစ်ဖ်က အီရန်နိုင်ငံသည် အမေရိကန်နိုင်ငံ၏ ဖိအားပေးမှုများအပေါ် မည်သည့်အခါမျှ လက်မြှောက်အရှုံးပေးသွားမည် မဟုတ်ကြောင်း ယမန်နေ့က ပြောကြားလိုက်သည်။

အမေရိကန်နိုင်ငံ၏ ဖိအားများနှင့် ပတ်သက်ပြီး မိမိတို့လမ်းကြောင်းရှာနေကြောင်း၊ မိမိတို့ နှစ်ပေါင်း ၄၀ ခန့် အခုလို ကြုံတွေ့ခဲ့မှုအပေါ် ဖြတ်ကျော်လာခဲ့ကြောင်း၊ ယခုလည်း ဆက်လက်ဖြတ်ကျော်သွားမည် ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဇာရစ်ဖ်က ပြောသည်။

ဒိုဟာမြို့တွင် ကျင်းပသည့် အာရှပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲ ၁၆ ကြိမ်မြောက်ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်နေသည့် ဇာရစ်ဖ်က အမေရိကန်နိုင်ငံ၏ တစ်ဖက်သတ်ဝါဒသည် နိုင်ငံတကာ အသိုင်းအဝိုင်းအတွက် အမှန်တကယ် ဖြစ်တည်နေသော ခြိမ်းခြောက်မှုတစ်ခုဖြစ်ကြောင်း သတိပေး ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံသမ္မတ ဒေါနယ်ထရမ့်သည် ၂၀၁၈ ခုနှစ် မေလတွင် အီရန်ဆိုင်ရာနိုင်ငံတကာ နျူကလီးယား သဘောတူညီချက်မှ နုတ်ထွက်သွားခဲ့ပြီး အီရန်အပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ ပြုလုပ်ခဲ့သည်။ နောက်ပိုင်းတွင် အီရန်နိုင်ငံမှ ရေနံဝယ်ယူထားသော နိုင်ငံများကိုလည်း နောက်ထပ်ဝယ်ယူခြင်း မပြုလုပ်ကြရန် အမေရိကန်ကတားမြစ်ခဲ့ပြီး အီရန်နိုင်ငံ၏ ရေနံတင်ပို့မှုများကိုလည်း သုညရာခိုင်နှုန်းအထိ ရောက်ရှိရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

အီရန်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးမိုဟာမက်ဂျာဗတ်ဇာရစ်ဖ်။

တရုတ်နိုင်ငံသည် ၂၀၂၂ ရောက်လျှင် လေယာဉ်တင်သင်္ဘောနှစ်စင်း အသုံးပြုနိုင်တော့မည်ဟု အမေရိကန်ပြော

ဝါရှင်တန် မေ ၃

တရုတ်နိုင်ငံသည် စစ်ရေးစွမ်းအင်တွင် အမေရိကန်နှင့် ယှဉ်ပြိုင်နိုင်တော့မည်ဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် ပြည်တွင်းလုပ် လေယာဉ်တင်သင်္ဘောနှစ်စင်းကို စတင်အသုံးပြုနိုင်တော့မည်ဟု အမေရိကန်ကာကွယ်ရေးဌာနက ပြောသည်။ မေ ၂ ရက်က ထုတ်ပြန်လိုက်သော အစီရင်ခံစာကို ပင်တဂွန်စစ်ဌာနချုပ်က အကဲဖြတ်ထားခြင်း ဖြစ်သည်။

အဆိုပါအစီရင်ခံစာတွင် တရုတ်နိုင်ငံသည် ပထမဦးဆုံး ပြည်တွင်းလုပ်လေယာဉ်တင်သင်္ဘောကို ယခုနှစ်အတွင်း လုပ်ဆောင်နေကြောင်း၊ ဒုတိယတစ်စင်းမှာ လာမည့်သုံးနှစ်အတွင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ပထမတစ်စင်းမှာ ရေချစစ်ဆေးနေပြီဖြစ်ကြောင်း၊ ဒုတိယတစ်စင်းမှာ လွန်ခဲ့သည့်နှစ်က စတင်ကာ တည်ဆောက်ရေး လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။ အမေရိကန်သည် ထိုင်ဝမ်အနီး တရုတ်တပ်ဖွဲ့၏ စစ်ရေးလေ့ကျင့်မှုများကို စိုးရိမ်မိကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

ထိုင်ဝမ်(တရုတ်တိုင်ပေ)ကို ထောက်ပံ့ပေးနေသော တတိယနိုင်ငံများကိုလည်း တရုတ်နိုင်ငံက တားဆီးရန်ကြိုးပမ်းလျက်ရှိသည်။ အဆိုပါ အစီရင်ခံစာတွင် တရုတ်နိုင်ငံသည် စစ်ရေးလှုပ်ရှားမှုများအတွက် လိုအပ်သည့် စစ်ရေးဆိုင်ရာ ဖွံ့ဖြိုးမှုများနှင့် တပ်ဖြန့်ချထားမှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်ဟု ဖော်ပြထားသည်။ ထို့အပြင် တရုတ်နိုင်ငံသည်ပြည်ပတွင် စစ်အခြေစိုက်စခန်းများ ပိုမိုထားရှိနိုင်ရေး ကြိုးပမ်းလျက်ရှိသည်ဟု ဖော်ပြထားသည်။ လက်ရှိတွင် တရုတ်နိုင်ငံသည် အာဖရိကအရှေ့ပိုင်းရှိ ဂျီဘူတီတွင် အခြေစိုက်စခန်းတစ်ခုရှိသည်။ အမေရိကန် ကာကွယ်ရေးဌာန၏ အကဲဖြတ်မှုသည် ထရမ့်အစိုးရ၏ သဘောထားနှင့် တိုက်ဆိုင်လျက်ရှိသည်။

အင်နှိုတ်ချ်ကေ

ကင်ဂျုံနမ်အသတ်ခံရမှုအတွက်ဖမ်းဆီးခံရသူ ဗီယက်နမ်အမျိုးသမီး လွတ်မြောက်လာ

ကွာလာလမ်ပူ မေ ၃

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့်ဖအေတူမအေကွဲတော်စပ်သူ ကင်ဂျုံနမ် အသတ်ခံရမှုအတွက် တရားရင်ဆိုင်နေရသည့် ဗီယက်နမ်အမျိုးသမီးသည် သောကြာနေ့က အကျဉ်းထောင်မှလွတ်မြောက်လာပြီဖြစ်သည်။ လွန်ခဲ့သော နှစ်နှစ်ခန့်က ဖြစ်ပွားခဲ့သော လူသတ်မှုမှာ ပြည်ဖုံးကားချနိုင်ပြီဖြစ်သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် ခပ်တန်းတန်းဖြစ်နေသော ကင်ဂျုံနမ်သည် တစ်ခါတုန်းက မြောက်ကိုရီးယား ခေါင်းဆောင်နေရာအတွက် ထင်ကြေးပေးခံရဖူးသူလည်းဖြစ်သည်။ ၂၀၁၇ ခုနှစ် ဇေဖော်ဝါရီလအတွင်း ကွာလာလမ်ပူ လေဆိပ်တွင် စောင့်ဆိုင်းနေစဉ် အသတ်ခံရခြင်း ဖြစ်သည်။

စီစီတီဗွီကို စစ်ဆေးပြီးနောက် ကင်ဂျုံနမ်အနီးသို့ ဗီယက်နမ်အမျိုးသမီးဒုံသီဟုန်နှင့် အင်ဒိုနီးရှားမှ စစ်တီအိုင်စီယာတို့ ချဉ်းကပ်လာသည်ကို တွေ့မြင်ပြီးနောက် အဖမ်းခံခဲ့ရသည်။ ၎င်းတို့နှစ်ဦးမှာ လူသတ်သမားမဟုတ်ဟု အစဉ်တစိုက် ငြင်းဆိုခဲ့ကြသည်။ တရားခွင်သို့ ရောက်လာပြီးနောက်မှာ တရားစွဲဆိုခံရပြီး သံတမန်ရေးရာအရ ဖိအားပေးမှုများကြောင့် ပြန်လည်လွတ်မြောက်လာခဲ့သည်။

လွန်ခဲ့သောလက ဒုံသီဟုန်အပေါ်ထားရှိသော စွဲချက်များကို ရုပ်သိမ်းခဲ့ပြီး မေလအတွင်း ပြန်လည်လွတ်မြောက်လာလိမ့်မည်ဟု ပြောဆိုခဲ့ကြသည်။ နှစ်နှစ်ကျော်ကြာ အဖမ်းခံရပြီးနောက် အသက် ၃၀ အရွယ် ဆံပင်အလှပြုပြင်ရေးလုပ်ကိုင်သူ ဒုံသီဟုန်မှာ ပြန်လည်လွတ်မြောက်လာခဲ့သည်။ ဂျာနယ်လစ်များသည် အကျဉ်းထောင်အပြင်ဘက်တွင် စောင့်ဆိုင်းနေခဲ့ကြပြီး တရားရုံးမှ အရာရှိတစ်ဦးကလည်း ၎င်းကို လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း အတည်ပြု ပြောကြားခဲ့သည်။

အေအက်ဖ်ပီ

နယူးဇီလန်ဝန်ကြီးချုပ် ဂျက်စင်ဒါအာဒန် ကာလရှည်ကြာ တွဲလာသည့် ချစ်သူနှင့် လက်ထပ်တော့မည်

ဝယ်လင်တန် မေ ၃

နယူးဇီလန်ဝန်ကြီးချုပ် ဂျက်စင်ဒါအာဒန်နှင့် ၎င်းနှင့် နှစ်ကာလရှည်ကြာစွာ လက်တွဲလာသည့် ချစ်သူ ကလေ့ာ်ဂေးဖို့တို့သည် လက်ထပ်ကြရန် စေ့စပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အာဒန်နှင့်ဂေးဖို့တို့စုံတွဲ၏ ပြောရေးဆိုခွင့်ရှိသူက ၎င်းတို့စုံတွဲမှာ လက်ထပ်ဖို့ သဘောတူကြပြီဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ၎င်းတို့စုံတွဲတွင် Neve ဟုအမည်ရသည့် သမီးတစ်ဦးရှိသည်။ နယူးဇီလန်ဝန်ကြီးချုပ်၏ လက်ထပ်ပွဲ ကျင်းပမည့်ရက်နှင့် မည်သူက လက်ထပ်ခွင့်တောင်းခဲ့သည်ကို အတိအကျ မပြောခဲ့ပေ။ စေ့စပ်ပွဲလိုက်ကြပြီဟူသော သတင်းထက် မည်သည့် သတင်းကိုမျှပေးမ၍မရကြောင်း အဆိုပါ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ အသက် ၃၈ နှစ်အရွယ် ဂျက်စင်ဒါသည် လွန်ခဲ့သောနှစ်ဇွန်လက သမီးဦးလေးကို မွေးဖွားခဲ့ပြီး ကမ္ဘာတွင် တာဝန်ထမ်းဆောင်နေစဉ် ကလေးမွေးဖွားခဲ့သော ဒုတိယနိုင်ငံ့ခေါင်းဆောင်ဖြစ်လာခဲ့သည်။

ထို့နောက် နယူးယောက်မြို့တွင် ပြုလုပ်သည့် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ ကလေးပါ ခေါ်ဆောင်ကာ တက်ရောက်ခဲ့သည်။ ကလေးမွေးဖွားပြီးနောက် ရုပ်သံအစီအစဉ်မှူးတစ်ဦးဖြစ်သည့် ဂေးဖို့သည် ကလေးကို အဓိကပြုစုစောင့်ရှောက်သူဖြစ်လာခဲ့သည်။ မတ် ၁၅ ရက်က နယူးဇီလန်နိုင်ငံ ခရစ်ချပ်ချ်မြို့တွင် ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး ယင်းဖြစ်ရပ်အပေါ် နယူးဇီလန်ဝန်ကြီးချုပ်၏ တုံ့ပြန်မှုကို အများက ဝိုင်းဝန်းချီးမွမ်းကြပြီးနောက် ယခုလို စေ့စပ်ပွဲသတင်းကြားရခြင်းပင်ဖြစ်သည်။ ဂျက်စင်ဒါသည် ၎င်းကိုယ်၎င်း အမျိုးသမီး၀ါဒီတစ်ဦးဟု အသိအမှတ်ပြုထားပြီး သူကစ၍ လက်ထပ်ခွင့်တောင်းမည်မဟုတ်ဟု အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့ဖူးသည်။ ဂျက်စင်ဒါ စိန်လက်စွပ်ဝတ်ထားသည်ကို သတင်းထောက်များက စတင်သတိပြုမိပြီးနောက် စေ့စပ်ပွဲသတင်း ပေါ်ထွက်လာခြင်းဖြစ်သည်။

အေအက်ဖ်ပီ

နယူးဇီလန်ဝန်ကြီးချုပ်နှင့် ၎င်း၏ချစ်သူ ကလေ့ာ်ဂေးဖို့

အရေးယူပိတ်ဆို့မှုများနဲ့ အီရန်စီးပွားရေး

ကလျာမိုးမြင့်

အီရန်ကနေ ရေနံဝယ်ယူတဲ့ နိုင်ငံတွေအတွက် အမေရိကန်ကပေးထားတဲ့ ခြောက်လတာပိတ်ဆို့မှု လွတ်ငြိမ်းခွင့်ဟာ ကြာသပတေးနေ့မှာ အဆုံးသတ်သွားခဲ့ပြီ ဖြစ်ပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၎င်းပြန်လည် ပြင်ဆင်ညှိနှိုင်းမှုတွေ ပြုလုပ်လိုတဲ့ သမိုင်းဝင်နျူကလီးယားသဘောတူစာချုပ်ကို စွန့်လွှတ်လိုက်ပြီးတဲ့နောက် ပြီးခဲ့တဲ့နှစ်က အရေးယူပိတ်ဆို့မှုတွေကို လွတ်ငြိမ်းခွင့်ပေးထားခဲ့တာ ဖြစ်ပါတယ်။

အီရန်ရေနံတင်သင်္ဘောတစ်စင်းကို တွေ့ရစဉ်။

သိသိသာသာထိခိုက်မှုရှိ

အီရန်အကြီးအကဲတွေကတော့ အရေးယူပိတ်ဆို့မှုတွေကို ဂရုမစိုက်တဲ့ အနေအထားမှာ ဆက်လက်ရှိနေပြီး ဒါတွေကို ကျော်လွှားနိုင်ဖို့ အလေးပေးနေဆဲ ဖြစ်ပါတယ်။ သို့သော်လည်း ပိတ်ဆို့မှုတွေက နိုင်ငံကို သိသိသာသာ အကျိုးသက်ရောက်စေခဲ့ပါတယ်။ အီရန်နိုင်ငံရဲ့နျူကလီးယားအစီအစဉ်နဲ့ ပတ်သက်ပြီး နိုင်ငံတကာအဖွဲ့အစည်းတွေက လုပ်ဆောင်လာတဲ့ အရေးယူပိတ်ဆို့မှုတွေကြောင့် အီရန်ရဲ့ စီးပွားရေးအခြေအနေဟာ နှစ်အနည်းငယ်အတွင်း ဆိုးဆိုးရွားရွား ထိခိုက်မှု ရှိလာပါတယ်။

မျှော်လင့်သလောက် ဖြစ်ထွန်းမှုမရှိ

၂၀၁၅ ခုနှစ်မှာ အီရန်သမ္မတဟက်ဆန်ရိုဟာနီက အရေးယူပိတ်ဆို့မှုတွေကို ဖယ်ရှားပေးဖို့ အတွက်အပေးအယူအနေနဲ့အီရန်ရဲ့နျူကလီးယားဆိုင်ရာ ဆောင်ရွက်မှုတွေကို ထိန်းချုပ်ကန့်သတ်ဖို့အတွက် အမေရိကန်အပါအဝင် အခြားသော အင်အားကြီးနိုင်ငံ ခြောက်နိုင်ငံနဲ့ သဘောတူစာချုပ်တစ်ခုကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲဒီစာချုပ်ကို အကောင်အထည် မဖော်ရသေးမီမှာပဲ အီရန်ရဲ့စီးပွားရေးဟာ ပြန်လည်ခုန်တက်လာခဲ့ပြီး ဂျီဒီပီဟာ ၁၂ ဒသမ ၃ ရာခိုင်နှုန်း ဖြစ်လာတယ်လို့ အီရန်ရဲ့ဗဟိုဘဏ်က ဖော်ပြခဲ့ပါတယ်။ သို့သော်လည်းပဲ စီးပွားရေးတိုးတက်မှုအများစုဟာ ရေနံနဲ့ ဓာတ်ငွေ့စက်ရုံတွေကနေ ဖြစ်ထွန်းလာတယ်လို့ မှတ်ယူရမှာဖြစ်ပြီး တခြားကဏ္ဍတွေကနေ ရရှိလာတဲ့ တိုးတက်မှုကတော့ အီရန်ပြည်သူအများစု မျှော်လင့်ထားသလောက် ဖြစ်ထွန်းမှု မရှိခဲ့ပါဘူး။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခန်းခြောက်

စီးပွားရေးတိုးတက်မှုဟာ ၂၀၁၇ ခုနှစ်မှာ ၃ ဒသမ ၇ ရာခိုင်နှုန်းထိ ကျဆင်းသွားပြီး စီးပွားရေးဆိုင်ရာ မကျေနပ်မှုတွေဖြစ်လာစေခဲ့ပြီး ဆယ်စုနှစ်တစ်ခုနီးပါးလောက်ကြာအောင် အစိုးရကို ဆန့်ကျင်တဲ့ အကြီးဆုံးဆန္ဒပြပွဲတွေ ပေါ်ပေါက်လာစေခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်မှာ အမေရိကန်ကပြန်လည်ချမှတ်လာတဲ့ အရေးယူပိတ်ဆို့မှုတွေ အထူးသဖြင့် နိုဝင်ဘာလမှာ စွမ်းအင်၊ သင်္သေတ္တာဖြင့် ကုန်စည်ပို့ဆောင်မှုနဲ့ ငွေကြေးကဏ္ဍတွေမှာ လုပ်ဆောင်ခဲ့တဲ့ ပိတ်ဆို့မှုတွေကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ခန်းခြောက်သွားခဲ့သလို ရေနံတင်ပို့မှုကိုလည်း အထိနာစေခဲ့ပါတယ်။

စီးပွားရေးကျဆင်း

ပိတ်ဆို့မှုတွေအရ အမေရိကန် ကုမ္ပဏီတွေ အနေနဲ့ အီရန်နဲ့ ကုန်သွယ်ရေးလုပ်တာကို တားမြစ်ထားရုံမက အီရန်နဲ့ ဆက်ဆံနေတဲ့ နိုင်ငံခြားကုမ္ပဏီတွေကိုပါ တားမြစ်ပိတ်ပင်လိုက်တာ ဖြစ်ပါတယ်။ ဒီတော့ ပိတ်ဆို့မှုရလဒ်အနေနဲ့ အီရန်ရဲ့ ဂျီဒီပီဟာ ၃ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့တယ်လို့ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က ဖော်ပြခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဧပြီလနောင်းပိုင်းမှာတုန်းက အီရန်ရဲ့ စီးပွားရေးဟာ ၂၀၁၉ ခုနှစ်မှာ ၆ ရာခိုင်နှုန်းလောက် ကျဆင်းသွားမယ်လို့ အဖွဲ့က ခန့်မှန်းထားပါတယ်။ ဘယ်လိုပင်ဖြစ်စေ ခန့်မှန်းထားတဲ့ စီးပွားရေးကျဆင်းမှုနှုန်းက အရေးယူပိတ်ဆို့မှု လွတ်ငြိမ်းခွင့်ပေးထားတဲ့ သက်တမ်းမကုန်ဆုံးခင်ကတည်းက ကြိုတင်ဖြစ်လာခဲ့ပါပြီ။

ရေနံဝယ်ယူမှုလျှော့ချ

၂၀၁၈ ခုနှစ်ရဲ့ အစပိုင်းမှာ အီရန်ရဲ့ရေနံစိမ်းထုတ်လုပ်မှုဟာ တစ်ရက်မှာ ရေနံစည်ပေါင်း ၃ ဒသမ ၈ သန်း ရှိတယ်လို့ ရေနံတင်ပို့နိုင်ငံများ အဖွဲ့က စုစုညီးထားတဲ့ အချက်အလက်တွေအရ သိရပါတယ်။

အီရန်ဟာ တစ်ရက်မှာ ရေနံစည်ပေါင်း ၂ ဒသမ ၃ သန်းကို တင်ပို့နေခဲ့တာပါ။ နိုင်ငံရဲ့ရေနံအများစုကို အမေရိကန်က ပိတ်ဆို့မှု လွတ်ငြိမ်းခွင့် ခြောက်လပေးထားတဲ့ နိုင်ငံတွေက ဝယ်ယူနေကြတာဖြစ်ပြီး အဲဒီနိုင်ငံတွေကတော့ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယား၊ တူရကီ၊ ဂရိ၊ အီတလီနိုင်ငံတွေနဲ့ ထိုင်ဝမ်(တရုတ်တိုင်ပေ)တို့ ဖြစ်ပါတယ်။ အဲဒီ နိုင်ငံတွေရဲ့ဘဏ်တွေက အမေရိကန်ကချမှတ်တဲ့ ပြစ်ဒဏ်ကို ချိုးဖောက်မှုမရှိစေဘဲ အီရန်ဗဟိုဘဏ် သို့မဟုတ် အခြားသော အီရန်ဘဏ်တစ်ခုခုနဲ့ အကြောင်း တစ်ခုခုအတွက် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့် ပြုပေးထားတဲ့ အချိန်ကာလကျော်တဲ့နောက်မှာ အီရန်ဆီက ရေနံဝယ်ယူမှုကို လျှော့ချလိုက်ကြပါတယ်။

အီရန်အစိုးရ ဆုံးရှုံးမှုရှိလာ

၂၀၁၉ ခုနှစ်မှာ အီရန်ရဲ့ ရေနံတင်ပို့မှုဟာ တစ်ရက်မှာ ရေနံစည်ပေါင်း ၁ ဒသမ ၁ သန်း အထိ လျော့ကျသွားခဲ့တယ်လို့ SVB Energy International ကုမ္ပဏီက ပြောကြားခဲ့ပါတယ်။ အီရန်ရဲ့အကြီးဆုံး ရေနံဝယ်သူတွေဖြစ်တဲ့ တရုတ်နဲ့ အိန္ဒိယနိုင်ငံက ရေနံဝယ်ယူမှုကို ၃၃ ရာခိုင်နှုန်းနဲ့ ၄၇ ရာခိုင်နှုန်း အသီးသီးလျှော့ချလိုက်ကြတဲ့ အချိန်မှာပဲ ဂရိ၊ အီတလီနိုင်ငံနဲ့ ထိုင်ဝမ်တို့ကလည်း ရေနံတင်ပို့မှုကို အတူတကွ ရပ်နားထားလိုက်ကြပါတယ်။ အဲဒီလျှော့ချမှုရလဒ်တွေအရ အီရန်အစိုးရဟာအမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော်လောက် ဆုံးရှုံးနစ်နာသွားပြီလို့ အမေရိကန်အာဏာပိုင်တွေက ခန့်မှန်းထားပါတယ်။

ရေနံရောင်းချမှု ထပ်မံကျဆင်းဖွယ်ရှိ

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဘယ်လိုကြေညာခဲ့လဲဆိုတော့ မေ ၂ရက်မှာ ပိတ်ဆို့မှု လွတ်ငြိမ်းခွင့်ပေးထားတဲ့သတ်မှတ်ရက် ကုန်ဆုံးချိန်ရောက်တာနဲ့ အီရန်ရဲ့ ရေနံတင်ပို့မှု သုညအထိ ဖြစ်သွားအောင်လုပ်ဖို့ ရည်ရွယ်ထားတယ်လို့ ဆိုပါတယ်။ ဒီတော့ အီရန်ဆီက ရေနံရောင်းချမှုတွေ ဘယ်လောက်အတိုင်းအတာအထိ ထပ်ပြီး ကျဆင်းသွားဦးမလဲဆိုတာကို မပြောနိုင်သေးပါဘူး။တရုတ်နိုင်ငံကတော့ အီရန်နဲ့ လုပ်ဆောင်နေတဲ့ ၎င်းရဲ့ ကုန်သွယ်မှုဟာ လုံးဝတရားဝင်တယ်။ ဒါကြောင့် အမေရိကန်အနေနဲ့ ကြားဝင်စွက်ဖက်စရာ အကြောင်းမရှိဘူးလို့ အခိုင်အမာ ပြောဆိုလျက်ရှိပါတယ်။ အလားတူပဲ တူရကီနိုင်ငံကလည်း အိမ်နီးချင်းဖြစ်တဲ့ နိုင်ငံနဲ့ ဆက်ဆံရေး မဖြတ်တောက်နိုင်ဘူးလို့ ပြောကြားခဲ့ပါတယ်။

နိုင်ငံခြားငွေ လိုအပ်ချက်မြင့်မား

အီရန်သမ္မတ ဟက်ဆန်ရိုဟာနီဟာ အီရန်ငွေကြေးစနစ် တည်ငြိမ်မှုရရှိဖို့အတွက် လေးနှစ်နီးပါးကြာအောင် ထိန်းသိမ်းခဲ့ပါတယ်။ သို့သော်လည်း အမေရိကန်က အရေးယူပိတ်ဆို့မှုတွေ ပြန်လည်ချမှတ်လာချိန်ကစပြီး အမေရိကန်ဒေါ်လာနဲ့ ဆန့်ကျင်စွာ ငွေကြေးတန်ဖိုးရဲ့ ၆၀ ရာခိုင်နှုန်းနီးပါး တရားမဝင်စျေးကွက်မှာ ဆုံးရှုံးမှုဖြစ်ခဲ့တယ်လို့ နိုင်ငံခြားငွေလဲလှယ်ရေး ဝက်ဘ်ဆိုက်တွေမှာ ဖော်ပြထားပါတယ်။ ငွေကြေးဆိုင်ရာ တိုက်စားမှုကလည်း အီရန်ရဲ့ စီးပွားရေးပြဿနာတွေဖြစ်စေတဲ့ အကြောင်းတစ်ခုဖြစ်သလို အီရန်ပြည်သူတွေ အကြားမှာ နိုင်ငံခြားငွေလိုအပ်ချက် မြင့်မားနေရခြင်းတဲ့အကြောင်းလည်းဖြစ်ပြီး အခြေအနေတွေ ဒီထက်ပိုဆိုးလာမှာကို စိုးရိမ်ပူပန်နေကြပါတယ်။

ငွေကြေးဖောင်းပွမှု မြင့်တက်လာနိုင်

ပြီးတော့ သမ္မတရိုဟာနီဟာ ၂၀၁၇ ခုနှစ်မှာ ငွေကြေးဖောင်းပွမှုကို ၉ရာခိုင်နှုန်းအထိ လျော့ကျအောင် စီမံဆောင်ရွက်ခဲ့ပါတယ်။သို့သော်လည်း ငွေကြေးဖောင်းပွမှုဟာ ၂၀၁၈ ခုနှစ်မှာ ၃၁ ရာခိုင်နှုန်းရှိတယ်လို့ ခန့်မှန်းခဲ့ပြီး အကယ်၍သာ ရေနံတင်ပို့မှု ဆက်လက်ကျဆင်းဦးမယ်ဆိုရင် ယခုနှစ်မှာ ငွေကြေးဖောင်းပွမှု ၃၇ ရာခိုင်နှုန်းအထိ ရောက်ရှိလာလိမ့်မယ်လို့ ခန့်မှန်းတွက်ချက်ထားပါတယ်။ အီရန် ငွေကြေးတန်ဖိုးကျဆင်းမှုဟာ တင်သွင်းကုန်တွေရဲ့ စျေးနှုန်းကို ထိခိုက်စေရုံသာမက ဒေသထွက်အဓိကစားသုံးကုန်ပစ္စည်းတွေရဲ့တန်ဖိုးကိုပါ ထိခိုက်စေတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၁၂ လအတွင်း အသားငါးစျေးနှုန်း ၅၇ ရာခိုင်နှုန်းကျဆင်းသွားခဲ့ပြီး နို့၊ ထောပတ်နဲ့ ဥတွေ ၃၇ ရာခိုင်နှုန်းကျဆင်းသွားခဲ့သလို အသီးအရွက်တွေမှာ ၄၇ ရာခိုင်နှုန်းစျေးနှုန်းကျဆင်းမှု ရှိခဲ့တယ်လို့ အီရန်စာရင်းအင်း အချက်အလက်ဌာနက ဖော်ပြပါတယ်။

ကုန်စျေးနှုန်းမြင့်တက်မှုကြောင့် အစိုးရက လုပ်ပေးထားတဲ့ ကုန်စုံဆိုင်ငယ်လေးတွေမှာ စီတန်းစောင့်ဆိုင်းနေကြတဲ့ လူတန်းကလည်း ပိုပြီးရှည်လာပါတယ်။ ကုန်စျေးနှုန်းလျော့ကျလာစေဖို့ကြိုးပမ်းတဲ့အနေနဲ့ အစိုးရဟာ ပြည်ပကနေထောင်ချီတဲ့ ကျွဲနွားတွေနဲ့သိုးတွေနဲ့ ခြံမွေးတိရစ္ဆာန်တွေ တင်ပို့မှုကို ပိတ်ပင်ခဲ့ပါတယ်။ သို့သော်လည်း အီရန်လယ်သမားအချို့ဟာ နိုင်ငံခြားငွေရဖို့အတွက် အသားငါးတွေကို အိမ်နီးချင်းနိုင်ငံတွေဆီ ရောင်းချလျက်ရှိတယ်လို့ ကျွမ်းကျင်သူတွေက ဖော်ပြကြပါတယ်။

အဆင်းရဲဆုံး လူတန်းစားတွေအနေနဲ့ အသားနဲ့တခြားလိုအပ်တဲ့ကုန်ပစ္စည်းတွေ ရရှိစေဖို့ အကူအညီဖြစ်စေမယ့် အီလက်ထရွန်နစ် ကူပွန်တွေ စတင်မိတ်ဆက်သွားမယ့် အစီအစဉ် တစ်ခုရှိတယ်လို့လည်း သိရပါတယ်။ ၂၀၁၆ ခုနှစ်မှာ အီရန်ပြည်သူတွေရဲ့ သုံးရာခိုင်နှုန်းဟာ တစ်နေ့ကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၀ ထက် နည်းတဲ့ ငွေကြေးတန်ဖိုးနဲ့ နေထိုင်စားသောက်ခဲ့ကြရတယ်လို့ သိရပါတယ်။ အရေးယူပိတ်ဆို့မှုတွေကြောင့် ထိခိုက်လာဦးမယ့် အီရန်နိုင်ငံရဲ့စီးပွားရေးအခြေအနေဟာ စိုးရိမ်ဖွယ် ဖြစ်ပါတယ်။ ။

ကိုးကား-အေအက်ဖ်ပီ၊ဘီဘီစီ

- **အီရန်ရဲ့ အကြီးဆုံး ရေနံဝယ်သူတွေဖြစ်တဲ့ တရုတ်နဲ့ အိန္ဒိယ နိုင်ငံက ရေနံဝယ်ယူမှုကို ၃၃ ရာခိုင်နှုန်းနဲ့ ၄၇ ရာခိုင်နှုန်း အသီးသီး လျှော့ချလိုက်ကြတဲ့အချိန်မှာပဲ ဂရိ၊ အီတလီနိုင်ငံနဲ့ ထိုင်ဝမ်တို့ကလည်း ရေနံတင်ပို့မှုကို အတူတကွ ရပ်နားထားလိုက်ကြပါတယ်။**
- **အဲဒီလျှော့ချမှုရလဒ်တွေအရ အီရန်အစိုးရဟာ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော်လောက် ဆုံးရှုံးနစ်နာသွားပြီလို့ အမေရိကန်အာဏာပိုင်တွေက ခန့်မှန်းထားပါတယ်။**

နိုင်ငံတကာ သတင်းတိုတွာ

သတင်းအတုများကို တိုက်ဖျက်သွားရန် ကမ္ဘောဒီးယားဝန်ကြီးချုပ်ပြော

ဖနောင်ပင် မေ ၃

ကမ္ဘောဒီးယားနိုင်ငံတွင် သောကြာနေ့က ပြုလုပ်သော ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့ အခမ်းအနားတွင် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ခြိမ်းခြောက်နေသော သတင်းအတုများကို တိုက်ဖျက်ကြရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားကို တိုင်းပြည်အတွင်းရှိ မီဒီယာကိုယ်စားလှယ် ၁၀၀ ကျော် တက်ရောက်ကြပြီး ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအတွက် မီဒီယာ၏အခန်းကဏ္ဍအာဘော်အောက်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ အခမ်းအနားတွင် ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဆမ်ဒက် တက်ချိုဟွန်ဆန်က ကိုယ်ပိုင်အကျိုးစီးပွားအတွက် ဖြန့်ဝေနေကြသည့် သတင်းတုများကို ဂျာနာလစ်များအတူ ပူးပေါင်း၍ တိုက်ဖျက်သွားကြရန် တောင်းဆိုခဲ့သည်။ သတင်းတုများသည် ငြိမ်းချမ်းရေးကို ခြိမ်းခြောက်လျက်ရှိပြီး ဒီမိုကရေစီနှင့် တစ်ကမ္ဘာလုံး၏ ဖွံ့ဖြိုးတိုးတက်မှုကို အနှောင့်အယှက်ဖြစ်လျက်ရှိကြောင်း ၎င်းကပြောကြားခဲ့သည်။ ကျင့်ဝတ်နှင့် ကိုက်ညီပြီး ကျွမ်းကျင်ပိုင်နိုင်မှုတို့အတွက် သတင်းသမားများ အာရုံစိုက်ကြရန်လည်း တိုက်တွန်းခဲ့သည်။ **ဆင်ဟွာ**

ထရီပိုလီမြို့ တိုက်ပွဲများအတွင်း သေဆုံးသူ ၃၉၂ ဦးအထိ ရှိလာ

ထရီပိုလီ မေ ၃

ကုလသမဂ္ဂကကျောထောက်နောက်ခံပြုထားသော လစ်ဗျားအစိုးရတပ်ဖွဲ့နှင့် လစ်ဗျားနိုင်ငံ အရှေ့ပိုင်းနှင့်အခြေစိုက်တပ်ဖွဲ့တို့ ထရီပိုလီမြို့တွင် ဖြစ်ပွားနေသောတိုက်ပွဲများကြောင့် သေဆုံးသူ ၃၉၂ ဦးထိ ရှိလာပြီး ဒဏ်ရာရရှိသူ ၁၉၃၆ ဦးခန့်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

ထို့ပြင် ခန့်မှန်းခြေအားဖြင့် လူပေါင်း ၅၀၀၀၀ ခန့်မှာလည်း နေရပ်စွန့်ခွာထွက်ပြေးခဲ့ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကပြောသည်။ ခါလီဖာဟတ်ဖ်တာဦးဆောင်သော အရှေ့ပိုင်းအခြေစိုက်တပ်များသည် ဧပြီလအစောပိုင်းမှစ၍ စစ်ရေးလှုပ်ရှားမှုများ စတင်ခဲ့ပြီး ထရီပိုလီမြို့ကို သိမ်းယူနိုင်ရေးတိုက်ပွဲများ ဆင်ဟ်ခဲ့လျက်ရှိသည်။ ထရီပိုလီမြို့သည် ကုလသမဂ္ဂကကျောထောက်နောက်ခံပြုထားသော လစ်ဗျားအစိုးရအခြေစိုက်ရာ နေရာလည်းဖြစ်သည်။ ကြာသပတေးနေ့က ပြုလုပ်သော အစိုးရအဖွဲ့အစည်းအဝေးတွင် လစ်ဗျားဝန်ကြီးချုပ် ဖာရက်ဇ် ဆာရက်ဂျ်က အရှေ့ပိုင်းအခြေစိုက်တပ်များမှ ၎င်းတို့လာရာဒေသသို့ မပြန်မချင်း အပစ်အခတ်ရပ်စဲရေးရှိဦးမည် မဟုတ်ဟု ပြောခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် လစ်ဗျားခေါင်းဆောင် မိုဟာမက်ဂဒါဖီကို ဖြုတ်ချပြီးနောက်ပိုင်း ဒီမိုကရေစီ အကူးအပြောင်းကာလအတွင်း လစ်ဗျားနိုင်ငံသည် ပရမ်းပတာအခြေအနေများနှင့် ရင်ဆိုင်နေရသည်။ **ဆင်ဟွာ**

စက်မှုဇုန်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

ယမန်နေ့မှ အဆက်

၉။ စီမံခန့်ခွဲရေးကော်မတီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်ရက်မှစ၍ ၅ နှစ်ဖြစ်သည်။ ရွေးကောက်ခံကော်မတီဝင်များ၏ သက်တမ်းသည် တစ်ဆက်တည်း နှစ်ကြိမ်အထိသာ ကော်မတီဝင်အဖြစ် ဆောင်ရွက်နိုင်သည်။

၁၀။ စီမံခန့်ခွဲရေးကော်မတီသည် ဒေသဆိုင်ရာ ကော်မတီအား တာဝန်ခံရမည်။

၁၁။ စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သက်ဆိုင်ရာ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသော စီမံကိန်းရေးဆွဲခြင်း၊ နှစ်စဉ်လုပ်ငန်းစီမံချက်ရေးဆွဲခြင်းတို့ကို ဒေသဆိုင်ရာ ကော်မတီသို့တင်ပြပြီး အတည်ပြုချက်ရယူခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) တည်ထောင်ပြီးစက်မှုဇုန်များတွင် အသုံးမပြုရသေးသော မြေနေရာများအား အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလုပ်ငန်းများကို နေရာချထားနိုင်ရေးအတွက် စိစစ်တင်ပြခြင်း၊

(ဂ) စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံနိုင်မည့် လုပ်ငန်းအမျိုးအစားများသတ်မှတ်ရန် တင်ပြခြင်းနှင့် ဒေသဆိုင်ရာကော်မတီ၏ ခွင့်ပြုချက်ဖြင့် အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာခြင်း၊

(ဃ) ရင်းနှီးမြှုပ်နှံမှုနှင့်ရင်းနှီးတည်ဆောက်မှုဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်ရေး၊ မြေအသုံးပြုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ ငွေရေးကြေးရေး၊ အခွန်အခ ၊ စည်ပင်သာယာရေး၊ လမ်းပန်းချောမွေ့စေရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လုံခြုံရေးနှင့် မီးဘေးလုံခြုံရေး၊ လျှပ်စစ်စွမ်းအင်နှင့် ရေရရှိရေးစသည့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲခြင်း၊ စစ်ဆေးခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) စက်မှုဇုန်အတွင်း နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများ၊ ကျွမ်းကျင်အလုပ်သမားများနှင့် ပညာရှင်များအား အလုပ်ခန့်ထားရေး၊ ယင်းတို့၏ မိသားစုဝင်များနေထိုင်ခွင့်ရရှိရေးနှင့် ပြည်တွင်းခရီးသွားလာရေးတို့ အတွက် လိုအပ်သည်များကို ထောက်ခံတင်ပြခြင်း၊

(စ) စက်မှုဇုန်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ ကြီးကြပ်ကွပ်ကဲခြင်း၊ စက်ရုံမှစွန့်ထုတ်ပစ္စည်း စွန့်ပစ်ရေးစနစ်ကို စိစစ်ခြင်း၊ ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်စေခြင်း၊

(ဆ) ဗဟိုကော်မတီနှင့် ဒေသဆိုင်ရာကော်မတီတို့မှ ထုတ်ပြန်သောမူဝါဒများ၊ ညွှန်ကြားချက်များနှင့်အညီ စည်းကမ်းများ ထုတ်ပြန်ခြင်းနှင့် စက်မှုဇုန်အတွင်း စီမံခန့်ခွဲခြင်း၊

(ဇ) တည်ထောင်ပြီး စက်မှုဇုန်အတွင်းလိုအပ်သော စားသောက်ဆိုင်၊ လူနေဆိုင်ခန်း (Shophouse)၊ လူမှုဖူလုံရေးရုံး၊ လူမှုဖူလုံရေးဆေးခန်း၊ သင်တန်းကျောင်းများနှင့် လူနေတိုက်တာအဆောက်အအုံများအတွက် လိုအပ်သောမြေနေရာကို ဒေသဆိုင်ရာကော်မတီ၏ သဘောတူချက်ဖြင့် သတ်မှတ်ဆောင်ရွက်နိုင်ခြင်း၊

(ဈ) စက်မှုဇုန်စီမံခန့်ခွဲမှုရုံးကို ဖွဲ့စည်းပြီး အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ ခန့်အပ်ခြင်း၊

(ည) စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံလိုသူ၏ လျှောက်ထားချက်သည် တည်ဆဲဥပဒေများနှင့် ညီညွတ်ပါက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းလုပ်ကိုင်နိုင်ရန် လျှောက်ထားသည့် နေ့ရက်မှ ၁၅ ရက်အတွင်း သက်ဆိုင်ရာဌာနများသို့ ထောက်ခံချက်ပေးခြင်း၊

(ဋ) စက်မှုဇုန်နှင့်သက်ဆိုင်သောဖွံ့ဖြိုးရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုလုပ်ငန်းများအတွက် ရန်ပုံငွေကောက်ခံခြင်းအား ဒေသဆိုင်ရာကော်မတီသို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းကို ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဌ) အလုပ်သမားများ ခန့်ထားခြင်း၊ လစာနှင့် အချိန်ပိုလုပ်ခ၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကိစ္စရပ်များအပါအဝင် အလုပ်သမားများ၏ အကျိုးခံစားခွင့်များ ရရှိရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပေးခြင်း၊

(ဍ) စက်မှုဇုန်တွင် ကျူးကျော်ခြင်းနှင့် ခွင့်ပြုချက်မရှိဘဲ လမ်းဖောက်ပြုပြင်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်းများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊

(ဎ) စက်မှုဇုန်စီမံခန့်ခွဲရေးဆိုင်ရာ အထောက်အကူပြု ဆပ်ကော်မတီများကို လိုအပ်ပါက ဖွဲ့စည်းခြင်း။

အခန်း(၆)
စက်မှုဇုန်သတ်မှတ်ကြေညာခြင်း

၁၂။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဤဥပဒေအရ စက်မှုဇုန်တည်ထောင်ရန် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အဆိုပြုချက်အပေါ် သတ်မှတ်ချက်များနှင့် ကိုက်ညီကြောင်း၊ ဗဟိုကော်မတီမှ တင်ပြသည့် တည်နေရာအား စိစစ်၍ ငြင်းပယ်ခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုလုပ်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ အတည်ပြုပေးသော တည်နေရာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ် အပိုင်းအခြားကို စက်မှုဇုန်တည်ထောင်မည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ကြေညာရမည်။

(ဂ) ဤဥပဒေ မပြဋ္ဌာန်းမီကတည်ရှိခဲ့သော စက်မှုဇုန်များအား အမျိုးအစား၊ အဆင့်အတန်း ခွဲခြားသတ်မှတ်၍ စက်မှုဇုန်အဖြစ် ကြေညာရမည်။

(ဃ) စက်မှုဇုန်မြေများအား စက်မှုလုပ်ငန်းများနှင့် ဆက်စပ်သောဝန်ဆောင်မှုလုပ်ငန်းများမှအပ အခြားနည်းအသုံးပြုခွင့်မရှိစေရန် လိုအပ်သည့် အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ပေးရမည်။

၁၃။ ဒေသဆိုင်ရာကော်မတီသည် စက်မှုဇုန်တည်ထောင်ရန် သတ်မှတ်ကြေညာပြီးဖြစ်သော တည်နေရာရှိမြေများကို စက်မှုဇုန်မြေအဖြစ် ဖော်ဆောင်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများက စက်မှုဇုန်ဧရိယာ နယ်နိမိတ်အား တိကျစွာ သတ်မှတ်ဖော်ပြခြင်း၊ မြေပုံထုတ်ပေးခြင်းနှင့် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ရမည်။

အခန်း(၇)
စက်မှုဇုန်တည်ထောင်ခြင်း

၁၄။ ဗဟိုကော်မတီသည် အောက်ပါအခြေခံရမည့် အချက်များကို မူတည်၍ သင့်လျော်သည့် အရပ်ဒေသ သို့မဟုတ် နယ်မြေတွင် စက်မှုဇုန်တည်ထောင်ရန်အတွက် ဒေသဆိုင်ရာ ကော်မတီမှ အဆိုပြုတင်ပြချက်ကို စိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စက်မှုဇုန်အသစ်များ တည်ထောင်ရန် ဆောင်ရွက်နိုင်သည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့က ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွေးချယ်သတ်မှတ်သည့် နယ်မြေဖြစ်ခြင်း၊

(ခ) စက်မှုလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရန် လုံလောက်သော မြေနေရာရှိခြင်းနှင့် လိုအပ်သော အခြေခံအဆောက်အအုံ (Infrastructure) များ ပါဝင်သည့် စက်မှုဇုန်အကောင်အထည်ဖော်ရေး ပင်မစီမံကိန်း (Master Plan) ကို ဆောင်ရွက်နိုင်ခြင်း၊

(ဂ) ဆိပ်ကမ်း၊ လေယာဉ်ကွင်းကဲ့သို့ နိုင်ငံတကာထွက်ပေါက်ရှိခြင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ နယ်စပ်ဆက်သွယ်ရေးလမ်းကြောင်း သို့မဟုတ် ပြည်တွင်းဈေးကွက်များကို အလွယ်တကူသွားလာဆက်သွယ်နိုင်ခြင်း၊

(ဃ) စက်မှုကုန်ကြမ်းများ၊ အရင်းအမြစ်များနှင့် အခြေခံထုတ်ကုန်များ ပြည့်စုံလုံလောက်စွာရရှိနိုင်ခြင်း၊

(င) ကျွမ်းကျင်အလုပ်သမားများ၊ ကျွမ်းကျင်မှုအထိုက်အလျောက်ရှိသည့် အလုပ်သမားများနှင့် သင်ကြားလေ့ကျင့် ပျိုးထောင်ပေးနိုင်သော အလုပ်သမားများ ရရှိနိုင်ခြင်း၊

(စ) လိုအပ်သော ကျွမ်းကျင်အလုပ်သမားများ ရရှိနိုင်ရေးအတွက် သင်တန်းများ ဖွင့်လှစ်၍ လေ့ကျင့်ပေးရန် စီစဉ်ဆောင်ရွက်နိုင်ခြင်း။

၁၅။ ဒေသဆိုင်ရာကော်မတီသည်-

(က) ရင်းနှီးတည်ဆောက်သူကို တည်ဆဲဥပဒေများ၊ တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ရွေးချယ်ရမည်။

(ခ) ရင်းနှီးတည်ဆောက်သူကို တင်ဒါစနစ်ဖြင့် ရွေးချယ်ရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအား အကျိုးရှိစေနိုင်မှု၊ စီမံကိန်းကို လျင်မြန်စွာ အကောင်အထည်ဖော်နိုင်မှု၊ ပွင့်လင်းမြင်သာမှုနှင့် စက်မှုဇုန်လုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်နိုင်စွမ်းရှိမှုတို့ကို အဓိကထည့်သွင်းစဉ်းစား၍ ဦးစားပေးရွေးချယ်နိုင်သည်။

၁၆။ စက်မှုဇုန်တည်ထောင်ရာတွင် အောက်ပါမြေအသုံးချမှုအင်္ဂါရပ်များနှင့် ရာခိုင်နှုန်းအချိုးအစားအတိုင်း ပါဝင်ရမည်-

(က) စက်မှုလုပ်ငန်းနယ်မြေ (Industrial Area) အတွက် ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ၊

(ခ) ကုန်သွယ်မှုနယ်မြေ (Commercial Area) အတွက် ၁ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိ၊

(ဂ) စက်မှုဇုန်ဝန်ဆောင်မှုနှင့်အထောက်အကူပြုအသုံးချနယ်မြေ (Public Utilities and Assistant Area) အတွက် ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ၊

(ဃ) စိမ်းလန်းနယ်မြေ (Green Belt) အတွက် ၉ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ။

၁၇။ ဒေသဆိုင်ရာကော်မတီက စက်မှုဇုန်အရွယ်အစား၊ အမျိုးအစားနှင့် အဆင့်အတန်းသတ်မှတ်ခြင်းအား စက်မှုလုပ်ငန်းမူဝါဒနှင့်အညီ အဆိုပြု၍ ဗဟိုကော်မတီသို့ တင်ပြအတည်ပြုချက်ရယူရမည်။

အခန်း(၈)
ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း

၁၈။ ဒေသဆိုင်ရာကော်မတီသည် စက်မှုဇုန်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်ထောက်ပံ့ငွေ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ အကူညီရရှိငွေ၊ ပုဒ်မ ၇၊ ပုဒ်မခွဲ(ဇ) အရ ရရှိသည့်ရငွေများနှင့် အခြားရငွေများဖြင့် ရန်ပုံငွေထူထောင်ထားရှိရမည်။

၁၉။ စီမံခန့်ခွဲရေးကော်မတီသည် စက်မှုဇုန်လုပ်ငန်းရှင်များ၏ အချိုးကျထည့်ဝင်ငွေများ၊ ဒဏ်ကြေးငွေများနှင့် အခြားရငွေများဖြင့် ရန်ပုံငွေထူထောင်ထားရှိရမည်။

၂၀။ ဒေသဆိုင်ရာကော်မတီသည် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပြီး ယင်း၏လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၂၁။ စီမံခန့်ခွဲရေးကော်မတီသည် ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ဎ) အရ ဒေသဆိုင်ရာကော်မတီ၏ ခွင့်ပြုချက်ဖြင့် ရန်ပုံငွေထိန်းသိမ်းရေးနှင့်သုံးစွဲရေးဆပ်ကော်မတီများကို ဖွဲ့စည်းနိုင်သည်။

၂၂။ စီမံခန့်ခွဲရေးကော်မတီရုံးအဖွဲ့၏ အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများအတွက် လစာနှင့် စရိတ်များကို ရန်ပုံငွေမှကျခံသုံးစွဲရမည်။

အခန်း(၉)
ရင်းနှီးတည်ဆောက်သူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၃။ ရင်းနှီးတည်ဆောက်မှု လုပ်ငန်းများကို လုပ်ကိုင်ရာတွင် ရင်းနှီးတည်ထောင်မည့် အဆိုပြုချက်ကို ဒေသဆိုင်ရာကော်မတီမှတစ်ဆင့် ဗဟိုကော်မတီ၏ အတည်ပြုချက်ရယူရမည်။

၂၄။ ရင်းနှီးတည်ဆောက်သူသည် -

(က) ဒေသဆိုင်ရာကော်မတီနှင့် လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆိုပြီးနောက် ခွင့်ပြုထားသည့် သတ်မှတ်ချက်များနှင့်အညီ စက်မှုဇုန်လုပ်ငန်း အကောင်အထည်ဖော်ခြင်း၊ ရင်းနှီးမြှုပ်နှံသူများအား ထပ်ဆင့် မြေအငှားချထားခြင်း၊ အခြေခံအဆောက်အအုံ တည်ဆောက်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

(ခ) စက်မှုဇုန်မွမ်းမံထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းများကို စီမံခန့်ခွဲရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် လုပ်ကိုင်နိုင်သည်။

(ဂ) သက်ဆိုင်ရာစက်မှုဇုန်အတွင်း တည်ဆောက်ရေးစီမံကိန်းတစ်ခုစီအတွက် သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးဆုံးအောင် ဆောင်ရွက်ရမည်။ သတ်မှတ်ထားသောကာလအတွင်း တည်ဆောက်မှုလုပ်ငန်းပြီးစီးခြင်းမရှိပါက ခိုင်လုံသော အကြောင်းပြချက်ကို ဒေသဆိုင်ရာကော်မတီ၏ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့တင်ပြ၍ အဆုံးအဖြတ်ရယူရမည်။ ခိုင်လုံသောအကြောင်းပြချက် မဟုတ်ကြောင်း စိစစ်တွေ့ရှိပါက စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင်ခွင့်ရုပ်သိမ်းခြင်း ခံရမည်။

(ဃ) စက်မှုဇုန်အတွင်းရှိ အခြေခံအဆောက်အအုံများကို မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားအဖွဲ့အစည်းများအားလုပ်ငန်းအပ်နှံ၍ဖြစ်စေ ဆောင်ရွက်နိုင်သည်။

(င) ဆက်စပ်အခြေခံအဆောက်အအုံ တစ်ခုသည် ၎င်းဝန်ဆောင်မှုအား စက်မှုဇုန်အတွင်းတွင်သာမက ဇုန်ပြင်ပသို့ပါ ဝန်ဆောင်မှုပေးမည်ဆိုပါက ယင်းဇုန်ပြင်ပ ဝန်ဆောင်မှုလုပ်ငန်းများအတွက် သက်ဆိုင်ရာ အစိုးရဌာနများ၏ ခွင့်ပြုချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကိစ္စရပ်များအတွက် သက်ဆိုင်ရာဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဆ) မြေအသုံးချခွင့်နှင့် လုပ်ငန်းလုပ်ကိုင်ခွင့်တို့အတွက် ပေးရန်ရှိသည့် အဖိုးအခကို ဒေသဆိုင်ရာကော်မတီနှင့် သဘောတူချုပ်ဆိုထားသော လုပ်ငန်း သဘောတူစာချုပ်အရ တစ်လုံးတစ်ခဲတည်းဖြစ်စေ၊ ပုံမှန်အရစ်ကျဖြစ်စေ ဒေသဆိုင်ရာ ကော်မတီသို့ ပေးသွင်းရမည်။

(ဇ) စက်မှုဇုန်အတွင်း အကောက်ခွန်ကြီးကြပ်မှုကုန်လှောင်ရုံစနစ် (Bonded Warehouse System) ဆောင်ရွက်ခြင်းကိစ္စနှင့် စပ်လျဉ်း၍ အကောက်ခွန်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၅။ ရင်းနှီးတည်ဆောက်သူသည် အောက်ပါအတိုင်း ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို ခံစားခွင့်ရှိသည်-

(က) သက်ဆိုင်ရာဥပဒေ၊

(ခ) ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ အထူးကိစ္စရပ်အဖြစ် ခွင့်ပြုသည့်ခံစားခွင့်များ။

အခန်း(၁၀)
ရင်းနှီးမြှုပ်နှံသူ၏ တာဝန်နှင့်ကင်းလွတ်ခွင့်များ

၂၆။ ရင်းနှီးမြှုပ်နှံသူသည် စက်မှုဇုန်အတွင်း အောက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင်ခွင့်ရှိသည် -

(က) ကုန်ချောပစ္စည်းထုတ်လုပ်ခြင်း၊ ဆက်စပ်ကုန်ပစ္စည်းအဆင့်ဆင့် ထုတ်လုပ်ခြင်း၊ ထုပ်ပိုးပစ္စည်းထုတ်လုပ်ခြင်းနှင့် တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်ခြင်း၊

(ခ) ကုန်ကြမ်း၊ ကုန်ချောသယ်ယူပို့ဆောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ လမ်းထိန်းသိမ်းခြင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊

(ဂ) ကုန်ထုတ်လုပ်မှုနှင့်ဆက်စပ်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများ၊

(ဃ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ထုတ်လုပ်သည့် ပစ္စည်းများအား သတ်မှတ်ချက်နှင့်အညီ ပြည်တွင်း၊ ပြည်ပသို့ ကူးသန်းရောင်းဝယ်ခြင်း။

၂၇။ ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိရန် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် ဒေသဆိုင်ရာကော်မတီသို့ လျှောက်ထားရမည်။

၂၈။ သက်ဆိုင်ရာစက်မှုဇုန်အတွင်း တည်ဆောက်ရေးစီမံကိန်းတစ်ခုစီအတွက် သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးဆုံးအောင် ဆောင်ရွက်ရမည်။ သတ်မှတ်ထားသောကာလအတွင်း တည်ဆောက်မှုလုပ်ငန်းပြီးစီးခြင်းမရှိပါက ခိုင်လုံသော အကြောင်းပြချက်ကို စီမံခန့်ခွဲရေး ကော်မတီ၏ သဘောထားမှတ်ချက်နှင့်အတူ ဒေသဆိုင်ရာကော်မတီသို့ တင်ပြ၍ အဆုံးအဖြတ် ရယူရမည်။ ခိုင်လုံသော အကြောင်းပြချက် မဟုတ်ကြောင်း စိစစ်တွေ့ရှိပါက စည်းမျဉ်း စည်းကမ်းများနှင့်အညီ လုပ်ကိုင်ခွင့်ရုပ်သိမ်းခြင်းခံရမည်။

(ဆက်လက်ဖော်ပြပါမည်)

ထာဝရငြိမ်းချမ်းရေးစေတီတော်အတွက် SMS မှတစ်ဆင့် လှူဒါန်းငွေများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်

ရန်ကုန် မေ ၃

မြန်မာ့ဦးဆောင်ဆက်သွယ်ရေးအော်ပရေတာ MPT မှ နေပြည်တော် ဒက္ခိဏာသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်မည့် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးလုပ်ငန်းတွင် အလှူရှင်မိဘပြည်သူများက MPT မှတစ်ဆင့် SMS ပေးပို့၍ သဒ္ဓါထက်သန်စွာ လှူဒါန်းခဲ့သော အလှူငွေများကို နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ယမန်နေ့က လွှဲပြောင်းပေးအပ်သည်။

အခမ်းအနားတွင် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၈ ရက်မှစတင်၍ MPT သုံးစွဲသူပြည်သူအပေါင်းက ထာဝရငြိမ်းချမ်းရေး စေတီတော်ကြီး တည်ထားကိုးကွယ်ရန် SMS အကြိမ်ပေါင်း ၁၀၈၆၅၅ ကြိမ်ပေးပို့လှူဒါန်းခဲ့ရာ ငွေကျပ်သိန်း ၅၀၀ ကျော် ရရှိပြီး MPT မှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုထံ လွှဲပြောင်းလှူဒါန်းသည်။

"အခုလို MPT သုံးစွဲသူမိဘပြည်သူတွေရဲ့ SMS ကနေ လှူဒါန်းငွေကို ပေးအပ်မှုအပေါ် MPT မိသားစုနဲ့အတူ အတိုင်းမသိ ဝမ်းသာကြည်နူးရပါတယ်။ အများကောင်းမှုအဖြစ် ငြိမ်းချမ်းရေးသမိုင်းစဉ်မှာ တန်ဖိုးကြီးမားတဲ့ ပြယုဂ်ဖြစ်စေမယ့် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်နိုင်ရေးအတွက် မိဘပြည်သူနဲ့အတူ တစ်ဖက်တစ်လမ်းကနေ ဆောင်ရွက်ပေးခွင့်ရမှုအပေါ် ဝမ်းသာဂုဏ်ယူပြီး မိဘပြည်သူတွေရဲ့ သဒ္ဓါတရားကိုလည်း အထူးဝမ်းမြောက်အံ့သြရပါတယ်"ဟု MPT-KSGM Join Operations ၏ ဒုတိယအမှုဆောင်အရာရှိချုပ် ဦးခင်မောင်ထွန်းက ပြောသည်။

MPT အနေဖြင့် ၂၀၁၅ ခုနှစ်တွင် ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ ၂၀၁၆ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ငလျင်ဒဏ်ကြောင့် ပုဂံဒေသနှင့် ရခိုင်ဒေသမှ ရှေးဟောင်းစေတီပုထိုးတော်များ ပြုပြင်ခြင်းလုပ်ငန်းနှင့် ၂၀၁၇ ခုနှစ် ရခိုင်ပြည်နယ်ရှိ ဒေသခံပြည်သူများအတွက် လှူဒါန်းမှုတို့ကို ပံ့ပိုးဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၈ ရက်မှစ၍ နေပြည်တော်တွင် ထာဝရငြိမ်းချမ်းရေးစေတီတော်ကြီး တည်ထားကိုးကွယ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရန် SMS ဖြင့် MPT သုံးစွဲသူ ပြည်သူတို့ လှူဒါန်းသည့် ငွေကျပ်သိန်း ၅၀၀ ကျော်ကိုလည်း သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနသို့ ကုသိုလ်ယူ လှူဒါန်းခဲ့ကြောင်း သိရသည်။ **သန်းထိုက်**

ဓာတ်ပုံ - သန်းစိုး

ထာဝရငြိမ်းချမ်းရေးစေတီတော်အတွက် လှူဒါန်းငွေများကို ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုထံ လွှဲပြောင်းပေးအပ်စဉ်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် ကလေးအသည်းအစားထိုးခွဲစိတ်ကုသမှု အောင်မြင်

ရန်ကုန် မေ ၃

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် ကလေးအသည်းအစားထိုး ခွဲစိတ်ကုသမှုမှာ အောင်မြင်မှုရရှိခဲ့ကြောင်း ရန်ကုန်ကလေးဆေးရုံကြီးတွင် ယနေ့ပြုလုပ်သော သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ကလေးအသည်းအစားထိုး ခွဲစိတ်ကုသမှုကို ရန်ကုန်ကလေးဆေးရုံကြီး၌ ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသို့ ခွင့်ပြုမိန့်ရယူပြီးနောက် ၂၀၁၉ ခုနှစ် မတ် ၁၇ ရက်တွင် ဂျပန်နိုင်ငံ Kyushu University Hospital မှ ပရော်ဖက်ဆာ Taguchi ဦးဆောင်သော Japan Liver Transplant Team နှင့် Myanmar Liver Transplant Team တို့ ပူးပေါင်းကာ ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် လှော်ကားရပ်ကွက် ပန်းခြံ ၃ နေ အသက် ငါးနှစ်ရှိ မောင်ညီညီမင်းဦး(ခ)ညီညီဖြိုးအား အသည်းအစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

ၛင်းအတွက် အစားထိုးရန် လိုအပ်သော အသည်းကို ဖခင်ဖြစ်သူ ဦးစောမင်းမင်း၏ အသည်းကို လှူဒါန်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မောင်ညီညီမင်းဦး(ခ)ညီညီဖြိုးသည် မွေးရာပါ သည်းခြေပြွန်မပါသဖြင့် အသည်းကြွေပ်ဝေဒနာ ခံစားနေရပြီး နောက်ဆက်တွဲအဖြစ် သွေးဝမ်းသွားခြင်းနှင့် သွေးအန်ခြင်းဝေဒနာများကိုလည်း ခံစားနေရသူဖြစ်သည်။ ထို့ကြောင့် အသည်းအစားထိုး ကုသပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီအသည်းခွဲစိတ်ကုသမှုကို ၂၀၁၄ ခုနှစ်ကတည်းကစပြီးတော့ Kyushu University Hospital နဲ့ ပူးပေါင်းပြီး ပြင်ဆင်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာလည်း အသည်းအစားထိုး ခွဲစိတ်ကုသဖို့အတွက် လိုအပ်နေတဲ့ ကလေးတွေ ရှိနေတယ်ဆိုတာကို သိတဲ့အတွက် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ပြင်ဆင်ခဲ့တာဖြစ်ပါတယ်"ဟု ရန်ကုန်ကလေးဆေးရုံအုပ်ကြီး ဒေါက်တာစုစုဌေးက ပြောကြားသည်။

ထိုသို့ ပြင်ဆင်မှုပြုလုပ်ရာတွင် မြန်မာအသည်းအစားထိုး ကုသမှုအဖွဲ့သည် ဂျပန်နိုင်ငံသို့ သွားရောက်လေ့လာခဲ့ပြီးနောက် မြန်မာကလေးငယ်တစ်ဦး အား ဂျပန်သို့ ခေါ်ဆောင်၍ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ထပ်မံသွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ စသိတာကတော့ ကလေး ခုနစ်လသားကတည်းက စသိတာပါ။ နယ်ကဆေးရုံမှာ စတက်တယ်။ ကလေးက အသားတွေ၀ါပြီး ဝမ်းတွေက အဖြူတွေသွားတာပေါ့။ ကျွန်တော်တို့ မော်ကျွန်းဆေးရုံ တက်လိုက်တယ်။ ကလေးက အနာတစ်ခုခုဖြစ်ရင် သွေးမတိတ်တော့ဘူးပေါ့။ အဲဒီရောဂါနဲ့ သူတို့က ရန်ကုန်ဆေးရုံကို လွှဲပေးလိုက်တာ။ အဲဒီကတည်းက ခုထိပဲ ငါးနှစ်လောက် ရှိသွားပြီပေါ့။ အခုလို ခွဲစိတ်မှုအောင်မြင်တော့ ကျွန်တော့်အနေနဲ့ အတိုင်းမသိ ဝမ်းသာပါတယ်။ ဒီဆေးရုံက ဆရာ၀န်၊ ဆရာမတွေ အခုလို အခြေအနေမျိုး ပိုင်းပြီးကူညီပေးတာ၊ ကျွန်တော်တို့ ပိုက်ဆံတစ်ပြားမှမကုန်ဘဲနဲ့ အခုလို အောင်မြင်သွားတာ တကယ်လည်း ဝမ်းသာပါတယ်"ဟု ကလေးငယ်အတွက် အသည်းလှူဒါန်းပေးသူ ဖခင် ဦးစောမင်းမင်းက ပြောသည်။

ရန်ကုန်ကလေးဆေးရုံကြီးအနေဖြင့် အသည်းဆုံးခန်းတိုင် ပျက်စီးနေသော ကလေးငယ်များ ပုံမှန်နီးပါးဘ၀သို့ ပြန်လည်ရောက်ရှိစေရန်၊ ကလေးအသည်းအစားထိုးမှုကဏ္ဍ ပီပြင်စွာ ဖြစ်ပေါ်လာစေရန်နှင့် နောင်တွင် ပြည်တွင်းဆရာ၀န်များအနေဖြင့် ပုံမှန်ခွဲစိတ်ကုသမှုများ ဆောင်ရွက်သွားနိုင်ရန်၊ မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း မြင့်မားလာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံတွင် ကလေးအသည်းအစားထိုး ကုသမှုလုပ်ငန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ကလေးအသည်းအစားထိုး ကုသမှုကို Japan Liver Transplant Team မှ ငါးကြိမ်ခန့် ဦးဆောင်ခွဲစိတ်မှုပြုလုပ်ပေးမည်ဖြစ်ပြီး နောက်ပိုင်းတွင် Myanmar Liver Transplant Team မှ ဦးဆောင်ခွဲစိတ်မှု ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ ဒုတိယအကြိမ်ထပ်မံခွဲစိတ်မှုကို စက်တင်ဘာလအတွင်း ပြုလုပ်သွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့တွင် အသည်းအစားထိုး ခွဲစိတ်ကုသမှုခံယူထားသော မောင်ညီညီမင်းဦးသည် ဆေးရုံမှ ဆင်းခွင့်ရရှိပြီ ဖြစ်ကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)

ဓာတ်ပုံ-ထိန်လင်း

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် ကလေးအသည်းအစားထိုး ခွဲစိတ်ကုသမှု အောင်မြင်မှုနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

ယနေ့ စျေးကွက်ပေါက်စျေးများ

၃-၅-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၃၅၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၇၄၁၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၃၅၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၇၄၁၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၉၆၅/၁၀၁၀ ကျပ်	၁၀၂၀/၁၀၄၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၇၅/၁၀၂၀ ကျပ်	၁၀၃၅/၁၀၅၅ ကျပ်
အောက်တိန်း ၉၂	၈၄၀/၉၁၀ ကျပ်	၉၃၀/၉၆၅ ကျပ်
အောက်တိန်း ၉၅	၉၁၀/၉၆၅ ကျပ်	၁၀၁၀/၁၀၂၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၅၂၁ . ၈
ဥရောပ	တစ်ယူရို	ကျပ်	၁၆၉၈ . ၆
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၁၁၅ . ၉
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၁၉၈၀ . ၆
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၃၆၄ . ၈
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၁၀၆၄ . ၇
တရုတ်	တစ်ယွမ်	ကျပ်	၂၂၅ . ၉၇
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၁ . ၉၄၉
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၃၀ . ၀၅
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၆၇ . ၃၆
ထိုင်း	တစ်ဘတ်	ကျပ်	၄၇ . ၅၀၄

(ဗဟိုဘဏ်ပေါက်စျေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀۶၇-၃၄၀၄၂၂၂၊ ၀۶၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေ၀င်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀۶၇-၃۶၁၄၂၊ **စာတည်းအဖွဲ့** ၀۶၇-၃۶၁၄၄၅၊ **ဖက်စ်** ၀۶၇-၃۶၁၄۶۶၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၁)**၊ **နတ်မောက်လမ်းသွယ်(၁)**၊ **ဗိုလ်ချို(၂)ရပ်ကွက်**၊ **ဗဟန်းမြို့နယ်**၊ **ရန်ကုန်မြို့**၊ **စာတိုက်သေတ္တာအမှတ်-၄၀**၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ဌေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁-၅၅၉၁၁၈၊ **Fax** ၀၁-၅۶၂၂၁၊ ၀۶၇-၃۶၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈۶၀၄၅۶။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

M-Pop သီချင်းဆိုပြိုင်ပွဲအစီအစဉ် (အထက်မြန်မာပြည်)အတွက် လူငယ်အဆိုရှင် ၂၃ ဦး ရွေးချယ်ပြီးစီး

သီချင်းဆိုပြိုင်ပွဲ အစီအစဉ်သစ်တစ်ခုဖြစ်သော M-Pop Music Challenge TV Show အစီအစဉ်(အထက်မြန်မာပြည်)အတွက် Technical Audition လူတွေ့စစ်ဆေးမှု အောင်မြင်ထားသည့် Public Audition အဆင့်ဝင် ၃၀ အား တစ်ဦးချင်း စစ်ဆေးခဲ့ပြီးနောက် ၂၃ ဦးကို ဆန်ခါတင် ရွေးချယ်နိုင်ခဲ့ပြီဖြစ်ကြောင်း အိပ်မက်တစ်ထောင်ကုမ္ပဏီ၏ CEO ဖြစ်သူ ကိုရဲထံမှ သိရသည်။

ပြင်ဦးလွင်မြို့ ကန်တော်ကြီး နန်းမြင့်မျှော်စင် ခန်းမ၌ ဧပြီ ၃၀ ရက်က ပြုလုပ်ခဲ့သည့် M-Pop သီချင်းဆိုပြိုင်ပွဲတွင် ၂၃ ဦးကို ဆန်ခါတင် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ "M-Pop အဆိုပြိုင်ပွဲလုပ်မယ့် ပရိုဂရမ်က လွန်ခဲ့တဲ့ ၁၅ နှစ်လောက်ထဲက ရထားတဲ့ စိတ်ကူးလေးပါ၊ တကယ် အကောင်အထည်ဖော်ဖြစ်တာတော့ အခုမှပေါ့၊ ကျွန်တော်က ကျွမ်းကျင်တဲ့ ပညာရှင်တွေကို ခေါ်ပါတယ်၊ နိုင်ငံခြားသားပညာရှင်ရော၊ ပြည်တွင်းက ပညာရှင်ရော နှစ်ဖွဲ့ပေါင်းစပ်ပြီး ဒီပရိုဂရမ်ကို လုပ်ခဲ့တာဖြစ်ပါတယ်၊ ဒီသီချင်းဆိုပြိုင်ပွဲမှာ အကကိုပါ တွဲဖက်ယှဉ်ပြိုင်စေတာက အဓိကအနေနဲ့ပါပဲ၊ လူငယ်တွေ အတော်များများက K-Pop ကို စိတ်ဝင်စားနေကြတယ်၊ K-Pop ဆိုတာက အဆိုနဲ့ အကကို တွဲဖက်ထားတာပေါ့၊ ကျွန်တော်တို့ကလည်း ဒီလိုမျိုးပဲ အဆိုအက တွဲထားတဲ့ M-Pop ပရိုဂရမ်လေးကို စိတ်ကူးစိတ်သန်းရှိသလောက် ကြိုးစားပြီး အကောင်အထည်ဖော်ခြင်း ဖြစ်ပါတယ်"ဟု ကိုရဲက ပြောသည်။

ပြိုင်ပွဲအစီအစဉ်များနှင့်ပတ်သက်၍ "အခု ပြိုင်ပွဲဝင်တွေထဲက ပဏာမ စိစစ်ရွေးချယ်ပွဲကြီးပြီးသွားရင် ရုပ်သံနှစ်ခု၊ သုံးခုနဲ့ စကားပြောထားတာရှိပါတယ်၊ ဒါပေမယ့် ဘယ်ရုပ်သံက လွှင့်မယ်ဆိုတာကို စာနယ်ဇင်းရှင်းလင်းပွဲလုပ်ပြီး တိတိကျကျ ထုတ်ပြန်ပေးဖို့ အစီအစဉ်ရှိပါတယ်၊ လတ်တလောတော့ ကျွန်တော်တို့ ထုတ်မပြောသေးတာပါ"ဟု ၎င်းက ဆက်ပြောသည်။

အောက်မြန်မာပြည် ပြိုင်ပွဲဝင်များ လူရွေးချယ်ပွဲကို မေလထဲတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း၊ Technical Audition ကိုမူ လဆန်းရက်က ပြုလုပ်ကာ ပြိုင်ပွဲဝင်သူ ၃၀၀ ကျော်ထဲမှ ၁၁၉ ယောက်ကို Public Audition အဖြစ် ရွေးထားပြီးဖြစ်ကြောင်း၊ Public Audition မှ ဆန်ခါတင်အဆင့် ထပ်မံရွေးချယ်ရန်အတွက်မူ ဒိုင်များအားလပ်မည့်အချိန်နှင့် ညှိနှိုင်းလုပ်ဆောင်နေကြောင်း၊ နှစ်ဦးနှစ်ဖက် အဆင်ပြေမည့်ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း၊ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် ဆန်ခါတင်အဆင့်များ ရွေးချယ်ပြီးစီးသွားပါက နောက်တစ်ဆင့်အနေဖြင့် Golden Audition အဆင့်ကို ရန်ကုန်နှင့် ပြင်ဦးလွင် နှစ်ခုစလုံးပေါင်းပြီး ပြန်ရွေးမည်ဖြစ်ကြောင်း သိရသည်။

"ရလာတဲ့ ပြိုင်ပွဲဝင်များထဲကနေ စံချိန်စံညွှန်းနဲ့ ကိုက်ညီတဲ့သူများကို စခန်းသွင်းလေ့ကျင့်ကာ အဆင့်ဆင့် ယှဉ်ပြိုင်စေပြီး ပြိုင်ပွဲမှာ Winner ဆုရမယ့် သုံးယောက်ကို ဆုကြေးငွေ ကျပ်သိန်း ၃၀၀ ချီးမြှင့်မှာဖြစ်တဲ့အပြင် မီနီအယ်လ်ဘမ် ထုတ်ပေးမယ်၊ ပြီးရင် အခြားသော အခွင့်အလမ်းတွေ၊ နိုင်ငံခြားခရီးစဉ်တွေ၊ ကိုရီးယားအဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ပြီးလုပ်တဲ့ လုပ်ငန်းတွေမှာလည်း နေရာပေးသွားဖို့ရှိပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

ပြိုင်ပွဲ၏ ထူးခြားမှုမှာ အခြား နိုင်ငံတကာမှ နာမည်ကျော်သီချင်းဆိုပြိုင်ပွဲများကို ပြည်တွင်း၌ ကျင်းပခြင်းသည် ပြည်ပမှသတ်မှတ်ထားသည့် ပြိုင်ပွဲအစီအစဉ်အတိုင်းလုပ်ရသဖြင့် ပြင်ဆင်ပြောင်းလဲ၍မရကြောင်း၊ ယခု M-Pop Music Challenge TV Show သီချင်းဆို ပြိုင်ပွဲအစီအစဉ်မှာမူ Own Creation ဖြစ်သည့်အတွက် ပရိသတ်ကြိုက်မည့် ပုံစံအမျိုးမျိုး အချိန်မရွေး ပြောင်းလဲဖန်တီးပြီး တစ်ခုနှင့်တစ်ခု မတူအောင် လုပ်သွားနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

ကျင်းပပြီးခဲ့သော အထက်မြန်မာပြည် လူရွေးချယ်ပွဲတွင် အိပ်မက်တစ်ထောင်ကုမ္ပဏီ၏ CEO ကိုရဲ၊ မေလသာ၊ ဟဲလေးနှင့် ခေမီကို တို့က အကဲဖြတ်ဒိုင်များအဖြစ် ပါဝင်ခဲ့ပြီး ပြိုင်ပွဲဝင်များအား တစ်ဦးချင်း အသေးစိတ်စိစစ်၍ ရွေးချယ်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲသို့ မန္တလေးမြို့မှ လာရောက်ယှဉ်ပြိုင်ခဲ့သူ ရှိုင်းကိုကိုက "ကျွန်တော်က ပြိုင်ပွဲဝင်အမှတ် ၁၂၈ နဲ့ ဝင်ပြိုင်တာ အရွေးခံရတယ်၊ မန္တလေးကနေလာပြိုင်တာပါ၊ ကိုယ့်ဟာကိုယ် ရေးစပ်ထားတဲ့ မန္တလေးသူလို့ အမည်ပေးထားတဲ့ သီချင်းကို ကိုယ်တိုင် ဂစ်တာတီးပြီးပြိုင်တာ ဒိုင်တွေကြိုက်လို့ အရွေးခံရပါတယ်၊ ကခိုင်းတော့လည်း ကပြနိုင်လို့ ဒိုင်တွေသဘောကျကြပါတယ်"ဟု ပြောသည်။

အဆိုပါပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များကို အသက် ၁၅ နှစ်မှ ၂၅ နှစ်ကြား အပျိုလူပျိုများ ဖြစ်ရမည်ဟု သတ်မှတ်ထားကြောင်း၊ နောက်ဆုံး သုံးဦးတစ်ဖွဲ့ ကျန်သည်အထိ ရွေးချယ်သွားမည်ဖြစ်ပြီး ယင်းသုံးဦးအား Winner ဆုပေးကာ ဆုငွေ ကျပ်

ပြင်ဦးလွင်၌ ကျင်းပပြီးစီးခဲ့သည့် လူရွေးပွဲမှ ဒိုင်များ

သိန်းသုံးရာအပြင် မီနီအယ်လ်ဘမ်တစ်ခု ထုတ်ပေးမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲတွင် SMS Voting အတွက် အော်ပရေတာ လေးခုစလုံးနှင့် ချိတ်ဆက်ထားပြီး Mytel က Co-Sponsor အနေဖြင့် ပါဝင်ထားကြောင်း၊ အော်ပရေတာ လေးခုစလုံးဖြင့် SMS Voting စနစ်ကို ကျင့်သုံးမည်ဖြစ်သော်လည်း ပရိုဂရမ်တွင် ထူးခြားချက်အနေဖြင့် SMS Voting သီးသန့်မဟုတ်ဘဲ ဒိုင်များ၏ဆုံးဖြတ်ပိုင်ခွင့်လည်း ရှိမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲလာကြည့်သည့် ပရိသတ်၏ ဆုံးဖြတ်ပိုင်ခွင့်လည်းရှိကြောင်း၊ SMS Voting စနစ်၊ ဒိုင်များ၏ အဆုံးအဖြတ်နှင့် ပွဲလာကြည့်သည့် ပရိသတ်များ၏ အဆုံးအဖြတ်များကို အချိုးကျသတ်မှတ်၍ ဆုကို ပွင့်လင်းမြင်သာစွာဖြင့် ပရိသတ်များကြား အငြင်းမပွားရအောင် ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း - မျိုးမင်းသိန်း(မရမ်းကုန်း)
ဓာတ်ပုံ - မျိုးကြီး

မိုင်းမိုင်ဆိုင်း၏ "ခေတ်သစ်နီတိ" စီးရီးသစ် မေ ၅ ရက်တွင် စတင်ဖြန့်ချိမည်

၂၀၁၇ ခုနှစ်က Myanmar Idol သီချင်းဆိုပြိုင်ပွဲမှတစ်ဆင့် ဂီတလောကထဲသို့ စတင်ဝင်ရောက်ခဲ့ပြီး ပရိသတ်အခိုင်အမာရရှိထားသည့် မြစ်ကြီးနားသူ တိုင်းရင်းသူ အဆိုတော်တစ်ဦးဖြစ်သော မိုင်းမိုင်ဆိုင်း၏ 'ခေတ်သစ်နီတိ'ဟု အမည်ရသည့် တေးစီးရီးသစ်ကို မေ ၅ ရက်တွင် Bo Bo Music တေးထုတ်လုပ်ရေးမှ ဖြန့်ချိသွားမည်ဟု သိရသည်။

"ဒီအခွေလေး ဖြစ်လာတာက မိုင်းမိုင်ကြောင့်ဆိုတာထက် အမှန်အတိုင်းပြောရရင် ကိုယ့်အထက်က အဆိုတော်တွေကြောင့်လို့ ပြောလို့ရပါတယ်၊ ကိုယ်ပိုင်သီချင်းတွေမရှိခင် ပြိုင်ပွဲဝင်ဘဝကနေ ကိုယ့်ထက်ဝါရင့်တဲ့ အဆိုပညာရှင်တွေရဲ့သီချင်းတွေကို ဆိုပြီး ပြိုင်လာခဲ့တယ်၊ နောက်ပိုင်း ပြိုင်ပွဲပြီးတော့ ပြင်ပ ဂီတဖျော်ဖြေပွဲတွေမှာလည်း ကိုယ့်ထက်ဝါရင့်တဲ့ အဆိုရှင်တွေရဲ့ သီချင်းတွေကိုပဲ ဆိုခဲ့ရတယ်၊ အဲဒီလို ဖျော်ဖြေပွဲတွေကနေ ရလာတဲ့ အနုပညာကြေးနဲ့ အခု ခေတ်သစ်နီတိအခွေကို ထုတ်ခဲ့တာပါ၊ ကိုယ်ပိုင်သီချင်းမရှိတဲ့ မိုင်းမိုင်ဆိုင်းကို တစ်ခဲနက်အားပေးတဲ့ ပရိသတ်အတွက်လည်း ကိုယ်ပိုင်သီချင်းလေးတွေ သီးသန့် နားထောင်စေချင်တာကြောင့် ထုတ်တာပါ၊ ကိုယ့်ရဲ့ ချွေးနဲ့စာလေးနဲ့ ထုတ်ထားတဲ့ ဒီအခွေလေးထဲက သီချင်းတွေကိုလည်း စိတ်ကြိုက် သေချာရွေးထားတာပါ၊ ပရိသတ်ရဲ့အကြိုက်နဲ့ ထပ်တူကျမယ့် သီချင်းလေးတွေကို အများဆုံး ဖန်တီးထားပါတယ်၊ လိုအပ်ချက်တွေ ရှိလာခဲ့ရင်လည်း တောင်းပန်ပါတယ်"ဟု မိုင်းမိုင်ဆိုင်းက ပြောသည်။

အဆိုပါ တေးစီးရီးတွင် တေးသီချင်း ၁၁ ပုဒ် ပါဝင်ပြီး တေးရေး ဝေကြီး၊ ထုံးကြီး၊ အောင်ကိုမြင့်၊ ဇော်လင်းကြည်၊ စည်သူနှင့် ဘိုဘိုထွဋ်တို့က ရေးသားပေးထားကြကာ တေးသီချင်းအမျိုးအစားများအနေဖြင့် Rock ဂီတအမျိုးအစားများကို အဓိကထား၍ ဖန်တီးထားကြောင်း သိရသည်။

ကိုလင်း

7th Sense ရုပ်ရှင်ထုတ်လုပ်ရေးက မေတ္တာဖွဲ့ဇာတ်ကားသစ်များ အဓိကထား ရိုက်ကူးသွားမည်

7th Sense ရုပ်ရှင်ထုတ်လုပ်ရေးသည် ၂၀၁၉ မှ ၂၀၂၀ ခုနှစ်အထိ ထပ်ဆင့်အကယ်ဒမီ နေတိုးနှင့်အတူ ရုပ်ရှင်ဇာတ်ကားများစွာ ရိုက်ကူးရန်ရှိကာ ၂၀၁၉ ခုနှစ်တွင် ဒုတိယမြောက်ရိုက်ကူးသော ဇာတ်ကားဖြစ်သည့် "အခမ်းနားဆုံးမေတ္တာ" ရုပ်ရှင်ဇာတ်ကားကိုလည်း မေ ၃ ရက်မှစ၍ ရန်ကုန်၊ အင်းလေးနှင့် ကလောမြို့တို့တွင် ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ 7th Sense နဲ့ ကိုနေတိုးက ၂၀၁၉ မှာ စာချုပ်ချုပ်ထားပြီး ဒီကားက ၂၀၁၉ ခုနှစ်မှာ စရိုက်တဲ့ ဒုတိယကားပါ၊ ပထမ ကားက မအိန္ဒြာကျော်ဇင်နဲ့ ရိုက်တဲ့ Box -88 ဇာတ်ကားပါ၊ ကျွန်တော်တို့ ထုတ်လုပ်ရေးက ဒီနှစ်ထဲမှာ ရိုမန့်စ်ပုံစံစစ်စစ် ကားလေးတစ်ကား ရိုက်ချင်လို့ သေချာရွေးချယ်တဲ့အခါ ဒီကားလေးကို အကြိုက်တွေ့ကြတာပေါ့၊ အဲဒါကြောင့် ကျွန်တော်တို့ ရိုက်ဖြစ်တာပါ၊ ကိုနေတိုးနဲ့ရိုက်မယ့်ဇာတ်လမ်းတွေကို ရွေးလိုက်တော့ ဒီကားလေးက ရိုမန့်စ်စစ်စစ်ကားလေး ဖြစ်နေတာကြောင့်လည်း ပါပါတယ်၊ ဒီကားအတွက် မင်းသမီးရွေးတော့ နေခြည်ဦးကို ရွေးလိုက်ပါတယ်၊ ဒီထဲမှာပါမယ့် ကာရိုက်တာက သူနဲ့ လိုက်ဖက်လို့ပါ"ဟု 7th Sense မှ ကိုဝေမင်းမောင်က ပြောသည်။

အခမ်းနားဆုံးမေတ္တာ ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးသည့် အခမ်းအနားမှ ရုပ်ရှင်သရုပ်ဆောင်များ

အခမ်းနားဆုံးမေတ္တာ ရုပ်ရှင်ဇာတ်ကားကြီးကို ဒါရိုက်တာ(အရဏ်ဦး)ပွင့်သီဂီဇော်က ရိုက်ကူးပုံဖော်မည်ဖြစ်ပြီး မိုးနီလွင်က ဇာတ်လမ်း ဇာတ်ညွှန်း ရေးသားကာ အဓိက သရုပ်ဆောင်များအဖြစ် နေတိုး၊ ရဲအောင်၊ သူရိယ၊ တိုင်ရွှန်၊ စိုးမြတ်သူဇာ၊ နေခြည်ဦး၊ မေဘရဏီသော်နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

7th Sense ရုပ်ရှင်ထုတ်လုပ်ရေးအနေဖြင့် သရုပ်ဆောင် နေတိုးအပြင် အခြားသော အနုပညာရှင်များနှင့်လည်း ဇာတ်ကားများရိုက်ကူးရန် ပြင်ဆင်ထားကာ ဇာတ်လမ်းများအနေဖြင့် စာရေးဆရာ ငြိမ်းကျော်၏ သမုဒယမော်ကွန်းတွင်ရစ်စေသတည်း ဝတ္ထုနှင့် ဆရာမ ခင်ခင်ထူး၏ အညာသူအညာသား ကျွန်မဆွေမျိုးများ ဝတ္ထုတို့ကို ဇာတ်လမ်းတွဲအဖြစ် ရိုက်ကူးရန်လည်း အစီအစဉ်ရှိကြောင်း သိရသည်။

ကိုလင်း

"ဘာညာဘာညာ" ရုပ်ရှင်ကားကြီး စတင် ရုံတင်ပြသလျက်ရှိ

မာန်ထက်ချီ ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ ပြည်ဟိန်းသီဟ ရိုက်ကူး၍ သရုပ်ဆောင် ဟိန်းဝေယံ၊ ကျော်ထူး၊ ဝတ်မှုံရွှေရည်၊ ခြူးလေးနှင့် ဟာသသရုပ်ဆောင်များ ပါဝင်ထားသော "ဘာညာဘာညာ" ရုပ်ရှင်ဇာတ်ကားကို မေ ၂ ရက်မှ စတင် ရုံတင်ပြသလျက်ရှိသည်။ ဟာသနှင့်အတူ ပညာပေးဇာတ်ကားတစ်ကားအဖြစ် ရိုက်ကူးထားသော အဆိုပါရုပ်ရှင်နှင့်ပတ်သက်၍ ဒါရိုက်တာနှင့် သရုပ်ဆောင်များ၏ ပြောစကားများကို စုစည်းဖော်ပြလိုက်ပါသည်။

ဒါရိုက်တာ ပြည်ဟိန်းသီဟ

ဒီကားက ကျွန်တော် ဗီဒီယိုဒါရိုက်တာဘဝကနေ ရုပ်ရှင်ဒါရိုက်တာအဖြစ် ကူးတဲ့အချိန်မှာ စတင်ရိုက်ကူးခဲ့တဲ့ကားလေးပါ၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ရိုက်ခဲ့တာပါ၊ အဲဒီအချိန်တုန်းက ဟာသကားဆို လူရွှင်တော်တွေ အများကြီးနဲ့ ရိုက်ရတဲ့ခေတ်ဆိုတော့ အခုအမြင်နဲ့ဆို နည်းနည်းတော့ ကြည့်ရတာ ကွာမယ်လို့ ခံစားရမှာပေါ့နော်၊ အဲဒီတုန်းက ကျွန်တော်လည်း အတွေ့အကြုံ သိပ်မရှိသေးတော့ လိုအပ်ချက်လေးတွေ ရှိနိုင်မှာပါ။

ဟိန်းဝေယံ

ကျွန်တော်က ပျော်ပျော်နေတတ်တဲ့ လူငယ်ဆရာဝန်တစ်ယောက်အဖြစ် ပါဝင်ထားပါတယ်၊ နတ်ကတော်ပုံစံ၊ ဂျပန်လူမျိုးတစ်ယောက်ပုံစံလည်း သရုပ်ဆောင်ထားပါတယ်၊ အချစ်ဟာသ ဇာတ်ကားလေးပါပဲ၊ အမှတ်တရတွေတော့ ဒီကားမှာ ရှိပါတယ်၊ ရိုက်ကွင်းမှာ အားလုံး လူစုံတက်စုံရှိနေတာရယ်၊ ဟာသကားလည်းဖြစ်တာရယ်ကြောင့် ပျော်ပျော်ပါးပါးလေး ရိုက်နိုင်ခဲ့ပါတယ်၊ ဒါရိုက်တာကအစ အားလုံး ကြိုးစားထားကြတာကို တွေ့ရမှာပါ။

ခြူးလေး

ဒီဇာတ်ကားထဲမှာ ဦးကျော်ထူးက တစ်ရွာတစ်ကျီဆောက်ပြီး သူနေမကောင်းဖြစ်တဲ့အချိန်မှာ အမွေခွဲဖို့ သူ့ရဲ့သားသမီးတွေကို လိုက်စုတယ်၊ အဲဒီမှာ ခြူးလေးက သူ့ရဲ့ သမီးအငယ်ဆုံး ရုပ်ရှင်မင်းသမီးအလုပ်ကို လုပ်နေတဲ့သူတစ်ယောက်အဖြစ် သရုပ်ဆောင်ထားပါတယ်၊ ဒီကားလေးက ခြူးလေးအတွက် ပြင်ဆင်မှုတွေအများကြီးလုပ်ခဲ့ရတဲ့ ကားလေးတစ်ကားပါ။

ကျော်ထူး

ဒီကားထဲမှာ ကျွန်တော်လုပ်ရတဲ့ ကာရိုက်တာက မိန်းမတွေအများကြီး လျှောက်ယူတဲ့သူနေရာက သရုပ်ဆောင်ထားတယ်၊ မိန်းမတွေယူတာကလည်း ဗေဒင်ကိန်းခန်းအရ မိန်းမများများယူရမယ် ဆိုတာကြောင့် ယူတာပေါ့နော်၊ ဒီကားမှာ နောက်ဆုံး ပရိသတ်ကို ပေးချင်တာလေးက အဖေဖြစ်သူရဲ့နှာရေး မြေချမယ့်အချိန်မှာ ဘယ်သူကမှ လှည့်မကြည့်ချင်ကြတော့ဘူး၊ လူတစ်ယောက်ဟာ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ နောက်ဆုံးမှာ သူ့အတွက် ကုန်ကျစရိတ်ကိုတောင် သားသမီးတွေက မလုပ်ပေးချင်ကြတော့ဘူး၊ အဲဒါလေးကို ပြချင်တာပါ။ ။

ကိုလင်း

နိုင်ငံတကာအနုပညာသတင်းပဒေသာ

ရက်ပ်အဆိုတော် အော့ဖ်ဆက်ကို ရဲများက ဖမ်းဝရမ်းထုတ်

ဂျော်ဂျီယာ ရဲတွေက ရက်ပ်အဆိုတော် အော့ဖ်ဆက်ကို ပရိသတ်တစ်ဦးရဲ့ လက်ထဲက ဖုန်းကို တိုက်ချလိုက်မှုနဲ့ ဖမ်းဝရမ်းထုတ်ခဲ့တယ်လို့ သိရပါတယ်။

အဲဒီအဖြစ်အပျက်ဟာ အတ္တလန်မြို့ ဆင်ခြေဖုံးရပ်ကွက်မှာ လွန်ခဲ့တဲ့သီတင်းပတ်တုန်းက ဖြစ်ပွားခဲ့တာဖြစ်ပြီး အော့ဖ်ဆက်ဟာ ပရိသတ်တစ်ဦးလို့ ယူဆရတဲ့လူရဲ့ လက်ထဲကဖုန်းကို တိုက်ချခဲ့တာကြောင့် ဖုန်းပျက်စီးခဲ့ရပါတယ်။ ဖုန်းပိုင်ရှင်ကတော့ အသက် ၁၈ နှစ်အရွယ် လူငယ်တစ်ဦးဖြစ်ပြီး သူ့ရဲ့ အမေရိကန်ဒေါ်လာ ၈၀၀ တန် အိုင်ဖုန်းဟာ အော့ဖ်ဆက်ကြောင့် ပျက်စီးခဲ့ရတယ်လို့ ပြောပါတယ်။

ဒီလိုမျိုး ဖမ်းဝရမ်းထုတ်ခံရတာ အော့ဖ်ဆက်အတွက် ပထမဆုံးအကြိမ် မဟုတ်ပါဘူး။ ၂၀၁၅ ခုနှစ်တုန်းကလည်း မူးယစ်ဆေးဝါးနဲ့ လက်နက်ပိုင်ဆိုင်မှုအတွက် ထိန်းသိမ်းခံခဲ့ရပါတယ်။ ထိန်းသိမ်းခံရစဉ်အတွင်းမှာလည်း အခန်းဖော်နဲ့ ရန်သတ်ခဲ့လို့ ထပ်မံတရားစွဲခံရပါတယ်။ အော့ဖ်ဆက်ရဲ့အမည်အရင်းကတော့ ကီရာရီစီးဖက်စ်ဖြစ်ပြီး တစ်စုံတစ်ဦးပိုင်ဆိုင်တဲ့ ပစ္စည်းပျက်စီးမှုနဲ့ ဖမ်းဝရမ်းထုတ်ခံရတာလို့ ရဲတပ်ကြပ်ကြီး ဆမ်ဝေါ်ရှမ်က ပြောပါတယ်။ **စီအင်နမ်အင်နီ**

ရက်ပ်အဆိုတော် အော့ဖ်ဆက်

ကီယာနိုက်တလေ၏ ဒုတိယကိုယ်ဝန်ကြောင့် ပရိသတ်များ အံ့အားသင့်

Pirates of the Caribbean ရုပ်ရှင်ဇာတ်ကားကြယ်ပွင့် ကီယာနိုက်တလေကတော့ Chanel J 12 က ပြုလုပ်တဲ့ပါတီမှာ ပွဲတက်ခဲ့ပြီး သူ့ရဲ့ဒုတိယကိုယ်ဝန်ကို ပြသခဲ့တာကြောင့် ပရိသတ်တွေအားလုံး အံ့အားသင့်ကုန်ကြပါတယ်။ အသက် ၃၄ နှစ်အရွယ် ကီယာနိုက်တလေဟာ မကြာခင်မှာပဲ ကလေးနှစ်ယောက်အမေ ဖြစ်တော့မှာပါ။

ပြင်သစ်နိုင်ငံ ပါရီမြို့မှာ မေ ၂ ရက်က Chanel J 12 ကနေ ကောက်တေးပါတီ ပြုလုပ်ခဲ့တာဖြစ်ပြီး အဲဒီပွဲမှာ ကီယာနိုက်တလေက ကိုယ်ဝန်ဆောင်နဲ့ ပွဲတက်ခဲ့ပါတယ်။ ကီယာနိုက်တလေမှာ အီဒီလို့ခေါ်တဲ့ သမီးလေးတစ်ဦးရှိပြီး ၂၀၁၅ ခုနှစ်မှာ မွေးဖွားခဲ့တာပဲ ဖြစ်ပါတယ်။ သမီးဦးလေးရဲ့နာမည်ကို အီဒီနိုက်တလေရစ်တန်လို့ အမည်ပေးခဲ့ပါတယ်။ ကီယာနဲ့ ဂျိမ်းရစ်တန်တို့ ပြင်သစ်နိုင်ငံတောင်ပိုင်းမှာ ၂၀၁၃ ခုနှစ်က လက်ထပ်ခဲ့ကြပါတယ်။ လွန်ခဲ့တဲ့နှစ်ကပဲ ကီယာက မိခင်တစ်ယောက်ရဲ့ဘဝဟာ သရုပ်ဆောင်တဲ့အလုပ်တွေအပေါ် အများကြီးသက်ရောက်မှုတွေရှိတယ်လို့ ပြောခဲ့ပါတယ်။ ရုပ်ရှင်ရိုက်ရင်းနဲ့ အခက်ကြုံရတာမျိုးလည်းရှိတယ်လို့ ပြောပါတယ်။ ကီယာဟာ သူ့သမီးလေးကို အမျိုးသမီးတွေဟာ အမျိုးသားတွေနဲ့ တန်းတူပဲဆိုတဲ့ အတွေးအခေါ်တွေ သင်ကြားပေးတယ်လို့ မကြာသေးခင်က ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ ပြောခဲ့ပါတယ်။ သူ့သမီးလေးကို ဒစ္စနေးလ်ရုပ်ရှင်တချို့ကို ကြည့်ခွင့်မပေးဘူးလို့ ပြောပါတယ်။ စင်အရဲလားဆိုရင် မင်းသားလေးလာကယ်မှာကိုပဲ စောင့်နေတာ။ ဒါမျိုးမဖြစ်သင့်ဘူး။ ကိုယ့်ကိုယ်ကိုယ် ကယ်တင်ရမှာလို့ ကီယာက ပြောပါတယ်။

အခုဆိုရင် ကီယာတို့မိသားစုမှာ နောက်ထပ်မိသားစုဝင်တစ်ဦး တိုးလာတော့မှာ ဖြစ်ပြီး ကလေးနှစ်ဦးနဲ့ သူတို့စုံတွဲရဲ့ဓာတ်ပုံတွေကို ပရိသတ်တွေက တွေ့မြင်ချင်လုပြီလို့ ပြောကြပါတယ်။ **ဟောလီဝုဒ်လိုက်ဖ်**

ကီယာနိုက်တလေနှင့် ခင်ပွန်းဖြစ်သူ ဂျိမ်းရစ်တန်တို့အတူ ပွဲတက်လာစဉ်။

ခြား

ပရိုနန်ဇီယေးရှင်း-ပရိုနောင်ဇေးရှင်း ကိစ္စ

မောင်ခင်မင် (ဓနုဖြူ)

"တူတော်မောင်ပါလား။ မလာတာကြာပါပကော"

"ဟုတ်ပါတယ် ဦးရယ်။ ကျွန်တော်လည်း အလုပ်ရှုပ်နေလို့ မလာဖြစ်တာပါ။ အခုကတော့ အချိန်ကလေးရလို့ရယ်၊ ဦးကို မေးချင်တာလေးရှိလို့ရယ်"

"ကဲ... ဆိုပါဦး"

"ဦးသိတဲ့အတိုင်း ကျွန်တော်လည်း ဝါသနာအလျောက် ရပ်ကွက်ထဲမှာ ကလေးတွေကို အင်္ဂလိပ်စာသင်ပေးနေတာကြာပါပြီ။ အခုတစ်လောမှာ တီဗွီကြည့်ရင်း ကိုယ့်အသံထွက်ကို မှန်မှန်ရဲ့လားလို့ သံသယဖြစ်လာလို့ပါ ဦးရယ်"

"ဟေ... ဘယ်လိုသံသယဖြစ်တာလဲကွ"

"ကျွန်တော်က အင်္ဂလိပ်စကား အသံထွက်မှန်အောင် အမြဲသတိထားပါတယ်။ အင်္ဂလိပ်အဘိဓာန်ထဲက အသံထွက်စနစ်ကိုလည်း လေ့လာပြီး မှန်အောင်ထွက်ပါတယ်။ ဦး သတိထားမိမလား မသိဘူး။ တီဗွီမှာ ကြော်ငြာတစ်ခုလာနေတာ 'လူတိုင်းအတွက် ရှက်က်' ဆိုပြီး အကျယ်ကြီးအော်တဲ့ကြော်ငြာလေ။ အဲဒီ 'ရှက်က်' ဆိုတာ ဘာပါလိမ့်ဆိုပြီး ကြည့်လိုက်တော့ သူပြတဲ့အင်္ဂလိပ်စာလုံးက shark ဖြစ်နေတယ် ဦးရဲ့"

"ဟေ shark ဆိုရင် 'ရှာ့က်' လို့ အသံထွက်မှ မှန်မှာပေါ့။ 'ရှက်က်' လို့ အသံထွက်တာ မှားတာပေါ့"

"ကျွန်တော့်စိတ်ထဲမှာတော့ ကျွန်တော့်အသံထွက်များ မှားသလားပေါ့။ ကျွန်တော်လည်း တစ်သက်လုံး 'ရှာ့က်' လို့ ထွက်တာပဲ။ အဘိဓာန်ပြန်ကြည့်တော့လည်း 'ရှာ့က်' လို့ပဲ အသံထွက်ရတာ သေချာနေပါတယ်"

"ဒီတော့..."

"တီဗွီကြော်ငြာလို တစ်ပြည်လုံးကို ကြော်ငြာတာမျိုးမှာတော့ ခုလို အသံထွက်မမှားသင့်ဘူးပေါ့နော်။ ကျွန်တော်စိုးရိမ်တာက ခုဆိုရင် မြန်မာအသံထွက်တွေ မှားရုံမကဘဲ အင်္ဂလိပ်အသံထွက်တွေလည်း မှားလာကြပြီလေ။ ဒါဆိုရင် အဲဒီအင်္ဂလိပ်စကားလုံးကို မြန်မာလို အသံဖလှယ်ရင်လည်း မှားဖို့များတာပေါ့နော်"

"အင်း... မင်းပြောလို့ သတိရလာတယ်။ တစ်ခုက မြန်မာစကားမှာ အဆုံးဗျည်းသံမထွက်တာ မင်းအသိပဲ။ အင်္ဂလိပ်စကားကတော့ အဆုံးဗျည်းသံထွက်တယ်။ ဒီတော့ အင်္ဂလိပ်စကားလုံးကို အသံဖလှယ်ရင် အဆုံးဗျည်းသံဖြုတ်ပြီး ဖလှယ်ကြတာ အစဉ်အလာပဲလေကွာ"

"ဟုတ်ကဲ့ပါ"

"ဘောလုံးကန်ရင် goal ကို 'ဂိုး' လို့ပဲ အသံဖလှယ်ခဲ့တာ၊ 'ဂိုးလ်' လို့ 'လ်' သံ ဘယ်သူထည့်လို့လဲ။ 'ဂိုးလ်သွားပြီလို့ ပြောသလား။ အဲဒီလိုပဲ college ကို ကောလိပ်၊ club ကို ကလပ်၊ style ကို စတိုင်၊ postcard ကို ပို့စကတ်လို့ ဖလှယ်ခဲ့ကြတာပဲ။ အဆုံးဗျည်းသံ မထည့်ပါဘူး။ ဒါကြောင့် ခုခေတ်ပေါ်တဲ့ email ကိုလည်း 'အီးမေး' လို့ ဖလှယ်ရင် အစဉ်အလာနဲ့ ညီပြီးသားပါ။ 'အီးမေးလ်' တို့၊ 'စတိုင်လ်' တို့၊ 'ဓမ္မစကူးလ်' တို့မှာ အဆုံးက 'လ်' ကြီးတွေနဲ့ အရုပ်ဆိုးလိုက်တာကွယ်။ အစဉ်အလာနဲ့လည်း မညီပါဘူး"

"အခုတော့ အဲဒီအဆုံးဗျည်းတွေ တော်တော်ပျောက်ကုန်ပြီထင်ပါတယ်"

"တစ်ခုတော့ရှိတာပေါ့။ သိပ္ပံပညာရှင်တွေ ပြောသလို 'ကလိုရိုက်ဒ်' နဲ့ 'ကလိုရိုက်တ်' ကွဲပြားဖို့ လိုတဲ့ စကားလုံးမျိုးမှာတော့ အဆုံးဗျည်းသံထည့်ရင် ပိုရှင်းတာပေါ့။ card ကျတော့ 'ကဒ်' လို့ လုပ်စရာ မလိုပါဘူးကွယ်။ 'ကတ်' ဆိုရင် နားလည်ပါတယ်။ မြန်မာစကားမှာ 'ဒ်' မှ မရှိတာ"

"ဟုတ်ကဲ့ပါ...ဦး"

"မြန်မာ့အာလျှာနဲ့လိုက်အောင် အသံဖလှယ်ခဲ့တဲ့ စကားလုံးတစ်လုံးက 'ဖလင်' ပဲ။ 'ဖလင်း' လို့လည်း သုံးတယ်။ အရင် 'အေဝမ်းဖလင်း' ဆိုတဲ့ ရုပ်ရှင်ကုမ္ပဏီရှိတယ်လေ။ မူရင်းစာလုံးက 'Film' မဟုတ်လား။ အဲဒါကို 'ဖင်လ်မ်' လို့ ဘယ်သူ အသံဖလှယ်လို့လဲ။ 'ဖလင်း' လို့ဖလှယ်တာ အခုအသုံးတွင်နေပြီလေ။ အဲဒီလိုပဲ ကားက 'Steering' ကို 'စီယာတိုင်' လို့ အသံဖလှယ်တာလည်း အခုတွင်ကျယ်နေပြီလေ"

"ဟုတ်ကဲ့ပါ"

"သတိရလို့ ပြောရဦးမယ်။ ပါလီမန်ခေတ်တုန်းက လွှတ်တော်ထဲမှာ အဲဒီပြဿနာ ဆွေးနွေးဖူးတယ်။ 'tube' ကို 'ကျွတ်' လို့ အသံဖလှယ်တာ တွင်ကျယ်နေပြီလေ။ စက်ဘီးက 'ကျွတ်ပေါက်သွားလို့'၊ 'ကျွတ်ဖာရမယ်' ဆိုတာမျိုး အများပြောနေကြတာ နားလည်းလည်တယ်။ အဲဒီ 'ကျွတ်' ကို အသံဖလှယ်တာ မကြိုက်ဘူးဆိုပြီး ဘာသာပြန်မယ်ဆိုပါတော့။ အဲဒီတုန်းက ပါလီမန်အမတ်တွေက ဆွေးနွေးတယ်။ ဘာသာပြန်ရင် ဟိုစက်ဘီးထဲက နီနီလုံးလေး...လေ၊ ရှည်ရှည်လေး... လေ၊ လေထိုးရတယ်လေ ဆိုတာမျိုး ရှင်းပြနေရင် အရှည်ကြီးဖြစ်နေမှာပေါ့...တဲ့။ မှတ်သားစရာပဲ"

"မှတ်သားထားပါ့မယ်...ဦး"

"အဲဒီတော့ အင်္ဂလိပ်စကားကို မြန်မာလို အသံဖလှယ်တဲ့စနစ်ဟာ ရှေးကတည်းက ခိုင်မာပြီးသားပါ။ လိုအပ်သလို မွမ်းမံဖြည့်စွက်ပြီး သုံးလို့ရပါတယ်။ အခုခက်နေတာက အသံဖလှယ်မယ့် မူလအင်္ဂလိပ်စကားကို အသံထွက်မှားပြီး ထွက်ရင်တော့ အသံဖလှယ်တဲ့ အခါမှာလည်း အတိမ်းအချော်တွေ ဖြစ်နိုင်တာပေါ့ကွာ"

"ဒါထက် တစ်ခုမေးပါရစေ... ဦးရယ်။ hand phone ဆိုတဲ့ စကားလုံးကို မြန်မာလိုရေးရင် အမျိုးမျိုးရေးနေကြတာ တွေ့ရလို့ပါ"

"ဟုတ်တယ်။ တချို့က ဟင်းဖုန်းတဲ့၊ တချို့က ဟန်းဖုန်းတဲ့၊ ဟဲန်ဖုန်းလို့ ရေးတဲ့သူလည်းရှိတယ်။ 'hand' နဲ့ အနီးစပ်ဆုံးကတော့ 'ဟင်း' ပဲ၊ island ကို 'အိုင်းလင်း'၊ trend ကို 'ထရင်း' လို့ ရေးတာတွေရှိတယ်လေ။ 'ဟင်းဖုန်း' က အနီးစပ်ဆုံးပေါ့။ 'ဟန်းဖုန်း' ကျတော့ အသံနည်းနည်းကွာတယ်။ 'ဟဲန်ဖုန်း' ကျတော့လည်း မြန်မာစာမှာ အဲဒီရေးထုံးမရှိဘူးလေ"

"ဟုတ်ကဲ့ပါ"

"ပြောရဦးမယ်။ တီဗွီထဲက ကြော်ငြာတွေမှာ 'တန်း၊ တန်း' နဲ့ အော်နေကြတာ ဘာပါလိမ့်လို့ သဘောမပေါက်ဘူး။ နောက်မှ 'ten' ကို ပြောတာမှန်းသိတယ်လေ။ 'တင်း' လို့ပြောရင် 'တန်း' ထက် ပိုနီးစပ်သေးတယ်။ 'တန်း' ဆိုတော့ သိပ်ကွာသွားရောလေ"

"ဟုတ်ကဲ့ပါ"

"တို့ ခဏခဏတော့ ရေးဖူးပါတယ်။ ဆင်တူယိုးမှား အင်္ဂလိပ်စကားလုံးကို မှားပြီးပြောတာ ဒီနေ့အထိ တွင်ကျယ်နေတဲ့ စကားလုံးတစ်လုံးရှိတယ်"

"ဘဏ်မှာ ငွေထုတ်ဖို့ ကျွန်မရဲ့စီနီယာနံပါတ်က အလှည့်မကျသေးဘူးဆိုတာမျိုး ပြောနေတာ မကြာခဏ ကြားနေရတယ်"

"ဟုတ်ကဲ့"

"အမှန်က serial ဆီရီယယ်ပါ။ serial run လို့ သုံးတယ်။ တစ် နှစ် သုံးစတဲ့ အမှတ်စဉ်ကို serial number လို့ ခေါ်တာ။ အင်္ဂလိပ်စာ ကောင်းကောင်း မတတ်တော့ senior စီနီယာနဲ့ မှားပြီး စီနီယာနံပါတ်လို့ ပြောနေတာ။ ဘတ်စ်ကားမောင်းတဲ့သူအစ ပါမောက္ခအဆုံး ကြားနေရတယ်လေ"

"ဟုတ်ကဲ့၊ သတိထားစရာပါ ဦး"

"လူရှေ့မှာပြောမိရင် ကိုယ်အင်္ဂလိပ်စာမတတ်ကြောင်း ကြေညာသလိုဖြစ်နေလို့ သိပ်ရှက်စရာကောင်းပါတယ်"

"ဟုတ်ကဲ့ပါ"

"နောက်တစ်လုံးက 'bias' ပါ။ ဗိုင်းယပ်ပေါ့။ ဘက်လိုက်တာကို ပြောတာ။ အဲဒါကို virus ဗိုင်းရပ်နဲ့ မှားပြီး 'ကျွန်တော့်မှာ ဗိုင်းရပ်မရှိပါဘူး' လို့ သူ့ဘက်မလိုက်တဲ့အကြောင်း ပြောတာမျိုး ကြားရတယ်။"

"နောက်တစ်ခုက အဲဒီ 'virus ပိုး' ကို ကြော်ငြာထဲမှာ မင်းသားတစ်ယောက်က 'ဗိုင်းယပ်ပိုးများကြောင့်' လို့ အသံထွက်မှားပြောတာလည်း ကြားရတယ်။ virus ကို ဗိုင်းရပ်လို့ ရကောက်လျှာလိပ်သံနဲ့ ပြောရမှာလေ"

"ဟုတ်ကဲ့ပါ"

"နောက်တစ်ခုက အင်္ဂလိပ်စကားလုံးမှာ 'r' သံမပါဘဲ မှားပြီး 'r' သံထည့်ပြောတာလည်း မကြာခဏ ကြားရတယ်။ ဟိုတစ်လောက သင်တန်းဆင်းပွဲတစ်ခုသွားတော့ ကျေးဇူးတင်စကားပြောမယ့် ကျောင်းသူကလေးက မပြောခင် အစမ်းလေ့ကျင့်နေတာ။ graduation (ဂရယ်ဂျူယေးရှင်း) ကို graduration (ဂရယ်ဂျူရေးရှင်း) လို့ 'r' ထည့်ပြီး မှားဆိုနေတာ၊ အခမ်းအနားမှာ အတည်ပြောတော့လည်း graduration လို့ပဲ r သံကြီး ထည့်ပြောနေတာ ဘယ်သူကမှလည်း ပြင်မပေးကြဘူးကွာ"

"ဩော"

"အဲဒီလိုပဲ၊ situation ကို situration လို့ 'r' သံထည့်ပြောတာ Ph.D ရပြီးသား ဆရာတွေရဲ့ ပါးစပ်ကကို ထွက်လာတာ။ ဒါက ဘာလဲဆိုတော့ သေသေချာချာမလေ့လာဘဲ နမော်နမဲ့ မှတ်သားခဲ့ကြတဲ့ သက်သေပေါ့ကွာ"

"ဟုတ်ကဲ့ပါ"

"တီဗွီမှာ အင်္ဂလိပ်စာသင်ခန်းစာပို့ချတဲ့ ဆရာတစ်ယောက်က egg- အက်ဂ်လို့ ဂယေယပင့်သံ ထွက်ပြနေတာလည်း ကြားရတယ်။ egg- အက်ဂ်လို့ 'ဂ်'သံနဲ့ ထွက်ရတာလေ။ မင်းလိုပဲ ငါများ အသံထွက်မှားသလားလို့ အဘိဓာန်ပြန်ကြည့်ရသေးတယ်။ သင်ကြားပို့ချတဲ့သူကိုယ်တိုင်က လွဲနေတော့ ဘယ်လိုလုပ်မလဲ"

"ဟုတ်ကဲ့"

"ပြောလက်စနဲ့ ပြောရဦးမယ်။ B.Arch, B.Tech ဆိုတဲ့ ဘွဲ့တွေ၊ ဗိသုကာဘွဲ့နဲ့ နည်းပညာဘွဲ့ပေါ့။ Architecture ကို Arch လို့ အတိုကောက်

"ဟုတ်ကဲ့ပါ။ ကြိယာဆိုရင် pronounce ပရိုနောင့်စ်လို့ အသံထွက်ပေမယ့် နာမ်ဆိုရင် pronounciation ပရိုနန်ဇီယေးရှင်းလို့ အသံထွက်ရတယ်ဆိုတာ ကျွန်တော်ငယ်ငယ်ကတည်းက အင်္ဂလိပ်စာဆရာက သင်ပေးခဲ့ပါတယ်... ဦး"

လုပ်ထားတာမို့ ဘီ 'အာ့ခ်' လို့ အသံထွက်ရတယ်။ Technology ကို အတိုကောက်လုပ်ထားတာမို့ ဘီတက်ခ်လို့ ထွက်ရမယ်။ အဲဒါကို 'ဘီအာ့ချ်'၊ 'ဘီတက်ချ်' လို့ 'ချ်' သံနဲ့ အသံထွက်နေကြလေရဲ့"

"ဟုတ်ကဲ့"

"တီဗွီဇာတ်လမ်းတစ်ခုမှာ ဆရာဝန်ကြီးလုပ်တဲ့ သူက heart attack ကို 'အဲဒါ heart attach ခေါ်တယ်' လို့ အသံထွက်မှားပြီးပြောတော့ ဆရာဝန်သိက္ခာကျတာပေါ့ကွာ"

"ဟုတ်ကဲ့ပါ"

"နောက်ဆုံး ခဏခဏကြားရတာ တစ်ခုရှိသေးတယ်။ 'အသံထွက်' ဆိုတဲ့ အင်္ဂလိပ်စကားကို ဘယ်လိုအသံထွက်မလဲ"

"ပရိုနန်ဇီယေးရှင်း pronunciation ပါ ဦး"

"အေး... ဟုတ်တယ်။ မင်းက အင်္ဂလိပ်စာဆရာဆိုတော့ မှားစရာမရှိဘူး။ အဲဒါ- တချို့ပရိုနောင်ဇေးရှင်း pronounciation လို့ အသံမှားထွက်နေကြတာ။ အရာရှိကြီးတွေတောင်ပါတယ်။ ရယ်စရာကောင်းတာက သူက ကလေးတွေကို အင်္ဂလိပ်စာ အသံထွက်မှန်အောင်ပြောဖို့ လမ်းညွှန်နေတာ။ သူကိုယ်တိုင်က pronounciation 'ပရိုနောင်ဇေးရှင်းမှန်အောင်ပြော' လို့ မှားပြောနေတယ်လေ"

"ဟုတ်ကဲ့ပါ။ ကြိယာဆိုရင် pronounce ပရိုနောင့်စ်လို့ အသံထွက်ပေမယ့် နာမ်ဆိုရင် pronounciation ပရိုနန်ဇီယေးရှင်းလို့ အသံထွက်ရတယ်ဆိုတာ ကျွန်တော်ငယ်ငယ်ကတည်းက အင်္ဂလိပ်စာဆရာက သင်ပေးခဲ့ပါတယ်... ဦး"

ဝက်စ်ဟမ်းအသင်းနှင့် ခံစစ်မှူး ဇာဘလက်တာတို့ စာချုပ်သစ်တစ်ရပ် ချုပ်ဆို

ထက်အောင်

ပရီမီယာလီဂ်ကလပ် ဝက်စ်ဟမ်းအသင်း ညာတောင်ပံ ခံစစ်မှူး ပါဘလို ဇာဘလက်တာသည် ဝက်စ်ဟမ်းနှင့် စာချုပ်သစ်တစ်ရပ် ချုပ်ဆိုခြင်းဖြင့် ကစားသမားဘဝမှ အနားယူရန် စဉ်းစားထားမှုကို အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။ ခံစစ်မှူး ဇာဘလက်တာနှင့် ဝက်စ်ဟမ်းအသင်းတို့သည် ၁၂ လသက်တမ်းရှိ စာချုပ်သစ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

> **ဝက်စ်ဟမ်းအသင်းမှာရှိတဲ့ လူတိုင်းက ဇာဘလက်တာနဲ့ ရှေ့ဆက် လက်တွဲသွားဖို့ လိုလားကြပါတယ်။ သူဟာ ကွင်းတွင်းမှာရော ကွင်းပြင်ပမှာက ပြောင်မြောက်တဲ့ ပရော်ဖက်ရှင်နယ်တစ်ဦးပါ။ သူဟာ အသင်းအတွက် အပြည့်အဝအာရုံ စိုက်ထားတဲ့ ဦးဆောင်သူလည်း ဖြစ်ပါတယ်။**

အသက် ၃၄ နှစ်အရွယ်ရှိ အာဂျင်တီးနား ကစားသမား ဇာဘလက်တာသည် ၂၀၁၇ ခုနှစ် မေလ ၂၆ ရက်တွင် မန်စီးတီးအသင်းမှ ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့ကြေးအလွတ်ဖြင့် ပြောင်းရွှေ့လာခဲ့ပြီး နောက် နှစ်နှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုထားရာ အဆိုပါ စာချုပ်သက်တမ်းမှာ ယခုနှစ်ရာသီတွင် ကုန်ဆုံးမည်ဖြစ်သည်။ ခံစစ်မှူး ဇာဘလက်တာသည် အစောပိုင်းက ယခုနှစ်ဘောလုံးရာသီအကုန်တွင် ကစားသမားဘဝမှ အနားယူရန် စဉ်းစားထားသူ ဖြစ်သည်။

ခံစစ်မှူး ဇာဘလက်တာက "အခုလို ဝက်စ်ဟမ်းအသင်းနှင့် စာချုပ်သစ် ချုပ်ဆိုနိုင်ခဲ့တာက သတင်းကောင်းဖြစ်ပြီး ကျွန်တော် အလွန်ပျော်ရွှင်မိပါတယ်။ ဝက်စ်ဟမ်းအသင်းမှာ ရှိနေရတဲ့ အချိန်တွေ ကိုလည်း ပျော်ရွှင်မိတယ်။ ဒီအသင်းမှာ ကျွန်တော့်အပေါ် လေးစားမှု အများကြီးရှိတယ်။ ကျွန်တော့်အနေနဲ့ ကစားသမားဘဝကို နှစ်သက်နေဆဲပါ။ ဒီအချက်က ကျွန်တော်ဟာ နောက်ထပ်တစ်ရာသီ ဆက်ကစားနိုင်သေးတယ်လို့ ခံစားမိစေပါတယ်"ဟု ပြောဆိုခဲ့သည်။

ဇာဘလက်တာနှင့် စာချုပ်သစ် ချုပ်ဆိုပြီးနောက် ဝက်စ်ဟမ်းအသင်းက သတင်းထုတ်ပြန်ရာတွင် "ဝက်စ်ဟမ်းအသင်းမှာရှိတဲ့ လူတိုင်းက ဇာဘလက်တာနဲ့ ရှေ့ဆက်လက်တွဲသွားဖို့ လိုလားကြပါတယ်။ သူဟာ ကွင်းတွင်းမှာရော ကွင်းပြင်ပမှာက ပြောင်မြောက်တဲ့ ပရော်ဖက်ရှင်နယ်တစ်ဦးပါ။ သူဟာ အသင်းအတွက် အပြည့်အဝ အာရုံစိုက်ထားတဲ့ ဦးဆောင်သူလည်းဖြစ်ပါတယ်"ဟု ဖော်ပြခဲ့သည်။

ခံစစ်မှူး ဇာဘလက်တာသည် ဝက်စ်ဟမ်းအသင်းအတွက် ယခုနှစ် ဘောလုံးရာသီတွင် ပါဝင်ကစားထားသည့် ၂၆ ပွဲအပါအဝင် စုစုပေါင်း ၆၅ ပွဲ ပါဝင်ကစားပေးထားသူ ဖြစ်သည်။

၂၀၀၈ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ မန်စီးတီးအသင်းတွင် ပါဝင်ကစားခဲ့စဉ်အတွင်း ခံစစ်မှူး ဇာဘလက်တာသည် ပရီမီယာလီဂ်ချန်ပီယံဆုဖလား နှစ်ကြိမ်၊ အက်ဖ်အေဖလားတစ်ကြိမ်၊ ကားလင်းဖလား နှစ်ကြိမ်၊ ကွန်မြူနတီဒိုင်း တစ်ကြိမ် ရယူနိုင်ခဲ့သူဖြစ်သည်။

PFA ဆုအတွက်အထိုက်တန်ဆုံးသူ သို့မဟုတ် ဗန်ဒိုက်

အောင်က

လီဗာပူးခံစစ်ကစားသမားဗန်ဒိုက်ဟာ စတာလင်း၊ အဂူရို၊ ဘာနာဒိုဆေးလ်ဗား၊ မာနေး၊ ဟာဇက်တို့ကိုဖြတ်ကျော်ပြီး PFA ရဲ့တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကိုရရှိခဲ့တယ်။ စတာလင်းရဲ့ဒီနှစ်ရာသီခြေစွမ်းကကောင်းလွန်းတယ်ဆိုတာဟာ သေချာတယ်။ ဒါပေမယ့် PFA ရဲ့တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဗန်ဒိုက်ရသင့်တယ်ဆိုတာကတော့ ခြွင်းချက်မရှိ လက်ခံရမယ့်အရာဖြစ်တယ်လို့ ဆိုရမယ်။

လီဗာပူးအသင်းအနေနဲ့ ဆုဖလားရမယ် မရဘူးဆိုတာက ကောက်ချက်ဆွဲလို့မရသေးတဲ့အခြေအနေမှာ ရှိနေတယ်။ ဒါပေမယ့် ဒီနှစ်ရာသီ လီဗာပူးရဲ့ခြေစွမ်းတွေနဲ့ လက်ရှိရပ်တည်နေမှုတွေကတော့ အကောင်းဆုံးရာသီတစ်ခုကို ပိုင်ဆိုင်ထားတယ်ဆိုတာက သိသာလွန်းတယ်။ လီဗာပူးအသင်းဟာ ပရီမီယာလီဂ်မှာတော့ အကောင်းဆုံးရမှတ်တွေကို သိမ်းပိုက်ထားနိုင်သလို ချန်ပီယံလီဂ်မှာလည်း ဆီမီးဖိုင်နယ် ရောက်ရှိနေခဲ့ပြီ။

လီဗာပူးအသင်းရဲ့တိုက်စစ်ပိုင်းကတော့အပြောင်းအလဲသိပ်မရှိဘူး။ ပြီးခဲ့တဲ့ရာသီက ရခဲ့တဲ့ဂိုးနဲ့သိပ်မကွာဘူးလို့ ပြောရမယ်။ ဒါပေမယ့် အခြားတစ်ဖက်မှာတော့ ပြောင်းလဲမှုတွေရှိနေခဲ့တယ်။ အဲဒါကတော့ လီဗာပူးအသင်းဟာ ပရီမီယာလီဂ် ၃၆ ပွဲမှာ ပေးဂိုးအနေနဲ့ ဂိုး ၂၀ သာရှိသလို ဂိုးမပေးရတဲ့ပွဲပေါင်းကလည်း ပွဲ ၂၀ ရှိခဲ့တယ်။ ဒါပေမယ့် အဲဒီလိုအခြေအနေတွေဟာ ဗန်ဒိုက် သာမရှိဘူးဆိုရင်တော့ ဖြစ်နိုင်စရာမရှိဘူးလို့ ဆိုရမယ်။

ဟော်လန်ကစားသမား ဗန်ဒိုက်ရဲ့ခြေစွမ်းတွေက ကောင်းမွန်လွန်းပြီး တစ်ပွဲထက်တစ်ပွဲတိုးတက်မှုတွေကလည်း အသိအမှတ်ပြုရမယ်။ သူဟာ ပရီမီယာလီဂ်ပွဲတိုင်းကို ပါဝင်ကစားထားခဲ့ပြီး ပြိုင်ဘက်တိုက်စစ်မှူးတွေကို အကောင်းဆုံးဟန့်တားနိုင်ခဲ့တယ်။ လီဗာပူးအသင်းနဲ့အတူ ကစားခဲ့တဲ့ မိနစ်ပေါင်းက ၃၂၀၅ မိနစ်ရှိခဲ့တယ်။

ဗန်ဒိုက်ဟာ ပြိုင်ဘက်ကစားသမားကောင်းတွေအတွက် စိုးရိမ်ထိတ်လန့်စရာကစားသမားတစ်ဦးဖြစ်ခဲ့ပေမယ့် အသင်းဖော်တွေအတွက်တော့ အားကိုးအားထားပြုရတဲ့ ကစားသမားတစ်ဦးဖြစ်ခဲ့တယ်။ ဂျိုးဂိုမက်ဇ်၊ လိုဗရန်၊ မာတစ်တို့ကလည်း သူနဲ့တွဲဖက်ပြီး အကောင်းဆုံးကစားနိုင်ခဲ့သလို ရော်ဘတ်ဆန်၊ အာနိုးတို့ကလည်း အတွဲညီညီကစားနိုင်ခဲ့တယ်။

ဗန်ဒိုက်ရဲ့အသင်းအပေါ်ဦးဆောင်နိုင်မှုနဲ့ပတ်သက်ပြီး တိုင်းတာဖို့ကတော့ ခက်ခဲပါတယ်။ ဒါပေမယ့် အသင်းရဲ့ ခံစစ်ပိုင်းမှာ လွှမ်းမိုးမှုရှိခဲ့တာက အသေအချာလို့ပြောရမယ်။ ကစားသမားတွေရဲ့ အချက်အလက်တွေနဲ့ပတ်သက်ပြီး ရေးသားလေ့ရှိတဲ့ Opta ဝက်ဘ်ဆိုက်ရဲ့အဆိုအရ အသက် ၂၇ နှစ်ရှိပြီဖြစ်တဲ့ ဗန်ဒိုက်ရဲ့ဘောလုံးရှင်းထုတ်နိုင်မှု၊ ဘောလုံးဖျက်ထုတ်နိုင်မှု၊ အမြင့်ဘောတွေအောင်မြင်စွာရယူနိုင်မှု၊ အောင်မြင်တဲ့ဘောလုံးပေးပို့မှုတွေမှာတော့ အသင်းရဲ့ကစားသမားတွေထဲမှာ သူထက်ကောင်းတဲ့သူမရှိဘူးလို့ ဆိုပါတယ်။

သူ့အနေနဲ့ကလည်း အသင်းနဲ့အတူ စဉ်ဆက်မပြတ်အကောင်းဆုံးခြေစွမ်းတွေပြသဖို့ကတော့မလွယ်ဘူးလို့ ပြောရမှာပါ။ ပြီးခဲ့တဲ့ မတ်လကစားခဲ့တဲ့ အဲဗာတန်အသင်းနဲ့ပွဲမှာဆိုရင် ခြေစွမ်းအနည်းငယ်ကျခဲ့ပါသေးတယ်။ ဒါကြောင့်လည်း လီဗာပူးအသင်းဟာ ဂိုးမရှိသရေကျခဲ့ပြီး ရမှတ် နှစ်မှတ် ဆုံးရှုံးခဲ့ပါသေးတယ်။ ဒါပေမယ့်အဲဒီပွဲမှာ အဲဗာတန်အသင်းမှာ ဗန်ဒိုက်တို့ကို ကျော်လွန်ပြီး ဂိုးမသွင်းယူနိုင်ခဲ့ပါဘူး။

စပါးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ခဲ့တဲ့ပွဲမှာဆိုရင်လည်း ဗန်ဒိုက်ရဲ့အခန်းကဏ္ဍက အရေးပါခဲ့ပါတယ်။ အဲဒီပွဲရဲ့ အဆုံးအဖြတ်ဟာ စပါးကစားသမား အယ်ဒါဝီရတ်ရဲ့ကိုယ့်ဂိုးကိုသွင်းယူမှုကြောင့်လို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် ဗန်ဒိုက်ရဲ့ ကြိုးစားဖျက်ထုတ်မှုတွေကြောင့် ဆီဆိုခ်ု၊ ဆွန်ဟောင်မင်တို့ ဂိုးမသွင်းနိုင်ခဲ့တာကတော့ ထည့်တွက်စဉ်းစားရမှာဖြစ်ပါတယ်။

ဒါကြောင့်လည်း Sky Sports ရဲ့ဘောလုံးရေးရာလေ့လာသုံးသပ်သူ အဖြစ်လုပ်ကိုင်နေတဲ့ ဂယ်ရီနေဗီးလ်က လူငယ်ခံစစ်မှူးတွေအနေနဲ့ ဗန်ဒိုက်ကို ကြည့်ရှုပြီးလေ့လာသင်ယူသင့်တယ်လို့ အကြံပေးပြောဆိုခဲ့ပါသေးတယ်။

ဗန်ဒိုက်ဟာ တစ်ကိုယ်တော်စွမ်းရည်အနေနဲ့ ခံစစ်ပိုင်းအတွက်သာမက တိုက်စစ်ပိုင်းအတွက်ပါ အားဖြည့်ကစားပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

သူဟာ ဒီနှစ်ရာသီမှာတော့ အသင်းနဲ့အတူ ပြိုင်ပွဲစုံမှာတော့ ခုနစ်ဂိုး သွင်းယူပေးထားသူလည်းဖြစ်၊ အမြင့်ဘောတွေကနေ ဂိုးပေါက် ခြိမ်းခြောက်နိုင်မှုတွေ လုပ်ဆောင်ပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ ဒါ့အပြင် သူဟာ ဂိုးရအောင် လေးကြိမ်တိုင် ပံ့ပိုးပေးထားနိုင်သူလည်း ဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့တဲ့ ချန်ပီယံလီဂ်ပွဲစဉ်မှာဆိုရင်လည်း သူရဲ့အဝေးကန်တင်မှုကတစ်ဆင့် မာနေးကို အဖွင့်ဂိုးသွင်းယူနိုင် အောင်ဖန်တီးပေးခဲ့တာလည်း ဖြစ်ပါတယ်။

အခုဆိုရင်လည်း လီဗာပူးအသင်းဟာ ဆုဖလားနဲ့အတူ အကောင်းဆုံးရာသီတစ်ခုအဖြစ် အဆုံးသတ်နိုင်ဖို့ မျှော်လင့်နေပါတယ်။ ဘာဖြစ်မယ်ဆိုတာကိုတော့ မသိနိုင်သေးပါဘူး။ ဒါပေမယ့် ဗန်ဒိုက်ဟာ ၂၀၁၈-၁၉ ရာသီအတွက် PFA ရဲ့တစ်နှစ်တာအကောင်းဆုံးဆုအတွက် အထိုက်တန်ဆုံးသူ ဖြစ်တယ်ဆိုတာကတော့ သံသယဝင်စရာ မလိုအောင် သေချာလွန်းတယ်လို့ ဆိုရမှာပါ။ ။

> **ဗန်ဒိုက်ဟာ ဒီနှစ်ရာသီမှာတော့ အသင်းနဲ့အတူ ပြိုင်ပွဲစုံမှာတော့ ခုနစ်ဂိုး သွင်းယူပေးထားသူလည်းဖြစ်၊ အမြင့်ဘောတွေကနေ ဂိုးပေါက် ခြိမ်းခြောက်နိုင်မှုတွေ လုပ်ဆောင်ပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ ဒါ့အပြင် သူဟာ ဂိုးရအောင် လေးကြိမ်တိုင် ပံ့ပိုးပေးထားနိုင်သူလည်း ဖြစ်ပါတယ်။**

ရီးရဲမက်ဒရစ်အသင်းနှင့် စပါးကစားသမား အဲရစ်ဆင်တို့အကြား ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီမှုရရှိခဲ့ပြီဟု သတင်းထွက်ပေါ်

စပိန်ကလပ် ရီးရဲမက်ဒရစ်အသင်း သည် လာမည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလအတွင်း စပါးအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ခရစ္စတီယန်အဲရစ်ဆင်အား ခေါ်ယူရေးအတွက် နှုတ်အားဖြင့် ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များ သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း စပိန်သတင်းစာ AS က ရေးသားဖော်ပြခဲ့သည်။ သို့သော်လည်း အဲရစ်ဆင်နှင့် ရီးရဲအသင်းတို့ကြား မည်သည့်အချက်အလက်များ သဘောတူညီမှုရရှိခဲ့သည်ဆိုသည်ကိုမူ AS သတင်းစာက ဖော်ပြခဲ့ခြင်းမရှိပေ။

ရီးရဲအသင်းအနေဖြင့် ဒိန်းမတ်ကစားသမား အဲရစ်ဆင်အား ခေါ်ယူနိုင်ရေးအတွက် ပြောင်းရွှေ့ကြေးသတ်မှတ်နိုင်ရန် စပါးအသင်းနှင့် ဆွေးနွေးမှုများလည်း ပြုလုပ်နေကြောင်း အဆိုပါသတင်းစာက ဆက်လက်ရေးသားထားသည်။

ကွင်းလယ်တိုက်စစ်ကစားသမား အဲရစ်ဆင် (၂၇ နှစ်)သည် ၂၀၁၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်တွင် အိုင်းယက်စ် အသင်းမှ စပါးအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၁၁ သန်းဖြင့် ပြောင်းရွှေ့လာသူဖြစ်ကာ လက်ရှိအချိန်တွင် စပါးအသင်း၏ အဓိက ကစားသမားတစ်ဦးအဖြစ် ရပ်တည်နေသူဖြစ်သည်။ စပါးအသင်းနှင့် ကွင်းလယ်တိုက်စစ်ကစားသမား အဲရစ်ဆင်တို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့ပြီး အဲရစ်ဆင်သည် စပါးအသင်းနှင့် နှစ်ရှည်စာချုပ်သစ် ချုပ်ဆိုရန် ငြင်းဆိုထားခြင်းကြောင့် ရီးရဲအသင်းအနေဖြင့် အဲရစ်ဆင်အား ခေါ်ယူရေးအတွက် အလားအလာကောင်းနေသည်ဟုဆိုသည်။ စပါးအသင်း မန်နေဂျာ ပိုချက်တီနိုကမူ အဲရစ်ဆင်အားစပါးနှင့် နှစ်ရှည် စာချုပ်သစ် ချုပ်ဆိုရန် တိုက်တွန်းပြောဆိုထားသည်ဟုဆိုသည်။ ကွင်းလယ်တိုက်စစ်ကစားသမား အဲရစ်ဆင်သည် စပါးအသင်းအတွက် စုစုပေါင်း ၂၇၁ ပွဲ ပါဝင်ကစားထားကာ ၆၅ ဂိုးသွင်းယူပေးထားပြီး အသင်းဖော်များ ဂိုးသွင်းယူနိုင်ရန်အတွက် ၈၆ ကြိမ်အထိ ဖန်တီးပေးထားနိုင်သူဖြစ်သည်။

ထက်အောင်

ရခိုင်ပြည်နယ်တွင် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဆေးပစ္စည်းဝန်ဆောင်မှုတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုများအား လေ့လာဆန်းစစ်

စစ်တွေ မေ ၃

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာနနှင့် UNFPA တို့ ပူးပေါင်း၍ လင်မှုနှင့် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာဆေးပစ္စည်းနှင့် ဝန်ဆောင်မှုတို့အတွက် ကျန်းမာရေး စောင့်ရှောက်မှုပေးသော နေရာများအား လေ့လာဆန်းစစ်မှုတစ်ရပ်ကို ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ မြို့နယ်အတွင်း ၈ပြီ ၂၃ ရက်မှ မေ ၄ ရက်အထိ စစ်တမ်းကောက်ယူလျက်ရှိကြောင်း သိရသည်။

ယခုကောက်ယူနေသည့် စစ်တမ်းသည် မျိုးဆက်ပွားကျန်းမာရေးအတွက် လိုအပ်မှု ရှိ မရှိ စစ်တမ်းကောက်ယူခြင်းဖြစ်ပြီး ကောက်ယူပြီးပါက အသိပေးထုတ်ပြန်ပေးသွားမည် ဖြစ်ကြောင်း ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်လွင်က ပြောကြားသည်။

အထောက်အပံ့ပေးနေ

UNFPA ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Ramanathan Balakrishnan က "UNFPA အနေနဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးမှာ သားဆက်ခြားနည်းလမ်းတွေ၊ သားဖွားမိခင်အတွက် လိုအပ်တဲ့ အသက်ကယ်ဆေးတွေကိုရရှိစေဖို့မြန်မာအစိုးရကို ကူညီပံ့ပိုးပေးပါတယ်။ ဒဲ့အပြင် လင်မှုနှင့် မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုတွေကိုလည်း မိခင်သေဆုံးမှုမြင့်မားတဲ့ ဒေသတွေမှာ အထောက်အပံ့ပေးနေပါတယ်"ဟု ပြောသည်။

၂၀၁၄ ခုနှစ်မှစ၍ လင်မှုနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဆေးပစ္စည်းနှင့် ဝန်ဆောင်မှုတို့အတွက် ကျန်းမာရေး၊ စောင့်ရှောက်မှုပေးသောနေရာများအား လေ့လာဆန်းစစ်မှုအား လင်မှုနှင့်မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ကုလသမဂ္ဂ အေဂျင်စီဖြစ်သော UNFPA ၏ အထောက်အပံ့ဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဆေးသုတေသနဦးစီးဌာနမှ နှစ်စဉ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယင်းစစ်တမ်းကောက်ယူခြင်းအား တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ကျေးလက်ကျန်းမာရေးဌာနမှစ၍ ဒေသတွင်း ဆေးရုံကြီးများအပါအဝင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုစနစ် အဆင့်ဆင့်အပေါ်အခြေပြုကာ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံရှိ မိခင်သေဆုံးမှု

အဆိုပါလေ့လာဆန်းစစ်မှုကို အိမ်ထောင်စုတစ်ခုချင်းအလိုက် အခြေပြုကောက်ယူခြင်းမဟုတ်ဘဲ ကျန်းမာရေးစောင့်ရှောက်မှုပေးသောနေရာများကိုသာ ရွေးချယ်ပြုလုပ်ခြင်းဖြစ်ပြီး နိုင်ငံတစ်ဝန်းရှိ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုပေးသောနေရာများတွင် ခေတ်မီသားဆက်ခြားပစ္စည်းများနှင့် သားဖွားမိခင်အတွက် လိုအပ်သည့် အသက်ကယ်ဆေးဝါးများ မည်သည့်အတိုင်းအတာအထိ ကျယ်ကျယ်ပြန့်ပြန့်ရရှိနေမှုကို လေ့လာဆန်းစစ်ရန်၊ ကလေးမွေးဖွားစဉ် သွေးထွက်လွန်ခြင်းကို ရပ်တန့်စေသည့် ဆေးဝါးများနှင့် အသက်ကယ်ဆေးဝါးရရှိမှု စသည်တို့ပါဝင်သည်။ ၁၉၆၉ ခုနှစ်က မြန်မာအမျိုးသမီးတစ်ဦးလျှင် ပျမ်းမျှကလေးခြောက်ယောက် မွေးဖွားခဲ့သည်။ နှစ် ၅၀ကြာပြီးနောက် ယနေ့တွင် မြန်မာအမျိုးသမီးတစ်ဦး၏ ကလေးမွေးဖွားမှုနှုန်းမှာ ပျမ်းမျှ ၂ ဒသမ ၅ ယောက် အထိကျဆင်းသွားပြီး မြန်မာနိုင်ငံရှိ မိခင်သေဆုံးမှုနှုန်းသည် အရှေ့တောင်အာရှဒေသအတွင်းတွင် ဒုတိယအများဆုံးဖြစ်နေသည်။ မိခင်သေဆုံးမှုအချိုးအစားမှာ ခန့်မှန်းခြေအားဖြင့် ကလေးအယောက် တစ်သိန်းမွေးတိုင်း မိခင် ၂၈၂ ယောက်သေဆုံးနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၌ နှစ်စဉ် ကိုယ်ဝန်ဆောင်စဉ်နှင့် ကလေးမွေးဖွားစဉ် အမျိုးသမီးဦးရေ ၃၀၀၀ ခန့် သေဆုံးနေသည်။

မိခင်သေဆုံးမှုများစွာကို လျှော့ချနိုင်

ခေတ်မီသားဆက်ခြားနည်းလမ်းမျိုးစုံနှင့် သားဖွားမိခင်အတွက် လိုအပ်သည့် အသက်ကယ်ဆေးများ လိုအပ်သည့်အချိန်တွင်ရရှိနိုင်ပါက အမျိုးသမီးများသည် မလိုလားအပ်သော ကိုယ်ဝန်ဆောင်ခြင်းမျိုးမှ ရှောင်ရှားနိုင်ပြီး လုံခြုံစိတ်ချရမှုမရှိသည့် ကိုယ်ဝန်ဖျက်ချခြင်း ပိုမိုနည်းပါသွားပြီး မိခင်သေဆုံးမှုများစွာကို လျှော့ချနိုင်မည် ဖြစ်သည်။

အထက်ပါ လေ့လာဆန်းစစ်မှုနှင့်ပတ်သက်ပြီး အသေးစိတ်သိရှိလိုပါက ၂၀၁၆ ခုနှစ် လင်မှုနှင့် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ဆေးပစ္စည်းနှင့် ဝန်ဆောင်မှုတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးသော နေရာများအား လေ့လာဆန်းစစ်မှုအစီရင်ခံစာတွင် လေ့လာနိုင်ပြီး မျိုးဆက်ပွားကျန်းမာရေးရေးဆိုင်ရာ ဥပဒေတွင်လည်း မိခင်တစ်ဦးသည် သုံးနှစ်ခြားတွင် ကလေးတစ်ဦးယူသင့်ကြောင်း ပါရှိသည်။

သန့်ဇင်ဝင်း၊ နေသစ်ဦး

အောင်လံ၌ လေတိုက်၍ ပျက်စီးမှုအတွက် ထောက်ပံ့ငွေပေးအပ်

အောင်လံ မေ ၃

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် မိုးဖုန်းကျေးရွာ၌ လေတိုက်ခတ်မှုကြောင့် နေအိမ်တစ်လုံးအမိုးလန်ပျက်စီးခဲ့မှုအတွက် ခရိုင်ဘေးနှစ်ရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးခန်းမ၌ ပြုလုပ်ရာ လေဘေးသင့်အိမ်ထောင်စုတစ်စု လူဦးရေ ခြောက်ဦးတို့အတွက် ဆန်ရိက္ခာဖိုး ခုနစ်ရက်စာ ငွေကျပ် ၁၂၆၀၀ နှင့် နေအိမ်အတွက် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၂၅၀၀၀ စုစုပေါင်း ငွေကျပ် ၃၇၆၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်းကိုးမျိုးတို့အား ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဒေါ်လင်းလင်းအောင်ကပေးအပ်ရာ အိမ်ရှင် ဦးဝင်းဆွေကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဌေးနိုင်က လက်ခံယူခဲ့ကြောင်း သိရသည်။

သိန်းလွင်(အောင်လံ)

ပခုက္ကူမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးကျင်းပ

ပခုက္ကူ မေ ၃

ပခုက္ကူမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးကို ပခုက္ကူခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပသည်။

ခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးဇော်ဌေးအောင်က ခရိုင်အတွင်း သဘာဝဘေး အန္တရာယ်များကျရောက်ပါက ဌာနဆိုင်ရာများ၊ INGO ၊ CSO များနှင့် ချိတ်ဆက်ဆောင်ရွက်ရန် သတင်းအချက်အလက် အရေးပါမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဦးနေဝင်းက သဘာဝဘေးအန္တရာယ်ကျရောက်ပြီး ကူညီဆောင်ရွက်နေမှုများ၊ မကျရောက်မီကြိုတင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မှု ရေရရှိရေးကူညီထောက်ပံ့မှုများ၊ ယခုနှစ်ရာသီ ရေပြတ်လပ်ရွာများကို ရေလှေ၊ဒါန်းပေးမှု အခြေအနေများ၊ မုန်တိုင်းဒဏ်ခံ အဆောက်အအုံများ တည်ဆောက်ပေးရန် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ပခုက္ကူမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးကျင်းပနေစဉ်။

ဇူလိုင်လအတွင်း တိုက်ခတ်ခဲ့သော လေပြင်းကြောင့် မြိုင်၊ ပခုက္ကူ၊ ပေါက်မြို့နယ်များရှိ အိမ်ခြေ ၃၀၀ ခန့် ထိခိုက်ပျက်စီး၍ ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရှိရပြီး ယခုမေလတွင် မုန်တိုင်းသဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်ခြင်းကို ပခုက္ကူ၊မြို့နယ် ရေလာလေးကျေးရွာတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကိုတမာ

ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် ဝန်ကြီးဌာနရုံးများတွင် စာအုပ်များ ဌားရမ်းလျက်ရှိ

နေပြည်တော် မေ ၃

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ယမန်နေ့က ဟိုတယ်နှင်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့တွင် ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်များ ဌားရမ်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် စာအုပ်များ ဌားရမ်းပေးခြင်းကို အားလပ်ချိန်မှာ စာဖတ်ပါဆောင်ပုဒ်နှင့်အညီ ဝန်ထမ်းများ စာပေဖတ်ရှုလေ့လာနိုင်စေရန် ၊ စာပေနှင့် အဆက်မပြတ်ထိတွေ့မှုရှိစေရန်၊ စာပေဖတ်ရှုလေ့လာလိုသည့် ဝန်ထမ်းများ၏ဆန္ဒကို စာဖတ်သူရှိရာအရောက် စာအုပ်ငှားရမ်းပေးရန်ဟူသော ရည်ရွယ်ချက်များဖြင့် ဝန်ကြီးဌာန ၁၈ ရုံးသို့ ရက်သတ္တနှစ်ပတ်လျှင် တစ်ကြိမ်နှုန်း ရုံးဖွင့်ရက်များတွင် သတ်မှတ်နေ့ရက်များအတိုင်း ဌားရမ်းပေးလျက်ရှိသည်။ ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်တွင် သုတရသစာအုပ်ပေါင်း ၃၅၀၀ ဖြင့် ရုံးအရောက် ဌားရမ်းပေးနေသည့်အတွက် စာဖတ်သူများမှာ စာအုပ်မျိုးစုံကို အချိန်မကုန်၊ အလုပ်အကိုင်မပျက်ဘဲ ဖတ်ရှုလေ့လာနိုင်ကြောင်း သိရသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဝန်ထမ်းများ စာပေဖတ်ရှုလေ့လာနိုင်ရေးအတွက် ဝန်ကြီးဌာနခြောက်ခုသို့လည်း သံစာအုပ်စင် သုံးစင်၊ စာအုပ်ပေါင်း ၃၀၀ အုပ်စီကို ပေးပို့ထားရှိပြီး သုံးလတစ်ကြိမ် လဲလှယ်ဖတ်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အတူ ပြည်သူများ အသိပညာဖွံ့ဖြိုးရေး အထောက်အကူပြုစေရန် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ ရုံးစာကြည့်တိုက်များကို လူထုအခြေပြုဗဟိုဌာနအဖြစ် အဆင့်မြှင့်တင်ပြီး ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ရပ်ကွက်၊ ကျေးရွာနှင့် စာသင်ကျောင်းများသို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့နှင့် ပူးပေါင်း၍ ကျေးရွာများနှင့် စာသင်ကျောင်းများသို့ ရွှေ့လျားစာကြည့်တိုက်အဖြစ် သုံးဘီးဆိုင်ကယ်များဖြင့်လည်းကောင်း စာအုပ်များ ဌားရမ်းပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဆိုင်ကလုန်းမုန်တိုင်းဖန်နီ သဘာဝဘေးအတွက် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ကြိုတင်လေ့ကျင့်

မြောက်ဦး မေ ၃

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မီးသတ်ဦးစီးဌာနလက်အောက်ရှိ မြို့နယ်မီးသတ်စခန်းများဖြစ်သော မြောက်ဦးမြို့နယ် မီးသတ်စခန်း၊ ကျောက်တော်မြို့နယ် မီးသတ်စခန်း၊ မင်းပြားမြို့နယ် မီးသတ်စခန်းနှင့် မြေပုံမြို့နယ် မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော အလွန်အလွန်အားကောင်းလာသည့် ဖန်နီဆိုင်ကလုန်းမုန်တိုင်းအခြေအနေကြောင့် ရှာဖွေကယ်ဆယ်ရေးလေ့ကျင့်မှုများကို အသင့်အနေအထားဖြင့် ကြိုတင်ပြင်ဆင် လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မီးသတ်ဝန်ထမ်းများ ရှာဖွေကယ်ဆယ်ရေးလေ့ကျင့်ရန် ပြင်ဆင်နေစဉ်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် သံတွဲဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးဆွေးနွေး

သံတွဲ မေ ၃

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့်အတူ ယမန်နေ့က သံတွဲမြို့နယ်မျှားချောင်းကျေးရွာ သာသနရက္ခိတဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှုဒ္ဓယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ ဘုန်းတော်ကြီးကျောင်းအောက်ထပ်တွင် ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ အမှာစကားပြောကြားသည်။

ထိုသို့ ပြောကြားရာတွင် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်း တိုင်ပင်ဆုံးဖြတ်လုပ်ဆောင်ရန် ရည်ရွယ်ချက်နှင့် ယခုလိုဆွေးနွေးပွဲများ လုပ်ဆောင်ရခြင်းဖြစ်ကြောင်း၊ နောင်လာနောက်သားများအတွက် ကျန်းမာရေး၊ ပညာရေး လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများဖြစ်သည့် လမ်း၊ တံတား၊ လျှပ်စစ်မီး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာများကို ဦးစွာလုပ်ဆောင်ရန် လိုအပ်ကြောင်း၊ ရခိုင်ပြည်နယ်တွင် လျှပ်စစ်မီးရရှိမှုသည် ၆၅ ရာခိုင်နှုန်း မီးလင်းနေပြီဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အနေဖြင့် ပညာရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ခြောက်ဘာသာ ဂုဏ်ထူးရရှိသည့် ကလေးများကို ရခိုင်ပြည်နယ်အစိုးရက နှစ်စဉ် ငွေကျပ်သိန်း ၂၀ ချီးမြှင့်ပေးကြောင်း၊ နိုင်ငံဆင်းရဲမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဒေသဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျနေခြင်းသည် ပညာရေးနိမ့်ကျ၍ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသားမိဘများက မိမိသားသမီးများ၏ ပညာရေးတိုးတက်မြင့်မားရေးကို အထူးအလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပညာရေးတိုးတက်ပြီး နောင်အနာဂတ်အတွက် အရည်အချင်းရှိ၍ ထူးချွန်ထက်မြက်သည့် ကလေးများ ပေါ်ပေါက်လာကာ ကိုယ့်ရပ် ကိုယ်ရွာ ကိုယ့်ဒေသ အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးကို တက်ညီလက်ညီ ကြိုးစားပူးပေါင်း ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို တင်ပြကြရာ ပြည်နယ်လူမှုရေးဝန်ကြီး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်နိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်ရွှေနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မှားချောင်းမူလွန်ကျောင်း အိမ်သာဆောက်လုပ်ရေးအတွက် ငွေကျပ် ၁၅ သိန်းနှင့် မှားချောင်းရွာမ ရေရရှိရေးအတွက် ငွေကျပ် ခုနှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့ပြီး မွန်းလွဲ ၂ နာရီတွင် ငပလီမြို့ ဂျိတ္တောရပ်ကွက် ကျွဲသောက်ကုန်း အလက (ခွဲ) ကျောင်းသို့ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြီး ငပလီမြို့ရှောင်လမ်း မြပြင်ရပ်ကွက်ရှိ Recycle စက်ရုံသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် သံတွဲဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

ခရိုင် (ပြန်/ဆက်)

ကရင်ပြည်နယ်ဝန်ကြီးချုပ် မြဝတီမြို့ကွက်သစ်ဖော်ဆောင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေး

မြဝတီ မေ ၃

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ မြဝတီမြို့ကွက်သစ်ဖော်ဆောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယမန်နေ့က လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် မြို့ကွက်သစ်ဖော်ဆောင်ခြင်းလုပ်ငန်းစီမံကိန်းမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ အခက်အခဲများ၊ မြေအသုံးချမှုပုံစံများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန် မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြဝတီမြို့ကွက်သစ်လုပ်ငန်း ဆောင်ရွက်နေမှု မြေနေရာများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မြဝတီမြို့ကွက်သစ်တွင် လူနေဇုန်၊ အဌားအိမ်ရာများ၊ ရုံးများနှင့် အုပ်ချုပ်ရေးဇုန်၊ စီးပွားရေး၊ စားသောက်ဆိုင်များနှင့် ဝန်ဆောင်မှုဇုန်၊ ဟိုတယ်ဇုန်၊ ကစားကွင်း၊ ပန်းခြံနှင့် အနားယူအပန်းဖြေရေးဇုန်များ စသည်ဖြင့် ထည့်သွင်းဆောင်ရွက်သွားမည် ဖြစ်သည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်သည် မြဝတီမြို့နယ် မဲကနယ်ကျေးရွာအတွင်းရှိ အစိုးရမှ တရားဝင်မြေနေရာချထားပေးလျက်ရှိသည့် အခြေအနေများ လိုက်လံကြည့်ရှုစစ်ဆေးပြီး လက်ရှိနေထိုင်လျက်ရှိသည့် ပြည်သူများအား ဆိုလာမီးအိမ် အလုံး ၃၀၀ နှင့် ရေပုံးများ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင် (ပြန်/ဆက်)**

ကရင်ပြည်နယ်ဝန်ကြီးချုပ် မြဝတီမြို့ကွက်သစ်ဖော်ဆောင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးစဉ်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဌေး ကရင်ပြည်နယ်အတွင်းရှိ တရားသူကြီးများနှင့် တရားရေးအရာရှိများအား တွေ့ဆုံ

ဘားအံ မေ ၃

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားစီရင်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာပြီး အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရန် လမ်းညွှန်မှာကြားချက်နှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဌေးသည် မေ ၂ ရက် နံနက် ၁၀ နာရီတွင် ကရင်ပြည်နယ်တရားလွှတ်တော်နှင့် ဘားအံခရိုင်တရားရုံး၊ ဖာပွန်ခရိုင်တရားရုံး၊ ဘားအံမြို့နယ်တရားရုံး၊ လှိုင်းဘွဲ့မြို့နယ်တရားရုံး၊ သံတောင်ကြီးမြို့နယ်တရားရုံး၊ ဖာပွန်မြို့နယ်တရားရုံးတို့မှ တရားသူကြီးများ၊ တရားရေးအရာရှိများအား ကရင်ပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမ၌ လည်းကောင်း၊ မေ ၃ ရက် နံနက် ၁၀ နာရီတွင် ကော့ကရိတ်ခရိုင်တရားရုံး၊ မြဝတီခရိုင်တရားရုံး၊ ကော့ကရိတ်မြို့နယ်တရားရုံး၊ ကြာအင်းဆိပ်ကြီးမြို့နယ်တရားရုံးနှင့် မြဝတီမြို့နယ်တရားရုံးတို့မှ တရားသူကြီးများ၊ တရားရေးအရာရှိများအား မြဝတီမြို့တွင်လည်းကောင်း တွေ့ဆုံ၍ တရားစီရင်ရေးဆိုင်ရာ လိုအပ်သည်များကို မှာကြားခဲ့သည်။

စောမျိုးမင်းသိန်း (ပြန်/ဆက်)

မျိုးဆက်သစ်တို့ ရှင်သန်ဖို့ သဘာဝဝန်းကျင် ထိန်းသိမ်းစို့။

ဆီဆိုင်မြိုနယ် ကျေးရွာ ခုနစ်ရွာ၌ ရေမီတာသုံးပိုက်လိုင်းရေပေးရေးစနစ်ဖွင့်ပွဲ ကျင်းပ

ဆီဆိုင် မေ ၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြိုနယ်တွင် ပြည်သူ၊ ကျေးလက်၊ ယူနီဆက်တို့ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သည့် ပါလော ပါကယ်ကျေးရွာအုပ်စု ကောင်ပန်တန်းကျေးရွာ ခုနစ်ရွာတွင် ပြည်သူလူထုအခြေပြု ရေမီတာသုံးပိုက်လိုင်း ရေပေးရေးစနစ်ဖွင့်ပွဲနှင့် တောထိုင်ဓလေ့ကင်းစင်သော ကျေးရွာများအား ဂုဏ်ပြု အသိအမှတ်ပြုခြင်းအခမ်းအနားကို ယမန်နေ့က ညီမှုမျှကျေးရွာတွင် ကျင်းပရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှသိန်းနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ယူနီဆက်မှ Associate Director Ms. Kelly Ann Nayloe က ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ခဲ့သည်။ ဆက်လက်၍ ပြည်သူ၊ ကျေးလက်၊ ယူနီဆက်တို့ ပူးပေါင်းဆောင်ရွက်သည့် ကျေးရွာ ၂၃ ရွာနှင့် တောထိုင်ဓလေ့ကင်းစင်သော ကျေးရွာများအား ဂုဏ်ပြုလက်မှတ်ချီးမြှင့်ခဲ့သည်။

အဆိုပါကျေးရွာ ခုနစ်ရွာမှာ ကုံလောကျေးရွာ၊ ဘုရားကျိန်းကျေးရွာ၊ ကုံကော်ကျေးရွာ၊ ခြောက်လောင်းကျေးရွာ၊ ညီမှုမျှကျေးရွာ၊ ထီအုံးခြံကျေးရွာနှင့် ပုံဆွေပင်ကျေးရွာတို့ဖြစ်ပြီး အိမ်ခြေ ၅၃၇ စု၊ လူဦးရေ ၂၂၆၃ ဦးရှိကြောင်း သိရသည်။

ခွန်ရဲထွေး (ဆီဆိုင်)

ပဲခူးတိုင်းဒေသကြီး ညောင်ဝန်းအုပ်စုဌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေး

မင်းလှ မေ ၃

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဦးအောင်ဇော်နိုင်သည် ယမန်နေ့က ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ညောင်ဝန်းအုပ်စု ညောင်ဝန်းဘုန်းတော်ကြီးကျောင်းတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးပွဲ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးက မိမိတို့အစိုးရလုပ်ကိုင်နေသည့် ဆောင်ရွက်ချက်များကို ပြည်သူများသိရှိအောင် ချပြရှင်းလင်းခြင်း၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် ပြည်သူလူထုကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုကြောင်း၊ မိမိတို့ဒေသအတွင်း အမှန်တကယ် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ညောင်ဝန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများနှင့် အနီးပတ်ဝန်းကျင်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူ ၁၄၀ ခန့်က လှည်းကူးနှင့် ညောင်ဝန်း ကုန်ထုတ်လမ်းဖောက်လုပ်ပေးရေး၊ ညောင်ဝန်းမူလွန်ကျောင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရေး၊ မင်းလှ-ညောင်ဝန်း ဆက်သွယ်ထားသော ကွန်ကရစ်လမ်းတွင် ကျန်ရှိနေသောအပိုင်းအား လမ်းခင်းပေးရေး၊ ကျေးရွာမီးလင်းရေးကိစ္စရပ်များ၊ အုံးနဲ့ချောင်းတံတားအား ကွန်ကရစ်တံတားသစ်အဆင့်မြှင့်တင်ပေးရေး၊ ချောင်းဂွကျေးရွာမီးလင်းရေး၊ ဂျွဲတလင်း-ဂင်ဒိတ်ကုန်းကုန်ထုတ်လမ်းဆောင်ရွက်ပေးရေးနှင့် အခြားလိုအပ်ချက်ဆောင်ရွက်ပေးရေး ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ညောင်ဝန်းအုပ်စုဌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးစဉ်။

ပေါက်စ (မင်းလှ)

မင်းဘူး၌ လုပ်ငန်းခွင်ထိခိုက်သေဆုံးသူ သုံးဦးအား ကျန်ရစ်သူ ပင်စင်အကျိုးခံစားခွင့် ငွေလုံးငွေရင်းပေးအပ်

မင်းဘူး မေ ၃

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်နှင့် ချောက်မြို့နယ် လူမှုဖူလုံရေးရုံးတို့တွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားသုံးဦးတို့၏ လုပ်ငန်းခွင်ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူ ပင်စင်အကျိုးခံစားခွင့် ငွေလုံးငွေရင်းပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၃၀ ရက်က မင်းဘူးမြို့မန်းရေနံမြေ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

မင်းဘူးမြို့၌ လုပ်ငန်းခွင်ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူပင်စင်အကျိုးခံစားခွင့် ငွေလုံးငွေရင်းပေးအပ်ပွဲ ကျင်းပစဉ်။

အခမ်းအနားတွင် တိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဦးမြင့်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံနှင့် တိုင်းဒေသကြီး အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန တာဝန်ခံ ဒေါ်နုနုဆွေတို့က မင်းဘူးမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမန်းရေနံမြေမှ အာမခံအလုပ်သမား (ဦးသူရအောင်)၏ အလုပ်ခွင် ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံးငွေရင်းငွေကျပ် ၄၈၆၀၀၀၀ ကိုလည်းကောင်း၊ ချောက်မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ အာမခံအလုပ်သမား (ဦးကျော်မျိုးသက်)၏ အလုပ်ခွင်ထိခိုက် သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံးငွေရင်းငွေကျပ် ၅၀၀၀၀၀၀ ကို လည်းကောင်း၊ ချောက်ရေနံမြေမှ အာမခံအလုပ်သမား (ဦးရဲမင်းထွန်း)၏ အလုပ်ခွင်ထိခိုက် သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံးငွေရင်း ငွေကျပ် ၄၃၂၀၀၀၀ ကိုလည်းကောင်း သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

မျိုးမြတ်(မင်းဘူး)

ရေဘေးအသိပညာပေး

မကွေးတိုင်းဒေသကြီး၌ လေးလအတွင်း မီးလောင်မှု ၁၄၄ ကြိမ်ဖြစ်ပွားပြီး ကျပ် ၁၃၅ သန်းကျော် ဆုံးရှုံးခဲ့

မကွေး မေ ၃

မကွေးတိုင်းဒေသကြီး၌ ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ လေးလအတွင်း မီးလောင်မှု ၁၄၄ ကြိမ် ဖြစ်ပွားခဲ့ရာ မီးဘေးသင့်ပြည်သူ ၄၁၈ ဦး ရှိခဲ့ပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးအနေဖြင့် ခန့်မှန်း ကျပ် ၁၃၅ သန်းကျော် ဆုံးရှုံးခဲ့ကြောင်း တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

လအလိုက် မီးလောင်မှုဖြစ်ပွားခဲ့မှုမှာ ဇန်နဝါရီလအတွင်း ၂၂ ကြိမ်၊ ဖေဖော်ဝါရီလတွင် ၂၈ ကြိမ်၊ မတ်လတွင် အကြိမ် ၅၀ နှင့် ဧပြီလတွင် ၄၄ ကြိမ်ဖြစ်ပြီး မီးလောင်မှု အမျိုးအစားများမှာ နေအိမ်များရှိ မီးဖိုမီးကြောင့် ၂၇ ကြိမ်၊ မီးပေါ့ဆစ်စွာ သုံးစွဲမှုကြောင့် ၇၆ ကြိမ်၊ လျှပ်စစ်မီးမှ ၁၀ ကြိမ်၊ ရွှေမီး ၁၄ ကြိမ်၊ တောမီး ၁၅ ကြိမ်နှင့် အလိုအလျောက်မီး နှစ်ကြိမ်တို့ ဖြစ်သည်။ မီးလောင်မှုကြောင့် အိမ်ခြေ ၁၅၅ အိမ် ပျက်စီးဆုံးရှုံးကာ သေဆုံးသူ ကိုးဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၁၂ ဦးနှင့် မီးဘေးသင့်ပြည်သူ ၄၁၈ ဦး ရှိခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ မီးသတ်ဦးစီးဌာနအနေနဲ့ တိုင်းဒေသကြီးအတွင်းက ခရိုင်နဲ့ မြို့နယ်တွေမှာ မီးဘေးကြိုတင်ကာကွယ်မှုအဖြစ် ရုံးဌာနတွေ၊ ရပ်ကွက်၊ ကျောင်း၊ စျေးတွေနဲ့ လူစည်ကားရာ နေရာတွေမှာ မီးစနစ်တကျသုံးစွဲနည်းတွေနဲ့ လက်တွေ့ မီးငြိမ်းသတ်နည်းစနစ်တွေ သရုပ်ပြလေ့ကျင့်ခြင်း၊ ပညာပေး ဟောပြောခြင်း၊ စစ်ဆေးခြင်း၊ အသိပညာပေးခြင်းနဲ့ လက်ကမ်းစာစောင်တွေ ဖြန့်ဝေပေးခြင်းအပြင် မီးသတိပေး နှိုးဆော်ခြင်းတွေကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်"ဟု မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဝင်းစိန်က ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်း ယခုနှစ် မီးလောင်မှု အရေအတွက်မှာ ယမန်နှစ် ကာလတူထက် ပိုများခဲ့ပြီး ၂၀၁၈ ခုနှစ်က ဇန်နဝါရီလမှ ဧပြီလအတွင်း မီးလောင်မှု အကြိမ် ၉၀ သာ ဖြစ်ပွားခဲ့ကြောင်း၊ ယမန်နှစ်က မီးလောင်မှုများကြောင့် အိမ်ခြေ ၂၇၇ အိမ် ပျက်စီး၍ မီးဘေးသင့်ပြည်သူ ၁၂၃၂ ဦး ရှိခဲ့ကာ သေဆုံးသူတစ်ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ တစ်ဦး ရှိခဲ့ကြောင်း၊ ယမန်နှစ်က မီးလောင်မှု စုစုပေါင်းအတွက် ခန့်မှန်းဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၁၂၁ သန်းကျော် ဖြစ်ကြောင်း သိရသည်။

ဝေဖြိုးလေး(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ရေပေးဝေစက်ရုံများအား စစ်ဆေး

ဒလ မေ ၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဗဟိုကော်မတီအဖွဲ့ဝင် ဦးစိန်အုန်း (တိုင်းဒေသကြီး ရေသန့်တာဝန်ခံ)သည် ယမန်နေ့က ရန်ကုန်ပေါက်ရေပေးဝေရေးစခန်းသို့ ရောက်ရှိစစ်ဆေးရာ တိုင်းဒေသကြီး ရေသန့်တာဝန်ခံအား တောင်ပိုင်းခရိုင် စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က ရေလျှံတွင်းများမှ ရေထွက်ရှိမှုအခြေအနေများ၊ ဒလမြို့နယ် ရေပေးဝေရေးရုံးရှိ ရေသိုလှောင်ကန်များသို့ ရေပို့လွှတ်နေမှုအခြေအနေများ၊ ရပ်ကွက်များအတွင်း ရေဖြန့်ဖြူးပေးနေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူများ တွေ့ကြုံနေရသည့် သောက်သုံးရေအခက်အခဲများကို တင်ပြရာ တိုင်းဒေသကြီး ရေသန့်တာဝန်ခံက ဌာနကကူညီပံ့ပိုးပေးနိုင်မည့် အစီအမံများ၊ ဒလ-တွံတေးကားလမ်းမဘေး ဆာပါချောင်ရပ်ကွက်ရှိ ရပ်ကွက်ငါးရပ်ကွက် အားထားနေရသော ခန်းခြောက်သောက်သုံးရေကန်ကို ပြန်လည်တူးဖော်ပေးမည့် အခြေအနေ၊ ပြန်လည်တူးဖော်ပြီးစီးပါက ရပ်ကွက်နေပြည်သူများ သောက်သုံးရေလွယ်ကူစွာ သုံးစွဲနိုင်ရေးအတွက် စီမံဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

တိုင်းဒေသကြီး ရေသန့်တာဝန်ခံသည် ရေပေးဝေရေး ရုံးအတွင်းရှိ ရေပို့လွှတ်နေသည့် စက်ယန္တရားများ၊ တစ်ရက်လျှင် သောက်သုံးရေ ဂါလန် ၅၀၀၀ ထွက်ရှိသည့် ရေသန့်စက်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မောင်ယဉ်ဦး(ဒလ)

အပူရှိန်မြင့်မားမှုကို ကာကွယ်ရန် မိုးခေါ်လွန်ဆွဲပွဲများ မန္တလေး၌ ကျင်းပ

မန္တလေး မေ ၃

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက်အတွင်းရှိ ၈၁ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ ဗောင်းတော်ကျဘုရားရှေ့၌ အပူရှိန်မြင့်မားမှုကို ကာကွယ်ရန် ယမန်နေ့က မိုးခေါ်လွန်ဆွဲပွဲများ ကျင်းပသည်။

မန္တလေး၌ မိုးခေါ်လွန်ဆွဲပွဲ ကျင်းပစဉ်။

အဆိုပါလွန်ဆွဲပွဲကို ဗောင်းတော်ကျဘုရား ဂေါပကအဖွဲ့နှင့် ပုလဲငွေရောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ပြီး အပူရှိန်လွန်ကဲ၍ မိုးခေါင်သည့်နှစ်များတွင် မိုးရွာသွန်းစေသော ရိုးရာနည်းလမ်းဖြင့် ယခုကဲ့သို့ စတုတ္ထအကြိမ်မြောက်အဖြစ် ယုံကြည်စွာ စီစဉ်ဆောင်ရွက်ကြကြောင်း လွန်ဆွဲပွဲကျင်းပရေးအဖွဲ့ဝင် ဦးခင်မောင်စိုးက ပြောသည်။

"လွန်ဆွဲတော့မယ်ဆိုရင် ပထမဆုံးလယ်တီဆရာတော်ကြီးစီရင်ထားတဲ့ မိုးအမိန့်တော်ပြန်တမ်းကြီးကို ရွတ်ဆိုရပါတယ်။ ပြီးရင် မိုးခေါင်ကျော်စွာနတ်ကို ပင့်ဖိတ်ပြီးမှ လွန်ဆွဲပွဲကို စတင်ရပါတယ်။ လွန်ဆွဲတဲ့အခါမှာလည်း အမျိုးသားနဲ့ အမျိုးသမီးတစ်ဖက်စီ မိုးခေါ်လွန်ဆွဲပွဲ သံချပ်တွေအပြိုင်ရွတ်ဆိုပြီး မိမိတို့အဖွဲ့အနိုင်ရဖို့အတွက် ဆွဲကြရပါတယ်။ လွန်ဆွဲသူအချင်းချင်း ညာသံပေးပြီး အော်ဟစ်သံတွေ၊ ပရိသတ်တွေရဲ့ အားပေးသံတွေနဲ့ အလွန်စည်ကားပျော်ရွှင်စရာကောင်းတဲ့ ရိုးရာဓလေ့တစ်ခုပေါ့ "ဟု ၎င်းက ဆက်လက်ပြောသည်။

လွန်ဆွဲပွဲကို မေ ၂ ရက်မှ ၄ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး နံနက်ပိုင်းတွင် ငါးရံမင်းကြီးအား ရပ်ကွက်အတွင်း လှည့်လည်အပူဇော်ခံကာ ငါးရံမင်းပရိတ်တော်ကြီးအား ရွတ်ဖတ်ပူဇော်ကြကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)
ဓာတ်ပုံ - အောင်ဖြိုးကျော်

ကာဗွန်ထုတ်လုပ်မှုလျှော့ချခြင်းဖြင့် အိုဇုန်းလွှာကို ကာကွယ်ကြပါစို့။

မင်းလှ၌ အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

မင်းလှ မေ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၁၉ ခုနှစ် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)ဖြင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ပန်းတောကျေးရွာ အုပ်စု ပန်းတောကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော် သံဃမဟာနာယက အဖွဲ့အဖွဲ့ဝင် ဘဒ္ဒန္တဝိမလစာရ (မြောင်းမြ) အဂ္ဂမဟာသဒ္ဓမ္မဇောတိကဧ ဆရာတော်အား အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရခြင်းကြောင့် တပည့် ဒါယကာ ဒါယိကာမအပေါင်းတို့က ချီးကျူးဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို မေ ၁ ရက်က ပန်းတော်ဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပသည်။

ဆက်လက်၍ ဗျာပုံမြို့ထန်းပင်ကျောင်း နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တဝေဝုလ္လ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ကြွရောက်လာသော သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များ ချီးမြှင့်ပေးခဲ့သည်။

ထို့နောက် ပန်းတောကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင်ဘဒ္ဒန္တ ဝိမလစာရ(မြောင်းမြ) အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဧ ဆရာတော်အား သရော(အမ်)ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းက အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပေးခဲ့ပြီး မင်းလှမြို့ ပတ်တန်းကြီးကျောင်းတိုက် ဆရာတော်က ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိကို ဖတ်ကြားခြင်း၊ ရွှေသဇင်တေးဂီတအဖွဲ့မှ တေးထပ်ဖြင့် သီကျူးပူဇော်ခြင်း တို့ဖြင့် ဂုဏ်ပြုပူဇော်သည်။

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်၊ မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးမျိုးကျော်နှင့် စေတနာရှင်များက လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများကို ဘွဲ့ရဆရာတော်ထံသို့ လှူဒါန်းပေးခဲ့သည်။ ဂုဏ်ပြုပွဲတွင် ရွှေမြန်မာ ဇာတ်သဘင်ဖြင့် သုံးရက်အခမဲ့ပြသခြင်း၊ တက္ကသိုလ်ကျော်ဇင်မင်္ဂလာဆိုင်းဖြင့် ဖျော်ဖြေခြင်း၊ မြင်းပွဲများ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့ကြောင်း၊ အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်သည် သက်တော် ၇၆ နှစ်၊ ဝါတော် ၅၆ ဝါရှိပြီး သံဃာအရေးကိစ္စတာဝန်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ မွေးရပ်ဇာတိမှာ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့မှဖြစ်ကြောင်း သိရသည်။

ပေါက်စ(မင်းလှ)

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်းမှ ကောင်းကင်ကြိုးကစားနည်းကို စိတ်ဝင်စားသူများပြား

ရန်ကုန် မေ ၃

ရန်ကုန် တိရစ္ဆာန်ဥယျာဉ်အတွင်းမှ ဆောင်းခိုဂ်ရေကန်ကို ဖြတ်သန်းတည် ဆောက်ထားသည့် ကောင်းကင်ကြိုး (Zipline)စီးနင်းသည့် ကစားနည်းကို ဇပြီလ စတုတ္ထပတ်အတွင်းက စတင်ဖွင့်လှစ်ခဲ့ရာ လက်ရှိအချိန်တွင် စိတ်ပါဝင်စားသူ များပြားလျက်ရှိပြီး ရုံးဖွင့်ရက်များတွင် နေ့စဉ် လူဦးရေ တစ်ရာကျော် စီးနင်းလျက်ရှိသလို ရုံးပိတ်ရက်များတွင် တစ်ရက်လျှင် လူဦးရေ ၆၀၀ ကျော်အထိ လာရောက်အပန်းဖြေ စီးနင်းနေကြသဖြင့် အထူး စည်ကားလျက်ရှိကြောင်း သိရသည်။

"နေပူလို့ အပြင်မထွက်ချင်ပေမယ့် သစ်ရိပ်ဝါးရိပ်မှာ အပူရှောင်ရင်း စိတ်လှုပ်ရှားစရာကောင်းတဲ့ ကောင်းကင်ကြိုး စီးတာကို သူငယ်ချင်းတွေနဲ့အတူ ကစားဖြစ်တာပါ၊ ပထမဆုံး စီးဖူးတာဆိုတော့ အစက ကြောက်သလိုပဲ၊ တစ်ခေါက်စီးပြီး တော့ ထပ်ပြီး စီးချင်စိတ်ပေါ်လာတယ်၊ စွန့်စားချင်စိတ်ကို တားဆီးနေတဲ့ အရာတွေကို တွန်းလှန်ရတဲ့ ခံစားမှုက ဘာနဲ့မှ အစားထိုးမရအောင် ပျော်ရွှင်ရပါတယ်" ဟု မေ ၂ ရက်က သူငယ်ချင်းများနှင့်အတူ ကောင်းကင်ကြိုး လာရောက်စီးနင်းသော မစပယ်ထက်အောင်က ပြောသည်။

မြန်မာနိုင်ငံတွင် ကောင်းကင်ကြိုး စီးနင်းသော ကစားနည်းကို ရန်ကုန်မြို့ တိရစ္ဆာန်ဥယျာဉ်အတွင်း၊ မုဒုံ စိမ်းလဲ့တင် အပန်းဖြေဥယျာဉ်နှင့် မန္တလေး (၂၇)မိုင် ကမ်းခြေတို့တွင် ဖွင့်လှစ်ထားရှိကြောင်း၊ ရန်ကုန်၌ လှော်ကားဥယျာဉ်တွင် ထပ်မံ ပေါ်ပေါက်လာခဲ့ပြီး ကောင်းကင်ကြိုးတွင် ၁၇ မီတာအမြင့် ရှိသော တာဝါ(A)မှ ရေကန်ကို ဖြတ်၍ မီတာ ၂၀ အမြင့်ရှိသည့် တာဝါ(B)သို့ စတီးကြိုးနှစ်ချောင်း သွယ်တန်းထားပြီး ကြိုးတစ်ချောင်းလျှင် တစ်ဦးနှုန်းဖြင့် တစ်ကြိမ်လျှင် နှစ်ဦး အသွားအပြန် စီးနင်းနိုင်ကြောင်း သိရသည်။

"စီးနင်းသူတွေက လူငယ်တွေ များတယ်၊ စူးစမ်းလိုစိတ်နဲ့ စွန့်စားလိုစိတ်ကနေ စိတ်အပန်းဖြေမှုက သူတို့တွေအတွက် ပျော်ရွှင်မှု ရစေတာပါ၊ စီးနင်းသူတွေရဲ့ လုံခြုံရေးကို အထူးဂရုစိုက်ပြီး ဆောင်ရွက်ထားပါတယ်၊ အမြင့်ကြောက်တတ်သူတွေ၊ အတက်ရောဂါရှိသူတွေ၊ နှလုံးရောဂါရှိသူတွေကို လက်မှတ်ဝယ်ချိန်မှာ စစ်ဆေးပြီး တောင်းပန်တားမြစ်ထားပါတယ်၊ လူငယ်တွေအားလုံး လိုက်နာကြတာ များပါတယ်၊ နံနက် ၉ နာရီမှာ ဖွင့်ပြီး တော့ ညနေ ၅ နာရီ ပိတ်ပါတယ်၊ ရုံးပိတ်ရက်တွေမှာ စီးနင်းသူ ၆၀၀ ကျော်ပါတယ်" ဟု ကောင်းကင်ကြိုးကစားနည်း တာဝန်ခံ ဦးညီမင်းထက်က ပြောကြားသည်။

ရန်ကုန် တိရစ္ဆာန်ဥယျာဉ်အတွင်း၌ ကောင်းကင်ကြိုးစီးနင်းသော ကစားနည်းအပြင် Quick Jump ကစားနည်း၊ သစ်ပင်တက်ကစားနည်းတို့ကိုလည်း စိတ်အပန်းဖြေ ကစားနိုင်ကြကာ ကစားနည်းသစ်တစ်ခုဖြစ်သော နံရံတက် ကစားနည်းကိုလည်း မေလကုန်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

ကောင်းကင်ကြိုးစီးသည့်ကစားနည်း ကစားမည့် မိန်းကလေးနှစ်ဦးနှင့် အန္တရာယ်ကင်းအောင် စီမံပေးနေသော ဝန်ထမ်းများ။

သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုသင်တန်း မန္တလေး၌ ဖွင့်မည်

မန္တလေး မေ ၃

မန္တလေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနအနေဖြင့် ဒေသခံပြည်သူများအား အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ (၂၆)ကြိမ်မြောက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကိုလည်း မေ ၇ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

ပြည်ပမှတင်သွင်းလာသော စားသောက်ကုန်များ အစား ပြည်တွင်းမှ ရာသီအလိုက်ထွက်ရှိသော ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံများကို အသုံးပြု၍ ဘေးအန္တရာယ်ကင်းသော ကျန်းမာရေးနှင့်ညီညွတ်သည့် စားသောက်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန်နှင့် အသေးစားစက်မှုလက်မှု လုပ်ငန်းရှင်သစ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်လျက် အဆိုပါသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းတွင် ဆန်ဖြင့် ကိတ်နှင့် ကွတ်ကီးများ ပြုလုပ်နည်း၊ ကြက်သွန်ပေါင်းခြောက်ကြော်၊ ယိုစုံများ၊ သစ်သီးအနှစ်ရည်များ၊ ဂျုံဖြင့်ပြုလုပ်သော အစာသွပ်မုန့်များ၊ ဆော့စ်များနှင့် ဂျယ်လီများ ထုတ်လုပ်နည်း၊ အစားအသောက်သုံး ဓာတုဆေးဝါးများအကြောင်းနှင့် အသုံးပြုနိုင်သည့် သတ်မှတ်အချိုးအဆများကို သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်သူများအား စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များ ဖြစ်သည်အထိ လိုအပ်သည်များကိုလည်း ဤရုံးခွဲရှိ ပညာရှင်များမှ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများသည် မန္တလေး အောင်မြေသာစံမြို့နယ် (၈၂)လမ်းနှင့် (၂၅)လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး ဖုန်း-၀၂-၃၉၆၀၉ နှင့် ၀၉-၇၉၇၃၀၃၀၇ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ တွင်းကြီးကျေးရွာနေ (ဦးထွန်းတင့်-ဒေါ်သိုင်း)တို့၏သား၊ (ဦးကြွယ်-ဒေါ်အေး)၊ (ဦးတင်ရှိန်-ဒေါ်ပန်းရီ)တို့၏ သားသမက်၊ ဦးခင်မောင်မြင့်-ဒေါ်ဝင်းကြည်၊ (ဦးသန်းဌေး)-ဒေါ်ဝင်းစီတို့၏အစ်ကို၊ ဦးညိုမြင့်-ဒေါ်ခင်သန်းဝင်း၊ (ဦးစိန်ဝင်းမောင်-ဒေါ်သန်းသန်းနွဲ့)၊ (ဦးခင်အောင်)-ဒေါ်နုနုဝင်း၊ ဦးသန်းလွင်-(ဒေါ်လှလှဝင်း)-ဒေါ်ချိုချိုလွင်၊ ဦးကံသောင်း-ဒေါ်သင်းသင်းဆွေ၊ ဦးလှမျိုး-(ဒေါ်ရီရီကြိုင်)၊ ဦးတင်လှိုင်-(ဒေါ်စောရီ)၊ ဦးအောင်ရီ-ဒေါ်ညွန့်ညွန့်သန်း၊ ဦးအောင်ကြည်-ဒေါ်အေးအေးမြင့်၊ ဦးဝင်းမြင့်-ဒေါ်စန်းစန်းဌေး၊ ဦးမောင်နီ-ဒေါ်မြင့်မြင့်ခင်တို့၏အစ်ကို၊ (ဒေါ်မြမြဝင်း)၊ ဒေါ်စန်းစန်း(အထပ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ Capt. ဦးဇော်မင်းထွန်း(CSS Shipping)ဒု-ဥက္ကဋ္ဌ(ရန်ကုန်တိုင်းဒေသကြီး ကရာတေးဆပ်ကော်မတီ)-ဒေါ်ခင်မြတ်မြတ်လင်း၊ ဦးအောင်တင်ဝင်း (STRENGTH Business Group Co, Ltd)-ဒေါ်ဇင်မာထွန်းသူ၊ ဦးအောင်မြင့်ဌေး(STRENGTH Business Group Co, Ltd)-ဒေါ်မေဇင်နိုင်၊ ဦးသန်းဇော်ဝင်း-ဒေါ်ခင်သန္တာစိုးတို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၀ ယောက်တို့၏ အဘိုးသည် ၃၀-၄-၂၀၁၉ ရက် (အင်္ဂါနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၉ရက် (စနေနေ့)ညနေ ၄ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သီဂီ(၂)လမ်းမြောက်၊ အမှတ်(75)(A) နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ခွာပါမည်။ **ကျန်ရစ်သူမိသားစု**

ဒုတိယဗိုလ်မှူးကြီးသန်းအေး (ငြိမ်း)
(ခ) Tommy Than Aye
စစ်ဦးစီးမှူး(ပထမတန်း)၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး ကာကွယ်ရေးဝန်ကြီးဌာန (ကြည်း-၁၃၉၁၁)၊ စစ်တက္ကသိုလ်အပတ်စဉ်(၁၇)
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပန်တျာလမ်း၊ အမှတ်(၄၂-အီး)၊ အခန်းအမှတ် (၃ဘီနှင့်၄ဘီ)နေ (ဦးဖေသန်းညွန့်-ဒေါ်လှရင်)တို့၏သား၊ ဒေါက်တာအေးငယ်ငယ်(ဓာတ်မှန်ဆရာဝန်ကြီး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုသန့်ဇော်ဆွေ-ဒေါက်တာမေမီသက်၊ ဒေါက်တာအေးငြိမ်းသန္တာ၊ ဒေါက်တာအေးချမ်းမောင်တို့၏ဖခင်၊ မရွှေဝတ်မှုန်၏ချစ်လှစွာသောအဘိုး ဒုတိယဗိုလ်မှူးကြီးသန်းအေး(ငြိမ်း) (ခ) Tommy Than Aye သည် ၂-၅-၂၀၁၉ရက် မွန်းလွဲ ၁း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၉ရက်(စနေနေ့) ညနေ ၃နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀)ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်ဂူသွင်းမြှုပ်နှံမည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၉ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

ဒေါ်မွန်မွန် B.Econ (stat:), 1978 Batch၊ စက်မှု-၁(ငြိမ်း)
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ တိုက်(ဘီ)၊ အခန်း(၁)၊ တတိယထပ်နေ [ဦးကျော်မောင်-၁(အငြိမ်းစားပြည်နယ်/တိုင်း အကောက်ခွန်ဦးစီးမှူး)-ဒေါ်မြသန်း]တို့၏သမီး၊ (ဦးလှိုင်ဦး)-ဒေါ်နီနီအုန်း၊ ဒေါ်သင်းသင်း-ဗိုလ်မှူးမိုးမြင့်(ငြိမ်း)၊ (ဦးအောင်မှူး)-ဒေါ်နုနုစိန်တို့၏ညီမ၊ ဗိုလ်မှူးချုပ်အောင်ကျော်ငြိမ်း-ဒေါ်စန်းစန်းတင်တို့၏အစ်မ၊ တူ/တူမ ခြောက်ယောက်တို့၏အဒေါ်၊ မြေးသုံးယောက်တို့၏အဘွားသည် ၁-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၅-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း
ဦးထွန်းဝင်း (ဘူမိ-ရူပဗေဒအရာရှိကြီး)၊ အသက်(၆၀)
ဘူမိ-ရူပဗေဒဌာန
သာကေတ ကမ်းလွန်အခြေစိုက်စခန်း
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

ဦးထွန်းဝင်း(ဘူမိ-ရူပဗေဒအရာရှိကြီး) မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ၂-၅-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဘူမိ-ရူပဗေဒ အရာရှိချုပ်နှင့်အရာထမ်း၊ အမှုထမ်းများ
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း

အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

နမ့်စန်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အိမ်အမှတ် (၂/၁၄၀)နေ ဒေါ်သင်းသင်းထွေး ၁၃/နစန(နိုင်)၀၄၃၆၅၄ မှနမ့်စန်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အိမ်အမှတ် (၃/၇၁)နေ ဒေါ်ကြူကြူသင်း (ဘ) ဦးလီယောဇက် ၁၃/နစန(နိုင်)၀၂၃၃၄၉ ကို ၅-၁-၂၀၁၉ရက်တွင် နမ့်စန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ လွှဲအပ်ပေးခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅/၂၀၀၉) အား ၂၅-၄-၂၀၁၉ ရက်မှစ၍ ရုပ်သိမ်းလိုက်ပါကြောင်း ဒေါ်ကြူကြူသင်း (ဘ) ဦးလီယောဇက်နှင့် အများသိစေရန် ကြေညာပါသည်။

ဒေါ်သင်းသင်းထွေး ၁၃/နစန(နိုင်)၀၄၃၆၅၄
အမှတ်(၂) ရပ်ကွက်၊ နမ့်စန်မြို့

ဦးစိန်သောင်း
ဦးစီးအရာရှိ(ငြိမ်း)၊ လဝက
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၉)ရပ်ကွက်၊ သထုံလမ်းသွယ်၊ တိုက်(၂/၂)နေ (ဦးသာဇံ- ဒေါ်လှချို)တို့၏သား၊ (ဦးဘသိန်း-ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ ဒေါ်တင်တင်ရီ(ရုံးအုပ်-ငြိမ်း၊ စည်ပင်ဦးစီးဌာန၊ နယ်စပ်/စည်ပင်)၏ခင်ပွန်း၊ ဦးနန်းစိုးဦး-(ဒေါ်ဌေးဌေးဝင်း)၊ ဒုတိယဗိုလ်မှူးကြီးယုခိုင်(ငြိမ်း) (ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန)-ဒေါ်မူမူအေး၊ ဒေါ်လွဲလွဲသောင်း(ညွှန်ကြားရေးမှူး၊ အဆည)၊ ဒေါ်သဇင်သောင်း (Translator, Myanmar Koei Co)၊ ဦးမြတ်သူ-ဒေါ်စံပယ်၊ ဦးကျော်ထင်(UMFCCI)-ဒေါ်ကြေးမုံထိုက်တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၃-၅-၂၀၁၉ရက် (သောကြာနေ့) နံနက် ၇း၃၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင်ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ နတ်လမ်းဒါယိကာမကြီး
ဒေါ်ခင်ထွေး(ခ)ဒေါ်ခင်မေကြည်(ဖျာပုံ)
လယ်/စိုက်/ရှင်း(ငြိမ်း)
အသက်(၈၄)နှစ်

ဖျာပုံမြို့နေ(ဦးစံညွန့်-ဒေါ်ကြေးမုံ)တို့၏သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံလမ်း၊(လင့်လမ်း) GOLDEN LINK CONDO တိုက်(A-2)၊ အခန်းအမှတ်(၄၀၈)နေ ဦးဟန်ဝင်း(J ဟန်ဝင်း-ကုန်သွယ်/လယ်ယာ-ငြိမ်း)၏ဇနီး၊ ဦးဇော်လွင်ဦး၊ ဒေါ်ခင်သူဇာဝင်း (အထက-၁၊ လသာ)၊ ဗိုလ်မှူးချုပ် ဝင်းကိုကို-ဒေါ်ရီရီအေး (ခေတ္တ ကမ္ဘာဒီးယား)၊ ဒေါ်ခင်သီတာဝင်း(Global Greatness Co,Ltd)တို့၏မိခင်၊ မဆုဝင်းနန္ဒာဖြူ၊ မဝင်းသီရိဖြူတို့၏အဘွားသည် ၂-၅-၂၀၁၉ ရက် (ကြာသပတေးနေ့) ည ၁၁း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၉ရက် (စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃း၁၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြသန်း
အသက်(၇၄)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ဆွေ၏မိခင် ဒေါ်မြသန်းသည် ၃-၅-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
(ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန)

ဒုရဲမှူးထွန်းချစ်ကျော်(ငြိမ်း)
အသက်(၆၉)နှစ်

ရန်ကုန်မြို့နေ(ဗိုလ်မှူးကျော်ဒင်-ဒေါ်ညွန့်ရီ)တို့၏သား၊ (ဦးထွန်း-ဒေါ်သိန်း)တို့၏သား သမက်၊ (ဦးကိုကိုနိုင်)-ဒေါ်အုန်းချစ်ကျော်၊ (ဗိုလ်မှူးကြီးသန်းအောင်-ဒေါ်အေးချစ်ကျော်)တို့၏ မောင်၊ ညီ၊ ထောင်ပိုင်(ဦးဝင်းဆန်း)-ဒေါ်သီဂီချစ်ကျော်၊ (ဦးရဲချစ်ကျော်)-ဒေါ်မာမာချိုတို့၏အစ်ကို၊ ဒေါ်ခမ်းမျိုးသိမ့်(MTRI-ငြိမ်း)၏ခင်ပွန်း၊ ဦးစွမ်းရည်ရ(ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန)-ဒေါ်ဖြိုးသုနန္ဒအောင်(National Officer, UN Woman)၊ ဦးထူးဝေယံ-ဒေါ်မာလာကို (စင်ကာပူ)၊ ဗိုလ်ကြီးစိုးကျော်ညွန့်(အမတ-၃၅၅)-ဒေါ်နန်းသီရိစံ၊ ဒေါ်ဆန်းလဲ့နိုင် (Sales Executive, Destination Asia)တို့၏ချစ်လှစွာသောဖခင်သည် ၃-၅-၂၀၁၉ရက် (သောကြာနေ့) နံနက် ၈း၁၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများနံနက်၁၀နာရီတွင် ထွက်ခွာပါမည်။)ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက်၇နာရီမှ ၁၀နာရီအထိ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ဓမ္မပါလလမ်း၊ အမှတ်(၂၀၉)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးသန်းထွဋ်
ကထိက၊ ရှေးဟောင်းသုတေသနပညာဌာန
ဒဂုံတက္ကသိုလ်
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ ဗိုလ်မိုးလမ်း၊ အမှတ်(၃၃)နေ (ဦးမောင်ငွေ-ဒေါ်ခင်ရီ)တို့၏သား၊ ဒေါ်မို့မို့(အမက-၁၆၊ စမ်းချောင်း-ငြိမ်း)၊ ဗိုလ်မှူးအောင်ကြည်(ငြိမ်း)-ဒေါ်စန္ဒာအေး(Sacre စိန်ရတနာဆိုင်)၊ ဦးကိုကိုခိုင်(ပြည်တွင်းရေကြောင်း)-ဒေါ်စန်းစန်းမော်(ပြည်တွင်းရေကြောင်း)၊ ဒေါ်စိုးစိုးဝင်း၊ ဦးထွန်းထွန်း-ဒေါ်ညိုညိုစိမ့်တို့၏ညီ/မောင်၊ ဦးမျိုးဟန်(Max Myanmar)၏အစ်ကို၊ တူတူမရှစ်ယောက်တို့၏ဦးလေးသည် ၃-၅-၂၀၁၉ ရက်(သောကြာနေ့) နံနက် ၉း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၉ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၉-၃-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)
ဘုရား၊ ရဟန်း၊ ကျောင်း၊ ကန် ဒါယိကာမကြီး
ဆရာမဒေါ်မြင့်မြင့်ကြည် အသက်(၇၁)နှစ်
(၉)လမ်းအမက၊ ပန်းဘဲစုအမက(ကျိုက်လတ်)
အမက(၄၅)သာကေတ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁/ထူပါရုံ)ရပ်ကွက်၊ (၂)လမ်းအရှေ့၊ အမှတ်(၅)(ပြည်ခိုင်ဖြိုး)နေ (ဦးအုန်း-ဒေါ်နီ)တို့၏သမီး၊ (ဦးအောင်-ဒေါ်ကြွားမေ)တို့၏သမီးချွေးမ၊ ဦးသန်းဝင်း (မူလတန်းကျောင်းအုပ်ဆရာကြီး-ငြိမ်း) ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)အလုပ်အမှုဆောင်၏ ချစ်လှစွာသောဇနီးသည် ၂-၅-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၁း၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၉ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ ကျီစုသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များလိုက်ပါပို့ဆောင်ပေးပါရန်။ (နေအိမ်မှကားများမွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်) အမှုဆောင်အဖွဲ့

အနိစ္စ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသောင်း
အသက်(၈၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ကျောက်ဖြူကျေးရွာနေ (ဦးဖိုးညဏ်-ဒေါ်အေးတင်)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ၅/၇ ဖြူဗွာစိုးရိလမ်း၊ အမှတ် ၇၈၆-ခနေ (ဒေါ်စိန်ဖွမ်)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးဆန်းငွေး-ဒေါ်ဆောင်းရင်(ခ)ဒေါ်ကျင်လွမ်(ဦးဆန်းငွေး၊ စက်ဆီ/ချောဆီရောင်းဝယ်ရေး၊ ရန်ကင်း)၊ ဦးအောင်ဝင်း(Aung Say Minn Construction)- ဒေါ်လဲ့လဲ့သိန်း၊ (ဦးအောင်စိုး)၊ ဒုတိယရဲမှူးကြီး မြင့်ကျော်(ကျောက်မဲခရိုင် ရဲတပ်ဖွဲ့မှူး၊ ရှမ်းပြည်နယ်မြောက်ပိုင်း)-ဒေါ်ဝေဝေစိုး၊ ဦးသက်တင်-ဒေါ်တင်တင်စိုး (သီရိရတနာရွှေဆိုင်)တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၃-၅-၂၀၁၉ရက်(သောကြာနေ့) နံနက် ၈း၃၀နာရီတွင် ARYU ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၉ ရက် (တနင်္ဂနွေနေ့)ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကား များ မွန်းလွဲ ၂း၃၀ နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၉ ရက် (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်နုဝင်းလှိုင်(ခ)ဒေါ်ဝင်းဝင်းမြင့်
အလက(၃)သဃ်န်းကျွန်း၊
အထက(၁)ဗိုလ်တထောင်
အထက်တန်းပြဆရာမ(အငြိမ်းစား)
အသက်(၇၀)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ (၁၀)ရပ်ကွက်၊ လေးလွှာ၊ အမှတ်(၃၆)နေ (ဦးသိန်းရှင်-ဒေါ်ဖွားသင်)တို့၏သမီး၊ ဒေါ်ရှင်ရှင်မြင့်(အထက်တန်းကျောင်းအုပ်-ငြိမ်း)တို့၏ညီမ၊ ဦးမျိုးမင်းဝင်း-ဒေါ်နီလာကျော်၊ ဦးကျော်ဇင်ဦး-ဒေါ်မေမြတ်မွန်တို့၏ မိခင်၊ မောင်ဝင်းထိုက်သိန်း၊ မောင်ဝေယံမျိုးမင်း၊ မဝေနှင်းပွင့်သူတို့၏အဘွားသည် ၃-၅-၂၀၁၉ရက်(သောကြာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၉ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း
ဒါယိကာမကြီး
ဒေါ်အေးအေးမြင့်(Cherry)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းမြောက်ရပ်ကွက်၊ ပန်းခြံလမ်း၊ အမှတ်(၁၉)နေ (ဦးထွန်းကို-ဒေါ်ညွန့်)တို့၏သမီး၊ (ဦးယောဒ-ဒေါ်ခင်ပု)တို့၏သမီးချွေးမ၊ ဦးမြင့်သိန်း (စကေးဗိသုကာအဖွဲ့)၏ဇနီး၊ ဒေါ်နွယ်နွယ်အေး၊ ဒေါ်စိုးစိုးတို့၏ညီမ၊ ဦးသိန်းဇာနည်-ဒေါ်နှင်းဝေဦး၊ ဦးသူရိန်လင်းမောင်-ဒေါ်ဖြိုးနေခြည်၊ ဒေါက်တာရန်နိုင်စိုး(ဆေး-၂)-ဒေါ်ထူးဝင့်ရည်တို့၏မိခင်၊ မအိမ့်ထူးရန်နိုင်၊ မသန့်သဒ္ဒါဦးတို့၏အဘွားသည် ၃-၅-၂၀၁၉ရက် (သောကြာနေ့)နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၉ ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီ တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)ကွယ် လွန်သူအားရည်စူး၍ ၉-၅-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးသန်းအေး(ငြိမ်း)
စစ်ဦးစီးမှူး(ပထမတန်း)၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး ကာကွယ်ရေးဝန်ကြီးဌာန
ကြည်း-၁၃၉၁၁၊ စစ်တက္ကသိုလ် အပတ်စဉ်(၁၇)
အသက်(၆၆)နှစ်

မောင်ငယ်အရင်းတမျှ ချစ်ခင်ရပါသော ဒုတိယဗိုလ်မှူးကြီး သန်းအေး(ငြိမ်း) ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

မြင့်မြတ်ပြီး အေးချမ်းသည့် ဘုံဘဝမှာ ခံစား… စံစားနိုင်ပါစေလို့ ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

(ဗိုလ်ချုပ် ဝင်းမြင့်)-မမနီ

အထူးဝမ်းနည်းကြေကွဲခြင်း
ကြည်း-၁၃၉၁၁
ဒုတိယဗိုလ်မှူးကြီးသန်းအေး(ငြိမ်း)
(ခ)Tommy Than Aye
စစ်တက္ကသိုလ်အပတ်စဉ်(၁၇)စစ်ဦးစီးမှူး(ပထမတန်း)
တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး၊
ကာကွယ်ရေးဝန်ကြီးဌာန
အသက်(၆၆)နှစ်

ဆရာဒုတိယဗိုလ်မှူးကြီးသန်းအေး(ငြိမ်း)သည် ၂-၅-၂၀၁၉ ရက်တွင် ကွယ်လွန်သွား ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

ဆရာကောင်းရာသုဂတိလားပါစေ။

စစ်တက္ကသိုလ်အမှတ်စဉ်(၂၆)မှ တပည့်များ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးသန်းအေး(ငြိမ်း)
(ခ)Tommy Than Aye
စစ်ဦးစီးမှူး(ပထမတန်း)၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး ကာကွယ်ရေးဝန်ကြီးဌာန
ကြည်း ၁၃၉၁၁၊ စစ်တက္ကသိုလ် အပတ်စဉ် (၁၇)
အသက်(၆၆)နှစ်

ဒုတိယဗိုလ်မှူးကြီးသန်းအေး(ငြိမ်း)(ခ)Tommy Than Aye သည် ၂-၅-၂၀၁၉ ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁း၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ်(၂၇)မှ တပည့်များ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးသန်းအေး(ငြိမ်း)
စစ်ဦးစီးမှူး(ပထမတန်း)၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး ကာကွယ်ရေးဝန်ကြီးဌာန
ကြည်း-၁၃၉၁၁၊ စစ်တက္ကသိုလ် အပတ်စဉ်(၁၇)
အသက်(၆၆)နှစ်

ဒုတိယဗိုလ်မှူးကြီး သန်းအေး(ငြိမ်း)သည် ၂-၅-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁း၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ်(၂၉)မှ တပည့်များ

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးတင်အောင်(ဂုဏ်ရည်ဆေးတိုက်) အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ သာယာကုန်းလမ်း၊ အမှတ်(ဈ)၂ နေ (ဦးဘိုကြီး-ဒေါ်ရေသွယ်)တို့၏သား၊ ဒေါ်ချောချော၏ခင်ပွန်း၊ ဒေါ်သင်းသီတာ အောင်-ဦးသန်းအောင်၊ဦးသန်းထိုက်အောင်-ဒေါ်ဟန်ဂျီဟိ၊ မသက်သက်အောင်တို့ ၏ဖခင်၊ မမြတ်ချယ်ရီအောင်၊ မိုင်သက်လင်းလက်အောင်၊ မိုင်သက်ရေဗက္ကအောင်တို့၏အဘိုးသည် ၂-၅-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၈း၀၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄-၅-၂၀၁၉ရက်(စနေနေ့) နံနက် ၉နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံ ခရစ်ယာန်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ အောက်မေ့ဘွယ် ဝတ်ပြုဆုတောင်းခြင်း အစီအစဉ်ကို ၈-၅-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် မိသားစုနေအိမ်၌ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးထွန်းဝင်း(မြောက်ဦး)
B.E(Electrical Power)
ဘူမိရူပဗေဒအရာရှိကြီး
M.O.G.E (သာကေတရေနံမြေ)
အသက်(၆၀)

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ လှိုင်ထိပ်ခေါင်တင်လမ်း၊ (၃၇)ရပ်ကွက်၊ အမှတ်(၆၂၂)နေ (ဦးချမ်းသာအောင်-ဒေါ်အောင်သာဖြူ)တို့၏သား၊ ဒေါ်မိုးမိုးခင်(အထက-၃၊ မြောက်ဒဂုံ)၏ ချစ်လှစွာသောခင်ပွန်း၊ မြောက်ဦးမြို့နေ ဒေါ်ဦးသိန်းနု၊ ဒေါ်မခင်နုတို့၏မောင်၊ ဒေါ်ခင်ဖြူ၊ ဒေါ်နုအေးသိန်း၊ ဒေါ်ဖြူဖြူဝင်း၊ ဦးထွန်းနိုင်တို့၏အစ်ကို၊ မရွှေရည်ဦး(Mizzima TV)၊ မဝတ်ရည်ဖူးတို့၏ချစ်လှစွာသောဖခင်သည် ၂-၅-၂၀၁၉ရက်(ကြာသပတေးနေ့) ညနေ ၄း၄၅နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၉ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။ နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တသူရိယ
မန္တလေးတိုင်းဒေသကြီးဩဝါဒါစရိယ
အသက်တော်(၈၁)နှစ်၊ သိက္ခာတော်(၆၁)ဝါ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အရှေ့ငယ်တိုးစံပြကျေးရွာ၊ ဒက္ခိဏာရာမတောင်ကျောင်း၊ ပဓာန နာယက ဆရာတော်ဘဒ္ဒန္တ သူရိယ(မန္တလေးတိုင်းဒေသကြီး ဩဝါဒါစရိယ) သည် ၁၃၈၁ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ရက် (၂-၅-၂၀၁၉)ရက် (ကြာသပတေးနေ့) နံနက် ၈း၃၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်နီး ရပ်ဝေးမှတပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ဆရာတော်၏တပည့်ဒါယကာ၊ ဒါယိကာမများ

ခရစ်တော်၌အိပ်ပျော်ခြင်း
ဖီသိန်းရှင်(ခ)ဒေါ်နန်းသိန်းရှင်
ဗဟိုတရားရုံး(ငြိမ်း)
အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကရင်ခြံရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ ပိုးကရင်သာသနာဝင်း၊ အမှတ်(၁၂၁)နေ(မန်းချစ်စိန်)၏ဇနီး၊ နန့်ညိုမီချစ်-(စောသေတာမူး)၊ နန့်ဂျူလီအဲနာချစ်-မန်းဒေါ စန်၊ မန်းအော်လန်ဒိုချစ်-နန့်ဇင်မာဦး၊ နန့်ဂျဲနဗီးချစ်-ဆရာတော်မန်းရဲလွင်ထူး၊ နန့်စေးလ်ဗီယာချစ်- ဦးမျိုးသန့်တို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏အဘွားသည် ၃-၅-၂၀၁၉ရက်(သောကြာနေ့) နံနက် ၂း၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၅-၅-၂၀၁၉ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ဘရေတန်ပိုးကရင်ဘုရားရှိခိုးကျောင်း(၁၂၁၊ မင်းရဲကျော်စွာလမ်း၊ အလုံ)တွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးထွန်းကြည်(ပင်လုံမြို့)
အသက်(၈၇)နှစ်

ဦးခင်မောင်မော်(ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန)-ဒေါ်နန်းညိုညိုအောင်(Royal Star Hotel ၊တောင်ကြီးမြို့)၏ဖခင် ဦးထွန်းကြည်သည် ၃၀-၄-၂၀၁၉ ရက်(အင်္ဂါနေ့) နံနက် ၉း၃၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း
ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ

မိသားစုနှင့်ထပ်တူဝမ်းနည်းရပါကြောင်း
ဒေါ်ခင်ထွေး(ခ)ဒေါ်ခင်မေကြည်
အသက်(၈၄)နှစ်

ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံး၊ စစ်သံမှူး ဗိုလ်မှူးချုပ်ဝင်းကိုကိုနှင့်ဇနီး ဒေါ်ရီရီအေးတို့၏ကျေးဇူးရှင်မိခင် ဒေါ်ခင်ထွေး(ခ)ဒေါ်ခင်မေကြည်သည် ၂-၅-၂၀၁၉ရက် (ကြာသပတေးနေ့) ည ၁၁း၂၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

သံအမတ်ကြီးနှင့်သံရုံးဝန်ထမ်းမိသားစုများ
မြန်မာသံရုံး၊ ဖနောင်ပင်

ဒေါ်စိန်စိန်မေ (Agnes)
အထက်တန်းပြဆရာမ(ငြိမ်း)အထက(၁)လှိုင်
အသက်(၈၂)နှစ်

ကလောမြို့၊ နတ်စင်လမ်းနေ (ဦးကျန်ရိတ်-ဒေါ်နွေး)တို့၏သမီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်းတို၊ အမှတ်(၂၉/အေ)နေ (ဦးထွန်းနိုင်၊ Alan)-ဒေါ်ခင်အေးကြည်၊ (ဦးမြင့်လွင်၊ Peter)-ဒေါ်ထားထားမြင့်တို့၏အစ်မ၊ တူ၊တူမ လေးယောက်၊မြေးလေးယောက်တို့၏အဘွားသည် ၃-၅-၂၀၁၉ရက်(သော ကြာနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၉ ရက် (တနင်္ဂနွေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၉-၅-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၇နာရီ မှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးလှဝေ(ခ)ဝေါ်ယုံမိ(ရုံးသပြေကန်)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ်(၁၆၂)၊ ခြောက်လွှာ(A)နေ (ဦးဘွန်တုံ-ဒေါ်ရှုဝါ)တို့၏သား၊ ဒေါ်ခင်သန်းနွဲ့၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်ကျော့ကျော့ဝေ)၊ ဒေါ်မျိုးမျိုးသန့်-ဦးထွန်းထွန်းဦး၊ ဒေါ်မင်းမင်းညို၊ဒေါ်နီလာဝေ-ဦးသက်နောင်ထွန်း၊ ဦးသူရဟိန်း-ဒေါ်နီနီလွင်၊ ဦးအောင်ကိုလင်းတို့၏ချစ်လှစွာသောဖခင်၊ မောင်အောင်မြတ်ပိုင်၊ မဆုမြတ်မင်းစိုး၊ မမေမြတ်မွန်၊ မသန့်ဟေသီထွန်း၊ မောင်ဩဘာဟိန်း၊ မအိမ့်နေခြည်ခင်တို့၏ဘိုးဘိုးကြီးသည် ၃-၅-၂၀၁၉ရက် (သောကြာနေ့) နံနက် ၀၀း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် စမ်းချောင်းမြို့နယ်နေအိမ်နှင့်ဗိုလ်ဆွန်ပက်လမ်း နေအိမ်တို့မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၉ရက်(ကြာသပတေးနေ့)တွင် စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ ၁၆၂၊ ၆(A)နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အာရှဘိလိယက်ပြိုင်ပွဲတွင် နေသွေးဦး ချန်ပီယံဆုရရှိ

ရန်ကုန် မေ ၃

၂၀၁၉ အာရှဘိလိယက်ပြိုင်ပွဲနှင့် အာရှ ယူ-၂၁ စနူကာပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ နံနက်ပိုင်းက အိန္ဒိယနိုင်ငံ၌ ကျင်းပရာ မြန်မာ့လက်ရွေးစင် ဘိလိယက်ကစားသမား နေသွေးဦး ချန်ပီယံဆုရရှိခဲ့သည်။

ဗိုလ်လုပွဲတက်ရောက်ခဲ့သည့် နေသွေးဦး မြန်မာနိုင်ငံတွင် လေ့ကျင့်မှု ပြုလုပ်စဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

နေသွေးဦးသည် ဗိုလ်လုပွဲအဖြစ် ထိုင်းကစားသမား ပရာပွတ်နှင့် တွေ့ဆုံခဲ့ပြီး (၆-၂) ပွဲဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ နေသွေးဦးသည် ဗိုလ်လုပွဲတွင် အကောင်းဆုံးပုံစံ ပြသနိုင်ခဲ့ပြီး ပွဲငယ်နှစ်ပွဲသာ ရှုံးနိမ့်ကာ နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ နေသွေးဦးသည် ပရာပွတ်ကို (၁၀၁- ၆၈) မှတ်၊ (၉၄-၁၀၁) မှတ်၊ (၁၀၁-၅) မှတ်၊ (၁၀၂-၅၀) မှတ်၊ (၁၀-၁၀၁) မှတ်၊ (၁၀၀-၀) မှတ်၊ (၁၀၀-၈၇) မှတ်၊ (၁၀၀-၂၅) မှတ်တို့ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ်တွင် နာမည်ကြီးကစားသမား အက်ဗာနီကို အနိုင်ရလာသည့် ပရာပွတ်သည် ဗိုလ်လုပွဲတွင် လက်စွမ်းပြနိုင်ခြင်းမရှိဘဲ ရှုံးနိမ့်ခဲ့သည်။ နေသွေးဦးသည် ယခုပြိုင်ပွဲတွင် ပရာပွတ်နှင့် ဒုတိယအကြိမ် တွေ့ဆုံခြင်းဖြစ်ပြီး အုပ်စုပွဲတွေ့ဆုံစဉ်က အနိုင်ရခဲ့သလို ယခု ဗိုလ်လုပွဲတွင်လည်း ထပ်မံအနိုင်ယူပြီး ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။ နေသွေးဦးသည် ယခုပြိုင်ပွဲတွင် ပြိုင်ပွဲတစ်လျှောက် ပွဲတိုင်းအနိုင်ရပြီး ချန်ပီယံဆုရခဲ့ခြင်းဖြစ်သည်။

နေသွေးဦးသည် အာရှဘိလိယက်ပြိုင်ပွဲတွင် ပထမဆုံး ချန်ပီယံဆုရယူနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ **ရဲရင့်ရှိုင်း**

ဖန်နီမုန်တိုင်း အနောက်ဘင်္ဂလားပြည်နယ်သို့ ရောက်ရှိနိုင်

နေပြည်တော် မေ ၃

ယနေ့ ညနေ ၆ နာရီခွဲတိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ သြရိသကမ်းခြေကို ပူရီမြို့အနီးမှ ဖြတ်ကျော်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ" သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွှေ့လျားကာ အိန္ဒိယနိုင်ငံ ဘူဘာန်နီဆွာမြို့အရှေ့မြောက်ဘက် ၁၅ မိုင်ခန့်၊ ဘာရီပဒမြို့၏ တောင်-အနောက်တောင်ဘက် ၉၅ မိုင်ခန့် အကွာတွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ" သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွှေ့လျားလျက်ရှိသည်။

အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ" သည် နောက် ၆ နာရီအတွင်း အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း " ဖန်နီ "အဖြစ်သို့ အားလျော့သွားပြီး နောက် ၁၂ နာရီအတွင်း မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွှေ့လျားကာ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်သို့ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ" ၏ အရှိန်ကြောင့် မေ ၃ ရက်မှ ၅ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ" ၏အရှိန်ကြောင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

ကမ္ဘာ့သတင်း လွတ်လပ်ခွင့်နေ့အခမ်းအနား ကျင်းပ

စာမျက်နှာ ❖ ၈

ပညာရေးဝန်ကြီးဌာနအနေဖြင့် လုပ်သက်ရမှတ် တန်းစီဇယားဖြင့် လစ်လပ်လျက်ရှိသော နေရာများသို့ ပြောင်းရွှေ့ခန့်ထား

ပြည်သူ့လွှတ်တော်အစည်းအဝေး စာမျက်နှာ ❖ ၆

ကျေးလက်နေအမျိုးသမီးများ၏ လူနေမှုဘဝ မြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်း

အမျိုးသားလွှတ်တော်အစည်းအဝေး စာမျက်နှာ ❖ ၇

AA အဖွဲ့နှင့် ပတ်သက်ဆက်နွယ်နေသူများအား စစ်ဆေးဆောင်ရွက်၊ ပတ်သက်ဆက်နွယ်မှု မရှိသူများအား ပြန်လည်စေလွှတ်

စာမျက်နှာ ❖ ၁၃

MFF Open Cup ဖူဆယ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၉ MFF Open Cup ဖူဆယ်ပြိုင်ပွဲကို မေ ၁၀ ရက်မှစ၍ ရန်ကုန်မြို့၊ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခုပြိုင်ပွဲတွင် ပရော်ဖက်ရှင်နယ်ဖူဆယ်ကလပ်အသင်းများအပြင် အပျော်တမ်းကလပ်အသင်းများကိုပါ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး အသင်းပေါင်း ၅၀ ဖြင့် ကျင်းပရန် စီစဉ်ထားသည်။

ပြိုင်ပွဲဝင်လိုသည့်အသင်းများအနေဖြင့် မေ ၈ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပြီး ပထမအဆင့်ကို အုပ်စုပတ်လည်စနစ်ဖြင့် ကျင်းပကာ ဒုတိယအဆင့်မှ စတင်၍ ရှုံးထွက်ပုံစံဖြင့် ကျင်းပမည်ဖြစ်သည်။ *စာမျက်နှာ ၁၀ ကော်လံ ၄* ❊

2018 MFF Open Cup ဖူဆယ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် MIC အသင်း။ ဓာတ်ပုံ-စိုးညွှန့်

PUN HLAING SILOAM HOSPITALS
"နိုင်ငံခြားသို့သွားရောက်ကုသရန်မလိုတော့ပါ"
စင်ကာပူနိုင်ငံမှဆရာဝန်ကြီးလာရောက်ကုသပေးမည့်အစီအစဉ်
နလုံးသွေးကြောကျဉ်းရောဂါရှာဖွေကုသခြင်းပေါင်းများစွာတို့ကိုအောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့သော
နိုင်ငံတကာအတွေ့. အကြံရှိ မြန်မာနိုင်ငံမှနလုံးအထူးကုဆရာဝန်ကြီးများနှင့်
စင်ကာပူနိုင်ငံမှဆရာဝန်ကြီးတို့ပူးပေါင်း၍ ကုသပေးနေပါပြီ....
Stress Test / Treadmill
Echocardiogram
Cardiovascular Laboratory
Holter ECG
- နလုံးသွေးကြောပုံရိပ်ဖော်ခြင်း
- နလုံးသွေးကြောထောက်ကိရိယာ (Stent) ထည့်သွင်းကုသခြင်း
မေလ (၁၀) ရက်နေ့မှ (၁၂) ရက်နေ့အထိ
ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၃၆၈၄၃၃၂၊ ၃၆၈၄၃၃၂၅၊ ၃၆၈၄၃၃၃၆၊ (၀၉) ၄၂၁၀၄၂၆၇၉၊ (၀၉)၂၅၄၄၉၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁
LIKE US ON facebook Pun Hlaing Siloam Hospitals

မြန်မာ့အလင်း
စနေ၊ မေ ၄၊ ၂၀၁၉

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သုံးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

အများပြည်သူအတွက် ပေါင်းကူးတံတားအဖြစ် ရပ်တည်ပေးနေသည့် ပြန်ကြားရေးဝန်ကြီးဌာန

◆ တွေ့ဆုံမေးမြန်း - ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဓာတ်ပုံ - မေဦးမိုး ◆

ပြည်သူအတွက် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဟူသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူများအတွက် သတင်းအချက်အလက်များ ပေးအပ်ခြင်း၊ အသိပညာများ ဖြန့်ဝေခြင်းနှင့် ပြည်သူများစိတ်အပန်းပြေစေရေး ရည်ရွယ်၍ ဦးတည်ဆောင်ရွက်လျက်ရှိသည့် ပြန်ကြားရေးဝန်ကြီးဌာန၏ အစိုးရသက်တမ်း တတိယ(၁)နှစ်တာအတွင်း ဆောင်ရွက်ချက်များကို သိရှိနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းတို့အား တွေ့ဆုံမေးမြန်းထားပါသည်။

ဒေါက်တာဖေမြင့်

ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန

မေး။ ။ အများပြည်သူနဲ့ မဏ္ဍိုင်ကြီးသုံးရပ်အကြား ဆက်ဆံပေါင်းကူးလျက်ရှိတဲ့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ဦးတည်ချက်၊ ရည်မှန်းချက်များနဲ့ ဝန်ကြီးဌာနအကြောင်း မိတ်ဆက်ပြောကြားပေးစေလိုပါတယ်ရှင့်။

ဖြေ။ ။ ပြန်ကြားရေးဝန်ကြီးဌာနဆိုတာကတော့ အစိုးရနဲ့ပြည်သူကြားမှာ ဆက်သွယ်ပေါင်းကူးပေးနေတဲ့ ဌာနဖြစ်ပါတယ်။ အဓိက ဆောင်ရွက်တဲ့ လုပ်ငန်းတာဝန်တွေက အများပြည်သူကို သတင်းအချက်အလက်တွေပေးတယ်။ အများပြည်သူအသိပညာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အထောက်အကူပြုတဲ့အလုပ်တွေကို လုပ်ပေးတယ်။ အများပြည်သူအတွက် ဖျော်ဖြေမှုတွေ တင်ဆက်ပေးတယ်။ အထူးသဖြင့် နိုင်ငံရဲ့ မဏ္ဍိုင်အသီးသီးမှာ တာဝန်ယူဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်တွေနဲ့ အများပြည်သူကြားမှာ ထိတွေ့မှုရှိဖို့နဲ့ အများပြည်သူအချင်းချင်းလည်း ထိတွေ့ပြီးတော့ အတွေးအမြင် အယူအဆတွေ ဖလှယ်နိုင်ဖို့၊ စိတ်ကူးစိတ်သန်းတွေ မျှဝေနိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးရတာ ဖြစ်ပါတယ်။

ဒီလိုလုပ်ငန်းတာဝန်တွေကို ဆောင်ရွက်နိုင်ဖို့အတွက် ဝန်ကြီးဌာနရဲ့အောက်မှာ ဌာနကြီး လေးခုရှိပါတယ်။ ဌာနကြီးလေးခုနဲ့ ဝန်ကြီးရုံးဌာနပေါင်းစပ်ပြီး တာဝန်တွေကို ထမ်းဆောင်ပါတယ်။ ဌာနလေးခုကတော့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနနဲ့ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့ ဖြစ်ပါတယ်။

မေး။ ။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရဲ့ သမိုင်းကြောင်းနဲ့ လက်ရှိဆောင်ရွက်နေတဲ့ တတိယ (၁)နှစ်တာအတွင်းက တိုးတက်မှုတွေကိုလည်း ရှင်းပြပေးပါရှင့်။

ဖြေ။ ။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကို အရင်တုန်းကတော့ မြန်မာ့အသံဆိုပြီး လူသိများပါတယ်။ မြန်မာ့အသံအနေနဲ့ နဂိုမူလက ရေဒီယို ထုတ်လွှင့်တဲ့ အလုပ်တစ်ခုအနေနဲ့ စတင်ခဲ့တာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ ရုပ်မြင်သံကြားပေါ်လာတော့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဖြစ်လာပါတယ်။ ပြန်ကြည့်မယ်ဆိုရင် ဒီဌာနရဲ့ အလုပ်သည် နည်းပညာတွေ ပြောင်းလဲလာတာနဲ့အမျှ ပြောင်းလဲနေတယ်ဆိုတဲ့ အနေအထားကို တွေ့ရပါတယ်။ နည်းပညာတွေတိုးတက်ပြောင်းလဲလာတာနဲ့အမျှ လိုက်ပါပြီး ပြောင်းလဲနိုင်ဖို့လိုတယ်ဆိုတာကိုလည်း တွေ့ရတယ်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကတိသစ္စာပြုခြင်းအခမ်းအနားတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဟ်သာဝတီဦးအုန်းကြိုင်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်

"ပြန်ကြားရေးဝန်ကြီးဌာနဆိုတာကတော့ အစိုးရနဲ့ပြည်သူကြားမှာ ဆက်သွယ်ပေါင်းကူးပေးနေတဲ့ ဌာနဖြစ်ပါတယ်။ အဓိက ဆောင်ရွက်တဲ့ လုပ်ငန်းတာဝန်တွေက အများပြည်သူကို သတင်းအချက်အလက်တွေပေးတယ်။ အများပြည်သူ အသိပညာဖွံ့ဖြိုးတိုးတက်ဖို့အတွက် အထောက်အကူပြုတဲ့အလုပ်တွေကို လုပ်ပေးတယ်"

နိုင်ငံတကာမှာက ရုပ်သံထုတ်လွှင့်တဲ့အလုပ်မှာ နည်းပညာအသစ်တွေ အများကြီးပေါ်ထွက်နေပြီး ဆောင်ရွက်နေတာတွေရှိပါတယ်။ ရိုက်ကူးထုတ်လွှင့်လိုက်တာကို ပြန်ဖမ်းယူကြည့်ရှုတဲ့နေရာမှာလည်း ပစ္စည်းအသစ်တွေ၊ နည်းစနစ် အသစ်တွေ ပေါ်လာနေပါတယ်။ ဒါကို ကျွန်တော်တို့လည်းပဲ ဆက်လက်ပြုပြင်ပြောင်းလဲပြီး ဆောင်ရွက်နေဖို့ လိုအပ်သလို၊ ပြောင်းလဲဖို့ဆောင်ရွက်တဲ့ အခါမှာ နည်းပညာ အသစ်တွေရယူဖို့ လိုပါတယ်။ စက်ပစ္စည်းကိရိယာအသစ်တွေလည်း ရဖို့လိုတယ်။ ဒါတွေက ငွေကြေးအကုန်အကျများတဲ့ကိစ္စတွေ ဖြစ်ပါတယ်။

သို့သော် ကျွန်တော်တို့အနေနဲ့ ဘဏ္ဍာငွေကြေးပိုင်းမှာ အကန့်အသတ်တွေ ရှိနေတော့ ရှိတဲ့အခြေအနေကြားကနေ တိုးတက်အောင် ဆောင်ရွက်ရပါတယ်။ ဆောင်ရွက်တဲ့အခါမှာ ကိုယ်တိုင်စွမ်းအားနဲ့ ဆောင်ရွက်တာတွေရှိတယ်။ အခြားမိတ်ဖက်အဖွဲ့အစည်းတွေရဲ့ ကူညီမှုတွေနဲ့ ပူးပေါင်းပြီးတော့ လုပ်ရတာတွေလည်း ရှိပါတယ်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာ အစိုးရရဲ့ တတိယ(၁)နှစ်တာအတွင်း အခြေခံအဆောက်အအုံပိုင်းနဲ့ ပတ်သက်တဲ့ စက်ပစ္စည်းကိရိယာတွေ၊ နည်းပညာသုံးပစ္စည်းတွေ တိုးတက်အောင် ဆောင်ရွက်ထားရတဲ့အထဲက ဥပမာနှစ်ခုလောက် ပြောချင်ပါတယ်။

အဆင့်မြှင့်တင်

တစ်ခုကတော့ ရန်ကုန်မြို့၊ ပြည်လမ်းမှာရှိတဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာ စတူဒီယို (၁) ဆိုတာ ရှိပါတယ်။ ဒါက နဂိုမူလတုန်းက အလုပ်တွေ အများကြီးလုပ်ခဲ့တဲ့ နေရာတစ်ခုဖြစ်ပါတယ်။ ဒီစတူဒီယို(၁)ဟာ ယခုအခါမှာတော့ ဟောင်းနွမ်းပြီး အလုပ်မလုပ်နိုင်တဲ့ နေရာတစ်ခုဖြစ်နေတာ အတော်ကြာခဲ့ပါပြီ။ အဲဒီခန်းမကြီးကို ခေတ်မီအောင် ပြန်လည်ပြင်ဆင်တာတွေကို လုပ်ဆောင်ခဲ့ပါတယ်။ မကြာခင်မှာ ပြီးစီးတော့မှာ ဖြစ်ပါတယ်။ ပြုပြင်တဲ့အခါ ရိုက်ကူးရေးနည်းစနစ်တွေ၊ ကင်မရာတွေကအစ၊ မီးအလင်း အမှောင်၊ အရောင်စနစ်တွေ၊ အသံစနစ်စတာတွေအားလုံး စက်ပစ္စည်းကိရိယာအသစ်တွေ အားလုံးထည့်သွင်းပြီး ရိုက်ကူးမယ့် နည်းစနစ်အသစ်တွေနဲ့ လုပ်ကိုင်ဆောင်ရွက်ဖို့ ပြင်ဆင်ထားတာဖြစ်ပါတယ်။

ပြီးစီးသွားခဲ့ရင်တော့ သွားလာရလွယ်ကူတဲ့အတွက်ကြောင့် ရန်ကုန်မှာ အခြေစိုက်နေထိုင်ကြတဲ့ အနုပညာရှင်၊ အတတ်ပညာရှင်တွေနဲ့ အစီအစဉ်အသစ်တွေ မျှားမျှားစားစား ရိုက်ကူးထုတ်လုပ်လာနိုင်တော့မှာဖြစ်ပါတယ်။

ဒါကအခြေခံအဆောက်အအုံပိုင်းမှာ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ရင်းနဲ့ အစီအစဉ် ထုတ်လုပ်မှုအပိုင်းမှာ ပိုပြီးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်တဲ့ အနေအထားတစ်ခုဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နှစ်မှာ တိုက်ရိုက်ထုတ်လွှင့်တဲ့ အစီအစဉ်တွေလည်း အတော်များများတိုးတက်ပြီးတော့လုပ်ခဲ့တာ ရှိပါတယ်။ အများပြည်သူ စိတ်ဝင်စားတဲ့ အခမ်းအနားတွေ၊ အဖြစ်အပျက်တွေကို ထုတ်လွှင့်ပေးခဲ့ပြီး ဥပမာပြောရရင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ လူငယ်များစကားဝိုင်းကျင်းပတာ ရှိပါတယ်။ ပြည်နယ်နေ့ အခမ်းအနားတွေ ကျင်းပတာ ရှိပါတယ်။ (၂၁) ရာစုပင်လုံနဲ့ ပတ်သက်တဲ့ အစည်းအဝေးတွေ၊ အရေးကြီးတဲ့ကိစ္စတွေကို တိုက်ရိုက်ထုတ်လွှင့်ပေးတာရှိပါတယ်။ လူအများစိတ်ဝင်စားတဲ့ ဘောလုံးပွဲတွေ၊ အားကစားပွဲတွေ၊ ဂီတဆိုင်ရာ ဖျော်ဖြေပွဲတွေစသည်ဖြင့် တိုက်ရိုက်ထုတ်လွှင့်တာလည်းရှိပါတယ်။ အခုနှစ်မှာ အရင်နှစ်ကထက်စာရင် အရေအတွက်အားဖြင့် ပိုတိုးလာတယ်။ လူတွေကလည်း တိုက်ရိုက်ထုတ်လွှင့်မှုတွေကို ပိုစိတ်ဝင်စားလာတယ်။ ဒါကို တိုးတက်ဆောင်ရွက်မယ်ဆိုရင်လည်း လူအင်အားရော၊ ပစ္စည်းအင်အားရော ပိုပြီး လိုအပ်ပါတယ်။

အဲဒီလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့၊ နယ်တွေနဲ့ ဝေးလံခေါင်ဖျားတဲ့ ဒေသများအထိ သွားရောက်ပြီး တိုက်ရိုက်ထုတ်လွှင့်တဲ့အစီအစဉ်တွေ လုပ်ကိုင်နိုင်မယ့်၊ လုပ်ကိုင်တဲ့နေရာမှာ အသုံးပြုနိုင်မယ့် DSNG ရိုက်ကူးထုတ်လွှင့်ရေးယာဉ် သုံးစီးမကြာမီက ဖြည့်တင်းခဲ့ပါတယ်။ ဒါကြောင့် လာမယ့်နှစ်မှာဆိုရင် တိုက်ရိုက် ထုတ်လွှင့်မယ့်အစီအစဉ်တွေ ဒီထက်မက တိုးတက်ပြီး လုပ်ကိုင်လာနိုင်ဖို့ ရှိပါတယ်။

မေး။ ။ ပြည်တွင်းပုဂ္ဂလိက ရုပ်သံလုပ်ငန်းတွေ ဖွံ့ဖြိုးစေဖို့ ဆောင်ရွက်ချက်တွေကိုလည်း သိပါရစေရှင့်။

ဖြေ။ ။ ဌာနရဲ့လုပ်ငန်းများ တိုးတက်ဖို့အတွက် ဆောင်ရွက်ရတာ ရှိသလို တစ်ချိန်တည်းမှာ နိုင်ငံအတွင်း ရုပ်သံလုပ်ငန်းတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ဖို့ကလည်း ပြန်ကြားရေးဝန်ကြီးဌာနရဲ့ တာဝန်ဖြစ်ပါတယ်။ ပုဂ္ဂလိက ရုပ်သံလုပ်ငန်းများ လုပ်ကိုင်ခွင့်ရရေးနဲ့ ဖွံ့ဖြိုးတိုးတက်လာရေး ဆောင်ရွက်ရာမှာ ပြီးခဲ့တဲ့ နှစ်နှစ်နီးပါးကတည်းက ပုဂ္ဂလိက ရုပ်သံလိုင်းအသစ်တွေ ဖန်တီးပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ရုပ်သံလိုင်း ငါးလိုင်းကို မြန်မာ့အသံရဲ့ ထုတ်လွှင့်ရေး စနစ်ထဲကနေ ထုတ်လွှင့်နိုင်ဖို့ စီစဉ်ပေးတာဖြစ်ပါတယ်။

ရုပ်သံလိုင်းငါးခုအတွက် ဆောင်ရွက်မယ့် လုပ်ငန်းငါးခုကို စိစစ်ရွေးချယ်ပေးခဲ့ပြီး ဒီငါးခုသည် ပြီးခဲ့တဲ့နှစ်အတွင်း တစ်ခုပြီးတစ်ခု လုပ်ငန်းလည်ပတ်ပြီး ရုပ်သံထုတ်လွှင့်တဲ့ အလုပ်တွေ လုပ်ကိုင်နေပြီဖြစ်ပါတယ်။

အချပ်ပို (ခ) သို့

၁၁-၈-၂၀၁၈ ရက်က မန္တလေးမြို့၌ ကျင်းပသည့် လူငယ်ဘက်စုံဖြိုးရေးပွဲတော်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လူငယ်များ စာပေစကားဝိုင်းအခမ်းအနား ကျင်းပစဉ်။

အချပ်ပို (က) မှ

မေး။ ။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရဲ့အောင်မြင်တဲ့ ပွဲတော်ဖြစ်တဲ့ ကလေးစာပေပွဲတော်တွေနဲ့ အခြားဆက်စပ်ပွဲတော်တွေ၊ အခမ်းအနားတွေ ကျင်းပနေခြင်းအကြောင်းကိုလည်း သိရှိလိုပါတယ်။

ဖြေ။ ။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနဲ့ ပတ်သက်ရင် ကလေးစာပေပွဲတော်တွေ ကျင်းပတာ လူအများ သိကြပါတယ်။ ကလေးစာပေပွဲတော်တွေကို ပြီးခဲ့တဲ့ နှစ်နှစ်ကျော်က စပြီးကျင်းပခဲ့ပါတယ်။ အခုနှစ်အတွင်းမှာ အရှိန်အဟုန်နဲ့ ဆက်လက်ကျင်းပခဲ့ပါတယ်။ ပွဲတော်ကြီးတွေ ကျင်းပတာ ရှိတယ်။ ဒေသအလိုက် ဆောင်ရွက်နိုင်တဲ့၊ အတိုင်းအတာပေါ် မူတည်ပြီး ကျင်းပတဲ့ ကလေးစာပေပွဲတော်တွေလည်း ရှိပါတယ်။ နိုင်ငံတော်အဆင့်၊ ခရိုင်အဆင့်နဲ့ မြို့နယ်အဆင့် စသည်ဖြင့် သတ်မှတ်ပြုလုပ်ပါတယ်။

နိုင်ငံတော်အဆင့် ကလေးစာပေပွဲတော်ပေါင်းကိုးပွဲ ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ ခရိုင် အဆင့် ၅၇ ပွဲ ကျင်းပနိုင်ခဲ့ပါတယ်။ နောက်ထပ်လည်း မြို့နယ်အဆင့် ကလေးစာပေပွဲတော်တွေ ဆက်လက်ကျင်းပပေးဖို့ရှိပါတယ်။ ကလေးစာပေပွဲတော်တွေ ကျင်းပရာမှာ ပူးပေါင်းပါဝင်ရင်းနဲ့ ကျွန်တော်တို့ နည်းတူ စိတ်အားထက်သန်လာတဲ့ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့မှ ပုဂ္ဂိုလ်များက သူတို့နေရာတွေမှာ ပိုကျယ်ပြန့်အောင် တိုးချဲ့ ဆောင်ရွက်နိုင်ဖို့ လုပ်ပေးကြတာ ရှိပါတယ်။ စေတနာရှင်တွေက ပံ့ပိုးကူညီတာတွေလည်း ရှိပါတယ်။ ဧရာဝတီတိုင်းဒေသကြီးမှာ တိုင်းဒေသကြီး အစိုးရကနေ တိုင်းဒေသကြီးအတွင်းက မြို့နယ် ၂၆ မြို့နယ်မှာ တစ်မြို့နယ်ကို သိန်း ၃၀ ရန်ပုံငွေ ချထားသတ်မှတ်ပေးပြီး ကလေးစာပေပွဲတော်တွေ ကျင်းပဖို့ရှိတာသိရပါတယ်။ ဆိုချင်တာက ကလေးစာပေပွဲတော်တွေကို တဖြည်းဖြည်း စိတ်ဝင်စားမှုများပြီးတော့ အောင်မြင်နေတယ် ဆိုတာကို ပြောချင်တာဖြစ်ပါတယ်။

ဝန်ကြီးဌာနပေါင်းစုံလက်တွဲပါဝင်လာ

ပြီးခဲ့တဲ့နှစ် နိုင်ငံတော်အဆင့် ပွဲကြီးများအဖြစ် ဧရာဝတီတိုင်းဒေသကြီး ပုသိမ် တက္ကသိုလ်၊ ကချင်ပြည်နယ် မြစ်ကြီးနား၊ တက္ကသိုလ်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးတက္ကသိုလ်တို့မှာ ကျင်းပခဲ့ပါတယ်။ နိုင်ငံတော် အဆင့်ပွဲတွေမှာ ပြန်ကြားရေးဝန်ကြီးဌာန အပြင် အခြားဝန်ကြီးဌာနတွေလည်း ပူးပေါင်းပါဝင်ပါတယ်။ ကလေးစာပေပွဲတော် ကျင်းပကတည်းက ကျွန်တော်တို့နဲ့ တောက်လျှောက်လက်တွဲလာတာကတော့ ပညာရေးဝန်ကြီးဌာနဖြစ်ပါတယ်။ အဲဒီနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွေ ပါဝင်လာခဲ့ပါတယ်။ ဒီအပြင် ကျင်းပတဲ့မြို့ရွာ၊ တိုင်းဒေသကြီး၊ ပြည်နယ်များက တောက်လျှောက် ပါဝင်ပါတယ်။ အဲဒီလိုပါဝင်တဲ့အတွက်ကြောင့် စည်စည်ကားကား အောင်အောင်မြင်မြင် ဖြစ်ပါတယ်။

ကလေးစာပေပွဲတော်နဲ့ ဆင်တူရိုးမှား ဒါကိုပဲတိုးချဲ့ပြီး လုပ်နေတာအချိန်ရှိပါတယ်။ ပြီးခဲ့တဲ့ နှစ်က မန္တလေးမှာ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပခဲ့ပါတယ်။ တက္ကသိုလ်ကျောင်းသားလူငယ်များအဆင့် စာပေအပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ပါတယ်။ အားကစားပြိုင်ပွဲတွေ လုပ်တယ်။ စာပေပွဲတော်တွေ လုပ်လာရင်း အရှိန်ရလာတော့ လူအများ စာဖတ်လာကြဖို့ လှုံ့ဆော်လိုတဲ့ ရည်ရွယ်ချက်နဲ့ စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှု အခမ်းအနားတစ်ခုကို ပြီးခဲ့တဲ့နှစ်ထဲမှာပဲ နေပြည်တော်မှာ ကျင်းပနိုင်ခဲ့ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင်တက်ရောက်ခဲ့ပြီး အောင်မြင်စွာနဲ့ ကျင်းပနိုင်ခဲ့ပါတယ်။

မေး။ ။ ကလေးစာပေပွဲတော်အပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဦးစီးဆောင်ရွက်ပေးနေတဲ့ စာဖတ်ဝိုင်းတွေနဲ့ ဆွေးနွေးပွဲတွေအကြောင်းကိုလည်း ရှင်းပြပေးပါရှင့်။

ဖြေ။ ။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေနဲ့ စာပေပွဲတော်တွေအပြင် တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နေတာတစ်ခုရှိပါတယ်။ အဲဒါကတော့ ဒီဌာနအနေနဲ့ မြို့နယ်တိုင်း၊ ခရိုင်တိုင်းမှာ စာကြည့်တိုက်များ၊ ရုံးများဖွင့်ထားတာရှိတယ်။ နဂိုမူလကတော့ ပြည်သူ့စာကြည့်တိုက်တွေဆိုပြီး ဖွင့်ထားတယ်။ သို့သော် ပြည်သူ့စာကြည့်တိုက် ဆိုတဲ့ သဘောတရားနဲ့ ရပ်တည်ခဲ့တယ်။ ပြည်သူ့စာကြည့်တိုက်ဆိုတာ အများပြည်သူ အသုံးပြုနိုင်မယ့် စာကြည့်တိုက်ပဲ ဖြစ်ပါတယ်။ စာကြည့်တိုက်ဖွင့်ထားပြီး စာအုပ်တွေရှိတယ်။ စာလာဖတ်ချင်တဲ့သူဖတ်လို့ရတယ်။ စာအုပ်ငှားချင်တဲ့သူကို ငှားပေးတယ်။ စာကြည့်တိုက်မှူးအနေနဲ့ စာအုပ်ငှားတဲ့အလုပ်၊ စာအုပ်တွေခင်းကျင်းထားတဲ့ အလုပ်ကို အဓိကထားဆောင်ရွက်ပါတယ်။

ဒါပေမယ့် အဲဒီအနေအထားကနေ တိုးမြှင့်ပြီးတော့ စာဖတ်တဲ့အလုပ်ကို လူတွေ စိတ်ဝင်စားလာအောင်၊ စာကြည့်တိုက်ဗီရိုထဲမှာထားတဲ့ စာအုပ်တွေကို တောင်းဆိုလာသူရှိရင် ဖွင့်ပေးတဲ့ အဆင့်မျိုးကနေ စာအုပ်တွေကို စာဖတ်သူတွေ ဆီ ရောက်အောင် သယ်ပို့ပေးတဲ့စနစ်တွေ ကျင့်သုံးတယ်။ အဲဒီစာကြည့်တိုက်တွေမှာ စာများများဖတ်ဖို့ စိတ်ဝင်စားတဲ့သူတွေ စုပြီးတော့ စာဖတ်ဝိုင်းတွေ ဖွဲ့စည်းပေးတယ်။ စာအုပ်နဲ့ ပတ်သက်တဲ့ ဆွေးနွေးပွဲတွေ ပုံမှန်လုပ်ဖို့ စီစဉ်ပေးတယ်။ စာရေးတဲ့ ပုဂ္ဂိုလ်တွေနဲ့ စာဖတ်တဲ့သူတွေ ထိတွေ့ပြီးတော့ ဆွေးနွေးပွဲတွေလုပ်ပေးတယ်။ စာအုပ်တစ်အုပ် ထွက်လာရင် အဲဒီစာအုပ်ရေးသားတဲ့ ပုဂ္ဂိုလ်နဲ့ စာဖတ်ဝိုင်းက လူတွေနဲ့ တွေ့ဆုံဆွေးနွေးတဲ့ အစီအစဉ်မျိုး လုပ်ပေးတာရှိတယ်။

ဒါတွေအပြင် ပြည်သူများအနေနဲ့ စာအုပ်စာပေကိစ္စသာမက မိမိတို့အချင်းချင်း တွေ့ဆုံဆွေးနွေးပွဲတွေ၊ သာမန်ရပ်ရေးရွာရေးအပြင် ပိုမိုကြီးကျယ်တဲ့ နိုင်ငံ့အရေးကိစ္စတွေ၊ မြို့ရွာအရေးကိစ္စတွေ ဆွေးနွေးဖို့၊ တိုင်ပင်ဖို့ဖြစ်ဖြစ် တွေ့ဆုံချင်ရင် တွေ့ဆုံနိုင်အောင်ဆိုပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွေက နေရာထိုင်ခင်း စီစဉ်ပေးတယ်။ တွေ့ဆုံဆွေးနွေးတာတွေ လုပ်ချင်တယ်ဆိုတဲ့ အသင်းအဖွဲ့တွေ၊ အစုအဖွဲ့တွေ၊ ပုဂ္ဂိုလ်တွေကိုလည်း ဒီနေရာဌာနကို သုံးကြဖို့ ဖိတ်ခေါ်တယ်။ ဒါက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ရုံးတွေကို ဒေသကလူများရဲ့တွေ့ဆုံရာ နေရာဌာန (Community Centre) တစ်ခုဖြစ်အောင် အသွင်ကူးပြောင်းတဲ့အလုပ် ဖြစ်ပါတယ်။

Community Centre မှာ စာဖတ်ဝိုင်းတွေ လုပ်သလို ပြည်သူ့စာကားဝိုင်းတွေ စီစဉ်ပေးတယ်။ ဒီစကားဝိုင်းတွေက ဘာရည်ရွယ်သလဲဆိုရင် ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ရည်ရွယ်ချက်နဲ့ လုပ်ငန်းတာဝန်ထဲမှာပါတဲ့ နိုင်ငံရဲ့ မဏ္ဍိုင်အသီးသီး မှာ တာဝန်ယူဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်တွေနဲ့ အများပြည်သူထဲက တစ်ဦးချင်းစီသောသူတွေ ထိတွေ့ပြီး အပြန်အလှန်စကားပြောတာ၊ မေးမြန်းဖြေကြားတာ၊ သူတို့ရဲ့စိတ်ကူးစိတ်သန်းတွေကို ဖော်ထုတ်၊ အကြံပေး၊ ဝေဖန်၊ ထောက်ပြတာတွေ လုပ်နိုင်ဖို့အတွက် စီစဉ်ပေးတာဖြစ်ပါတယ်။ ပြည်သူ့စာကားဝိုင်းများမှာ ပါလေ့ရှိတဲ့သူတွေက သက်ဆိုင်ရာ ဌာနတစ်ခုမှာ တာဝန်ယူဆောင်ရွက်တဲ့ပုဂ္ဂိုလ်တွေပါမယ်။ ကျင်းပရာဒေသက လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးပါမယ်။ သို့မဟုတ် ဒီဒေသမှာ လှုပ်ရှားဆောင်ရွက်နေတဲ့ လူမှုအဖွဲ့အစည်းတွေထဲက တာဝန်ယူဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်မျိုးတွေပါမယ်။ အဲဒီနေ့ဆွေးနွေးမယ့် အကြောင်းအရာခေါင်းစဉ်နဲ့ ပတ်သက်ပြီး ကျွမ်းကျင်တဲ့ ပညာရှင် တစ်ဦးဦးပါလိမ့်မယ်။ သူတို့က ပင်တိုင်ဆွေးနွေးသူများအဖြစ်နဲ့ ထိုင်ပြီးတော့ ကျန်တဲ့ပြည်သူထဲက စိတ်ဝင်စားတဲ့သူတွေက ဝင်ဆွေးနွေးတဲ့ စကားဝိုင်းတွေ ဖြစ်ပါတယ်။

ပြည်သူ့စာကားဝိုင်းတွေ သက်ဝင်လှုပ်ရှား

ပြည်သူ့စာကားဝိုင်းတွေက သက်ဆိုင်ရာ ရပ်ရွာဒေသမှာ အရေးကြီးနေတဲ့ ကိစ္စတွေ၊ အကြောင်းအရာတွေ၊ ခေါင်းစဉ်တွေကို အဓိကထားပြီး ဆွေးနွေးတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နယ်မြေဒေသတွေက ကျေးလက်ဒေသ၊ စိုက်ပျိုးရေး ဒေသတွေများပါတယ်။ ဒီနေရာတွေမှာ မိမိတို့ရဲ့ဒေသဖွံ့ဖြိုးတိုးတက်ဖို့ ဘယ်လို ဆောင်ရွက်မလဲ၊ ဆိုတာကို ဆွေးနွေးတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစကားဝိုင်းတွေကိုလည်း ဇန်တီးပေးပါတယ်။ စကားဝိုင်းများသည် အမြို့မြို့အနယ်နယ်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများနဲ့ သူတို့နဲ့ ဆက်စပ်တဲ့၊ ဆီလျော်တဲ့၊ အဆင်ပြေတဲ့ နေရာတွေမှာ ကျင်းပတာဖြစ်ပြီး အခုဆိုရင် ကျင်းပတဲ့ အကြိမ်အရေအတွက်ဟာ တစ်နိုင်ငံလုံးအနေနဲ့ ထောင်ဂဏန်းလောက် ရှိနေပါပြီ။

နိုင်ငံထဲမှာရှိတဲ့ ပြည်သူများကြားမှာရှိတဲ့ စိတ်ကူးစိတ်သန်းတွေ အယူအဆတူတာ၊ မတူတာတွေကို ပွင့်ပွင့်လင်းလင်းပြောဆိုဖို့၊ ဖလှယ်ဖို့၊ မိမိတို့အယူအဆကို အများသိအောင်ပြောဖို့ သက်ဆိုင်ရာ တာဝန်ရှိသူတွေသိအောင်ပြောဖို့၊ သက်ဆိုင်ရာ ကဏ္ဍများမှာ လုပ်ကိုင်ဆောင်ရွက်တဲ့သူတွေကိုလည်း ၎င်းတို့ရဲ့ လုပ်ကိုင်ဆောင်ရွက်ချက်တွေနဲ့ ပတ်သက်ပြီး မိမိတို့လက်မခံနိုင်တာရှိရင်၊ လွဲမှားတာလို့ထင်ရင်၊ မပြည့်စုံဘူးထင်တာရှိရင် ဝေဖန်ထောက်ပြဖို့၊ ဖြည့်စွက်ဖို့ စသဖြင့် ဒါတွေကို လုပ်ကိုင်ဆောင်ရွက်နိုင်အောင် ပြုလုပ်ပေးတာ ဖြစ်ပါတယ်။ တစ်နည်းပြောရရင် နိုင်ငံထဲမှာ ဒီမိုကရေစီအလေ့အကျင့်တွေ၊ လွတ်လပ်စွာ ပြောဆိုမှု၊ ဆွေးနွေးဖလှယ်မှုဆိုတဲ့ ယဉ်ကျေးမှုတွေ ထွန်းကားအောင်ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေနဲ့ ပြီးခဲ့တဲ့ တစ်နှစ်တာ ကာလပတ်လုံး ဒီကိစ္စတွေကို တက်တက်ကြွကြွနဲ့ ဆောင်ရွက်ပေးခဲ့ပါတယ်။

မေး။ ။ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲအနေနဲ့ ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တစ်တပ်တစ်အား ပါဝင်အားဖြည့်ပေးခဲ့တဲ့ အပိုင်းတွေကိုလည်း သိပါရစေ။

ဖြေ။ ။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက မြန်မာနိုင်ငံမှာ ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆောင်ရွက်ရန် တာဝန်ရှိတဲ့ ဌာနတစ်ခုလည်း ဖြစ်ပါတယ်။ ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ကတော့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အပါအဝင် ရုပ်ရှင်လောကသားတွေက အဓိကဆောင်ရွက်ရမယ့် ကိစ္စဖြစ်ပါတယ်။ သူတို့က ဖွံ့ဖြိုးအောင် တကယ်ထိထိ ရောက်ရောက် ဆောင်ရွက်နေကြပါတယ်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရဲ့ ရုပ်ရှင်မြှင့်တင်ရေး ဌာနခွဲအနေနဲ့ကတော့ ဒါကို ပံ့ပိုးကူညီတဲ့အလုပ် လုပ်ကိုင်ရပါတယ်။ ပြီးခဲ့တဲ့ နှစ်ထဲမှာ အရင်နှစ်တွေထက်ပိုပြီး တက်ကြွစွာဆောင်ရွက်ခဲ့ပါတယ်။ ဒါက သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပိုပြီးပူးပေါင်းဆောင်ရွက်လာခြင်း ဖြစ်ပါတယ်။

ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ရုပ်ရှင်ရိုက်ကူးရေး စတူဒီယိုတွေ၊ ရုပ်ရှင်နဲ့ ပတ်သက်တဲ့ သင်တန်းကျောင်းတွေ ရှိဖို့လိုအပ်ပါတယ်။ ရုပ်ရှင်ရုံတွေ တိုးပွားလာဖို့၊ တိုးတက်ကောင်းမွန်ဖို့ စသည်ဖြင့် လိုအပ်ပါတယ်။ ရုပ်ရှင်ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေ ထိရောက်အောင်လုပ်နိုင်ဖို့လည်း လိုအပ်ပါတယ်။

အဲဒီအတွက် ကူညီပေးနိုင်မယ့်ကဏ္ဍတွေမှာ ကူညီပေးပါတယ်။ ရန်ကုန်မှာ ရုပ်ရှင်မြှင့်တင်ရေး ခံရှိပါတယ်။ ယခင်က အဲဒီမှာ လုပ်ငန်းတွေ လည်ပတ်ဖို့ နေးကွေးပြီး သဘာဝဘေးတွေကြောင့် အဆောက်အအုံတွေ ယိုယွင်းပျက်စီးနေပါတယ်။ ဒါတွေကို တတ်နိုင်သမျှရှိတဲ့ ရန်ပုံငွေအကန့် အသတ်ထဲကနေ မနှစ်ကစပြီး ပြုပြင်ခဲ့ပါတယ်။ လက်ရှိမှာ ရုပ်ရှင်မြှင့်တင်ရေးစင်တာခြံဝင်းထဲမှာ အရင်ကရှိပေမယ့် အသုံးမပြုနိုင်တဲ့ စတူဒီယို သုံးခု ကို ပြန်လည်အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးထားတယ်။ အခုတော့ ရိုက်ကူးရေးလုပ်ငန်းတွေ စတင်နေပြီဖြစ်ပါတယ်။ ဒုံအပြင် ရုပ်ရှင်အနုပညာရှင်တွေ စုဝေးရာ၊ ဆုံတွေ့ရာအဖြစ် အစည်းအဝေး၊ ဆွေးနွေးပွဲ၊ မိတ်ဆက်ပွဲစသည်ဖြင့် ကျင်းပနိုင်ဖို့ နေရာထိုင်ခင်းတွေ ပြင်ဆင်ပေးထားပါတယ်။

ဒီနေရာမှာ ရုပ်ရှင်အနုပညာရှင်တွေ၊ ပညာရှင်တွေ၊ ဝါသနာရှင်တွေရဲ့ရုပ်ရှင် သုံးသပ်ဆွေးနွေးပွဲတွေ၊ အတွေ့အကြုံမျှဝေခြင်းတွေကို ပုံမှန်ကျင်းပနေပါတယ်။ ရုပ်ရှင်နဲ့ ပတ်သက်ပြီးတော့ နိုင်ငံတကာကနေ လာရောက်ရိုက်ကူးတာတွေလည်း ကူညီဆောင်ရွက်ပေးပါတယ်။ ယခင်က ရိုက်ကူးရေးလုပ်မယ်ဆိုရင် အကန့်အသတ်တွေများပါတယ်။ ဒါတွေကို သက်ဆိုင်တဲ့ ဌာနအသီးသီးကို ဆက်သွယ်ပြီး အကန့်အသတ်တွေ လျော့ပါးအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ရိုက်ကူးနိုင်ဖို့အတွက် ပေးသွင်းရတဲ့ အခကြေးငွေတွေ အရင်ထက်ပိုလျော့နည်းလာဖို့အပြင် သွားလာဖို့ ဝင်ရောက်ရိုက်ကူးရန် လွယ်ကူဖို့လည်း ဖြေလျှော့ပေးနေပါတယ်။

မေး။ ။ ရန်ကုန်မြို့မှာ ထူးထူးခြားခြား လာရောက်ရိုက်ကူးခဲ့တဲ့ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားကြောင့် ရုပ်ရှင်လုပ်ငန်းအတွက် ဘယ်လောက်ရိုက်ခတ်လာနိုင်ပါသလဲရှင့်။

ဖြေ။ ။ ထူးထူးခြားခြားအနေနဲ့ ပြီးခဲ့တဲ့နှစ်မှာ ရန်ကုန်မြို့လယ် ဆူးလေဘုရားလမ်းမှာ ရိုက်ကူးခဲ့တဲ့ ဟောင်ကောင်ကုမ္ပဏီတစ်ခုရဲ့ Line Walker 2 ဇာတ်ဝင်ခန်း ရှိပါတယ်။ ရိုက်ကူးခွင့်ရသွားခြင်းသည် မြန်မာနိုင်ငံမှာ ဒီလို ဇာတ်ကားမျိုး ရိုက်ကူးရေးလုပ်နိုင်ပြီ၊ လုပ်ခွင့်ရှိသွားပြီဆိုတာကို အများသိသွားတာကြောင့် ကျွန်တော်တို့အတွက် အကျိုးကျေးဇူးရှိပါတယ်။ ပြည်သူ့တွေအနေနဲ့ ရုပ်ရှင်ဇာတ်ကားတွေကို ဘယ်လိုပုံစံနဲ့ ရိုက်ကူးသလဲဆိုတာ သိရှိရတဲ့အတွက် ဝါသနာရှင်တွေအတွက် အများကြီး ဗဟုသုတရပါတယ်။ နိုင်ငံရဲ့ ပုံရိပ်ကိုလည်း တက်စေပါတယ်။

ကျွန်တော်တို့နိုင်ငံကို အကန့်အသတ်တွေများတဲ့ တိုင်းပြည်၊ လွတ်လပ်မှုနည်းတဲ့ ဒေသလို့ အခြားက ရှုမြင်ထားခဲ့ရာကနေ ဒီလိုအတိုင်း အတာအထိ ရိုက်ကူးလို့ရတယ်၊ လုပ်ကိုင်ဝင်ထွက်လို့ ရတယ်ဆိုတာကို သိလာတဲ့အခါ နိုင်ငံအတွက် အကျိုးများစေမှာ ဖြစ်ပါတယ်။ နိုင်ငံမှာ အခြားလုပတဲ့ ရေမြေတောတောင်တွေ၊ သဘာဝရှုခင်းတွေကိုရိုက်ကူးပြီး နိုင်ငံတကာကို ဖြန့်ချိမယ်ဆိုရင် နိုင်ငံတကာက သိရှိပြီး တိုင်းပြည်နဲ့ ပတ်သက်တဲ့ အသိအမှတ်ပြုမှုတွေပိုပြီး တိုးတက်မှုရှိမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ လက်ရှိနိုင်ငံအနှံ့အပြားက နေရာဒေသတွေကို ပြည်ပအဖွဲ့များ သွားရောက်ရိုက်ကူးတာတွေ များလာပါတယ်။ ပြည်တွင်းကုမ္ပဏီတွေနဲ့ လက်တွဲပြီး ရုပ်ရှင်တွေ၊ ဇာတ်လမ်းတွဲတွေ ရိုက်ကူးမယ့်သူတွေလည်း ရှိလာပါတယ်။ နေပြည်တော်မှာလည်း ရုပ်ရှင်စတူဒီယိုကြီး ထူထောင်ဖို့ ကမ်းလှမ်းတာ ရှိပါတယ်။ ဒါက ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တတိယ(၁)နှစ်တာရဲ့ ဆောင်ရွက်ချက်တွေထဲက ရလဒ်ကောင်းတွေပဲ ဖြစ်ပါတယ်။

မေး။ ။ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရဲ့ ဆောင်ရွက်ချက်တွေနဲ့ တစ်နှစ်တာ အတွင်း ဖြတ်သန်းမှုကိုလည်း သိရှိလိုပါတယ်ရှင့်။

ဖြေ။ ။ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနကတော့ ပုံနှိပ်ခြင်းနဲ့ ထုတ်ဝေခြင်းကို လုပ်ပါတယ်။ ပုံနှိပ်ရေးအပိုင်းမှာ ပြင်ပကအစပ်နှံတဲ့ ပုံနှိပ်ရန်ကိစ္စတွေကို ဌာနပိုင် ပုံနှိပ်စက်နဲ့ ရိုက်နှိပ်ပေးပါတယ်။ ယခင်က အစိုးရစာရွက်စာတမ်းတွေကို အဓိက ရိုက်နှိပ်ပါတယ်။ နိုင်ငံတော်ပြန်တမ်း အပါအဝင် အစိုးရရဲ့ စာရွက်စာတမ်းများ၊ ရွေးကောက်ပွဲကာလ မဲစာရင်းများ ရိုက်နှိပ်ခြင်းတို့ ရှိပါတယ်။ လက်ရှိမှာ အဓိကပုံနှိပ်တဲ့ ထုထည်အကြီးမားဆုံးလုပ်ငန်းက ကျောင်းသုံးစာအုပ်များ ပုံနှိပ်ခြင်း ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနက အပ်နှံတာဖြစ်ပြီး ပြီးခဲ့တဲ့နှစ်အတွင်း အုပ်ရေ ၃၅ သန်းအထိ ရိုက်နှိပ်ခဲ့ရပါတယ်။ လာမယ့်နှစ် ကျောင်းသုံးအတွက် အရေအတွက် ၃၉ သန်းကျော်ကို ပုံနှိပ်နေပြီဖြစ်ပါတယ်။

အချပ်ပို (ဂ) သို့

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

အချပ်ပို (ခ) မှ

ဒီအရေအတွက်ဟာ လက်ရှိမြန်မာနိုင်ငံရဲ့ ပုံနှိပ်လုပ်ငန်းတွေ၊ စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွေအားလုံးက ရိုက်နှိပ်ထုတ်ဝေနေတဲ့ စာအုပ်အရေအတွက်ထက် များစွာပိုပါတယ်။ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလုပ်ငန်း တစ်ခုတည်းကတော့ ကျောင်းသုံး ဖတ်စာအုပ်အားလုံးကို ရိုက်နှိပ်ရတာ မဟုတ်ပါဘူး။ အချို့ပုဂ္ဂလိကလုပ်ငန်းတွေကလည်း ရိုက်နှိပ်ခွင့်ရတာ ရှိပါတယ်။ ကျောင်းသုံးစာအုပ်တွေ ဝယ်ယူကြတဲ့အခါ အရည်အသွေးညံ့ဖျင်းတယ်ဆိုပြီး ယခင်က ပြောကြတာတွေ ရှိခဲ့ပါတယ်။ ကျောင်းသုံးစာအုပ်ရဲ့ စက္ကူသားကအစ စာအုပ်ချုပ်တဲ့အပိုင်းအထိ အားနည်းချက်များကို ဝေဖန်တာလည်း ရှိခဲ့ပါတယ်။ ဥပမာအားဖြင့် စာအုပ် ၃၅ သန်းဟာ မူလတန်းကနေ အထက်တန်းအထိ ကျောင်းသားကျောင်းသူတွေနဲ့ သူတို့ရဲ့အိမ်တွေဆီအထိ အသီးသီးရောက်ရှိသွားကြတာ ဖြစ်လို့ အရည်အသွေးညံ့တဲ့ စာအုပ်တစ်အုပ်တလေ ပါသွားရင်တောင် ထောက်ပြပြောဆိုစရာဖြစ်နိုင်တဲ့အတွက် အရည်အသွေးကောင်းမွန်ဖို့ ကြိုးစားဆောင်ရွက်ရပါတယ်။

အခုအချိန်မှာ ဝေဖန်မှုတွေ နည်းပါးလာခဲ့ပါပြီ။ အရည်အသွေးကောင်းအောင် ကြိုးစားခဲ့တဲ့အတွက် လက်ခံနိုင်တဲ့ အနေအထားကို ရောက်အောင် ဆောင်ရွက်နိုင်ပြီလို့ ဆိုနိုင်ပါတယ်။

မေး။ ။ စာအုပ်ထုတ်ဝေရေးအပိုင်းနဲ့ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ဖို့အတွက် တတိယ (၁)နှစ်တာအတွင်း ထူးခြားတဲ့လုပ်ဆောင်ချက်တွေကိုလည်း သိပါရစေ။

ဖြေ။ ။ ထုတ်ဝေရေးအပိုင်းကိုလည်း ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ဆောင်ရွက်ရပါတယ်။ အဓိကအားဖြင့်တော့ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို စာပေဗိမာန်အနေနဲ့ ဆောင်ရွက်ပေးပါတယ်။ အရင်ကတည်းက ခေတ်အဆက်ဆက် အမျိုးသားစာပေဆုတွေ ချီးမြှင့်ပေးတယ်။ အမျိုးသားစာပေဆုမှာ တစ်သက်တာစာပေဆုနဲ့ ကဏ္ဍအလိုက် ဘာသာရပ်တစ်ခုချင်းအတွက် ဆုချီးမြှင့်တာ ရှိတယ်။ စာပေဗိမာန်စာမူဆုကတော့ စာအုပ်အဖြစ်မထုတ်ဝေရသေးတဲ့ စာမူတွေကို ယှဉ်ပြိုင်စေပြီး ဆုချီးမြှင့်ပေးတာဖြစ်ပါတယ်။ ဆုရတဲ့စာမူတွေကို စာအုပ်ဖြစ်လာအောင် ပုံနှိပ်ထုတ်ဝေပေးပါတယ်။

အမျိုးသားစာပေဆုနဲ့ ပတ်သက်ပြီး အရင်က တစ်သက်တာစာပေဆုကို ငွေကျပ် ၂၅ သိန်း သတ်မှတ်ခဲ့ပေမယ့် အများဆန္ဒအရ ရန်ပုံငွေရရှိအောင် ကြိုးပမ်းခဲ့ပြီး ငွေကျပ်သိန်း ၅၀ အထိ တိုးမြှင့်ပေးအပ် ချီးမြှင့်နိုင်ခဲ့ပါတယ်။ ဘာသာရပ်ဆိုင်ရာ ဆုတစ်ဆုချင်းကိုလည်း ငွေကျပ် ၁၅ သိန်းကနေ ၂၅ သိန်းအထိ တိုးမြှင့်ပေးနိုင်ခဲ့ပါတယ်။

မေး။ ။ မကြာသေးမီက စာစဉ်သုံးခုကို ဖြန့်ချိထုတ်ဝေနိုင်ခဲ့တဲ့ မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်အကြောင်းကိုလည်း သိလိုပါတယ်ရှင့်။

ဖြေ။ ။ ဒါက ပြင်ပပညာရှင်များနဲ့ တွဲဖက်ပြီး ဆောင်ရွက်နေတဲ့ ကိစ္စတစ်ရပ် ဖြစ်ပါတယ်။ ခေတ်အဆက်ဆက်က ပေါ်ထွန်းခဲ့တဲ့ မြန်မာစာပေလက်ရာကောင်းတွေထဲက ဒီကနေ့အထိ လူအများ လေ့လာဖတ်ရှုသင့်တဲ့ စာအုပ်ကောင်းတွေ အများကြီးရှိတာမို့ အဲဒါတွေထဲက ရွေးချယ်စုစည်းပြီး မြန်မာဂန္ထဝင် အတွဲ ၁၀၀ စာစဉ်ကို ထုတ်ဝေဖို့ စီစဉ်ခဲ့တာ ဖြစ်ပါတယ်။ အုပ် ၁၀၀ အတွက် ပထမဆုံးအတွဲ သုံးခုဖြစ်တဲ့ အတွဲ ၁၊ ၂၊ ၃ ကို မကြာခင်က စတင်မိတ်ဆက်နိုင်ခဲ့ပါတယ်။ နောက်ထပ်စာစဉ်တွဲတွေ ဆက်ထွက်ဖို့ရှိပါတယ်။

မြန်မာ့စွယ်စုံကျမ်း ၁၅ တွဲကိုလည်း မူသစ်ထုတ်ဝေဖို့ စီစဉ်နေပါတယ်။ ဒီစွယ်စုံကျမ်းများက စာပေဗိမာန်အဖွဲ့က ၁၉၅၀ ကျော်နှစ်များကတည်းက စတင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ နှစ်ပေါင်း ၆၀ ဝန်းကျင်ကြာမြင့်လာပြီဖြစ်တာကြောင့် စာအုပ်ပါ အချို့အချက်အလက်တွေဟာ ခေတ်မမီ တော့ဘဲ ဒီကနေ့ အနေအထားတွေနဲ့ မညီညွတ်တာတွေလည်း ရှိပါတယ်။ ဒါတွေကို ပြင်ဆင်ပြီး ဒီကနေ့လူတွေ အသုံးပြုနိုင်အောင် ပြန်လည်ပြုပြင်တည်းဖြတ်ပြင်ဆင်ဖြည့်စွက်တာတွေ လုပ်ဆောင်နေပါတယ်။

အဲဒီလုပ်ငန်းကို စာပေတိုးတက်ရေးအတွက် နှစ်ကာလများစွာ ဆောင်ရွက်ခဲ့တဲ့ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ထွန်းဖောင်ဒေးရှင်းနဲ့ တွဲဖက်ဆောင်ရွက်နေပါတယ်။ မြန်မာ့စွယ်စုံကျမ်းသည်မူလက အတွဲ ၁ ကနေ ၁၅ အထိ ရှိခဲ့ပါတယ်။ အခုလို ပြန်လည်ဖြည့်စွက်ပြင်ဆင် ထုတ်ဝေတဲ့အခါ ဘယ်လောက်ဖြစ်မလဲဆိုတာ အတိအကျမတွက်နိုင်သေးပါဘူး။ သို့သော် ထွက်ရှိလာမယ့် စာအုပ်အတွဲတွေမှာ အတွဲ ၁ ကနေ နောက်ဆုံး အတွဲအထိ တစ်ကြိမ်တည်း တစ်ပြေးညီ အတွင်းရော၊ အပြင်ရော အပြင်အဆင်ပိုင်းပါ ညီညီညာညာဖြစ်ဖို့ အတွဲ ၁ ကို စိတ်တိုင်းကျအောင် ပြင်ဆင်နေပါတယ်။

ပြီးခဲ့တဲ့နှစ်ကတည်းက အတွဲ ၁ အတွက် အကြောင်းအရာတွေ စုစည်းတယ်။ အပြင်အဆင်တွေ ဆွေးနွေးတယ်။ အထပ်ထပ်ပြန်ပြီး ပြင်ဆင်ခဲ့တာ အခုဆိုရင်ပြီးသလောက်နီးပါး ရှိနေပါပြီ။ နောက်ဆုံးအဆင့်မူကြမ်းပြီးရင် မကြာမီလပိုင်းလောက်မှာ ပထမအတွဲ စပြီးထွက်လာဖို့ရှိပါတယ်။ ပထမတွဲ စထွက်လာပြီဆိုရင် နောက်အတွဲတွေအတွက် သိပ်မခက်ခဲတော့ဘဲ ဆက်တိုက်ထွက်လာဖို့ ရှိပါတယ်။

မေး။ ။ စာပေကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရည်ရွယ်ပြီး စာတမ်းဖတ်ပွဲတွေ၊ ဆွေးနွေးပွဲတွေ စီစဉ်ဆောင်ရွက်နေတဲ့အကြောင်းကိုလည်း သိပါရစေ။

ဖြေ။ ။ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန (ရန်ကုန်) ရုံးသည် သိမ်ဖြူလမ်းမှာရှိပါတယ်။ ကုန်သည်လမ်းမှာလည်း စာပေဗိမာန် အဆောက်အအုံကြီး ရှိပါတယ်။ စာပေဗိမာန် အဆောက်အအုံမှာ ခန်းမရှိတယ်။ သိမ်ဖြူလမ်းမှာလည်း ခန်းမတစ်ခုရှိပါတယ်။ ဒီခန်းမတွေမှာ စာပေနဲ့ ဆက်စပ်တဲ့အလုပ်တွေ အရင်တုန်းက ဆောင်ရွက်ခဲ့ဖူးတာ ရှိပါတယ်။ အခုလက်ရှိမှာလည်း ဌာနက ဦးဆောင်ပြီးလုပ်တဲ့ စာတမ်းဖတ်ပွဲတို့၊ ဆွေးနွေးပွဲတို့အပြင် ဌာနကနေ ဦးဆောင်တာမဟုတ်ဘဲ ပြင်ပစာပေ အဖွဲ့အစည်းတွေကနေ သူတို့လုပ်ကိုင် ဆောင်ရွက်ချင်တဲ့စာပေဆိုင်ရာ ဆွေးနွေးပွဲတွေ၊ ဆုချီးမြှင့်ပွဲတွေ စသဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ဖို့အတွက်လည်း နေရာထိုင်ခင်းတွေ စီစဉ်ပေးလျက်ရှိပါတယ်။ ဒီနေရာတွေမှာ စာပေစကားဝိုင်းတွေ လုပ်ဆောင်ရာကနေ ထွက်ပေါ်လာတဲ့ ရလဒ်တွေ၊ စာတမ်းတွေ စုပေါင်းပြီးတော့ စာအုပ်ထုတ်ဝေတဲ့ အလုပ်တွေ ဆောင်ရွက်ပေးပါတယ်။

တစ်ဆက်တည်းမှာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှာ သုတေသန အဖွဲ့တစ်ခုရှိပါတယ်။ ဒီသုတေသနအဖွဲ့အတွက် သိမ်ဖြူလမ်းက ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရဲ့ရုံးမှာ သီးသန့်နေရာလေးတစ်ခုရှိပါတယ်။ အဲဒီနေရာမှာ အခြေပြုပြီးတော့ ရန်ကုန်မြို့က ပညာရှင်တွေ၊ နိုင်ငံပေါင်းစုံ အကြောင်းအရာပေါင်းစုံနဲ့ သက်ဆိုင်တဲ့ သုတေသီတွေနဲ့ထိတွေ့ပြီးတော့ ဆွေးနွေးပွဲ သုံးသပ်ပွဲတွေ လုပ်ပါတယ်။ ဒီသုံးသပ်မှုများကနေ ရလာတဲ့ ရလဒ်တွေကို စာအုပ်စာတမ်းအဖြစ်ထုတ်ဝေတာ ရှိပါတယ်။

စာအုပ်စာတမ်းထုတ်ဝေတဲ့နေရာမှာ ထူးထူးခြားခြားအနေနဲ့ကတော့ သက်ဆိုင်ရာ အကြောင်းအရာအလိုက် ပုံမှန်နှစ်လတစ်ကြိမ်၊ သုံးလတစ်ကြိမ် ထုတ်တဲ့ စာစောင်တွေ၊ သုတေသနစာတမ်းစာစောင် မျိုးတွေထုတ်ပါတယ်။ မြန်မာနိုင်ငံရဲ့အရေးအရာတွေဖြစ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးရာတွေကို ရေးသားပြုစုတဲ့ စာအုပ်တွေ၊ ဆောင်းပါးတွေ၊ စာတမ်းတွေကို စုစည်းပြီးထုတ်တဲ့ မြန်မာရေးရာစာစောင်၊ တိုင်းရင်းသားလူမျိုးများရဲ့အရေးကိစ္စတွေနဲ့ သူတို့ရဲ့ ယဉ်ကျေးမှု၊ လူမှုရေးစသဖြင့် သက်ဆိုင်တဲ့ အကြောင်းအရာတွေကို စုစည်းပြီးတော့ တိုင်းရင်းသားရေးရာဆိုတဲ့ စာစောင်တစ်ခု ထပ်ထုတ်ပါတယ်။ ကျွန်တော်တို့နဲ့ ဆက်စပ်နေတဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ကမ္ဘာမှာ ပြောင်းလဲနေတဲ့ အနေအထားတွေကို သိဖို့လိုအပ်တဲ့အတွက်ကြောင့် ကမ္ဘာရေးရာ စာစောင်ကိုလည်းထုတ်ဝေလျက်ရှိပါတယ်။ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနနဲ့ ဆက်စပ်ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးက ဆောင်ရွက်နေတဲ့ တူညီတဲ့လုပ်ငန်းတစ်ခုကို ဖြည့်စွက်ပြောကြားခြင်းဖြစ်ပါတယ်။

မေး။ ။ ဆက်လက်ပြီး နိုင်ငံပိုင်သတင်းစာတွေရဲ့ တစ်နှစ်တာအတွင်း ဖြတ်သန်းမှုတွေအကြောင်းကိုလည်း သိရှိလိုပါတယ်။

ဖြေ။ ။ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းကတော့ သူ့အမည်ကိုက ဖော်ပြနေတဲ့အတိုင်း သတင်းနဲ့ ပတ်သက်တဲ့စာနယ်ဇင်းတွေ ထုတ်လုပ်တယ်။ သတင်းစာများမှာ အများပြည်သူ သိရှိကြတဲ့ မြန်မာဘာသာနဲ့ ထုတ်ဝေတဲ့ ကြေးမုံနဲ့ မြန်မာ့အလင်းသတင်းစာနှစ်စောင် ရှိပါတယ်။ အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေတဲ့ Global New Light of Myanmar သတင်းစာရှိပါတယ်။ ကြေးမုံနဲ့ မြန်မာ့အလင်းသတင်းစာကတော့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ပိုင်ဆိုင်ပြီး Global New Light of Myanmar ကတော့ Global Direct Link ကုမ္ပဏီနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်တဲ့ သတင်းစာဖြစ်ပါတယ်။

ဒါတွေအပြင် ပုံနှိပ်သတင်းစာမဟုတ်တဲ့ အွန်လိုင်းသတင်းစာ Myanmar Digital News အမည်နဲ့အွန်လိုင်းမီဒီယာတစ်ခု ရှိပါတယ်။ ဒီအွန်လိုင်းမီဒီယာကို Megalink Advanced Technologies ကုမ္ပဏီနဲ့ တွဲဖက်ပြီးတော့ ဆောင်ရွက်တာ ဖြစ်ပါတယ်။ အဲဒါတွေနဲ့ အများပြည်သူသိရှိအောင် သတင်းများဖြန့်ချိတဲ့အလုပ်ကို ဆောင်ရွက်ပါတယ်။

သတင်းစာအလုပ်အနေနဲ့ ဆောင်ရွက်တဲ့အခါ အခြားသော ပြင်ပသတင်းစာများ၊ နိုင်ငံတကာသတင်းစာများနည်းတူ အများပြည်သူ သိသင့်သိထိုက်တဲ့ သတင်းအချက်အလက်မျိုးစုံ၊ ကဏ္ဍစုံတွေကို ဖော်ပြပေးနေပါတယ်။ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ နိုင်ငံတကာရေးရာ စသည်ဖြင့် ပါဝင်ပါတယ်။ အားကစား၊ ယဉ်ကျေးမှု၊ ဖျော်ဖြေမှု ဒါတွေလည်း ပါဝင်အောင် ဖြည့်ဆည်းဆောင်ရွက်ထားပါတယ်။

နိုင်ငံတကာနဲ့ ပြည်တွင်းပြည်ပသတင်းစာများနည်းတူ ကဏ္ဍစုံဆောင်ရွက်တဲ့နေရာမှာ သဘောသဘာဝ မတူညီတာလည်း ရှိပါတယ်။ ဒါက နိုင်ငံတော်သတင်းစာများ သို့မဟုတ် နိုင်ငံတော်တာဝန်ထမ်းဆောင်နေတဲ့ ဌာနအဖွဲ့အစည်းများကို တစ်နည်းတစ်လမ်း ကိုယ်စားပြုတဲ့ သတင်းစာများရဲ့ ဖော်ပြချက်နဲ့ ပြင်ပပုဂ္ဂလိကသတင်းစာများရဲ့ဖော်ပြချက်က နည်းနည်းတော့ ကွာခြားပါတယ်။

ကျွန်တော်တို့ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းပိုင် သတင်းစာများသည် အများပြည်သူကိုယ်စား နိုင်ငံတော်တာဝန် ထမ်းဆောင်နေတဲ့ မဏ္ဍိုင်တွေဖြစ်တဲ့ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်များရဲ့ဆောင်ရွက်ချက်တွေကို ဖော်ပြရပါတယ်။ ဒီမဏ္ဍိုင်များသည် ပြည်သူ့ကိုယ်စား ပြည်သူ့အတွက် ဆောင်ရွက်နေတာဖြစ်တဲ့အတွက် သူတို့ဆောင်ရွက်ချက်တွေကို ပြည်သူကို ပြန်လည်အစီရင်ခံတင်ပြဖို့ တာဝန်ရှိပါတယ်။

ဒီတာဝန်ကို သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရဲ့ လက်အောက်မှာရှိတဲ့ စာနယ်ဇင်းများက တာဝန်ယူ ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ ဒါက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားလိုပါပဲ ။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ရုပ်သံလုပ်ငန်းတွေနဲ့ တာဝန်ထမ်းဆောင်တယ်။ သတင်းစာတွေက သတင်းစာမျက်နှာများကတစ်ဆင့် ပုံနှိပ်လုပ်ငန်းအနေနဲ့ရော အီလက်ထရွန်းနစ် သတင်းစာအဖြစ်ပါ တာဝန်ထမ်းဆောင်နေကြတာ ဖြစ်ပါတယ်။

တာဝန်ထမ်းဆောင်ရာမှာ ဥပဒေပြုမဏ္ဍိုင်ရဲ့ ဆောင်ရွက်ချက်တွေဖြစ်တဲ့ လွှတ်တော်များမှာ တိုင်းပြည်ရဲ့ရေးရာကိစ္စတွေ ဆွေးနွေးတာ၊ ဝေဖန်တာ၊ မေးမြန်းတာ၊ အဆိုပြုတာတွေ ရှိပါတယ်။ ဒါကို ထောက်ခံတာ၊ ကန့်ကွက်တာမျိုးတွေလည်း ရှိပြီး ဒါတွေကို သိအောင်ဖော်ပြရသလို လွှတ်တော်ထဲမှာ တင်သွင်းလာတဲ့ ဥပဒေကြမ်းတွေ၊ မူကြမ်းတွေကိုလည်း အများပြည်သူ ကြိုတင်သိရှိလေ့လာနိုင်အောင် ဖော်ပြပေးရပါတယ်။ ဥပဒေတွေပြဋ္ဌာန်း၊ အတည်ပြုတာတွေ ထွက်ပေါ်လာတဲ့အခါမှာလည်း အများပြည်သူသိရှိအောင် ဖော်ပြပေးရတာရှိပါတယ်။

ထိုနည်းတူစွာ တရားစီရင်ရေးမဏ္ဍိုင်မှာလည်း တရားစီရင်ရေးကိစ္စရပ်တွေကို ပြည့်ပြည့်စုံစုံ အများပြည်သူသိရှိနိုင်အောင် တင်ပြပေးရပါတယ်။ အုပ်ချုပ်ရေး မဏ္ဍိုင်မှာဆိုရင်လည်း ပြည်ထောင်စုအစိုးရအဖွဲ့တွေ၊ ဝန်ကြီးဌာနတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေအားလုံးရဲ့ ဆောင်ရွက်ချက်တွေကို ဖော်ပြပေးပြီး ပြည်သူကို ပြန်လည်အစီရင်ခံရပါတယ်။

မေး။ ။ အများပြည်သူအတွက် မဏ္ဍိုင်သုံးရပ်ရဲ့ လုပ်ဆောင်ချက်တွေကို အစီရင်ခံတင်ပြတာအပြင် ပြည်သူတွေအတွက် ဘယ်လိုကဏ္ဍမျိုးတွေကိုလည်း ထည့်သွင်းပေးနေပါသလဲရှင့်။

ဖြေ။ ။ နိုင်ငံတော်အစိုးရဌာန၊ အဖွဲ့အစည်း အသီးသီးက ဆောင်ရွက်ချက်တွေကို အများသိအောင် တင်ပြပေးသလို တစ်ချိန်တည်းမှာ အများအတွက် စိတ်ဝင်စားဖွယ်ဖြစ်မယ့် ဒေသန္တရသတင်းတွေ၊ ဥပမာတိုင်းရင်းသားလူမျိုးတွေရဲ့ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ လမ်းပန်းဆက်သွယ်ရေး၊ ပြုပြင်ပြောင်းလဲမှုစတာတွေကိုလည်း အထူးပြုဖော်ပြပေးပါတယ်။ တိုင်းရင်းသားလူမျိုးတွေရဲ့ ဘာသာစကားဖွံ့ဖြိုးတိုးတက်ဖို့အတွက် အထောက်အကူပြုပေးတဲ့အနေနဲ့ အချပ်ပိုကဏ္ဍတွေကိုလည်း တိုင်းရင်းသားဘာသာတွေနဲ့လည်း ရေးသားဖော်ပြပေးနေပါတယ်။

ကြေးမုံနဲ့ မြန်မာ့အလင်းသတင်းစာများသည် ပုံမှန်အားဖြင့် စာမျက်နှာ ၃၂ မျက်နှာထုတ်ဝေပြီး Global New Light of Myanmar ကတော့ ၁၆ မျက်နှာ ထုတ်ဝေပါတယ်။ ဒီသတင်းစာတွေထဲမှာ အခါအားလျော်စွာ ထူးခြားတဲ့ အစီအစဉ်တွေကို ကြားညှပ်ပြီး အချပ်ပိုအဖြစ် ဖြည့်စွက်ဖော်ပြတာတွေရှိပါတယ်။ တိုင်းရင်းသားကဏ္ဍများအပြင် ရန်ကုန်သူ၊ ရန်ကုန်သားတွေအတွက် ရန်ကုန်စာမျက်နှာမှာ ရန်ကုန်မြို့ရဲ့ အပြောင်းအလဲတွေ၊ အခက်အခဲတွေ၊ ဖွံ့ဖြိုးတိုးတက်မှုတွေစတဲ့ အရေးကိစ္စတွေအားလုံးကို ရန်ကုန်ကပြည်သူတွေအပြင် ရန်ကုန်နဲ့ ဆက်စပ်နေရတဲ့ တစ်တိုင်းပြည်လုံးက ပြည်သူတွေ သိရှိဖတ်ရှုနိုင်ဖို့ ရည်ရွယ် ဆောင်ရွက်ပါတယ်။

ဒါ့အပြင် မန္တလေးမြို့အပါအဝင် အထက်မြန်မာပြည်က သတင်းစာဖတ်ပရိသတ်တွေအတွက် သိရှိသင့်တဲ့ကိစ္စရပ်တွေ၊ အကြောင်းအရာတွေကို မန္တလေးအချပ်ပို စာမျက်နှာများအဖြစ် ရည်ရွယ်ဆောင်ရွက်ပေးသလို လူငယ်တွေထဲက စာပေကို ဝါသနာပါတဲ့ လူငယ်တွေအတွက် စာရေးသားခွင့်နဲ့ စာပေနယ်ထဲကို ဝင်ရောက်ဖို့လမ်းစ ရလာကြဖို့အတွက် မျိုးဆက်သစ်ရင်ပြင်ကဏ္ဍ ဖွင့်ပေးထားတာ ရှိပါတယ်။ ကလေးတွေအတွက် စိတ်ဝင်စားစရာလည်း သတင်းစာထဲမှာ ပါဝင်အောင် ကာတွန်းစာမျက်နှာတွေကို အပတ်စဉ် နှစ်မျက်နှာစီနဲ့ ဖော်ပြပေးနေပါတယ်။

အဲဒီလို အထူးအချပ်ပိုတွေ ထည့်သွင်းပေးနေတဲ့အတွက် မြန်မာသတင်းစာများသည် ၃၂ မျက်နှာထုတ်ဝေနေရာက အချပ်ပိုများတဲ့ ရက်များမှာ အများဆုံး ၄၈ မျက်နှာအထိ ဖြန့်ချိထုတ်လုပ်ပေးနေတာ ဖြစ်ပါတယ်။ အဓိကကတော့ စာဖတ်သူတွေအတွက် အကြောင်းအရာမျိုးစုံ၊ ကဏ္ဍမျိုးစုံကို ပြည့်ပြည့်ဝဝဆောင်ရွက်ပေးနေခြင်း ဖြစ်ပါတယ်။

မေး။ ။ အွန်လိုင်း သတင်းစာကိုလည်း ဆောင်ရွက်နေတဲ့အကြောင်းကို ပြည့်ပြည့်စုံစုံ သိပါရစေ။

ဖြေ။ ။ သတင်းစာများသည် လွန်ခဲ့တဲ့ ရာစုနှစ်သုံးလေးခုကနေစပြီး အချို့သွေတွေဆိုရင် ဒီကာလထက်တောင်စောပြီး ပေါ်ပေါက်ခဲ့ကြတယ်။ စက္ကူပေါ်မှာ ပုံနှိပ်စက်နဲ့ ရိုက်နှိပ်ထုတ်ဝေခဲ့ကြပါတယ်။ ဒီလိုရာစုနှစ်နဲ့ချီပြီး သတင်းစာတွေကို ပုံနှိပ်ခဲ့ရာကနေ ယနေ့ခေတ်မှာ အီလက်ထရွန်နစ် ဆက်သွယ်ရေးနည်းပညာ တိုးတက်လာတာနဲ့အမျှ အွန်လိုင်းနဲ့ ဖတ်ရှုထုတ်ဝေတဲ့ခေတ်ကို ရောက်လာပါပြီ။

နိုင်ငံတကာမှာလည်း သတင်းစာများကို ပုံနှိပ်အနေနဲ့ မဖတ်ရှုတော့ဘဲ ကွန်ပျူတာများ၊ ဖုန်းများနဲ့ ဖတ်ရှုကြတာမျိုး များပြားလာပါတယ်။ အများပြည်သူဆီကို သတင်းအချက်အလက်ပေးပို့တဲ့ လမ်းကြောင်းဟာ နည်းပညာပြောင်းလဲလာတာနဲ့အမျှ လိုက်ပါပြောင်းလဲလာတယ်။

သတင်းစားသုံးသူ (ဖတ်ရှုသူ)တွေက အသုံးပြုတဲ့လမ်းကြောင်း ပြောင်းလဲလာတာကြောင့် သတင်းထုတ်လုပ်ဖြန့်ချိတဲ့သူတွေ အနေနဲ့လည်း နည်းပညာသစ်တွေ ပြောင်းလဲအသုံးပြုဖို့လိုအပ်လာတဲ့အတွက် Myanmar Digital News ကို အရင်တစ်နှစ်ကျော်လောက်က စတင်ဆောင်ရွက်လာခဲ့တာ အခုအခါ ပုံမှန်လည်ပတ်နိုင်တဲ့ အခြေအနေဖြစ်နေပါပြီ။ အွန်လိုင်းသတင်းစာတို့ရဲ့ ပုံသဏ္ဌာန်များအတိုင်း လတ်တလောသတင်းတွေကို ရွေးချယ်ဖတ်ရှုနိုင်သလို၊ စိတ်ဝင်စားသူများအနေနဲ့ ယခင်က အကြောင်းအရာတွေ ဥပမာအားဖြင့် အရင်ကပြောခဲ့တဲ့ မိန့်ခွန်းတွေ ဖတ်ချင်ရင်လည်း ပြန်လည်ရှာဖွေဖတ်ရှုလို့ရတဲ့အပြင် ပုံနှိပ်သတင်းစာ သုံးစောင်ကိုလည်း သူတို့စာမျက်နှာများအတိုင်း ဖတ်ရှုနိုင်ပါတယ်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အယ်ဒီတာများအနေနဲ့ကတော့ ခေတ်ကာလပြောင်းလဲလာတဲ့အလျောက်

နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော် ပဲခူးမြို့၌ကျင်းပသည့် ကလေးစာပေပွဲတော်တွင် ခင်းကျင်းပြသထားသည်များကို လှည့်လည်ကြည့်ရှုစဉ်။

အချပ်ပို(ဃ)သို့

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

မြန်မာ့အလင်း
စနေ၊ မေ ၄၊ ၂၀၁၉

အချပ်ပို(၇)မှ

အွန်လိုင်းမီဒီယာပေါ်ကနေပြီး အများပြည်သူကို သတင်းအချက်အလက်တွေ၊ အသိပညာပေးတဲ့ အလုပ်တွေ ဆက်လက်ပြီး ဆောင်ရွက်နိုင်ဖို့ ကြိုးစားနေသလို ပုံနှိပ်သတင်းစာများကိုလည်း ပိုပြီးတော့ စိတ်ဝင်စားဖွယ်ဖြစ်အောင် အပြင်အဆင်ကအစ အမြဲတမ်းလတ်ဆတ် ဆန်းသစ်နေအောင် ဆောင်ရွက်နေပါတယ်။

မေး။ ။ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ရှေ့ဆက်သွား မယ့် လုပ်ငန်းစဉ်တွေနဲ့ ပြည်သူ့အတွက် ဆောင်ရွက်ပေးမယ့်အစီအစဉ်တွေကိုလည်း သိရှိလိုပါတယ်ရှင့်။

ဖြေ။ ။ ရှေ့ဆက်ပြီးတော့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ အဓိကတာဝန်တွေကို ပိုမိုပိုပြင်အောင် ဆက်လက်ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနသည် အများပြည်သူကို သတင်းအချက်အလက်ပေးတဲ့တာဝန်ကို ထမ်းဆောင်ရပါတယ်။ ဒါကို ဆက်လက်ပြီးတော့ ပိုကောင်းအောင် လုပ်ပါမယ်။ အများပြည်သူအတွက် အသိပညာဖွံ့ဖြိုးတိုးတက်ရာ တိုးတက်ကြောင်း အစီအစဉ်တွေကိုလည်း ထိုနည်းတူစွာ တိုးတက်အောင် ဆောင်ရွက်ပါမယ်။ ဒါတွေကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရဲ့ ရုပ်သံအစီအစဉ်များကရော၊ သတင်းနှင့် စာနယ်ဇင်းရဲ့စာမျက်နှာတွေပေါ်ကပါ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အလားတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်လုပ်ဖြန့်ချိနေတဲ့ စာစောင်တွေ၊ စာအုပ်တွေ၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ထုတ်ဝေနေတဲ့ စာအုပ်၊ စာတမ်းတွေသည်လည်း ဒီတာဝန်ကို ထမ်းဆောင်တာပဲ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ပြည်သူများအတွက် ဖျော်ဖြေမှုပေးတဲ့ လုပ်ငန်းတာဝန် ဖြစ်ပါတယ်။ အဓိကကတော့ ဒီတာဝန်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကနေ ဆောင်ရွက်ပေးတယ်။ အများပြည်သူအတွက်လည်း ပိုမိုနှစ်သက်ဖွယ်ဖြစ်တဲ့ ဖျော်ဖြေမှုအစီအစဉ်များ တင်ဆက်ပေးနိုင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒဲ့အပြင် နိုင်ငံရဲ့ မဏ္ဍိုင်အသီးသီးက ပုဂ္ဂိုလ်တွေနဲ့ ပြည်သူတွေ သိရှိဖို့ အစီအစဉ်၊ ပြည်သူ့အချင်းချင်းအကြား တစ်ဦးနှင့်တစ်ဦးထိတွေ့ပြီး အတွေးအမြင်အယူအဆတွေ ဖလှယ်နိုင်ဖို့ အစီအစဉ်၊ နေရာထိုင်ခင်းတွေ၊ ပွဲလမ်းတွေ စီစဉ်ပေးတဲ့အလုပ်တွေ၊ စကားဝိုင်းတွေ၊ တွေ့ဆုံပွဲတွေ စီစဉ်ပေးတာတွေကိုလည်း ဆက်လက်ဆောင်ရွက်ပေးမှာဖြစ်ပြီး ဒီကဏ္ဍအတွက်တော့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အဓိကတာဝန်ယူသွားမှာ ဖြစ်ပါတယ်။ ဒီတာဝန်အရပ်ရပ်ကို လာမယ့်နှစ်များမှာ ပိုမိုတက်ကြွစွာ ဆောင်ရွက်သွားဖို့ ရှိတယ်ဆိုတဲ့ အကြောင်း တင်ပြချင်ပါတယ်။

ဆက်လက်ပြီး မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းအား ဆက်လက်မေးမြန်းခဲ့ပါသည်။

ဦးအောင်လှထွန်း
ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန

မေး။ ။ မြန်မာနိုင်ငံမှာ သတင်းအချက်အလက်တွေနဲ့ သတင်းသိပိုင်ခွင့်တွေက အင်မတန်အရေးကြီးပါတယ်ရှင့်။ ဒါကြောင့် မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် သတင်းလွတ်လပ်ခွင့်က ဘယ်လောက်အထိ အရေးပါတယ်ဆိုတာ သိပါရစေရှင့်။

ဖြေ။ ။ မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် သတင်းလွတ်လပ်ခွင့်က သိပ်အရေးကြီးပါတယ်။ ဒါက မီဒီယာကဏ္ဍအတွက်တောင် မဟုတ်ဘူး။ နိုင်ငံတစ်ခုဖွံ့ဖြိုးဖို့ အတွက်၊ နိုင်ငံတစ်နိုင်ငံတည်ငြိမ်အေးချမ်းဖို့အတွက် သတင်းစီးဆင်းမှုပေါ့။ အထူးသဖြင့် မှန်ကန်တိကျတဲ့သတင်းရရှိဖို့က သိပ်အရေးကြီးပါတယ်။

နောက်တစ်ခုက တစ်နည်းပြောရရင် သတင်းလွတ်လပ်ခွင့်ပေါ့။ Access to Information က အထူးသဖြင့် ကျွန်တော်တို့လို ဒီမိုကရေစီနုနယ်သေးတဲ့ နိုင်ငံတွေအတွက် ပိုပြီးအရေးကြီးပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ နှစ်ပေါင်း ၅၀ ကျော်လောက် ဒီမိုကရေစီနဲ့ရော၊ သတင်းမီဒီယာ လွတ်လပ်ခွင့်နဲ့ရော ကင်းဝေးခဲ့ပါတယ်။

ကျွန်တော်တို့ရဲ့ ဒီမိုကရေစီသက်တမ်းဟာ ခုနစ်နှစ်လောက်ပဲရှိပါသေးတယ်။ လွတ်လပ်တဲ့ မီဒီယာသက်တမ်းကလည်း ငါးနှစ်သာသာလောက်ပဲ ရှိပါသေးတယ်။ ဒါကြောင့် ကျွန်တော်တို့အတွက် ပိုအရေးကြီးပါတယ်။ ကျွန်တော်တို့မှာ ဒီစိန်ခေါ်မှုအသစ်တွေကလည်း တွေ့နေရတာဆိုတော့ အရင်ကထက်ပိုလို့တောင် အရေးကြီးလာပါတယ်။

မေး။ ။ သတင်းလွတ်လပ်ခွင့်နဲ့ တိုင်းပြည်တိုးတက်ဖို့အတွက်ဆိုရင် ဘယ်လိုများ ဆက်သွယ်နေသလဲဆိုတာသိချင်ပါတယ်ရှင့်။

ဖြေ။ ။ ဒါကအများကြီးဆက်စပ်မှု ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုရင် သတင်းမီဒီယာရဲ့ အဓိကတာဝန်က အစိုးရရဲ့ မဏ္ဍိုင်ကြီးသုံးရပ်ပေါ်လေ။ ဥပဒေပြုရေး၊ တရားစီရင်ရေးနဲ့ အုပ်ချုပ်ရေးတို့ပေါ့။ အဲဒါတွေနဲ့ ပြည်သူ့အကြားမှာပေါင်းစပ်ပေးတာ၊ ဆက်စပ်ပေးတာ ဖြစ်ပါတယ်။ မဏ္ဍိုင်ကြီးသုံးရပ်က လုပ်ကိုင်နေတာကို ပြည်သူ့ကို တင်ပြရတယ်။ ပြည်သူ့ရဲ့ ခံစားချက်တွေကို ပြည်သူ့ရဲ့ အခြေအနေတွေကို မဏ္ဍိုင်သုံးရပ်ကို အသိပေးရပါတယ်။

ဒါတင်မကသေးပါဘူး။ နိုင်ငံရဲ့ပုံရိပ်ကိုလည်း နိုင်ငံတကာအသိုင်းအဝိုင်း အပေါ်မှာ မီဒီယာကပဲ ပုံဖော်ပေးရတယ်။ အဲဒီတော့ နိုင်ငံတစ်ခုရဲ့အနေအထားကို နိုင်ငံတကာကို ပြောပြရတဲ့အခါမှာ သတင်းမီဒီယာကဏ္ဍက သိပ်ကိုအရေးကြီးပါတယ်။

ဒါပေမယ့် သတင်းမီဒီယာဟာ လွတ်လပ်တဲ့ အပြင် Professional ဖြစ်ဖို့ လိုအပ်ပါတယ်။ မီဒီယာဟာ စစ်မှန်တဲ့ မီဒီယာအလုပ်ကိုလုပ်ရမယ်။ မီဒီယာအတွက်ရှိတဲ့ စောင့်ထိန်းအပ်တဲ့ ကျင့်ဝတ်တွေ၊ Ethics တွေကိုလည်း လိုက်နာဖို့လိုပါတယ်။ ဘာဖြစ်လို့လဲဆိုရင် နိုင်ငံတကာက နိုင်ငံတစ်ခုအပေါ်မှာ မူဝါဒတစ်ခုကို ချမှတ်တော့မယ်ဆိုရင် စီးပွားရေးသော်လည်းကောင်း၊ နိုင်ငံရေးသော်လည်းကောင်း၊ အခြားကိစ္စတစ်ခုခုနဲ့ ပတ်သက်၍သော်လည်းကောင်း မူဝါဒတွေချမှတ်တဲ့အခါမှာ မီဒီယာတွေရဲ့ ရေးသားချက်ကို အဓိကအားထားတတ်ကြပါတယ်။ ဒါကြောင့် မီဒီယာတွေက မှုမှုတ မှန်မှန်ကန်ကန်နဲ့ ရေးသားဖော်ပြဖို့ဟာ သိပ်အရေးကြီးပါတယ်။

မေး။ ။ မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆိုရင်အစိုးရရဲ့တတိယ(၁)နှစ်တာ ကာလအတွင်းမှာဘယ်လိုတွေ ဆောင်ရွက်ထားပါသလဲ။ ရှေ့ဆက်ဆောင်ရွက်သွားမယ့် အကြောင်းအရာတွေကိုလည်း သိချင်ပါတယ်။

ဖြေ။ ။ ဆောင်ရွက်တာတွေအကြောင်းပြောရရင် မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တတိယ(၁)နှစ်တာအတွင်းမှာ ဆောင်ရွက်ထားတာတွေ ရှိပါတယ်။ အဓိက ကျွန်တော်တို့ ပြန်ကြည့်လိုက်မယ်ဆိုရင် သတ္တမအကြိမ် Myanmar Media Development Conference မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်မှု ကွန်ဖရင့်ကို ကျွန်တော်တို့ရဲ့လုပ်ဖော်ကိုင်ဖက်တွေဖြစ်တဲ့ IMS တို့၊ ယူနက်စကိုတို့ စသည်ဖြင့် လက်တွဲပြီး အောင်မြင်စွာကျင်းပနိုင်ခဲ့ပါတယ်။

ပြီးခဲ့တဲ့ ခုနစ်ကြိမ်မြောက်ရဲ့ထူးခြားမှုကတော့ နေပြည်တော်မှာ ကျင်းပခဲ့တာ ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့က မီဒီယာလောကမှာ တွေ့ကြုံနေရတဲ့ စိန်ခေါ်မှုတွေ၊ မီဒီယာလောကဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘာတွေလိုအပ်သလဲစသည်ဖြင့် အဲဒါတွေကို ကျွန်တော်တို့ ဆွေးနွေးခဲ့ကြပါတယ်။

မေး။ ။ အစိုးရတာဝန်ယူချိန်ကနေစပြီးတော့ ယခုအချိန်အထိ ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းတွေ အပေါ်မှာ ကိုယ်မျှော်မှန်းထားခဲ့သလိုရော ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်နိုင်ခဲ့ရဲလားရှင့်။ အဲဒီအပေါ်မှာ အားနည်းချက်၊ အားသာချက်တွေရှိမလား ဆိုတာ ရှင်းပြပေးပါရှင့်။

ဖြေ။ ။ စောစောက တတိယ(၁)နှစ်တာအတွင်းမှာ လုပ်ဆောင်ချက်တွေအနက် ကျွန်တော်ပြောဖို့ ကျန်ခဲ့တာနည်းနည်းရှိပါတယ်။ မှန်ပါတယ်။ ကျွန်တော့်ကို အဲဒီလို မေးရင်တော့ ကျွန်တော်ကတော့ အများကြီးမျှော်လင့်ထားခဲ့တာဆိုတော့လေ၊ မျှော်လင့်တာတွေ သိပ်များလွန်းတဲ့အခါကျတော့ သိပ်အားမလိုအားမရဖြစ်တာတော့ ရှိတာပေါ့။ လုပ်ရမယ့်အရာတွေက အများကြီးရှိနေပါတယ်။ ကျွန်တော်တို့နိုင်ငံမှာအဓိကလိုအပ်နေတဲ့ဟာပေါ့လေ၊ ဒါကလည်း ကျွန်တော့် အမြင်ပါ။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလမှာ အဓိကလိုအပ်ချက်ကတော့ ကျွန်တော်တို့ဟာ ကိုယ့်ကိုယ်ကိုယ် ထိန်းကျောင်းနိုင်ပြီးတော့ ကျင့်ဝတ်လိုက်နာတဲ့၊ အမှီအခိုကင်းတဲ့ မီဒီယာ ပေါ်ထွန်းရေး ဖြစ်ပါတယ်။

မီဒီယာတွေဟာ ဒီမိုကရေစီကိုစောင့်ကြည့်ဖို့၊ ထိန်းကျောင်းပေးဖို့အတွက် ကျင့်ဝတ်လိုက်နာကြဖို့ လိုပါတယ်။ နောက်တစ်ခုက မီဒီယာအလုပ်ကိုလုပ်ဖို့ ပီပြင်တဲ့ Professionalism ဟာ သိပ်အရေးကြီးပါတယ်။ မီဒီယာကမှားလိုက်တာနဲ့ အားလုံးဟာ အလွဲလွဲအချော်ချော် ဖြစ်မှာပါပဲ။ နောက်တစ်ခုက အမှီအခိုကင်းဖို့ လိုပါတယ်။ Independent ဖြစ်ရမယ်။ Independent မှာ နှစ်ခြမ်းရှိပါတယ်။ ပထမတစ်ခုက လွတ်လွတ်လပ်လပ်လုပ်လို့ရမယ်၊ အနှောင်အကင်းမရှိစေရဘူး။ နောက်တစ်ခုက အမှီအခိုကင်းဖို့ လိုပါတယ်။

ဥပမာ- အမှီအခိုကင်းရမယ်ဆိုတာ တစ်ယောက်ယောက်ရဲ့ အထောက်အပံ့နဲ့ပေါ့ Editorial Policy ပေါ့။ အယ်ဒီတာပိုင်းဆိုင်ရာ မူဝါဒကို ဘယ်သူမှစွက်ဖက်ခြင်း မရှိဖို့က သိပ်အရေးကြီးပါတယ်။

ဘယ်သူ့ပဲပိုင်ဆိုင်ပါစေ။ ပိုင်ဆိုင်တာကသိပ် အရေးမကြီးပါဘူး။ ပုဂ္ဂလိကကပိုင်လို့ ရတယ်။ အဖွဲ့အစည်းကပိုင်လို့ရတယ်။ လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်က ပိုင်လို့ရတယ်။ နိုင်ငံတော်အစိုးရကပိုင်လို့ရတယ်။ အသင်းအဖွဲ့တစ်ခုကလည်းပိုင်လို့ရတယ်။ သို့သော် မီဒီယာမှာသတ်မှတ်ထားတဲ့ စံတွေ ရှိပါတယ်။ အဲဒီဟာပေါ်ထွန်းဖို့အတွက် ကျွန်တော်တို့ဟာ ကြိုးစားနေတုန်းပါပဲ။ ဆက်ပြီးတော့လည်း ကြိုးစားဦးမှာပါ။ သို့ပေမယ့် အထိုက်အလျောက်တော့ အောင်မြင်မှုရှိပါတယ်။

အထူးသဖြင့် ခုနကပြောခဲ့တာ မီဒီယာရဲ့ Professional Skills ပေါ့လေ၊ ကျွမ်းကျင်မှုရှိရမယ်။ မီဒီယာ Ethics ပေါ့။ ကျင့်ဝတ်ပိုင်းဆိုင်ရာ မြင့်တင်မှုရှိရမယ်။ နောက်တစ်ခုက Access to Information ပေါ့၊ သတင်းအချက်အလက် သိရှိပိုင် ခွင့်ရှိရမယ်။ အဲဒါလည်း မြင့်မားဖို့လိုပါတယ်။ နောက်တစ်ခုက Safety of the Journalist ပေါ့ သတင်းသမားတွေရဲ့ လုံခြုံမှုဟာ သိပ်အရေးကြီးပါတယ်။

အခြားစိန်ခေါ်မှုတွေလည်း အများကြီးပေါ့လေ။ နောက်အရေးကြီးတာကတော့ Sustainability of Private Media ပေါ့။ ပုဂ္ဂလိက မီဒီယာအချို့ အထူးသဖြင့် Print Media လို့ခေါ်တဲ့ ပုံနှိပ်မီဒီယာတွေ ရေရှည်မှာရပ်တည်နိုင်ရေးဟာ သိပ်အရေးကြီးပါတယ်။ ပြောရမယ်ဆိုရင် အဲဒါကို ကျွန်တော်တို့တွေအားလုံးဟာ ဝိုင်းဝန်းပူးပေါင်းအဖြေရှာဖို့ လိုပါတယ်။ ကျွန်တော်ဆိုလို ချင်တာက အဲဒါဟာ အစိုးရတာဝန်တစ်ခုပဲ မဟုတ်ပါဘူး။ အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ဖို့ လိုပါတယ်။

မေး။ ။ အခုဆိုရင် ပြန်ကြားရေးဝန်ကြီးဌာနဟာ ပြည်သူနဲ့အဓိကဆက်ဆံနေတဲ့ အဓိကကျတဲ့ ဝန်ကြီးဌာနတစ်ခု ဖြစ်ပါတယ်။ စတုတ္ထ မဏ္ဍိုင်တစ်ခုလည်း ဖြစ်တယ်ဆိုတော့ ဒုတိယဝန်ကြီးအနေနဲ့ နောက်ဆုံးပြည်သူကို ပေးချင်တဲ့ Message စကားလေး ဘာများဖြစ်ပါမလဲရှင့်။

ဖြေ။ ။ ပြောချင်တဲ့ Message စကားက မီဒီယာဟာ အရင်ကထက်စာရင် ပိုပြီးတော့ အရေးပါလာပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ပြည်သူသန်း ၅၀ လောက်က အားလုံး Hand Phone သုံးနေကြပါတယ်။ မီဒီယာကို ထိတွေ့မှုပေါ့။ မီဒီယာရရှိမှု မီဒီယာသုံးစွဲမှုဟာလည်း ပိုပြီးတော့ မြင့်မားလာပါတယ်။ အဲဒီမှာနောက်ဆုံးတစ်ခုဖြစ်တဲ့ New Media Platform တစ်ခုပေါ်လာပါတယ်။ Social Media လို့ခေါ်တဲ့ Facebook ပေါ့။ သူမှာ ကောင်းတာတွေ အများကြီးရှိပါတယ်။ ကောင်းတာတွေတော့ မပြောတော့ပါဘူး။ မကောင်းတာတွေလည်း အများကြီးရှိတယ်။ စနစ်တကျ အသုံးမပြုဘူးဆိုရင် သူမှာအကျိုးဆက်တွေက ဆိုးကျိုးတွေ များပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ အဲဒီကဏ္ဍနဲ့ပတ်သက်ရင် တိုးတက်မှုကသိပ်မြန်တယ်။ နိုင်ငံတော်မူဝါဒ၊ ပေါ်လစီတွေ ပြောင်းလိုက်တော့ လူတိုင်းက မိုဘိုင်းဖုန်းကိုင်နေပြီ။ လူတွေရဲ့ဒီမီယာစားသုံးမှု၊ သုံးစွဲမှုဟာလည်း ပုံစံကလည်း ပြောင်းလဲလာပါတယ်။ လူတွေက ပုံနှိပ်မီဒီယာကို သိပ်အားမကိုးတော့ပါဘူး။ အွန်လိုင်းမှာပဲတင်ပြီးတော့ ပြောကြတယ်။ ဆိုရှယ်မီဒီယာမှာ နောက်တစ်ခုက Share(မျှဝေ)လို့ရတယ်။ တစ်ယောက်နဲ့ တစ်ယောက်နဲ့ မျှဝေလို့ရတယ်။ အင်တာနက်ကနေ အပြန်အလှန် ဆက်စပ်လို့ရတယ်။

သတင်းဖန်တီးတဲ့လူနဲ့ သတင်းသုံးစွဲတဲ့ လူကြားမှာ အပြန်အလှန်ချိတ်ဆက်လို့ ရတယ်။ မျှဝေလို့ရတယ်။ Comment လုပ်လို့ရတယ်။ အဲဒီအခါကျတော့ သတင်းအချက်အလက် အသိပညာခေါ်မှာပေါ့။ Media Information literacy လို့ ခေါ်ကြပါတယ်။ အဲဒါကတော့ ကျွန်တော်တို့နိုင်ငံမှာ တော်တော်လေးအားနည်းတာ တွေ့ရပါတယ်။ သာမန်ပြည်သူတွေသာမကဘူး၊ ခေတ်ပညာတတ်ပုဂ္ဂိုလ်တွေ၊ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေတောင်မှ ဆိုရှယ်မီဒီယာမှာတင်ထားတဲ့ Post တွေကို မှားမှန်း၊ မှန်မှန်းမသိ၊ ကောက်ခါင်ကာ ဝင်ပြီးတော့ Comment တွေ ရေးတယ်။ သူ့ငယ်ချင်းတွေဆီ မျှဝေတယ်။ အချို့ဆိုဆဲတာ၊ ဆိုတာတွေတောင်ရှိကြပါတယ်။ အဲဒီအပေါ်မှာ အခြေခံပြီးတော့ အမှားအမှန်မသိတဲ့ အချက်အလက်အကြောင်းအရာတစ်ခုကို အဲဒီလိုလုပ်တာ ဟာတိုင်းပြည်အတွက် အင်မတန်အန္တရာယ်ကြီးပါတယ်။

ကျွန်တော်တို့နိုင်ငံအတွက် သိက္ခာတွေကျစေတယ်။ အမှန်းတရားတွေ ပွားစေတယ်။ ဒီဆိုရှယ်မီဒီယာပေါ်မှာ Disinformation လို့ ခေါ်တဲ့ သတင်းအမှားတွေ ထုတ်လွှင့်တာပေါ့နော်။ ယုံထင်ကြောင်ထင်ပေါ့။ Fake News (မှားယွင်းတဲ့သတင်း) တွေ၊ Hate Speech (အမုန်းတရား) တွေ ဖြန့်ချိပေးနေတာတွေ၊ Fabrication (လုပ်ကြံတဲ့သတင်း) တွေ၊ အဲဒါတွေရဲ့ အန္တရာယ်ဟာ တော်တော်ကြီးမားလာပါတယ်။

အဲဒါကြောင့် ကျွန်တော် ပြည်သူကိုပေးချင်တဲ့ Message ကတော့ Media Information literacy ရဲ့ကြီးခခွေးကို ပြောရတာပေါ့နော်။ အခြေခံလို့လည်း ပြောလို့ရပါတယ်။ ဒီသတင်းတစ်ခုကိုတွေ့ရင် ဒီယူနက်စကိုက ထုတ်ထားတဲ့ဟာကို တွေ့လို့ပါ။ တော်တော်လေးအသုံးဝင်တာကို တွေ့ရပါတယ်။

သတင်းတစ်ခုကိုတွေ့ပြီဆိုရင် သတင်းဖတ်တဲ့အခါ လိုက်နာရမယ့်အချက်လေးပါ။ ပထမဆုံး ကသတင်းအရင်းအမြစ်ကိုရှာဖွေပါ။ သတင်းကို မဖတ်ခင် ဒီသတင်းကိုဘယ်က ဖော်ပြတာလဲ၊ သူ့ဘာရည်ရွယ်ချက်နဲ့ လုပ်တယ်ဆိုတာကို ကိုယ်ကဖော်ထုတ်ဖို့လိုပါတယ်။ သူကလိပ်စာတွေ ရှိလား၊ သူ့ Account တွေကအတုတွေလား။ လူတစ်ယောက်ထဲကအကောင့်တွေ အများကြီး ထားတယ်ဆိုတာ ကျွန်တော်တို့ဆီမှာ တော်တော်လေး ဖြစ်လေ့ဖြစ်ထရှိတယ်။

နောက်တစ်ခုကသတင်းတစ်ပုဒ်ဒဲလုံးကိုလည်း ဆုံးအောင်ဖတ်ဖို့ လိုပါတယ်။ ခေါင်းစဉ်လောက် ဖတ်ပြီး ပိတ်ထားလို့မရဘူး။ သတင်းခေါင်းစီးတွေက လူတွေကိုဆွဲဆောင်မှု ရှိအောင်ပေါ့လေ၊ ခေါင်းစီးနဲ့ ဖမ်းစားထားတာပေါ့။ ဒါကြောင့် ဆုံးအောင်လည်း ဖတ်ကြည့်ဖို့ လိုပါတယ်။ ရေးထားတာနဲ့ ခေါင်းစီးနဲ့ကဘယ်လိုရှိတယ်ဆိုတာပါ။ နောက်တစ်ခုက သတင်းရေးတဲ့လူကိုလည်း စိစစ်ဖို့ လိုပါတယ်။ ဘယ်လိုလူမျိုးလဲ၊ နောက်ခံ ဘယ်ကလာသလဲ။ လက်ရှိမှာနာမည်ဂုဏ်နဲ့ ဆဲဆိုနေတဲ့ ပုဂ္ဂိုလ်လားစသည်ဖြင့် လေ့လာဖို့ လိုပါတယ်။

သတင်းရေးတဲ့နေ့စွဲကိုလည်း ကြည့်ဖို့လိုပါတယ်။ ဘာကြောင့်လဲဆိုရင် ပြီးခဲ့တဲ့ နှစ်တွေက သတင်းတွေဟာ User Generated Content ပေါ့။ အမျိုးမျိုးပြန်ပြီး ပေါ်လာနိုင်ပါတယ်။ ဒါမှမဟုတ် လူမှုကွန်ရက်မှာ ပို့စ်တင်တဲ့နေ့ နှစ်ပတ်လည်အဖြစ် ပြန်တက်လာတတ်ပါတယ်။ အချို့က အသစ်ထင်ပြီးသတင်းတွေ ပြန်ဖော်ပြကြတာရှိပါတယ်။ မှားလည်းမှားလေ့မှားထရှိပါတယ်။ ကျွန်တော်တို့ သတင်းစာထဲမှာတောင် ကြုံဖူးပါတယ်။ တောင်းပန်ရပါတယ်။

နောက်တစ်ခုက ကျွမ်းကျင်တဲ့သူကိုမေးပါ။ ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်ကိုသတင်းကို ဝေဖန်ခိုင်းတာ မျိုးပါ။ နောက်တစ်ခုကအကိုးအကားတွေကိုလည်း ကြည့်ပါ။

နောက်တစ်ခုက ဒီသတင်းတစ်ခုဟာ သရော်စာ ဟုတ်လားမဟုတ်လားဆိုတာလည်း အရေးကြီးပါတယ်။ သရော်စာဆိုတာရှိပါတယ်။ သူကနည်းနည်းငေါ့တော့တော့ ရေးတာပေါ့လေ။ အရေးကြီးပါတယ်။ သရော်စာဆိုတာရှိပါတယ်။ သူကနည်းနည်းငေါ့တော့တော့ ရေးတာပေါ့လေ။ အဲဒါကို အတည်ပေါက်ယူလို့မရပါဘူး။ တစ်ခါတစ်ခါကျတော့လည်း နားလည်ပေးဖို့လိုပါတယ်။ အဲဒါလေးတွေကို အသိပညာမျှဝေလိုပါတယ်။

မေး။ ။ သတင်းစီးဆင်းမှုနဲ့ ပတ်သက်ပြီးတော့ လည်း ဖြည့်စွက်ပြီးတော့ ပြောကြားလိုတာ များရှိရင် ပြောပေးပါဦးရှင့်။

ဖြေ။ ။ သတင်းစီးဆင်းမှုနဲ့ ပတ်သက်လို့ကျွန်တော်တို့ စီစဉ်ဆောင်ရွက်နေတာ နှစ်ခုရှိပါတယ်။ တစ်ခုကတော့ Right to Information Law ပေါ့။ သတင်းအချက်အလက် သိရှိပိုင်ခွင့် ဥပဒေဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ မူကြမ်းရေးဆွဲနေပါတယ်။ ဒီဥပဒေက သတင်းစီးဆင်းမှုအတွက် သိပ်ကိုအရေးကြီးပါတယ်။ နိုင်ငံပေါင်း ၁၁၀ ကျော်မှာပြဋ္ဌာန်းထားပြီးပါပြီ။ အားလုံးအဆင်ပြေခဲ့ရင် ကျွန်တော်တို့ နိုင်ငံမှာလည်း မကြာခင်ပေါ်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒီဥပဒေပေါ်ထွန်းလာခဲ့ရင် သတင်းလွတ်လပ်မှုသာမကပါဘူး ပြည်သူတိုင်းက၊ နိုင်ငံသားတိုင်းက သတင်းအချက်အလက် သိရှိနိုင်ဖို့အတွက် သက်ဆိုင်ရာဌာနတွေကိုဆက်သွယ်မေးမြန်းနိုင်မှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ရဲ့ Four Pillar Workshop လို့ခေါ်ပါတယ်။ မဏ္ဍိုင်လေးရပ် ဖြစ်တဲ့ စောစောက ကျွန်တော်ပြောခဲ့တဲ့ ဥပဒေပြုရေး၊ တရားစီရင်ရေးနဲ့ အုပ်ချုပ်ရေး မဏ္ဍိုင်တွေ အစိုးရရဲ့ Organs သုံးခုပေါ့။ နောက်တစ်ခုကတော့ မီဒီယာပေါ့လေ။ အဲဒီ မဏ္ဍိုင်လေးရပ်ကြားမှာအပြန်အလှန် နားလည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဖို့အတွက်ကို ကျွန်တော်တို့က Four Pillar Workshop ကိုကျင်းပလာခဲ့တာ အခုဆိုရင် နှစ်ကြိမ်ရှိခဲ့ပါပြီ။ မကြာခင် ဒီဇင်ဘာလကုန်မှာ တတိယအကြိမ် Workshop ကို နေပြည်တော်မှာ ကျင်းပဖို့ စီစဉ်ထားပါတယ်။

အဲဒီလိုကျင်းပခြင်းအားဖြင့် ကျွန်တော်တို့ဟာ မီဒီယာနဲ့ မဏ္ဍိုင်ကြီးသုံးရပ်အကြားမှာ အပြန်အလှန်နားလည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုကို ပိုပြီးတော့ မြှင့်တင်နိုင်မယ်လို့ ထင်ပါတယ်ခင်ဗျာ။

ကျေးဇူးတင်ပါတယ်။ ။

ဒုတိယဝန်ကြီး ဦးအောင်လှထွန်း

၁၀-၁-၂၀၁၉ ရက်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြစ်ကြီးနားမြို့၌ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များအား တွေ့ဆုံ၍ လမ်းညွှန်မှာကြားစဉ်။

ရိုးရာယဉ်ကျေးမှုဓလေ့များဖြင့် တိုင်းရင်းသားများ အတူယှဉ်တွဲနေထိုင်ကာ ပြည်သူများ လူမှုစီးပွားဘဝတိုးတက်ရေး ကြိုးပမ်းနေသည့် ကချင်ပြည်နယ်

❍ ဆောင်းပါး - ရှင်မင်း၊ ဓာတ်ပုံစုစည်း - အေးသန်း ❍

ဆီးနှင်းရေခဲများ ဖုံးလွှမ်းနေသော မြန်မာနိုင်ငံ၏ အမြင့်ဆုံးတောင်ထိပ်များဖြစ်သည့် ခါကာဘိုရာဇီနှင့် ဂမ်လန်ရာဇီတို့တည်ရှိရာ ကချင်ပြည်နယ်သည် သဘာဝအလှအပများနှင့် သယံဇာတများ ပေါများလှသည်။

ထိုသို့ သဘာဝတရားမှ ပေးအပ်ထားသည့် တောတောင်ရေမြေနှင့်အတူ ပဒန်မနော၊ ဆွတ်မနော၊ ဂျူမနော၊ ဂွမ်ရမ်မနောနှင့် ရှဒပ်မနောစသည့် မနောပွဲများ ကျင်းပလေ့ရှိသည့် ကချင်တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့များက ချစ်စဖွယ်ကောင်းလှသည်။

ထိုကဲ့သို့လှပသည့် တောတောင်များ၊ ချစ်စဖွယ်ရိုးရာယဉ်ကျေးမှုဓလေ့များဖြင့် ပြည်နှက်နေသည့် ကချင်ပြည်နယ်ကို အစဉ်တိုးတက်မှုရရှိရန်အတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်၍ ငြိမ်းချမ်းသာယာပြီး တိုင်းရင်းသားများ အတူတကွ ယှဉ်တွဲနေထိုင်ကာ မူးယစ်ကင်းစင်သော ပြည်နယ်တစ်ခုဖြစ်လာရန် မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါးကင်းစင်ရေး

မူးယစ်ဆေးဝါးကင်းစင်ရေးကို ပြည်နယ်အစိုးရအနေနဲ့ ဦးစားပေးဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ အမှုပေါင်း ၂၃၃၇ မှု ဖမ်းဆီးနိုင်ခဲ့ပြီး တရားခံပေါင်း ၄၂၂၅ ဦး၊ မူးယစ်ဆေးဝါးမျိုးစုံ ဂရမ်ပေါင်း ၅၂ သိန်းကျော်၊ ဆေးပြားပေါင်း ၂၉ သိန်းကျော်၊ ဘိန်းအရည် ၂၄၅ လီတာနဲ့အတူ မော်တော်ယာဉ် ၉၂ စီးနဲ့ မော်တော်ဆိုင်ကယ် ၁၀၅၅ စီးကို ဖမ်းဆီးရရှိခဲ့ပါတယ်။ ဒါတွေရဲ့စုစုပေါင်းတန်ဖိုးက ငွေကျပ် ၁၆၁ ဘီလီယံ တန်ဖိုးရှိပါတယ်။ ဘိန်းခင်း ၁၆၁ ဧကကို ဖျက်ဆီးနိုင်ခဲ့ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြောသည်။

တရားဥပဒေစိုးမိုးရေး

တရားဥပဒေစိုးမိုးရေး လုပ်ငန်းဆောင်ရွက်မှုမှာဆိုရင် တစ်နှစ်တာအတွင်း အမှုကြီး ၁၀ မျိုးဖြစ်ပွားမှု ၁၃၈ မှု ဖြစ်ပွားခဲ့ပါတယ်။ ဒီလိုဖြစ်ပွားမှုအနက် ၁၁၉ မှုကို စွဲချက်တင်နိုင်ခဲ့ပြီး အခြားအမှု ၁၅၃၀ ဖြစ်ပွားခဲ့တဲ့အနက် ၁၁၈၅ မှုကို စွဲချက်တင်နိုင်ခဲ့ပါတယ်။ ပြည်နယ်အတွင်း ဖြစ်ပွားခဲ့တဲ့ လူကုန်ကူးမှု ၂၄ မှုအနက် ၂၁ မှုကို စွဲချက်တင်နိုင်ခဲ့ပြီး ကြိုတင်ကာကွယ်မှု ၄၄၆၉ မှု ဆောင်ရွက်နိုင်ခဲ့ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

လမ်းနှင့် တံတားကဏ္ဍ

ထိုသို့အကောင်အထည်ဖော်ရာတွင် ပြည်နယ်အတွင်း ချိတ်ဆက်သွားလာနေသည့် လမ်း၊ တံတားကွန်ရက်များကောင်းမွန်ရန် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဦးစားပေးဆောင်ရွက်ခဲ့ရာတွင် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့ငယ်ဘီးခွန်ကောက်လိုင်စင်ကို ပြည်သူများ ဝန်ထုပ်ဝန်ပိုး မဖြစ်ရန်အတွက် ၂၀၁၈ ခုနှစ် ဧပြီ ၁၈ ရက်မှစ၍ ဖြုတ်သိမ်းခဲ့သည်။

ပြည်နယ်အစိုးရအဖွဲ့သည် တတိယ (၁)နှစ်တာကာလအတွင်း မြစ်ကြီးနား - ဆွမ်ပရာဘွမ်-ပူတာအိုလမ်း၊ မန္တလေး - လားရှိုး - ဗန်းမော်-မြစ်ကြီးနားလမ်း၊ ရွှေဘို -မြစ်ကြီးနားလမ်း၊ မံဝိန်း-ချီဖွေ - လောခေါင် - ထောင်ဂျို - ဖီမော်လမ်း၊ ငွေထော် - အင်ဂျန်းယန်လမ်း၊ ဟိုပင် - နန့်မွန်း - ညောင်ပင် - ဝေ့ခါလမ်း၊ ဗန်းမော် - နောင်လိုက် - တာဆိုင်လမ်းနှင့် မချမ်းဘော - ဖရုခ - ရပ်ဘော့-နောင်မွန်လမ်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။ **အချပ်ပို(စ)သို့**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်

ပြည်နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ပူတာအို ခရိုင်အတွင်းရှိ အထက်နမ့်ထွမ် ရေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက်ပေးနိုင်ခဲ့ပြီး ပူတာအိုမြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်နှင့် မချမ်းဘောမြို့ပေါ် ရပ်ကွက် လေးရပ်ကွက်အပါအဝင် ပတ်ဝန်းကျင်ရှိ ကျေးရွာ ၂၃ ရွာတို့ကို ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ပေးနိုင်

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

မြန်မာ့အလင်း
စနေ၊ မေ ၄၊ ၂၀၁၉

၁၀-၁-၂၀၁၉ ရက်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ တက်ရောက်လာစဉ်။

အချပ်ပို(၄)မှ

တံတားကွန်ရက်များအနေဖြင့် ပေ ၅၀ အောက် တံတား ၁၄၁၅ စင်း၊ ပေ ၅၀ နှင့် ၁၀၀ အကြား တံတား ၁၇ စင်း၊ ပေ ၁၀၀ နှင့် ၁၈၀ အကြား တံတားလေးစင်း၊ ပေ ၁၈၀ နှင့်အထက် တံတားခြောက်စင်း စုစုပေါင်းတံတား ၁၄၄၂ စင်းကို အဆင့်မြှင့်တင်တည်ဆောက်ပေးနိုင်ခဲ့သည်။

"ဆောက်လုပ်ပေးပြီးတဲ့ တံတားတွေအနက် ဖွင့်လှစ်နိုင်ခဲ့တဲ့ တံတားတွေက အရှည် မီတာ ၉၀ ရှိတဲ့ တီယန်ဇွပ်တံတား၊ မီတာ ၆၀ ရှိတဲ့ ဒရုခတံတားနဲ့ ၉၂မီတာရှိတဲ့ နန်မြစ်ခတံတား Phase ၁ တို့ ဖြစ်ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

ထို့ပြင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၈ ခုနှစ်အတွင်း ကျေးလက်လမ်းလုပ်ငန်းပေါင်း ၃၈၃ မိုင်နှင့် တံတားလုပ်ငန်းပေါင်း ၃၆၃ ခုကို ခွင့်ပြုရန်ပုံငွေ ၃၉ ဘီလီယံဖြင့် တည်ဆောက်ပေးနိုင်ခဲ့သည်။

လျှပ်စစ်ကဏ္ဍ

ပြည်နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ပူတာအိုခရိုင်အတွင်းရှိ အထက်နမ့်ထွမ် ရေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက်ပေးနိုင်ခဲ့ပြီး ပူတာအိုမြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်နှင့် မချမ်းဘောမြို့ပေါ် ရပ်ကွက်လေးရပ်ကွက် အပါအဝင် ပတ်ဝန်းကျင်ရှိ ကျေးရွာ ၂၃ ရွာတို့ကို ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အထက်နမ့်ထွမ်ချောင်း ရေအားလျှပ်စစ်စီမံကိန်းသည် ပူတာအိုမြို့၏ အနောက်ဘက်ခုနှစ်မိုင်အကွာတွင်တည်ရှိပြီး စက်တပ်ဆင်အင်အား ၃ ဒသမ ၂ မဂ္ဂါဝပ်ရှိရာ နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီ ၁၄ ဒသမ ၃ သန်း ထုတ်လုပ်နိုင်ကြောင်း သိရသည်။

"မိုးညှင်းခရိုင် ဖားကန့်ဒေသ လျှပ်စစ်မီးလင်းရေးအတွက် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၃ ဒသမ ၅၉ ဘီလီယံနဲ့ ၆၆ ကေဗွီ မိုးကောင်း-ဖားကန့် ဓာတ်အားလိုင်း ၅၅ မိုင် တည်ဆောက်ပြီး ဖားကန့်မြို့ပေါ်ရပ်ကွက်တွေကို ၂၄ နာရီ မီးပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဒဲ့အပြင် ဝန်းမော်ခရိုင် ရွှေကူ-ကျွန်းတော်-မိုးစစ် ဇရာဝတီမြစ်ကျော် ဓာတ်အားလိုင်းကို ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဇရာဝတီမြစ်တစ်ဖက်ကမ်းရှိ ကျွန်းတော်ဘုရားတည်ရှိရာ ကျွန်းတော်ရွာနှင့် ကျွန်းတော်၊ မိုးစစ်၊ ပေါက်ကုန်း၊ သဘော်အင်း၊ ရေလယ်၊ ရွှေချောင်းသာ၊ ဆင်တပ်၊ ကျွန်းတော် - မိုးစစ် ဇရာဝတီမြစ်ကျော် ဓာတ်အားလိုင်းကို ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၇၀၇ သန်းနဲ့ ဓာတ်အားလိုင်း တိုးချဲ့တည်ဆောက်ပေးခဲ့ပြီး ဇရာဝတီမြစ်အနောက်ဘက်ကမ်းကျေးရွာ ကိုးရွာကို လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

ရွှေကူ-ကျွန်းတော်-မိုးစစ်(ဇရာဝတီ) မြစ်ကျော်ဓာတ်အားလိုင်းကို ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဇရာဝတီမြစ်တစ်ဖက်ကမ်းရှိ ကျွန်းတော်ဘုရားတည်ရှိရာ ကျွန်းတော်ရွာနှင့် ကျွန်းတော်၊ မိုးစစ်၊ ပေါက်ကုန်း၊ သဘော်အင်း၊ ရေလယ်၊ ရွှေချောင်းသာ၊ ဆင်တပ်၊ ရွှေပဒေသာနှင့် မဟာနဒီစသော ကျေးရွာကိုးရွာအား လျှပ်စစ်မီးရရှိနေပြီဖြစ်သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ

ပြည်နယ်ဆက်သွယ်ရေးကဏ္ဍ တိုးတက်ရန်အတွက် တာဝါတိုင်ပေါင်း ၂၈၈ တိုင် စိုက်ထူနိုင်ခဲ့ပြီး မိုလ်ဘိုင်းစခန်းပေါင်း ၅၁၄ ခုကို ဖွင့်လှစ်နိုင်ခဲ့သည်။

"ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ တိုးတက်ဖို့အတွက် မိုးညှင်းမြို့ယာဉ်ရပ်နားစခန်းကို ဒွေကျပ် ၉ ဘီလီယံနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဝန်းမော်မြို့အတွက် ယာဉ်ရပ်နားစခန်းကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒဲ့အပြင် မြန်မာ့မီးရထားက ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်ကစပြီး မြစ်ကြီးနား-မန္တလေး အစုန်အဆန် လေအိတ်ရထားသစ်ပြေးဆွဲနိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောပြသည်။

ပြည်နယ်၏ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသည့် ကဏ္ဍတစ်ခုဖြစ်သည့်အတွက် ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်အတွင်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးကဏ္ဍတစ်ခုအဖြစ် အကောင်အထည်ဖော်လျက်ရှိသည်။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းပေါင်း ၁၂၅ ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းပေါင်း ၁၃၄ ကျောင်းနှင့် ဝန်ထမ်းအိမ်ရာ ခုနှစ်လုံးတို့ကို ဒွေကျပ် ၁၀ ဘီလီယံ ဖြင့် တည်ဆောက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ကျန်းမာရေးကဏ္ဍ

ပြည်နယ်သူ ပြည်နယ်သားများအားလုံးကို လွှမ်းခြုံနိုင်သည့် ကျန်းမာရေးဝန်ဆောင်မှုရရှိနိုင်ရန် ပြည်နယ်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြစ်ကြီးနားမြို့ ခုတင် ၅၀၀ ဆံ့ ဆေးရုံကြီးလူနာဆောင် RC လေးထပ်အဆောက်အဦကို ရန်ပုံငွေကျပ် ၃ ဒသမ ၄ ဘီလီယံဖြင့် ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်နယ်ကုသရေးဦးစီးဌာနမှူးရုံး RC နှစ်ထပ်ဆောက်လုပ်ခြင်းလုပ်ငန်းကို ရန်ပုံငွေကျပ် ၅ ဘီလီယံဖြင့် ဆောင်ရွက်လျက်ရှိသည်။

အချပ်ပို(ဆ)သို့

၆-၃-၂၀၁၉ ရက်က ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် မိုးညှင်းမြို့ဒေသခံများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆွေးနွေးစဉ်။

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ တိုးတက်ဖို့အတွက် မိုးညှင်းမြို့ယာဉ်ရပ်နား စခန်းကို ငွေကျပ် ၉ ဘီလီယံနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဗန်းမော်မြို့အတွက် ယာဉ်ရပ်နားစခန်းကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒဲ့အပြင် မြန်မာ့မီးရထားက ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်ကစပြီး မြစ်ကြီးနား - မန္တလေး အစုန်အဆန်လေအိတ်ရထားသစ် ပြေးဆွဲနိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်

၂၈-၃-၂၀၁၉ ရက်က ကချင်ပြည်နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ ရုံးဖွင့်ပွဲ၌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင် အမှာစကားပြောကြားစဉ်။

အချပ်ပို(စ)မှ

"ပြည်သူတွေ ကျန်းမာသန်စွမ်းပျော်ရွှင်ဖို့ အတွက် အများပြည်သူအပန်းဖြေအနားယူနိုင်ဖို့ မြစ်ကြီးနားမြို့က စိမ်းမြဇရာပန်းခြံနဲ့ မင်းရပ် အားကစားကွင်း၊ မိုးညှင်းမြို့နယ်မှာ စိမ်းလဲ့သာယာပန်းခြံနဲ့ ဝိုင်းမော်မြို့နယ်မှာ ဇရာမော်ပန်းခြံတွေကို ပြုပြင်တည်ဆောက်တာ၊ အားကစားပစ္စည်းတွေ ထပ်မံဖြည့်ဆည်းတာတွေကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ်က ရှင်းပြသည်။

ပြည်သူ့ဝန်ထမ်းများအတွက် အိမ်ရာများဖော်ဆောင်

ပြည်နယ်အတွင်းရှိ ပြည်သူ့ဝန်ထမ်းများအတွက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာ ၁၆ လုံးကို ခွင့်ပြုရန်ပုံငွေကျပ် ၅ ဘီလီယံဖြင့် ဆောက်လုပ်ပေးနိုင်ခဲ့သည်။ ထို့ပြင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍမှ ဝန်ထမ်းအိမ်ရာ များအပါအဝင် အဆောက်အဦးများကို ခွင့်ပြုငွေကျပ် ၁၆ ဘီလီယံဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရှိရသည်။

လယ်ယာကဏ္ဍ

ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့မှ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လယ်ယာကဏ္ဍ အဆင့်မြှင့်တင်နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် တောင်သူလယ်သမားများအတွက် စက်မှုလယ်ယာဦးစီးဌာနမှ ပြည်နယ်အတွင်းရှိ လယ်ယာမြေ ၆၁၅ ဧကကို ဖော်ထုတ်ပေးနိုင်ခဲ့ပြီး ဧက ၃၀၀ ကျော်ကို ခွင့်ပြုရန်ပုံငွေကျပ် ၃၄၇ သန်းဖြင့် သိပ္ပံနည်းကျ စနစ်တကျလယ်ယာမြေ ဖော်ထုတ်ပေးနိုင်ခဲ့သည်။

"မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ကနေ ကျေးရွာ ၃၁၅ ရွာက တောင်သူ ၃၀၀၀၀ ကျော်တို့ရဲ့ လယ်ဧက ၂၂၉၆၈၅ ဧကအတွက် စိုက်ပျိုးစရိတ် ချေးငွေကျပ် ၃၂၂ သန်းကို ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ ၇ ကို ဦးပိုင်ပေါင်း တစ်သိန်းကျော်မှ တောင်သူပေါင်း ၈၉၈၃၅ ဦးအတွက် ဧကပေါင်း ၄၈၀၀ ၂၂ ဧကကို ဥပဒေနဲ့အညီ ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ နစ်နာသူ တောင်သူတွေအတွက် မြေယာကိစ္စရပ်တွေ ဖြေရှင်းဆောင်ရွက်တဲ့အခါ အမှုတွဲပေါင်း ၂၃၀ နဲ့ မြေဧရိယာ ၃၉၂၇၇ ဧကကို မူလပိုင်ရှင် တောင်သူ ၁၃၃၅ ဦးထံကို နိုင်ငံတော်သမ္မတ လမ်းညွှန်မှာကြားချက်နဲ့အညီ အပြီးအပြတ် လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

သစ်တောနှင့် သတ္တုကဏ္ဍ

ပြည်နယ်အတွင်းမှ သယံဇာတတူးဖော်ထုတ်လုပ်မှုအနေဖြင့် ဓာတ်သတ္တု၊ သစ်၊ ရွှေနှင့် ကျောက်စိမ်းတို့ကို တူးဖော်ထုတ်လုပ်လျက်ရှိသည်။

"၂၀၁၈ ခုနှစ်အတွင်းမှာ ဓာတ်သတ္တုရိုင်း ၆၈၂၈၃ မက်ထရစ်တန်၊ ခဲ၊ သွပ် မက်ထရစ် တန် ၂၆၀၀၊ မာဘယ်မက်ထရစ်တန် ၁၃၄၀၀၊ ကြေးနီ မက်ထရစ်တန် ၃၁၀၊ ခဲ၊ ကြေးနီရောရာ မက်ထရစ်တန် ၃၃၀၀၊ ခဲ၊ သွပ်သတ္တုမက်ထရစ်တန် ၁၀၂၀၀၊ ခဲ၊ သွပ် ရောရာမက်ထရစ်တန် ၁၃၀ နဲ့ ခဲသတ္တုမက်ထရစ်တန် ၆၀၀၀ ကို တူးဖော်ခဲ့ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ်က ဆိုသည်။

အလားတူ သစ်ထုတ်လုပ်မှုတွင် သစ်မာတန် ၁၆၉၁၁ တန်၊ ရွှေတူးဖော်မှုတွင် ရွှေ ၈၀၈ ကျပ်သားနှင့် ကျောက်စိမ်းတူးဖော်မှု ၂၅၃၄၅ တန်ထုတ်လုပ်ခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

"တရားမဝင်ကျွန်းသစ်နဲ့ အခြားသစ်တွေ ဖမ်းဆီးရရှိမှုအနေနဲ့ ကျွန်းသစ် ၉၅၂ တန်၊ သစ်မာ ၄၅ တန်၊ အခြားသား ၃၇၂ တန် စုစုပေါင်း ၁၃၆၉ တန် ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ဒဲ့အပြင် ကျောက်စိမ်း ၂၂၅၃၆ ပိသာကို ဖမ်းဆီးရရှိခဲ့ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

ပြည်နယ်ရှိ လုံးခင်းနဲ့ ဖားကန့်ရတနာမြေ ကျောက်မျက်ရတနာတူးဖော်ရာတွင် လုပ်ငန်းခွင်မြေပြိုကျခြင်းနှင့် အခြားဘေးအန္တရာယ်များ ကင်းရှင်းရန်အတွက် လုပ်ကိုင်ခွင့်ရ လုပ်ကွက်များနှင့် ဆက်စပ်လျက်ရှိသည့် မြေနေရာများကို ခေါင်မိုးမြေစာဖယ်ရှားခွင့်နှင့် တူးဖော်ထွက်ရှိလာသည့် မြေစာများစွန့်ပစ်နိုင်ရန် မြေစာပစ်လမ်းဖောက်လုပ်ခြင်းများအတွက် မြေအသုံးပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များ ဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဥရုချောင်းနှင့် ချောင်းလက်တက်များ ရှင်းလင်းရေးကို စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပြီး လုံးခင်းနှင့် ဖားကန့်ရတနာမြေအတွင်း ကျောက်စိမ်းတူးဖော်ထုတ်လုပ်သည့် ကုမ္ပဏီ၊ သမအသင်းတို့၏ ကျောက်မျက်ကုမ္ပဏီများက သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီကာလ သစ်ပင်ပေါင်း ၁၄၇၅၀ ပင် စိုက်ပျိုးထားရှိကြောင်း သိရသည်။

အကျိုးတူ/ပုဂ္ဂလိက ကျောက်မျက်ကုမ္ပဏီ ၅၇ ခုတို့က တူးဖော်ပြီး မြေပြုပြင်ထားသော ကျောက်ကြောမကျန်ရှိတော့သည့် သက်တမ်းကုန်လစ်လပ်လုပ်ကွက်များနှင့် မြေစာထပ်မံစွန့်ပစ်ခြင်းမရှိတော့သည့် စုပေါင်းမြေစာပုံနေရာ ၁၆၃ တို့တွင် အကေးရှားအပါအဝင် သစ်ပင်မျိုးစုံကို ဖားကန့်မြို့နယ် သစ်တောဦးစီးဌာနနှင့် ပူးပေါင်းကာ သစ်ပင်ပေါင်း ၆၁၅၃ ပင် ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ခဲ့သည်။

အချပ်ပို(၉) သို့

ပြည်တွင်း ပြည်ပ ခြေလျင်တောင်တက်ခရီးသွားများ တက်ရောက်လေ့ရှိသည့် ပူတာအိုမြို့ရှိ ဗုန်းကန်ရာဇီ ရေခဲတောင်ထွတ်ကို တွေ့မြင်ရစဉ်။

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

မြန်မာ့အလင်း
စနေ၊ မေ ၄၊ ၂၀၁၉

ကလေးစာပေပွဲတော် (ပူတာအို)သို့ လာရောက်သည့် လူငယ်လေးများ ခင်းကျင်းပြသထားသည့် စာအုပ်များကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာနေသည်ကို တွေ့ရစဉ်။

အချပ်ပို(ဆ)မှ

ရင်းနှီးမြှုပ်နှံမှုကဏ္ဍ

ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးမှုရရှိရန် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိပြီး တတိယ (၁)နှစ်တာကာလအတွင်း နိုင်ငံသားကုမ္ပဏီ ၁၀၃ ခု၊ နိုင်ငံခြားသားကုမ္ပဏီ လေးခု၊ လုပ်ငန်းရည်ရွယ်ချက်တိုးမြှင့်ခြင်းနှစ်ခုနှင့် ကုမ္ပဏီသက်တမ်းတိုးခြင်းခုနစ်ခုရှိကြောင်း သိရှိရသည်။

ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ

ပြည်နယ်အတွင်းရှိ မြစ်ချောင်းအနီးတစ်ဝိုက်တွင် နေထိုင်သည့် ပြည်သူများ ရေကြီးရေလျှံသည့် သဘာဝဘေးအန္တရာယ်မှ ကင်းလွတ်ရန်အတွက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ပြည်နယ်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိပြီး တတိယ(၁)နှစ်တာကာလအတွင်း မြစ်ကြီးနားခရိုင်တွင် ကိုးခု၊ ဗန်းမော်ခရိုင်တွင် ၁၀ ခု၊ မိုးညှင်းခရိုင်တွင်ခြောက်ခုနှင့် ပူတာအိုခရိုင်တွင် ခုနစ်ခု စုစုပေါင်း ၃၂ ခုကို ခွင့်ပြုရန်ပုံငွေကျပ် ၈ ဘီလီယံဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

သဘာဝဘေးအန္တရာယ်
ပြန်လည်ထူထောင်ရေး

မိုးသည်းထန်စွာရွာသွန်းမှု၊ ရေကြီးမှုနှင့် ကြွက်ဖျက်ဆီးမှုစသည့် သဘာဝဘေးများကြောင့် ပျက်စီးသွားသည့် စိုက်ပျိုးမြေ ၁၅၅၃ ဧက အတွက် ငွေကျပ် ၄၉၆ သန်းကို ထောက်ပံ့ပေးနိုင်ခဲ့သည်။

"ပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့တဲ့ သဘာဝဘေးကြောင့် ခံစားခဲ့ရတဲ့ အိမ်ထောင်စု ၄၆၇၉ စု၊ လူဦးရေ ၂၅၅၆၈ ဦး၊ သေဆုံးသူ ၈၃ ဦးနဲ့ ဒဏ်ရာရသူ ၈၂ ဦးတို့အတွက် ထောက်ပံ့ပစ္စည်းနဲ့ ထောက်ပံ့ငွေတန်ဖိုးငွေကျပ် ၃၁၃ သန်းကို ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း မီးဘေး ၂၃ ကြိမ်၊ ရေဘေးခုနစ်ကြိမ်၊ ကမ်းပြိုဘေးခြောက်ကြိမ်၊ လေဘေး ၁၄ ကြိမ်၊ မြေစာပြိုဘေး ၁၈ ကြိမ်၊ မိုးကြိုးဘေး တစ်ကြိမ်၊ မိုင်းကွဲ ၁၅ ကြိမ်၊ ဓာတ်လိုက် တစ်ကြိမ်၊ တိုက်ပွဲရှောင် ၁၃ ကြိမ်နှင့် အခြားဘေး တစ်ကြိမ်၊ စုစုပေါင်း ၉၉ ကြိမ်တွင် အိမ်ထောင်စု ၁၇၃၁ စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၇၃၁ ခု၊ ဆန်ရိက္ခာ၊ အိမ်ဆောက်ပစ္စည်း ဆောက်ပစ္စည်းတန်ဖိုးနှင့် သဘာဝဘေးကြောင့် ထောက်ပံ့ပေးမှုငွေကျပ် ၈၄၅၈၀၀ ထောက်ပံ့ ဖိုးနှင့် သဘာဝဘေးကြောင့် သေဆုံး၊ ဒဏ်ရာရရှိသူများအတွက် ထောက်ပံ့ပေးမှု ငွေကျပ် ၁၃၃၅၄၇၅၀ ထောက်ပံ့ပေးခဲ့သည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း မီးဘေး ၁၈ ကြိမ်၊ ရေဘေးသုံးကြိမ်၊ ကမ်းပြိုဘေးခြောက်ကြိမ်၊ လေဘေး ၁၁ ကြိမ်၊ မြေစာပြိုဘေး ကိုးကြိမ်၊ မိုးကြိုးဘေးသုံးကြိမ်၊ မိုင်းကွဲ ရှစ်ကြိမ်၊ တိုက်ပွဲရှောင် ၂၅ ကြိမ်နှင့် အခြား နှစ်ကြိမ် စုစုပေါင်း ၈၅ ကြိမ်တွင် အိမ်ထောင်စု ၃၈၄ စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၅၈၀၊ စားနပ်ရိက္ခာ၊ အိမ်သေဆုံးသူများအတွက် ထောက်ပံ့ပေးမှု ငွေကျပ် ၂၂၈၂၈၇၅ ထောက်ပံ့ပေးခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ ဇေဖော်ဝါရီလအတွင်း မီးဘေး ၁၈ ကြိမ်၊ ကမ်းပြိုဘေး လေးကြိမ်၊ မြေစာပြိုဘေး လေးကြိမ်၊ မိုင်းနင်း ကိုးကြိမ်၊ တိုက်ပွဲရှောင် ၁၀ ကြိမ်နှင့် အခြား လေးကြိမ် စုစုပေါင်း ၄၉ ကြိမ်တွင် အိမ်ထောင်စု ၈၃၁ စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၈၁ ခု၊ စားနပ်ရိက္ခာ၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးနှင့် သဘာဝဘေးကြောင့် သေဆုံးသူများအတွက် ထောက်ပံ့ပေးခဲ့သည်။

နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနက ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ်သိန်း ၃၀၀၀ လျှုဒါန်းပေးခဲ့ကြောင်း သိရသည်။ အဆိုပါလှူဒါန်းငွေများကို စစ်ဘေးရှောင်ပြည်သူများအတွက် စားနပ်ရိက္ခာထောက်ပံ့ခြင်း၊ ဝက်မွေးမြူရေးလုပ်ငန်းများအတွက် အရင်းအနှီးထုတ်ပေးခြင်း၊ စက်ချုပ်၊ ယာဉ်မောင်း၊ မိုလ်ဘိုင်းဖုန်းပြင်သင်တန်းများနှင့် သုံးဘီးဆိုင်ကယ်ဝယ်ယူပေးခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပေးခဲ့သည်။

ကလေးငယ်နှစ်ဦးကို နားမကြားကျောင်းသို့ ပို့ဆောင်ပေးခြင်းတို့အတွက် သုံးစွဲခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရှိရသည်။

လွှတ်တော်ကဏ္ဍ

၂၀၁၈ ခုနှစ်အတွင်း ပုံမှန်အစည်းအဝေးကို သုံးကြိမ်ကျင်းပခဲ့ပြီး အဆို ၁၀ခု၊ ကြယ်ပွင့်ပြမေးခွန်း ၂၂၁ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၁၇ ခု မေးမြန်းဆောင်ရွက်ခဲ့သည်။ အထူးအစည်းအဝေး တစ်ကြိမ်ကျင်းပခဲ့ပြီး ကြယ်ပွင့်ပြမေးခွန်း ၃၇ ခု မေးမြန်းဆောင်ရွက်ခဲ့သည်။

ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ကချင်ပြည်နယ် မြေယာအခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ကချင်ပြည်နယ် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေ စုစုပေါင်းနှစ်ခုကို အတည်ပြုနိုင်ခဲ့သည်။

"ကျွန်တော်တို့ရဲ့ ဆောင်ရွက်ချက်တွေဟာ ပြီးပြည့်စုံတယ်လို့ မယူဆပါဘူး။ လိုအပ်ချက်တွေ၊ မပြည့်စုံမှုတွေ ရှိနေဦးမယ်လို့ မှတ်ယူထားပါတယ်။ ဒါကြောင့် လာမယ့်နှစ်တွေမှာ ဒေသဖွံ့ဖြိုးရေးနဲ့ ပြည်သူတွေရဲ့ဘဝ သာယာဝပြောရေးအတွက် ဆတက်တိုးပြီး ကြိုးပမ်းဆောင်ရွက်သွားမယ်"ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်သူများအတွက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လိုအပ်ချက်များ တည်ရှိနေနိုင်သော်လည်း ၎င်းတို့တာဝန်ယူဆောင်ရွက်သည့် သုံးနှစ်တာကာလကို ကောင်းစွာဖြတ်ကျော်ခဲ့ပြီးဖြစ်သည်။ ထို့အတူ ကျန်ရှိနေသည့် အစိုးရသက်တမ်းကာလအတွင်း ပြည်သူမှရွေးချယ်ထားသည့် ပြည်သူ့အစိုးရဖြစ်သည်နှင့် အားလျော်စွာ ပြည်သူတို့၏ လိုအပ်ချက်များကို ဆတက်တိုး၍ ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

မြစ်ကြီးနားမြို့ရှိ နည်းပညာတက္ကသိုလ်ကို တွေ့ရစဉ်။